# စစ်ကိုင်းတိုင်း–ပင်လည်ဘူးမြို့နယ် မံစီလေး ၁၆ အုပ်စု မြောက်မော်ကျေးရွာနေ "ကတူး"တိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း

ပြုစုသူ—မသူဇာအောင်

သဃ – ၅

၁၉၉၅။

မနုဿဗေဒဌာန
ရန်ကုန်တက္ကသိုလ်

# မာတိကာ

"စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် မံစီလေး ၁၆ အုပ်စု
မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏
လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း"


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **ကျမ်းဦးစကား။** | | |
| **ကျမ်း၏နိဒါန်း။** | | က |
| | (က) ကျမ်းခေါင်းစဉ်ကို ရွေးချယ်ရခြင်း | ခ |
| | (ခ) ကျမ်းပြုရခြင်း ရည်ရွယ်ချက် | ဂ |
| **ကျမ်း၏စာကိုယ်။** | | |
| **အခန်း ၁။** | **မြောက်မော်ကျေးရွာ၏ ပထဝီဝင်** | |
| | (က) မြောက်မော်ကျေးရွာ၏ ဝေါဟာရ၊ ဝိသေသနှင့် နောက်ခံသမိုင်း။ | ၁ |
| | (ခ) မြောက်မော်ကျေးရွာ၏ ပထဝီဝင်အနေအထား | ၃ |
| | (ဂ) မြောက်မော်ကျေးရွာတွင် နေထိုင်သောလူဦးရေနှင့် လူမျိုး | ၅ |
| **အခန်း ၂။** | **လူမျိုး၊ ဘာသာစကားနှင့် စာပေ** | |
| | (က) လူမျိုးတို့၏နောက်ခံသမိုင်းကြောင်းနှင့် ရောက်ရှိလာပုံ | ၁၀ |
| | (ခ) ရုပ်ပိုင်းသွင်ပြင်လက္ခဏာနှင့် စိတ်နေသဘောထား | ၁၄ |
| | (ဂ) ဘာသာစကား၊ စာပေနှင့် ပုံပြင်များ | ၁၅ |
| **အခန်း ၃။** | **စီးပွားရေးအရ လူမှုရေးဖွဲ့စည်းပုံ** | |
| | (က) မြေပြန့်လယ်ယာစိုက်ပျိုးရေး | ၂၆ |
| | (ခ) တောင်ယာစိုက်ပျိုးရေးနှင့် အခြားစိုက်ပျိုးသီးနှံများ | ၂၈ |
| | (ဂ) တိရစ္ဆာန်မွေးမြူရေး | ၃၁ |
| | (ဃ) အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း၊ ပဒူဖွပ်ခြင်း၊ ငါးဖမ်းခြင်း၊ သစ်တောထွက်ပစ္စည်းများ | ၃၁ |
| | (င) အိမ်တွင်းမှုလုပ်ငန်းများ | ၃၉ |
| | (စ) ရောင်းဝယ်ဖောက်ကားခြင်း | ၄၃ |
| | (ဆ) ဒေသဆိုင်ရာရိုးရာအစားအစာများ | ၄၄ |

**အခန်း ၄။ မိသားစုစနစ်အရ လူမှုရေးဖွဲ့စည်းပုံ**
(က) မိသားစုဖွဲ့စည်းနေထိုင်ပုံနှင့် ဆွေမျိုးတော်စပ်ပုံ ၄၈
၁။ မိသားစုဖွဲ့စည်းနေထိုင်ပုံ
၂။ ဆွေမျိုးတော်စပ်ပုံ
(ခ) အရိုက်အရာခံယူခြင်း၊ အမွေဆက်ခံခြင်း ၅၀
(ဂ) ကိုယ်ဝန်ဆောင်ခြင်း ၅၂
(ဃ) မီးဖွားခြင်း ၅၃
(င) ကင်ပွန်းတပ်အမည်ပေးခြင်း (မီးထွက်ပွဲ) ၅၄
(စ) ကလေးငယ်ဘဝနှင့် ပညာပေးခြင်း ၅၅
(ဆ) ရှင်ပြုပွဲ ၅၈
(ဇ) အပျိုလူပျိုဘဝ ၆၂
(ဈ) လက်ထပ်ထိမ်းမြားခြင်း ၆၇
(ည) လင်မယားကွာရှင်းခြင်း ၇၆
(ဋ) နာမကျန်းဖြစ်ခြင်း ဆေးကုသခြင်းနှင့် အသုဘအခမ်းအနား ၇၉
**အခန်း ၅။ ဘာသာရေးအရ လူမှုရေးဖွဲ့စည်းပုံ**
(က) ယုံကြည်ကိုးကွယ်မှုအမျိုးမျိုး ၈၄
(ခ) အတိတ်နိမိတ်များ၊ အဆောင်နှင့်အရှောင်များ ၉၁
(ဂ) ရိုးရာစလေ့ပွဲတော်များ ၉၃
**အခန်း ၆။ ရိုးရာယဉ်ကျေးမှုအရ လူမှုရေးဖွဲ့စည်းပုံ**
(က) ထိုးကွင်းထိုးခြင်း ၉၆
(ခ) ဝတ်စားဆင်ယင်မှုများ ၉၇
(ဂ) ကစားခုန်စားနည်းများ ၉၉
(ဃ) ဂီတနှင့် အကအခုန် ၁၀၁
**ကျမ်း၏နိဂုံး** ၁၀၅
သုံးသပ်ချက်
တွေ့ဆုံမေးမြန်းသူများစာရင်း။
ကျမ်းကိုးစာရင်း။
မြေပုံများနှင့် ဓာတ်ပုံများ

# ကျမ်းဦးစကား

ရတနာသုံးပါးနှင့်တကွ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘနှစ်ပါးနှင့် ဆရာသမားများအား ဦးထိပ်ထား၍ ကျွန်မ၁ည် "စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ် မံစီလေး ၁၆–အုပ်စု၊ မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသား တို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း" ခေါင်းစဉ်ပါကျမ်းကို ကွင်းဆင်းလေ့လာ ပြုစုပြီး မဟာဝိဇ္ဇာ(မနုဿဗေဒ)ဘွဲ့အတွက် ဖြည့်စွက်တင်သွင်းပါသည်။

ဤသို့ ကျွန်မ၏ကျမ်းကို အောင်မြင်စွာပြုစုတင်သွင်းနိုင်ရန် ကွင်းဆင်းသုတေသန ပြုလုပ်ရာတွင် အဖက်ဖက်မှ ကြိုးစားကူညီပေးကြသော–

(၁) ပင်လည်ဘူးမြို့ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်အဖွဲ့မှ အရာရှိများ၊ အဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအားလည်းကောင်း၊

(၂) ပင်လည်ဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှဝန်ထမ်းများအားလည်းကောင်း၊

(၃) မြောက်မော်ကျေးရွာ၊ တောင်မော်ကျေးရွာ၊ မော်လင်ကျေးရွာတို့မှ ရွာသူရွာသားများနှင့် လမ်းခရီး တလျှောက် ကူညီပေးခဲ့ကြသော ကျေးရွာအသီးသီးမှ ရွာသူရွာသားများအားလည်းကောင်း၊

(၄) ဆရာကြီးဦးကျော်ရှင်း(ရေဦးမြို့)နှင့် ဝန်းသိုအောင်ခင်(ပင်လည်ဘူးမြို့)တို့အား လည်းကောင်း၊

(၅) မောင်အောင်မိုးမြင့်၊ မောင်ဇော်မိုးအောင် တို့အားလည်းကောင်း၊

ဤကျမ်းဖြင့် မှတ်တမ်းတင် ဂါရဝပြုအပ်ပါသည်။

မသူဇာအောင်
ကျမ်းပြုသူ
၁၁၁ – ၅

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သော နိုင်ငံတစ်ခုဖြစ်ပေသည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံအား စီးပွားရေး၊ လူမှုရေးတို့ သာယာဝပြော၍ တည်တံ့စည်းလုံးခိုင်မြဲသောနိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန်လိုအပ်ပေသည်။ ထိုကဲ့သို့ တိုင်းရင်းသားလူမျိုးအားလုံး၏ ချစ်ကြည်သွေးစည်းညီညွတ်ရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း(၁၃၅)မျိုးခန့် မှီတင်းနေထိုင်ကြရာ တိုင်းရင်းသားတို့၏ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းမှာ တစ်မျိုးနှင့်တစ်မျိုး အနည်းငယ်ကွဲပြားခြားနားကြပေသည်။ ထိုကဲ့သို့ ကွာဟချက်များကို တတ်အားသရွေ့မျှတအောင် ညှိနှိုင်းပေးရပေမည်။ ထိုသို့ပြုလုပ်ပေးနိုင်ရန်အတွက် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံ နေထိုင်စားသောက်ပုံ စီးပွားရေးအခြေအနေမှအစ အသေးစိတ်လေ့လာရန်လိုအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်၍ အစွန့်ရှည်တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားအသီးသီးတို့၏ သွေးစည်းညီညွတ်ရေးသာမက ထိုတိုင်းရင်းသားတို့၏ တည်တံ့မှုပေါ်တွင်လည်း အခြေခံနေသည်။ လူမျိုးအသီးသီးတည်တံ့နိုင်ရန်အတွက် အဓိကလိုရင်းအချက်မှာ တိုင်းရင်းသားလူမျိုးအသီးသီး၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စောင့်ထိန်းအပ်သော ထုံးတမ်းဓလေ့စသည်တို့ကို တိုးတက်ထွန်းကား ခိုင်မာလာအောင် ဖော်ထုတ်ခြင်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပေသည်။[၁]

လူမျိုးအသီးသီးတို့၏ ဓလေ့ထုံးစံများကို လေ့လာရခြင်းအကြောင်းမှာ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို အခြားတိုင်းရင်းသားလူမျိုးများက သိရှိနားလည်ရန်ဖြစ်သည်။ တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက သိရှိလာသောအခါ တစ်ဦးမနှစ်မြို့သော အပြုအမူမျိုးကို တစ်ဦးကရှောင်ရှားနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးကိုတစ်ဦး အားနာမှု၊ ကိုးစားမှု၊ ယုံကြည်မှု၊ ရင်းနှီးမှုရှိလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်လာမည်ဖြစ်သည်။[၂]

ထို့ကြောင့် ဤကျမ်းတွင် ကတူးသွေးချင်းတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းသုတေသနပြုကာ အခန်း(၆)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။

အခန်း(၁)တွင် ကတူးတိုင်းရင်းသားတို့ နေထိုင်ရာမြောက်မော်ကျေးရွာ၏ ဝေါဟာရ ဝိသေသနှင့် နောက်ခံသမိုင်း၊ ကျေးရွာ၏ ပထဝီဝင်အနေအထား၊ နေထိုင်သော လူဦးရေနှင့် လူမျိုးများအကြောင်းကိုလည်းကောင်း၊

အခန်း(၂)တွင် လူမျိုးများ ဆင်းသက်ရောက်ရှိလာပုံ၊ ရုပ်သွင်ပြင်နှင့် စိတ်နေသဘောထား၊ ဘာသာစကား စာပေနှင့် ပုံပြင်များကိုလည်းကောင်း၊

အခန်း(၃) စီးပွားရေးခန်းတွင်မူ မြေပြန့်လယ်ယာ တောင်ယာစိုက်ပျိုးရေးမှအစ မွေးမြူရေး အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ လက်မှုလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဒေသဆိုင်ရာ အစားအစာများအကြောင်းကို တင်ပြထားပါသည်။

---

၁။ တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့်ခံယူချက် ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်။ စာ–၃၁။

၂။ ခင်ခင်စု၊ ဒေါ်။<br>
နွဲ့နွဲ့၊ ဒေါ်။<br>
ကြင်ကြင်၊ ဒေါ်။ — မနုဿဗေဒနိဒါန်း။ စာ–၅။

အခန်း(၄) မိသားစုစနစ်အရ လူမှုရေးဖွဲ့စည်းပုံအခန်းတွင် မိသားစုဖွဲ့စည်းနေထိုင်ပုံနှင့် ဆွေမျိုးတော်စပ်ပုံ အရိုက်အရာခံယူခြင်း၊ အမွေဆက်ခံခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ကင်ပွန်းတပ်အမည်ပေးခြင်း ကလေးငယ်ဘဝနှင့် ပညာပေးခြင်း၊ ရှင်ပြုပွဲ အပျိုလူပျိုဘဝ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ နာမကျန်းဖြစ်ခြင်း၊ ဆေးကုသခြင်း၊ အသုဘအခမ်းအနားစသော အကြောင်းအရာများကို အသေးစိတ်လေ့လာမေးမြန်းကာ ခေါင်းစဉ်ခွဲကလေးများဖြင့် ရေးသားတင်ပြထားပါသည်။

အခန်း(၅) ဘာသာရေးအခန်း၌လည်း ယုံကြည်ကိုးကွယ်မှုအမျိုးမျိုး ကတူးတိုင်းရင်းသားတို့၏ အတိတ်နိမိတ်ယူပုံများ ဆောင်ဓလေ့ ရှောင်ဓလေ့များ ရိုးရာပွဲတော်များအကြောင်းကိုလည်းကောင်း၊

အခန်း(၆)တွင် ထိုးကွင်းထိုးခြင်း ဝတ်စားဆင်ယင်မှု ကစားနည်းများ၊ တေးဂီတနှင့် အကအခုန်များအကြောင်းကို ရေးသားထားပြီး နိဂုံးတွင် သုံးသပ်ချက်နှင့်အတူ ဓာတ်ပုံ မြေပုံများနှင့် ပြည့်စုံစွာတင်ပြ ထားပါသည်။

## (က) ကျမ်းခေါင်းစဉ်ကို ရွေးချယ်ရခြင်း

စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ်၊ မံစီလေး ၁၆အုပ်စု၊ မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်းဟူသော ကျမ်းခေါင်းစဉ်ကို ရွေးချယ်ရာတွင် (၁) လူမှုရေးဖွဲ့စည်းပုံဟူသည်အဘယ်နည်း (၂) မြောက်မော်ကျေးရွာကို အဘယ့်ကြောင်းရွေးချယ်ရသနည်းဟူသော မေးခွန်းနှစ်ရပ်ကို ရှင်းပြလိုပါသည်။

(၁) မနုဿဗေဒပညာရပ် သဘောတရားအရ "ယဉ်ကျေးမှု"ဟူသည် စားဝတ်နေရေးအတွက် ရှိရင်းစွဲသဘာဝထက် ပိုမိုကောင်းမွန်အောင် လူတို့တီထွင်ကြံဆလုပ်ဆောင်မှုအားလုံးကို စုပေါင်း၍ခေါ်သည်။ ယဉ်ကျေးမှုတွင် စီးပွားရေးနှင့် လူမှုရေးဟူ၍ ကဏ္ဍကြီးနှစ်ရပ်ပါဝင်သည်။ လူမှုရေးဟူသော ကဏ္ဍတွင် အုပ်ချုပ်ရေး တရားဥပဒေ ကျန်းမာရေး ပညာရေး ဘာသာစကား ဘာသာအယူဝါဒများ လူမှုဖွဲ့စည်းဆက်ဆံပုံနှင့် လူမှုရေး တန်ဘိုးထားချက်များ ပါဝင်သည်။

ဤကျမ်းခေါင်းစဉ်အရ "လူမှုရေးဖွဲ့စည်းပုံ"ဟူသော စကားလုံးကို သုံးစွဲရာတွင် မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏ လူ့အဖွဲ့အစည်းတွင် စည်းလုံးညီညွတ်တိုးတက်နေစေရန် ရွာသူရွာသားများသည် မိမိတို့ ကျရာကဏ္ဍအလိုက် တစ်ဦးချင်းသော်လည်းကောင်း အစုအဖွဲ့အလိုက်သော်လည်းကောင်း ဖွဲ့စည်းလုပ်ကိုင်ကြပုံ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ဆက်ဆံနေထိုင်ကြပုံကို လေ့လာဖော်ထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

(၂) ပင်လည်ဘူးမြို့နယ်ရှိ မြောက်မော်ကျေးရွာကို ရွေးချယ်ရခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းရှိ ကတူးတိုင်းရင်းသားများသည် ပြည်ထောင်စုဖွား အခြားတိုင်းရင်းသားများကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ အာရှတိုက်အလယ်ပိုင်းကုန်းမြင့်မြေပြန့်များဆီမှ တောင်ဖက်သို့ တရွေ့ရွေ့ပြောင်းရွှေ့ ဆင်းသက်လာကြရာတွင် ပုဂံခေတ်လယ်လောက်မှစ၍ ဤပင်လည်ဘူးဒေသသို့ရောက်ရှိ အခြေချနေထိုင်ခဲ့ကြသည်။ ဤကဲ့သို့ နေထိုင်ကြရာတွင် မြောက်မော်ကျေးရွာသည် ကတူးမျိုး ကိုးမော်သားတို့ စတင်အခြေစိုက်ရာ ကွန်း(၉)ရွာတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ထို့အပြင် အင်းဝခေတ် မော်ဆယ်ရွာဖွဲ့စည်းရာတွင်လည်း မြောက်မော်ကျေးရွာပါဝင်သော မော်ခွင်လေးရွာအုပ်စုသည်လည်း ကတူးတို့၏ ဗဟိုဌာနဖြစ်လာခဲ့သည်။ ရှေးခေတ်မြန်မာမင်းအဆက်ဆက်တွင်လည်း ရွှေမှူး ငါးခရိုင်အဖွဲ့ဝင်ရွာ တစ်ရွာအဖြစ် ကတူးတိုင်းရင်းသားများ နေထိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ရှေးယခင်ကတည်းက ကတူးတိုင်းရင်းသားတို့နေထိုင်ခဲ့ခြင်း ကတူးတိုင်းရင်းသားတို့၏ မူလပင်မဗဟိုဒေသဖြစ်ခြင်း၊ သွားလာရန်ခရီး လမ်းပန်းဆက်သွယ်ရေး

ခက်ခဲခြင်းတို့အတွက် ပြင်ပယဉ်ကျေးမှုများ အလွယ်တကူ ပြန့်ပွားရောနှောမှု နည်းပါးသဖြင့် ကတူးတို့၏ မူလယဉ်ကျေးမှုအင်္ဂါရပ်များကို သီးသန့်လေ့လာရရှိနိုင်ခြင်းအတွက်လည်းကောင်း၊

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် ယခုအချိန်ထိ မိမိတို့၏လုပ်ငန်းဆောင်တာများကို အများအားဖြင့် စပေါင်းလုပ်ဆောင်ခြင်း စုပေါင်းခွဲဝေစားသောက်ခြင်းဟူသော ဘုံစနစ်သဘောမျိုးတွေ့နေရခြင်း ရောင်းဝယ်ဖလှယ်မှုပြုရာတွင်လည်း ငွေကြေးကို အဓိကမသုံးစွဲပဲ ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်ကိုသာ အများအားဖြင့် ကျင့်သုံးကြသည့်အတွက် ရှေးကျရိုးသားသော ဓလေ့ထုံးစံများကို တွေ့နေရသေးသည့်အတွက် လည်းကောင်း၊

မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့သည် စုပေါင်းလုပ်ဆောင်တတ်ခြင်း၊ အကြီးအကဲ၏ အမိန့်ကို လေးစားစွာလိုက်နာတတ်ခြင်း၊ မိမိတို့၏ယဉ်ကျေးမှုကို အတတ်နိုင်ဆုံးဆက်လက်ထိန်းသိမ်းကျင့်သုံးနေခြင်း၊ စိတ်ဝင်စားဘွယ်ရာ အယူအဆများ ဓလေ့ကောင်းများကို လေ့လာတွေ့ရှိရခြင်းတို့ကြောင့် ပင်လည်ဘူးမြို့နယ် မြောက်မော်ကျေးရွာကို ကွင်းဆင်းလေ့လာ၍ ကျမ်းပြုရန်ရွေးချယ်ရခြင်းဖြစ်ပါသည်။

## (ခ) ကျမ်းပြုရခြင်း ရည်ရွယ်ချက်

(၁) "စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် မံစီလေး ၁၆အုပ်စု မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း"ဟူသော ခေါင်းစဉ်ပါကျမ်းကို မဟာဝိဇ္ဇာဘွဲ့အတွက် တစ်စိတ်တစ်ဒေသလိုအပ်သောကျမ်းအဖြစ် တင်သွင်းရန်လည်းကောင်း၊

(၂) ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ကွင်းဆင်းလေ့လာဖော်ထုတ်ပြီး မှတ်တမ်းတင်ပေးရန်ဟူသော မနုဿဗေဒပညာရပ်၏ ရည်ရွယ်ချက်ကို တစ်စိတ်တစ်ဒေသဖြည့်စွက်ပေးသည့်အနေဖြင့် ပင်လည်ဘူးမြို့နယ် မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများကို လေ့လာပြီးမှတ်တမ်းတင်ပေးရန်လည်းကောင်း၊

(၃) လူဦးရေအားဖြင့် တဖြည်းဖြည်းနည်းပါးလာပြီဖြစ်သော ကတူးတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများကို မနုဿဗေဒပညာရပ် နည်းစနစ်အရ သိပ္ပံနည်းကျလေ့လာတင်ပြပြီး နောင်လာနောက်သား ကတူးလူငယ်မျိုးဆက်သစ်များ သိရှိစေရန်နှင့် မိမိလူမျိုး၏ ယဉ်ကျေးမှုများ မပျောက်အောင် ဆက်လက်ထိမ်းသိမ်းနိုင်ကြစေရန်အတွက်လည်းကောင်း၊

(၄) တိုင်းရင်းသားလူမျိုးများအပေါ် နိုင်ငံတော်အစိုးရ၏ ခံယူချက်ဖြစ်သော လူမျိုးအသီးသီးတည်တံ့နိုင်ရန်အတွက် တိုင်းရင်းသားများ၏ စာပေ ဘာသာစကား ယဉ်ကျေးမှုနှင့် စောင့်ထိန်းအပ်သော ထုံးတမ်းဓလေ့များကို တိုးတက်ထွန်းကားခိုင်မာအောင် ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဟူသော ရည်ရွယ်ချက် ပြည့်ဝစေရန် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများကို လေ့လာရခြင်းဖြစ်ပါသည်။ ထိုမှတဆင့် ကတူးတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများကို အခြားတိုင်းရင်းသားများ သိရှိလာနိုင်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်ရင်းနှီးမှုရရှိလာကာ ပြည်ထောင်စုကြီး၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်ပါသည်။

## "အခန်း (၁)"
## မြောက်မော်ကျေးရွာ၏ ပထဝီဝင်

### (က) မြောက်မော်ကျေးရွာ၏ ဝေါဟာရ–ဝိသေသနှင့် နောက်ခံသမိုင်း

မြန်မာများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည့် ခရစ်နှစ်ရှစ်ရာစုခန့်တွင်[*] ကတူး တို့သည် ကသာခရိုင်အတွင်း တောတောင်ထူထပ်ရာဒေသများသို့ ပြောင်းရွှေ့သွားကြသည်။ ကတူးတို့သည် ပုဂံခေတ် ဦးလောက်ကပင် သောကတူးနှင့် သက်ကတူးဟူ၍ နှစ်စုကွဲခဲ့ပါသည်။ ယခုအခါ သက်ကတူးတို့သည် ရခိုင်ပြည်နယ် မြောက်ဖျား (မယူတောင်တန်းများ၏ မြောက်ဖက်စွန်ဖျား ဘင်္ဂလားဒေ့ရှ်နယ်စပ်)တွင် ရှိနေပါသည်။ သောကတူးတို့မှာ ပုဂံခေတ်ဦးအထိ ညံသာတိုက်တွင် ပါဝင်သည်။ မွှိလ်တူ[၁]၊ ခက်သင်၊ ထိပ္ပေသျှင်[၂]၊ မုဆိုးဖိုဝ်[၃] တို့တွင် နေထိုင်ကြသည်။ ထိုမြို့တို့သည် ပျူမြို့တော် ဟန်လင်းနှင့် နီးကပ်ပါသည်။ ပုဂံခေတ်နှောင်းတွင် သောကတူးတို့သည် မြောက်ဖက်သို့ ရွှေ့ပြောင်းသွားခဲ့သည်။ ပုဂံခေတ် အလယ်လောက် မှစ၍ ထိပ္ပေသျှင် အရပ်ရှိ "သောကတူး"များသည် မြောက်ဖက်ရှိ ပင်လယ်ဘူးမြို့နယ် တယောချောင်းနှင့် နမော်ချောင်းတစ်လျှောက် လူသူအရောက်အပေါက်နည်းပြီး ဆိတ်သည့် တောနက်ရာဒေသများသို့ ရွှေ့ပြောင်း နေထိုင်လာသည်။[၄]

ပုဂံခေတ်ကျောက်စာများအရ မြေဒူး၊ ဒီပဲရင်းစသော မြို့တို့သည် သောကတူးမြို့များပင် ဖြစ်ပါသည်။ သောကတူးတို့သည် ဧရာဝတီနှင့်ချင်းတွင်း မြစ်ဝှမ်းအကြားတွင် အမြောက်အများ ရှိနေခဲ့ကြသည်။ သို့ဖြစ်ရာ ပုဂံခေတ်လယ်မှစ၍ ကတူးနယ်မြေအဖြစ် ပင်လည်ဘူးနယ်ကွန်း ကိုးရွာသည် ဗဟိုဌာန ဖြစ်လာဖွယ် ရှိပါသည်။

---

* သန်းထွန်း၊ ဒေါက်တာ အသစ်မြင်ဗမာ့သမိုင်း၊ စာ ၃၂၈

၁။ မြေဒူး

၂။ ဒီပဲရင်း (တပယင်း)

၃။ ရတနာသိယ်

၄။ နနု – ကတူးကဏန်းသမိုင်း (၁၇၅၂–၁၈၈၅) ၁၉၉၂၊ စာ – ၄

ယင်းကွန်းကိုးရွာဆိုသည်မှာ ကတူးမျိုး"ကိုး"မော်သားတို့ နေထိုင်သော ရွာများပင် ဖြစ်သည်။ ကွန်း ကိုးရွာမှာ (၁) ကွန်းခွေလုံ (၂)ကွန်းတီကွဲ၊ (၃) ကွန်းဟိန်အွန်း၊ (၄)ကွန်းမော်လင်၊ (၅)ကွန်းနောင်စင်၊ (၆) ကွန်းကန်းဖာ၊ (၇) ကွန်းမော်ခါး၊ (၈)ကွန်းမော်တိပ်၊ (၉) ကွန်းပါအော့ရွာများ ဖြစ်ကြသည်။[၁] ကွန်းခွေလုံ၊ ကွန်းတီကွဲ၊ ကွန်းဟိန်အွန်းတို့မှာ ယခုအခါ ရွာဟောင်းကုန်းအဖြစ်သာ ရှိတော့သည်။ ကွန်းကန်းဖာမှာ ကမ္ဘာရွာကို ဆိုလိုသည်။ ကွန်းမှာ ရှမ်းဘာသာစကားဖြင့် "လု"ဟု အဓိပ္ပာယ်ရသည်။ ကွန်းမော်တိပ်ဟူသည် မော်တိပ်ကလုဟု အဓိပ္ပာယ်ရသည်။ ထိုမှတစ်ဖန် အင်းဝခေတ်တွင် မော်ဆယ်ရွာ ဖွဲ့စည်းခဲ့ရာ မော်ခွင်သည် ကတူးဗဟိုဌာန ဖြစ်လာပါ သည်။ ယင်းမော်ဆယ်ရွာမှာ (၁)ကမ္ဘာ (၂)မော်ဟိုင်း (၃)နန်းမား (၄)စွန်ဖား= (ကမ္ဘာ့လေးရွာ) (၅)မော်ခွင် (၆)စည်းနန်း (၇)မော်တိပ် (၈)မော်ခါး=(မော်ခွင်လေးရွာ) (၉)ကဏန်း (၁၀)မန်အင်= (ဂဏန်းနှစ်ရွာ)တို့ ဖြစ်ပါသည်။[၂] ပုဂံခေတ် နောင်းပိုင်းမှစ၍ ကတူးတို့ စတင် နေထိုင်လျက်ရှိပြီး "ကတူးအစ မော်ခွင်က"ဟု ဒေသခံတို့ အစဉ်အလာ မှတ်သားချက်ရှိသည်။ အင်းဝခေတ် မော်ဆယ်ရွာ ဖွဲ့စည်းသောအခါ မော်ခွင်လေးရွာအဖြစ် မော်ခွင်၊ မော်ခါး၊ မော်တိပ်၊ စည်းနန်းတို့ကို သတ်မှတ်ခဲ့သည်။ ရွှေမှူးငါးခရိုင်[၃]တွင် ပါဝင်သော မော်တိပ်သည် ကတူး လူမျိုးများ ပုဂံခေတ်နောင်းပိုင်းမှစ၍ အခြေစိုက်နေထိုင်ရာနယ်မြေ ဖြစ်ပါသည်။

ယခုအခါ ပင်လည်ဘူးမြို့အရှေ့မြောက်ဘက်ယွန်း နှစ်ဆယ့်ခြောက်မိုင်ခန့်အကွာ မော်လင်ချောင်း ဆေါက်ဝအနီးရှိ မြောက်မော်ရွာသည် မော်တိပ်ပင် ဖြစ်ပါသည်။ မော်တိပ်ဟူသည် မော်တစ်ဟူသော ဝေါဟာရမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ တစ်ဟူသည် ရှမ်းစကားဖြစ်၍ အကျဉ်းမှထွက်ခဲ့သူဟု အဓိပ္ပာယ်ရပါသည်။[၄] ထိုမော်တစ်သည်လည်း မြန်မာပြန်သော် အိုးကြည်းရွာဟု ခေါ်သည်။[၅] မော်ဟူသော အမှတ်သညာပြုခေါ် ရခြင်းမှာလည်း ဤဒေသသည် တောင်တန်းများစွာနှင့် စီးဆင်းသော ရေရှင်ချောင်းမြောင်း အနီးတွင် ခဲ၊ ဆား၊ သံ၊ ကြေး၊ ငွေအစရှိသည့် အဖိုးတန်ရတနာများသည် ရေးပဝေသဏီမှစ၍ ဤ ကမ္ဘာမြေကြီးထဲမှ ထွက်ပေါ်လာသည်ကိုအစွဲပြု၍ မော်ဟုခေါ်ခြင်းဖြစ်ကြောင်း သိရပါသည်။ ထိုမြောက်မော်ရွာ နယ်မြေကို ပထမမော်တိပ်ဟူ၍လည်းကောင်း၊ ဆားတောမော်တိပ်ကြီးဟုလည်းကောင်း ခေါ်ဝေါ်ရေးမှတ်ကြသည်။ ထိုဆားတော မော်တိပ်ကြီးနယ်မြေ အကျယ် အဝန်းနှင့် ပတ်သက်၍ မော်တိပ် ရွှေမှူး ငစံဝင်း အစစ်ခံသည့် ၁၈၀၂– စာတမ်းတွင်

"မော်တိပ်မြေသည် အရှေ့ကိုလားသော် တတိုင် ၅၀၀တွင်းကွာ၊ ဆည်ကြီးထိ၊ တဘက် အုပ်နက် မော်လင်မြေနှင့် ကျောခိုင်း၊ တောင်ကိုလားသော် တတိုင်ကွာ၊ ငါးမူးချောင်းပေါက်ထိ၊ တဘက် မော်ခွင်မြေနှင့်ကျောခိုင်း၊ အနောက်တောင်ကိုလားသော် တတိုင် ၅၀၀တွင် နန်မော်ဆည်ကြီးထိ၊ တဘက် နန်မော်ရွာမြေနှင့် ကျောခိုင်း၊ အနောက်ကိုလားသော် ၂တိုင်ကွာ အင်ဂျင်းပင်တောင်ရိုးထိ၊ တဘက် နန်းမော်မြေနှင့် ကျောခိုင်း၊ အနောက်မြောက်ကို လားသော် ၂တိုင်ကွာ၊ နန်းကတွံတောင်ရိုးထိ၊ တဘက် မန်ယူမြေနှင့်ကျောခိုင်း၊ အရှေ့မြောက်ကို လားသော်

---

၁။ ပညာ–ဦး–ကတူးကနန်းနယ်မှ မှတ်တမ်းများ – လက်နှိပ်စက်စာမူ၊ ၁၉၀၂ စာ–၄

၂။ သီရိ – ဦး – မော်ဆယ်ရွာစေတီတော်သမိုင်းနှင့် ကဒူးရာဇဝင် အတ္ထုပ္ပတ္တိ စာ – ၃၉

၃။ မော်ခွင်၊ မော်တိပ်၊ မော်ခါး၊ မော်နိုင်း၊ မန်အင်

၄။ ရေဦးမြို့ စာရေးဆရာဦးကျော်ရှင်း က ရှင်းပြပါသည်။

၅။ ပညာ–ဦး ကတူးကနန်းနယ်မှ မှတ်တမ်းများ (လက်နှိပ်စက်စာမူ) စာ – ၃၀
(ဤစာမူကို ၁၉၆၉တွင် မန္တလေးတက္ကသိုလ်၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက လက်နှိပ်စက်ရိုက်၍ မူပွားခဲ့ပါ သည်။)

၂တိုင်ကွာမြင်သေချောင်းထိ၊ တဘက် မန်ယူမြေနှင့်ကျောခိုင်း”ဟူ၍ သတ်မှတ်ထားပါသည်။[၁] နှစ်ကာလကြာသော အခါ တိုးပွားလာသော လူဦးရေနှင့် လုပ်ကိုင်စားသောက်ရန် မြေနေရာကျဉ်းမြောင်းလာသဖြင့် ဒုတိယမော်တိပ် (ခ)မော်တိပ်စကတောာ၊ တတိယ မော်တိပ် (ခေါ်) တုံမသိမ်မော်တိပ် အစရှိသဖြင့် နယ်မြေများ တိုးချဲ့ တည်ထောင်ကြကြောင်း သိရပါသည်။

ပထမမော်တိပ်(ခ)ဆာတောမော်တိပ်ကြီး (ခ)မြောက်မော် (ယခုအမည်)ကို ရှေးအခါက မြောက်မော်ဟု မခေါ်တွင်ပေ။ မော်တိပ်တံခွန်ကြီးရွာဟု ခေါ်တွင်လေသည်။ ထိုသို့တံခွန်ကြီးရွာဟု ခေါ်ရခြင်းမှာလည်း မြောက်မော် ရွာတွင် ယခုတိုင်ရှိနေသေးသော ကျွန်းသားတံခွန်တိုင်ကြီးကို အစွဲပြု၍ ခေါ်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။ ဆိုတံခွန်တိုင်ကြီးသည် ပင်မအလယ်တိုင်တစ်တိုင်နှင့်ဘေးမှ အရံတိုင်လေးတိုင်ပါရှိလေသည်။ ထိုကျွန်းတိုင် အားလုံးသည် ယခုအခါတွင် အကောင်းပကတိ မရှိတော့ပေ။ အလယ်တိုင်မကြီးမှာ ယခု မရှိတော့ပေ။ ဘေးတိုင် များမှာလည်း သုံးတိုင်သာလျှင် ရှိတော့သည်။ ထိုကျန်ရှိနေသေးသော သုံးတိုင်သည်လည်း ဟောင်းနွမ်းဆွေးမြေ့နေပြီ ဖြစ်သည်။ တိုင်တစ်လုံးမှာ ပြိုလဲကျနေသည်။ တိုင်တလုံးလျှင် လုံးပတ် လေးတောင်တစ်ထွာ ကျော်ကျော်ရှိသည်။ ဘေးတိုင်တစ်လုံးသည် ၁၀တောင်ကျော် ရှည်သည်။ ပျက်စီးသွားပြီး ဖြစ်သော အလယ်တိုင်မကြီးသည် ဘေးတိုင်များ ထက်ကြီးပြီး အရှည်မှာ ၃–ဆပိုမြင့်ကြောင်း သိရှိရသည်။ ပင်မအလယ်တိုင်၏ ထိပ်ဖျားတွင် ဟင်္သာရုပ်ကို ထွင်းထုထားပြီး အပြင်လေးတိုင်၏ထိပ်တွင် ငါးရာငါးဆယ် နိပါတ်တော်လာပုံများ ထွင်းထုထားသည်ဟုဆိုကြသည်။ ရှေးက ကတူးတို့သည် ဘုရားတည် ကျောင်းဆောက် တိုင်း တံခွန်တိုင်များပါ တပါတည်း စိုက်ထူလေ့ရှိခဲ့ကြသည်ဟု ဆိုသည်။ ထိုကျွန်းသားတံခွန်တိုင်ကြီးကို မည်သည့်ခေတ်ကာလကတည်းက စိုက်ထူခဲ့သည်ဟု အတိအကျ မပြောနိုင်တော့သော်လည်း ထိုကျွန်းသား တံခွန်တိုင်ကြီးကို အစွဲပြု၍ မော်တိပ်တံခွန်ကြီး မြောက်မော်ရွာခေါ်တွင် လာသည်ဟု ဆိုပေသည်။ ထို့ကြောင့် ယခုမြောက်မော်ရွာသည် ပုဂံခေတ် နှောင်းပိုင်းစ၍ ကတူးတိုင်းရင်းသားတို့ အခြေစိုက်နေထိုင်ရာ နယ်မြေတစ်ခု ဖြစ်နိုင်ပေသည်။

## (ခ) မြောက်မော်ကျေးရွာ၏ပထဝီဝင်အနေအထား

ကတူးတိုင်းရင်းသားတို့၏ကျေးရွာဖြစ်သော မြောက်မော်ကျေးရွာသည် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူး မြို့နယ်အတွင်း တည်ရှိသည်။ ပင်လည်ဘူးမြို့နယ်သည် အရှေ့ဘက်တွင် ဝန်းသိုမြို့နယ်၊ အရှေ့တောင်ဘက်တွင် ကောလင်းမြို့နယ်၊ တောင်ဘက်တွင် ကျွန်းလှမြို့နယ်၊ အနောက်ဘက်တွင် ဖောင်းပြင်မြို့နယ်၊ အနောက်မြောက်ဘက်တွင် ဟုမ္မလင်းမြို့နယ်နှင့် မြောက်ဖက်တွင် ဗန်းမောက်မြို့နယ် တို့ဖြင့် နယ်နိမိတ် ဆက်စပ်လျက်ရှိသည်။ ပင်လည်ဘူး မြို့နယ်ကို အပိုင်းကြီး ၅–ပိုင်း ခွဲထားသည်။

ယင်းတို့မှာ– (က) မြောက်ပိုင်း၊ (ခ) ကားလမ်း၊ ဝဲ၊ ယာ၊ (ဂ) ထမံမောက်လပ်၊ (ဃ) ၅မိုင် နှင့် (င) တောင်ပိုင်းဒေသဟူ၍ ဖြစ်သည်။ မြောက်မော်ကျေးရွာသည် မြောက်ပိုင်းဒေသဖြစ်သော မံစီလေးကျေးရွာ(၁၆) အုပ်စုထဲတွင် ရှိသည်။ (ကျေးရွာ ၁၆အုပ်စုကို ဇယား(၁)ဖြင့် ဖော်ပြထားသည်။)

မြောက်ကျေးရွာသည် မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ၊ ၁၅မိနစ်၊ ၃၆စက္ကန့်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ၊ ၃၆ မိနစ်၊ ၃၀စက္ကန့်အတွင်းတွင် ရှိပါသည်၊ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ (၉၀၁)ပေတွင်

---

၁။ နန ကတူးကနန်းသမိုင်း (၁၇၅၂–၁၈၈၅) စာ – ၃၂

ဘည်ရှိပြီး တောတောင်ထူထပ်၍ မြေပြန့်နည်းပါးသောဒေသ တစ်ခုဖြစ်ပါသည်။ ပင်လည်ဘူးမြို့၏ အရှေ့မြောက်ဘက်ယွန်း(၂၆)မိုင်ခန့်အကွာ ဇန်းမောက်နယ်စပ်၌ တည်ရှိသည်။ မြောက်မော်ရွာ၏ တောင်ဘက်တွင် မော်လင်ချောင်း၊ မြောက်ဖက်တွင် ကမ်းဖာချောင်းတို့ ဖြတ်သန်းစီးဆင်းကြသည်။ နန်းမော်(နမော်)ချောင်း၏ ချောင်းခွဲလေးများဖြစ်သော သို့မော်လင်နှင့်ကမ်းဖာချောင်းကလေးများသည် ရွာ၏ အနောက်ဘက်တွင် ပေါင်းဆုံစီးဆင်းသည်။ မြောက်မော် ကျေးရွာ၏ အရှေ့ဘက်တွင် ပုစွန်တောင်၊ အနောက်ဘက်တွင် ငန်းတွန်တောင်၊ တောင်ဘက်တွင် ကျူးတောင်နှင့် မြောက်ဘက်တွင် မြေဖြူတောင်တို့ ဝိုင်းရံလျက် ရှိသည်။ မြောက်မော် ကျေးရွာသည် တောင်ကုန်း၊ တောင်တန်းများကြား ချောင်းရိုးတစ်လျှောက် တည်ရှိသော ကျေးရွာဖြစ် သည်။ အကျယ်အဝန်း ဧရိယာအားဖြင့် ၂၈ဝတုရန်း ဖာလုံခန့်ရှိသည်။

မြောက်မော်ကျေးရွာ၏ပုံ (လူနေအိမ်ခြေအပါအဝင်)ကို ပူးတွဲပါ မြေပုံ(၁)တွင် လည်းကောင်း၊ မြောက်ပိုင်းဒေသကျေးရွာအုပ်စုဝင် အခြားရွာများနှင့် ယှဉ်တွဲတည်ရှိပုံကို မြေပုံအမှတ်(၂)တွင် လည်းကောင်း၊ မြောက်မော်ကျေးရွာအနီးပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ တည်နေပုံကို မြေပုံ(က)ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

မြောက်မော်ကျေးရွာသည် တောင်ကုန်း၊ တောင်တန်း ထူထပ်၍ မြေပြန့်လွင်ပြင် နည်းပါးသည်။ မြစ်ချောင်းကမ်းဘေးဝဲယာတစ်လျှောက်တွင်သာ မြေမျက်နှာပြင် ညီညာပြန့်ပြူးပြီး စိုက်ပျိုးမြေအဖြစ် လုပ်ကိုင်ဆောင်ရွက်၍ ရပေသည်။ မြေယာအများစုသည် တောင်ကုန်း၊ တောင်စောင်းများသာ ဖြစ်သည်။

ဤဒေသသည် မုတ်သုံရာသီဥတုကို ခံစားရသည်။ သစ်တောများ ကူထပ်စွာ ပေါက်ရောက်ပြီး၊ မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသည်။ ပျမ်းမျှမိုးရေချိန် ၈ဝလက်မမှ ၉ဝလက်မအထိ ရွာသွန်းတတ်သည်။ ဆောင်းရာသီတွင် အအေးဓာတ် လွန်ကဲပြီး ဆီးနှင်းများ ဖုံးလွှမ်းတတ်ပါသည်။ နွေရာသီတွင် ပျမ်းမျှအပူချိန် ၁ဝ၅ ဒီဂရီအထိ တစ်ခါတရံ ပူပြင်းတတ်ကြောင်း တွေ့ရပါသည်။ အပူအအေးမျှတမှု မရှိဘဲ အအေး လွန်ကဲသည့် ဒေသတစ်ခုဖြစ်သည်။ မြောက်မော်ကျေးရွာသည် မုတ်သုံသစ်တောနယ်မြေများ ဖြစ်သဖြင့် ကျေးရွာ အနီးဝန်းကျင် တောတောင်များတွင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ကညင်၊ ဝါးကြိမ်အစရှိသည့် နိုင်ငံတော်အတွက် အဖိုးတန်သစ်များ ပေါက်ရောက်လျက်ရှိသည်။

ဇယား (၁)

## ပင်လည်ဘူးမြို့နယ်၊ မြောက်ပိုင်းဒေသကျေးရွာ(၁၆)အုပ်စုဝင်ရွာများ

| စဉ် | ကျေးရွာအုပ်စု | ပါဝင်သောရွာများ |
|---|---|---|
| ၁ | မံစီလေး | မံစီလေး၊ ဝေဇရွတ်၊ ချောင်းပေါက်၊ နမော်ပင် |
| ၂ | ကပွဲတာ | ကပွဲတာ၊ စည်ကြီးပိုင်း၊ ဟန်ဖဲ၊ ခတက်ကွေ့၊ အင်ကြင်းသာ၊ ကိုင်းကြီး၊ ရွာဟောင်းကြီး၊ |
| ၃ | တိုက်မွန်း | တိုက်မွန်း၊ ကွမ်းတောင်း၊ တိန်း (တိမ်းပင်) |
| ၄ | နားလုံ | နားလုံ ၊ နုံးတုံ |
| ၅ | ကျေးသီး | ကျေးသီး၊ စေးနန်း |
| ၆ | ပေတာ | အောင်းကုန်း၊ ကြာအင်းကုန်း၊ သဘော်တာ ၊ စေသာ |
| ၇ | ဒီးဒေါက် | ဒီးဒေါက် |
| ၈ | ပင်းမူ | ပင်းမူ၊ နောင်ကန်၊ ရွှေဟသာ် |
| ၉ | တောင်ကုန်း | တောင်ကုန်း၊ နားနန်း၊ ကော်တာ၊ တောင်မော်၊ မြောက်မော် |
| ၁၀ | မိုင်းတုံးတာ | မိုင်းတုံးတာကြီး၊ မိုင်းတုံးတာလေး၊ နားမကြိုင်း |
| ၁၁ | မော်လင် | မော်လင်၊ ပါအော့ |
| ၁၂ | မော်ခါး | မော်ကြီး၊ ခဲတွင်၊ သာယာကုန်း၊ မံပင်၊ လယ်ဦး၊ တောင်ခြေရင်း၊ ကံပေါက်တာ |
| ၁၃ | ကဘာ | ကဘာ၊ ဆည်ကြီး၊ ဆားကျင်း၊ ရှင်ဖာ |
| ၁၄ | မော်ခွင် | မော်ခွင်၊ တောင်မော်၊ မော်ပိုင်း၊ ပိန္နဲကုန်း |
| ၁၅ | မန်ကျည်းပင် | မန်ကျည်းပင်၊ ဥသျှစ်ပင်၊ နားပဒန်၊ ကိုင်မခံ |
| ၁၆ | ကာမဲ | ကာမဲ၊ ပါသက်၊ စွန်ဖား |

## (ဂ) မြောက်မော်ကျေးရွာတွင် နေထိုင်သော လူဦးရေနှင့်လူမျိုး

မြောက်မော်ကျေးရွာတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် ကတူးတိုင်းရင်းသားများပင် ဖြစ်ကြသည်။ အခြားတိုင်းရင်းသားများ ရောနှောနေထိုင်ခြင်း မရှိပေ။ ကတူးတို့တွင် ပုဂံခေတ်ဦး လောက်ကစ၍ "သောကတူး"နှင့် "သက်ကတူး"ဟူ၍ နှစ်စုကွဲသွားခဲ့သည်။ ယခုမြောက်မော်ကျေးရွာတွင် ရှိသော တိုင်းရင်းသားများသည် "သောကတူး"များပင် ဖြစ်ကြသည်။ အေဒီ၁၄ရာစု ရှမ်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအခါတွင် "သောကတူး"ဟူသော အမည်ကွယ်ပျောက်၍ "ကွန်ကတူး"ဟူ၍ ဖြစ်လာ သည်ဟု ဆိုပါသည်။ ထိုသောကတူး (သို့)ကွန်ကတူးအချို့သည် ထမန်နှင့်သွေးနှော၍ ထမန်ကတူးဟု ပေါ်လာ ပြန်ပါသည်။ ဆားတော မော်တိပ်ကြီး (သို့) မော်တိပ်တံခွန်ကြီးရွာ (သို့) ယခု မြောက်မော်ကျေးရွာသည် ထမန်ကတူးတို့အခြေစိုက် နေထိုင်ပြီး တောင်မော်ရွာတွင် ကွန်ကတူးတို့ နေထိုင်ကြသည်ဟု ဆိုပါသည်။ မြောက်မော်ကျေးရွာကို တည်ထောင်စက

ထမန်သုံးအိမ်ထောင်နှင့် ကွန်းရှစ်အိမ်ထောင်မျှသာ ရှိပါသည်။ သုံးအိမ်ထောင်သည် ဆွေမျိုးစုသုံးစုကို ဆိုလိုပါသည်။ ထမန်ကတူးသုံးအိမ်ထောင်တွင် စင်ကင်မျိုး၊ ထမန်နွဲ့မျိုး၊ ပါတူးမျိုးဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ ကွန်ကတူးရှစ်အိမ်ထောင်တွင်လည်း ဆွေမျိုးစုသုံးစုသာ ရှိပြီး၊ ကျည်းတုံးမျိုး၊ ဖက်တာမျိုး၊ မွန်ကောင်မျိုးဟူ၍ ရှိပါသည်။ ကတူးတို့သည် မိမိတို့ကိုယ်မိမိ မင်းမျိုးမင်းနွယ်များမှ ဆင်းသက်လာကြသူများ ဖြစ်သည်ဟု ခံယူကြသည်။ ကတူးတိုင်းရင်းသားတို့တွင် လောင်တိုက်ဝင်များဟူ၍ ရှိသည်။ ရှေးဘုရင်များခေတ်က လောင်တိုက်ဝင်များတို့သည် တစ်ဦးတစ်ယောက် အပြစ်ပြုမိပါက ဆွေမျိုးအားလုံးအား မီးလောင်တိုက် အသွင်းခံ ကြရသည်ဟုဆိုသည်။ ထို့ကြောင့် မီးလောင်တိုက်အသွင်း မခံနိုင်ကြတော့၍ အမျိုးခွဲပေးရာမှ ဆွေမျိုးစုအနွယ်ခွဲများ ပေါ်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ဥပမာအားဖြင့် ကျည်တုံးမျိုးဟူသည်မှာ အိမ်ကြီးသားဟူ၍လည်းကောင်း၊ ဖက်တာ ဟူသည်မှာ ရှမ်းဘာသာစကားဖြင့် "အုဖက်တာ" ဟိုဘက်ဦ်နေကြဦးဟူ၍လည်း အဓိပ္ပာယ်ရသည်။ မွန်ကောင်၏ အဓိပ္ပာယ်မှာ- မွန်=ပြောင်း၊ ကောင်=တစ်သောင်း၊ မွန်ကောင်=ပြောင်းတစ်သောင်း ဖြစ်သည်။ ရှေးက ကတူးတို့သည် ဆိတ်ဘာသာ တောင်တွင်ပဒ္မရန်ကို ပြိုဖျက်ကြသောအခါ ပြောင်းမီးတစ်သောင်းနှင့်မွှတ်ရာ ပဒ္မရန် ပြိုပျက်လေသည်။ သို့အတွက် မွန်ကောင်သားတို့မှာ ဘုရင်အားပြောင်းတစ်သောင်းဆက်ကြရသဖြင့်ပြောင်းတစ်သောင်း ဆက်ရသောအဖွဲ့ (မွန်ကောင်) အစရှိသဖြင့် အမျိုး ခွဲထားရခြင်း ဖြစ်သည်။

ယခင်ကမြောက်မော်ကျေးရွာတွင် ထမန်သုံးအိမ်ထောင်နှင့် ကွန်းရှစ်အိမ်ထောင် အစပြုခဲ့ရာမှ နောင်အခါတွင် ထမန်ကတူးရှစ်အိမ်ထောင်နှင့် ကွန်းတစ်ဆယ့်ခြောက်အိမ်ထောင် တိုးလာသည်ဟု ဆိုပါသည်။ ထိုကဲ့သို့ တိုးလာရာ ထမန်ကတူးတွင် စင်ကင် ၂အိမ်၊ ထမန်နွဲ့ ၂အိမ်၊ ပါတူး ၄အိမ် စုစုပေါင်း ၈-အိမ် ဖြစ်လာသည်။ ကွန်ကတူးတွင် ကျည်းတုံး ၅-အိမ်၊ ဖက်တာ ၈-အိမ်၊ မွန်ကောင် ၃-အိမ် စုစုပေါင်း ၁၆-အိမ်ရှိလာပါသည်။[၁] ထိုသို့ ထမန်၈-အိမ်ထောင်နှင့် ကွန်း ၁၆-အိမ်ထောင်၊ စုစုပေါင်း ၂၄-အိမ်ထောင်ဖြင့် ရွာတည်လာခဲ့သော မြောက်မော်ကျေးရွာတွင် ထမန်ကတူးတို့သာ နေထိုင်ခဲ့ကြတော့သည်။ ယခုအခါ အိမ်ခြေမှာ ၃၀-သာ ရှိပေသည်။ လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသော်လည်း ဤနေရာတွင် လုပ်ကိုင် စားသောက်ရန် နယ်မြေကျဉ်းသဖြင့် မြောက်ဘက်ရှိ ဗန်းမောက်၊ အင်းတော်ဒေသများသို့ ပြောင်းရွှေ့ သွားကြသည်။ ထို့ကြောင့် ယခုတိုင် ဗန်းမောက်၊ အင်းတော်ဒေသတို့တွင် မော်တိပ်၊ စက်တောဘက်အနွယ် ကတူးရွာများကို တွေ့နိုင်သည်။

ထိုကဲ့သို့ ရွာသူရွာသားများ ပြောင်းရွှေ့သွားရခြင်း ယနေ့တိုင်အောင် အိမ်ခြေ ၃၀-မှနေ၍ တိုးမလာခြင်းနှင့်ပတ်သက်၍ မြောက်မော်ရွာသူရွာသားတို့တွင် ယုံကြည်စွဲလမ်းမှု ရှိနေသည်။ ဤဒေသသည် ရှေးယခင်အခါများက ရွှေထွက်သောဒေသများ ဖြစ်ခဲ့ကြသည်။ မြန်မာဘုရင်များလက်ထက်က ရွှေထွက်သဖြင့် ရွှေခွန်ဆက်ကြရသည်။ အခွန်တော်ဆက်သရာတွင် သက်သာစေရန် ရှိရင်းအိမ်ခြေထက်လျှော့ပြီး ပြောမိသဖြင့် မင်းဒဏ်စူးသည့်သဘော ဖြစ်နေရခြင်းဟု ယုံကြည်နေကြသည်။ ထို့ကြောင့် အိမ်ခြေသည် ရှေးယခင်ကထက် ပို၍ တိုးမလာရခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အကယ်၍ အနည်းငယ်တိုးလာလျှင်လည်း ပြောင်းရွှေ့လိုကြ သည်ဟု ဆိုပေသည်။

---

၁။ ပညာ၊ ဦး။ ကတူးကနန်းနယ်မှ မှတ်တမ်းများ။ စာ-၃၀




ထမန်ကို ယခုအခါ ထပန်ဟု ခေါ်သည်။
ထမန် သည် မော်တိပ် ဖြစ်သည်။
မော်တိပ်သည် ယခုမြောက်မော်ရွာဖြစ်သည်။

ကွန်းကို ယခုအခါ ကွမ်း ဟုခေါ်သည်။
ကွန်းသည် စက်တော ဖြစ်သည်။
စက်တောသည် ယခုတောင်မော်ရွာဖြစ်သည်။

မြောက်မော်ကျေးရွာမှ ထမန်ကတူးတို့သည် လူဦးရေတိုးပွားလာပါကလည်းကောင်း၊ တောင်မော်ကျေးရွာမှ ကွန်ကတူးတို့သည် လူဦးရေတိုးပွားလာပါကလည်းကောင်း အခြားဒေသများသို့ ပြောင်းရွှေ့သွားတတ်ကြသည်။

မြောက်မော်ကျေးရွာတွင် အိမ်ခြေပေါင်း ၃၀–ရှိပြီး လူဦးရေမှာ ယောကျ်ား ၉၈ယောက်နှင့် မိန်းမ ၁၀၀ယောက် စုစုပေါင်း ၂၀၀ခန့်ဖြစ်သည်။ ဤမြောက်မော်ကျေးရွာ၏ အုပ်ချုပ်ရေးမှာမူ ရှေးမြန်မာ ဘုရင်များလက်ထက်က ဘုရင်မှ တိုက်ရိုက်ခန့်ထားသော ရွှေမှူးများ[1] အုပ်ချုပ်ခဲ့သည်။ ပထမမော်တိပ်(သို့) မြောက်မော်ကျေးရွာကို ရွှေမှူးပေါင်း ၄၆–ဦး အုပ်ချုပ်ခဲ့သည်ဟုဆိုသည်။ ထိုရွှေမှူးသူကြီးမှာ ငါးနှစ်လျှင် တစ်ဦးကျ မျိုးနွယ်စုအလိုက် ပြောင်းလဲခန့်ထားဖွယ်ရှိပါသည်။ အုပ်ချုပ်ရာတွင်လည်း ထမန်ကတူးမျိုးမှ စင်ကင်၊ ထမန်နွဲ့၊ ပါတူး ဆွေမျိုးစု ၃–စုမှ အကြီးအကဲများက အလှည့်ကျ အုပ်ချုပ်သည်ဟု ဆိုပါသည်။ နောက်ပိုင်းခေတ်များတွင် သူကြီးများ၊ အစိုးရမှ စီမံအုပ်ချုပ်သော ရ–လ–က[2] များ၊ ပါတီကောင်စီများ၊ ယခုအခါတွင် မ–ဝ–တ၊ ရ–ဝ–တ[3] များမှ အုပ်ချုပ်ကြသည်။ မြောက်မော်ကျေးရွာသည် တောင်ကုန်း ကျေးရွာအုပ်စုထဲတွင်ပါဝင်၍ မြောက်မော်၊ တောင်မော်၊ တောင်ကုန်း၊ နားနန်း၊ ကော်တာရွာများကို စုပေါင်း၍ ကျေးရွာ ရ–ဝ–တ များထားရှိ အုပ်ချုပ်ခြင်း ဖြစ်သည်။ ယခုလက်ရှိ ကျေးရွာအုပ်စု၏ ရ–ဝ–တဉက္ကဋ္ဌကို နားနန်းကျေးရွာမှ ဦးဆန်းမောင်အား ခန့်အပ်ထားသည်။ အတွင်းရေးမှူးမှာ မြောက်မော်ကျေးရွာမှ ဦးချစ်တင်နှင့် စာရေးမှာလည်း မြောက်မော်ကျေးရွာမှ ကိုကျော်မြင့်တို့ ဖြစ်ကြသည်။ ရပ်ရွာ၏ အခြား တာဝန်များ၊ ရပ်ရေးရွာရေးကိစ္စများကိုမူမိမိတို့ ကျေးရွာရှိ လူကြီးသူမတို့နှင့် ညှိနှိုင်းတိုင်ပင် လုပ်ဆောင်လေ့ ရှိကြသည်။ ပင်လည်ဘူးမြို့နယ်ရှိ မြောက်မော်ကျေးရွာနယ်မြေသည် ယခင်ခေတ်များက ကွန်မြူနစ်များ ကြီးစိုးခဲ့သော နယ်မြေဖြစ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အမာခံလက်နက်များ တပ်ဆင်ပြီး ပြည်သူ့စစ်များ ဖွဲ့စည်းပေးခဲ့သည်။ မြောက်မော်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများ၏ ပြည်သူ့စစ်

---

၁။ ရွှေမှူး (မြန်မာမင်းများထံ နှစ်စဉ် ရွှေဆက်သရသည်ကို အကြောင်းပြု၍ ခေါ်ခြင်း ဖြစ်သည်။) ရွှေဘိုနိဒါန်း။ စာ–၂၂၉

၂။ ရ–လ–က (ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ)

၃။ ရ–ဝ–တ (ကျေးရွာငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့)

အဖွဲ့ဝင် အင်အားနှင့် တပ်ဆင်ထားသည့် လက်နက်အမျိုးအစား၊ ထုတ်ပေးသည့် ကျည်အခြေအနေတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

| လက်နက်တပ်ဆင်ထားသည့် ဒေသ | အမာခံ အင်အား | တပ်ဆင်ထားသည့် လက်နက်အမျိုးအစား | | ထုတ်ပေးထားသည့် ကျည်အရေအတွက် | |
|---|---|---|---|---|---|
| | | စတင်း | ရိုင်ဖယ် | စတင်းကျည် | ရိုင်ဖယ်ကျည် |
| ၁ စီမံလေး | ၁၀ | ၁ | ၉ | ၅၄ | ၂၅ |
| ၂ တောင်ကုန်း | ၁၀ | ၁ | ၉ | ၅၄ | ၂၅ |
| ၃ မြောက်မော် | ၁၀ | ၁ | ၉ | ၅၄ | ၂၅ |
| ၄ နားနန်း | ၁၀ | ၁ | ၉ | ၅၄ | ၂၅ |

(ပင်လည်ဘူးမြို့ ၂၂-၇-၇၂ နေ့စွဲပါ စာအမှတ် ၁၀၃/၁၅စိတ်(၁) ဖြင့် ထုတ်ပြန်သည့်အမိန့်ကြောင်ငြာစာ) ပင်လည်ဘူး (Gazetteer)မှ

ယခုလက်ရှိ မြောက်မော်ကျေးရွာတွင် ပြည်သူ့စစ်အဖွဲ့ဝင် ၂၀ရှိနေပြီး ကွန်မြူနစ်တို့ ကြီးစိုးစဉ် အချိန်အခါကလည်း ကွန်မြူနစ်တို့အား ပြန်လည်တိုက်ခိုက်ရဖူးသည်ဟု ဆိုပေသည်။ ဤဒေသမှ ကွန်မြူနစ်တို့ ကွယ်ပျောက်သွားချိန်မှစ၍ မြောက်မော်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ဒေသများသည် အေးချမ်း နေပြီဖြစ်သည်။ ရပ်ရွာတွင် သူခိုး၊ ဓားပြဟူ၍လည်း မရှိကြသဖြင့် အမှုအခင်း နည်းပါးသည်။ မြောက်မော်ကျေးရွာရှိ ကတူး တိုင်းရင်းသားတို့သည် အကြီးအကဲ၏စကားကို အလွန်လေးစားလိုက်နာကြသူများဖြစ်သည်။

မြောက်မော်ကျေးရွာသည် ရွာစုရွာဝိုင်းပုံသဏ္ဌာန် ဖြစ်သည်။ မြောက်မော်ကျေးရွာသည် သစ်ဝါး ပေါများသော ဒေသဖြစ်သဖြင့် အိမ်တိုင်းလိုလိုပင် အိမ်မြင့်များ ဆောက်လုပ်ကြသည်။ ပျဉ်ထောင် ၊ ပျဉ်ခင်းများ ဖြစ်သည်။ အိမ်ထောင်စုအနည်းငယ်သာလျှင် ပျဉ်ခင်း၍ ဝါးထရံ ကာကြသည်။ အိမ်မိုးရာတွင် တောတောင်များမှ သက်ငယ်များကို ရိတ်၍ သက်ငယ်ပျစ်များ ပြုလုပ်၍လည်းကောင်း၊ သက်ငယ်များကို အစုလိုက် ဆုပ်၍ လည်းကောင်း အိမ်မိုးကြ သည်။ သက်ငယ်ပျစ်များ ပြုလုပ်၍ အိမ်မိုးခြင်းသည် တာရှည်မခံ၊ သက်ငယ်ကို အစုလိုက်ဆုပ်ပြီး : အဖျားကို ချိုး၍ အိမ်မိုးခြင်းသည် နှစ်ပေါင်း ၂၀၊ ၃၀နီးပါးခံသည်ဟု ဆိုပေသည်။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် အိမ်ဆောက်ရန် သစ်ခုတ်ရာတွင်လည်းကောင်း၊ အိမ်ကို ဆောက်လုပ်သည့် အခါတွင်လည်းကောင်း၊ သက်ငယ်မိုးရာတွင် လည်းကောင်း၊ အိမ်ရှင်တစ်ဦးတည်း ပြုလုပ်လေ့ မရှိပေ။ ရွာသူရွာသားများ စုပေါင်း၍ ပြုလုပ်ကြခြင်း ဖြစ်သည်။ အိမ်ရှင်သည် အထူးအထွေအကူအညီတောင်းရန်မလိုပေ။ မိမိတို့၏ ကူညီလိုသော စိတ်အရင်းခံအတိုင်း လာရောက် ကူညီကြသည်သာ ဖြစ်သည်။

ကတူးတိုင်းရင်းသားတို့က မိမိတို့သည် မင်းမျိုးမင်းနွယ်ဖြစ်သော တကောင်းမျိုးနွယ်မှ ဆင်းသက် လာသူများ ဖြစ်သည်ဟု ခံယူသည်။ ထို့ကြောင့် ကတူးမျိုးနွယ်မှန်လျှင်

"ညီတော်နောင်တော်ခေါ်စေ"

"ထုပ်စွပ်လျောက်စွပ်ဆောက်စေ"

"လေ့ကားဦးတိုက်ထောင်စေ"

"ဝင်းကြက်ခြေခတ် ခတ်စေ"ဟူ၍ ဆိုရိုးရှိသည်။

ကတူးတိုင်းရင်းသားတို့ စကားပြောရာတွင် တစ်ဦးနှင့်တစ်ဦး ညီတော်၊ နောင်တော်ဟု ခေါ်ဝေါ်သုံးစွဲကြသည်။ အိမ်ဆောက်ရာတွင်လည်း ကတူးမှန်လျှင် ထုပ်စွပ်လျောက်စွပ် ဆောက်ရသည်။ ရှေးယခင်ကတည်းက ကတူးတို့ နေထိုင်ရာဒေသများသည် တောတောင်လျှိုမြောင်များတွင်သာ နေခဲ့ကြပြီး မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးခြင်း သွားလာရန် ခက်ခဲခြင်းတို့ကြောင့် အိမ်ဆောက်ရန်လိုအပ်သည့် သံမှအစ အသုံးအဆောင် ပစ္စည်းများကို အလွယ်တကူရရှိရန် မလွယ်ပေ။ ထို့ကြောင့် မိမိတို့ တတ်ထားသော လက်သမားပညာဖြင့်ပင် အိမ်ဆောက်ကြသည်။ ရှေးယခင်က ကတူးတိုင်းရင်းသားတို့ကျင့်သုံးလာခဲ့သော အိမ်ဆောက်နည်းဓလေ့ကို ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ဤကဲ့သို့ ထုတ်စွပ်လျောက်စွပ် ဆောက်ရသည်ဟုဆိုခြင်း ဖြစ်သည်။

လှေကားကို ဦးတိုက်ထောင်ရမည်ဟု အဆိုရှိပါသည်။ အဓိပ္ပာယ်မှာ ကတူးတိုင်းရင်းသား တို့သည် မင်းမျိုးမင်းနွယ်ဖြစ်သည့်အတွက် မိမိတို့အိမ်အတွင်းသို့ဝင်လာသော ဧည့်သည်သည် အိမ်ရှင်အား ရိုသေစွာဦးတိုက်ပြီးမှ ဝင်လာသည့်သဘောဖြစ်စေရန် ရည်ရွယ်၍လှေကားဦးတိုက်ထောင်၍ ဆောက်လုပ်ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ရှေးအခါက ကတူးတိုင်းရင်းသားတို့သည် မိမိတို့အိမ်အား လှေကားဦးတိုက် ထောင်များဆောက်လုပ်ကြပြီး အိမ်တံစက်မြိတ်အားလည်း နိမ့်နိမ့်ပြုလုပ်တတ်ကြသည်။ သို့မှသာဧည့်သည်သည် ခေါင်းငုံ့ဝင်လာရပေသည်။ ခေါင်းငုံ့ ဝင်လာရသဖြင့် အိမ်ရှင်အား အလိုလိုဦးတိုက်ပြီး အရိုအသေပြုပြီးဖြစ်သည်။

"ဝင်းကြက်ခြေခတ် ခတ်စေ"ဆိုသည်မှာလည်း မိမိတို့ခြံဝင်းအား ကြက်ခြေခတ် ခြံစည်းရိုးကာစေခြင်းကို ဆိုလိုသည်။ ဘုရင်တို့သည် မိမိတို့နေ‌ထိုင်ခန်းအား သံဖြူခင်း ရာဇမတ်ကာလေ့ ရှိကြသည်။ ထိုသို့ ရာဇမတ်ကာသည့်အခါတွင် ရာဇမတ်ကွက်ကလေးများတွင် ကြက်ခြေခတ်သဏ္ဌာန် ပြုလုပ်ထား ကြသည်။ ထိုသဘောကို ယူ၍ မိမိတို့နေထိုင်ရာခြံဝင်းကိုလည်း ကြက်ခြေခတ်ပုံ ဝင်းထရံများ ကာရံပြုလုပ် ကြခြင်းဖြစ်သည်ဟု ဆိုသည်။ မြောက်မော်ကျေးရွာတွင် ယခုတိုင် ထုပ်စွပ်လျောက်စွပ်ဆောက်ထားသော အိမ်များ၊ လှေကား ဦးတိုက် ဆောက်ထားသော အိမ်များကို တွေ့နိုင်ပေသေးသည်။ ပုံစံပြရလျှင် မြောက်မော် ကျေးရွာရှိ ကတူးတိုင်းရင်းသား ဦးသံချောင်းအိမ်သည် ထုတ်စွပ်ယောက်စွပ်ဖြစ်၍ ဦးအောင်မြအိမ်သည် လှေကား ဦးတိုက်ဆောက်လုပ်ထားပေသည်။ ယခုခေတ်နောက်ပိုင်းတွင် ထိုကဲ့သို့ ဆောက်လုပ်ခြင်းဓလေ့မှာ နည်းပါးသွားပေပြီ။ ဗမာတို့၏ထုံးစံအတိုင်းသာ ဆောက်လုပ်ကြသည်။ ထိုကဲ့သို့ ကတူးတိုင်းရင်းသား တို့သည် အနီးပတ်ဝန်းကျင်ရှိ လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် အတော်အတန် ရောနှောနေပြီဖြစ်သော်လည်း မိမိတို့၏ ရိုးရာဓလေ့ခံယူချက်များကို တတ်နိုင်သရွေ့ ထိန်းသိမ်း ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

## "အခန်း (၂)"

## လူမျိုး၊ ဘာသာစကားနှင့်စာပေ

### (က) လူမျိုးတို့၏နောက်ခံသမိုင်းကြောင်းနှင့် ရောက်ရှိလာပုံ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် အာရှတိုက် အလယ်ပိုင်း ကုန်းမြင့်မြေပြန့်ဆီမှ တောင်ဖက်သို့ တရွေ့ရွေ့ပြောင်းရွှေ့ဆင်းသက်လာကြသည်ဟု သမိုင်းသုတေသီတို့ ယူဆကြသည်။ နှစ်ကာလအတိအကျ မပြောနိုင်သော်လည်း မွန်ဂိုမျိုးနွယ်ကြီးထဲမှ လူမျိုးအုပ်စုများသည် အာရှတိုက်အလယ်ပိုင်း တရုတ်ပြည်၏အနောက်ဖက်ရှိ ယန်စီနှင့်ဟိုဟန်ဟိုမြစ်ကြီးနှစ်သွယ် မြစ်ဖျားခံရာ ကုန်းမြင့်ဒေသတွင် ပေါက်ဖွားနေထိုင်ခဲ့ကြရာမှ အရှေ့ဖက်မှဖိလာသော တရုတ်လူမျိုးများ၏ဒဏ်ကြောင့် တောင်ဖက်ဆီသို့ ရွှေ့ပြောင်းဆင်းသက်လာသည်။[၁]

မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားဆင်းသက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ လူမျိုးအုပ်စုကြီးသုံးစုခွဲကာ ဝင်ရောက်လာကြသည်။ ၎င်းတို့မှာ (၁) မွန်ခမာအုပ်စု။[၂] (၂) တိဗက်မြန်မာအုပ်စု။[၃] (၃) ထိုင်း၊ တရုတ်အုပ်စု[၄]တို့ဖြစ်ကြသည်။ ၎င်းတို့မှ တိဗက် မြန်မာအုပ်စုကြီးသည် မြောက်မှတောင်သို့ တစတစ နေရာယူ၍ ပြည်ရွာတည်ထောင်လာကြပါသည်။

ဘီစီ (၁၁၀၀)ခန့်မှ ရှေးဟောင်းတရုတ်စာတို့တွင် တွေ့ရသော ချီယန်လူမျိုးတို့သည် တိဗက်မြန်မာ အနွယ်ဝင်များ ဖြစ်ကြသည်။[၅] ထိုသူတို့သည် အနောက်ဖက်သို့ နယ်ချဲ့လာသော တရုတ်စစ် မကြာခဏ

---

၁။ တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့် ခံယူချက်။ ပါတီစည်းရုံးရေးကော်မတီဌာနချုပ်၊ စာ–၃၄

၂။ Mon Khmer

၃။ Tibet-Myanmar

၄။ Tai-Chinese

၅။ မြန်မာနိုင်ငံတိုင်းရင်းသားများ။ ဗွယ်စုံကျမ်းအတွဲ(၁၀)၊ မြတ်–ယူး၊ စာ–၃၄၁

လာရောက် ဖိစီးနိုပ်စက်သဖြင့် နေရင်းဒေသကို စွန့်၍ တောင်ဖက်သို့ပြေးခဲ့ကြသည်။ထိုအခါမှစ၍ စွဲမြဲနေထိုင်ရာ အရပ်ဟု အတိအကျမရှိဘဲ လှည့်လည်နေထိုင်ခဲ့ကြသည်။[၁] ရှေးတရုတ်မှတ်တမ်းများတွင်ပါသော မြန်မာဘာသာ စကားအုပ်စုဝင် ချီယန်တို့သည် မြန်မာနိုင်ငံတွင်းသို့ အုပ်စုဖွဲ့ပြီး BC (၃၇၄– ၃၇၆)ခန့်တွင် ဝင်ရောက် လာခဲ့ကြပါသည်။ ထိုကဲ့သို့ဝင်ရောက်လာကြသောအခါတွင် ထိုသူတို့ အတည်တကျနေထိုင်သော နေရာကို အစွဲပြု၍ အုပ်စုများ ထပ်မံကွဲသွားကြပါသည်။ ယင်းတို့မှာ–

၁။ ယွေ့ရှိချီအန် (နောင်အခါ – နာဂဖြစ်လာသောအစု)

၂။ ဝုတုချီအန် (နောင်အခါ သက်နှင့်ကတူးဖြစ်လာသောအစု)

၃။ ကွန်ဟန် (နောင်အခါ ချင်း၊ ကချင် ဖြစ်လာသောအစု)

၄။ ပ (ခေါ်) ထိုင်ရှမ်းများအစု

၅။ ရှုအစု (ခန့်မှန်း = မြန်မာဖြစ်လာသောအစု) – တို့ဖြစ်သည်။[၂]

ပါမောက္ခ လူ့စ်၏အဆိုအရ သက်လူမျိုးတို့သည် မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် တိဗက် တိုဘာမင် (Tibeto Burman) စကားပြောဆိုသော လူမျိုးစုများအနက် ရှေးအကျဆုံးသောလူမျိုးစု တစ်စုပင်ဖြစ်သည်ဟု ဆိုပေသည်။ သမိုင်းသုတေသီ ဦးရီစိန်ကလည်း "ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသားဘာသာစကားအစုများ ခွဲခြားတင်ပြခြင်း" စာတမ်းတွင်တိဗက်မြန်မာ အနွယ်ဝင်အဖြစ် ဖော်ပြထား သည်။ ယင်း သက်အစုတွင် (က) ကတူး။ (ခ) ကနန်း။ (ဂ) သက်။ (ဃ) ဒိုင်းနက်။ (င) ထမန်။ (စ) မလင်။ (ဆ) အင်ကျယ် စသော တိုင်းရင်းသားများမှာ မျိုးနွယ်တူများ ဖြစ်ကြသည်။[၃]

ထို့အပြင် ပါမောက္ခဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင် စာအုပ်တွင်လည်း သက် အစုဝင်အဖြစ် ကတူး၊ ကနန်း၊ လွိုး၊ ထမန်၊ မလင်၊ အင်ကျယ်ဟူ၍ ပါဝင်သည်။[၄] ထို သက်အစုဝင် ကတူး လူမျိုးတို့၏ အမျိုးအရိုးဆက်နွယ်ပုံကို ဇယားဖြင့်ဖော်ပြထားပါသည်။

တိဗက်မြန်မာစကားစု အနွယ်ဝင်များသည် မြန်မာ့နယ်မြေထိ တောင်ဘက်သို့ တအိအိ ဆင်းလာကြသည့် အထဲတွင် ဘီစီ(၅)ရာစုထက်စောသော အချိန်ကာလလောက်ကတည်းကပင် ပျူများက ရှေ့ဆောင်ပြီး မြန်မာမြေပြန့်ကို ဝင်လာခဲ့ကြပြီးဖြစ်သည်။[၅]

အေဒီ– ၃၅၀ လောက်တွင် တိဗက်မြန်မာအနွယ်ဝင်တို့၏ ရှေ့ပြေးလူမျိုးစုတစ်စုဖြစ်သော ပျူလူမျိုး တို့သည် မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်နေပြီဖြစ်ကြောင်း ရှေးဟောင်းတရုတ်စာပေ အထောက်အထား များအရ သိရသည်။ ပျူတို့ဝင်ရောက်လာချိန်တွင် သက်၊ ကတူးနှင့် ချင်းလူမျိုးတို့သည် ရောက်နှင့်ကြပြီဟု ယူဆရသည်။[၆] သက်၊ ကန္တူး၊ ပျူ၊ ကရင်တို့ကား မြန်မာတို့ထက်စော၍ မြန်မာနိုင်ငံတွင်း၌ ရှိနေသူများ ဖြစ်မည်ဟု ဆိုပါသည်။

---

၁။ သန်းထွန်း၊ ဒေါက်တာ။ အသစ်မြင် ဗမာ့သမိုင်း။ စာ–၃၂၈။

၂။ သန်းထွန်း၊ ဒေါက်တာ။ ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၉၄။ စာ–၂၀

၃။ ထွန်းရွှေခိုင်၊ ရခိုင်မြောက်ဖျားဒေသမှ သက်တိုင်းရင်းသားများ။ စာ–၂၈

၄။ သန်းထွန်း၊ ဒေါက်တာ။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ–၂၀

၅။ သန်းထွန်း၊ ဒေါက်တာ။ ကလျာမဂ္ဂဇင်း၊ မတ်လ၊ ၁၉၉၄။ စာ–၂၇

၆။ သန်းထွန်း၊ ဒေါက်တာ။ ခေတ်ဟောင်းမြန်မာရာဇဝင်။ စာ–၁၉

မြန်မာနိုင်ငံတွင်းသို့တိဗက်မြန်မာအုပ်စုဝင်ရောက်နေထိုင်လာခြင်းကိုပြသောမြေပုံ




မြည်တောင်စုမြန်မာနိုင်ငံတိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ချင်း)




# မြန်မာနိုင်ငံသို့သက်တိုင်းရင်းသားများအခြေချနေထိုင်မှုပြမြေပုံ

## ရှင်းလင်းချက်

**အဘိရာဇာ**

မဇ္ဈိမဒေသမှ ရွှေ့ပြောင်းဝင်ရောက်လာခြင်း ဖြစ်သည်။ ရခိုင်ရာဇဝင်များတွင် ဘီစီ ၁၆ ရာစုဟု တွေ့ရသည်။ မြန်မာရာဇဝင်များတွင် ဘုရားမပွင့်မီ ရှေးလွန်လေသော ကပ်ကာလဟူ၍ ဖော်ပြ သည်။

**တကောင်း**

မြန်မာ့ရာဇဝင်ကျမ်း၊ တွင် ဘီစီ ၆ ရာစုခန့်ကပင် တည်ထောင်ပြီး ဖြစ်သည်ဟု ဆိုသည်။ မြန်မာ ရာဇဝင်တွင် ရှေးအကျဆုံး မြို့အဖြစ် ဖော်ပြကြ သည်။

**ဟူးကောင်း၊၊ ဥရု**

ပထမဆုံး ဝင်ရောက်လာသော သက်များ၏ အခြေချရာဒေသဟု ယူဆရသည်။ အေဒီ ၁ ရာစုမှ ၉ ရာစုအထိ နေထိုင်ခဲ့ကြသည်။ တရုတ်မှတ်တမ်း များတွင် နားကြီး နိုင်ငံဟု ခေါ်သော ဒေသ ဖြစ်သည်။

**နားပေါက်မျိုးနွယ်စု**

တရုတ်တို့၏မှတ်တမ်းအရ ယူနန်နယ်၏အနောက် ဘက်တွင် နားပေါက်မျိုးနွယ်စု ရှိကြောင်း၊ အေဒီ ၁ ရာစုကပင် သိရှိခဲ့ကြသည်။ ၎င်းတို့မှာ သက်၊ ကတူး၊ ကနန်းတို့၏ ဘိုးဘွား ဘီဘင်များ ဖြစ် ကြောင်း တွေ့ရသည်။

**ကျောက်ဆည်ဒေသ**

အေဒီ ၆ ရာစုမှ ၁၀ ရာစုအတွင်း၊ သက်တို့၏ ဒုတိယမြောက် အခြေချရာဒေသဖြစ်သည်။ ပုဂံသို့ တိုင်အောင် ပျံ့နှံ့ခဲ့သည်။

**မဏ္ဍာဂိရိ**

မြန်မာများ ကျောက်ဆည်၊ ပုဂံဒေသသို့အခြေ ချပြီး ရောက်လာသောအခါ ဧရာဝတီအနောက်ဘက်မှ ရခိုင်တောင်ရိုးသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

**ခမ်း၊၊ ရှူ၊၊ ခလက်**

ရခိုင်ဘုရင် မင်းထီးက သက်မင်း၊ ဖွင်စောကို အောင် နိုင်ပြီးနောက် သက်အိမ်ထောင်စု တစ် သောင်းကို အခြေချထားခဲ့သော ဒေသများ ဖြစ် သည်။

**သက်တိုင်း**

ရခိုင်ဘုရင်များ လက်ထက် အုပ်ချုပ်ရေးတွင် တိုင်းကြီး ၁၂ တိုင်းခွဲ၍ အုပ်ချုပ်ခဲ့ရာ ယခု စစ် တကောင်းတောင်တန်းဒေသရှိ 'သက်တိုင်း' သည် တစ်ခု အပါအဝင်ဖြစ်သည်။ မြောက်ဦးခေတ်တွင် 'ကောင်နယ်' အဖြစ် ဖွဲ့ခေါ်ရာ 'လက်ကောင်' အဖြစ် သို့ ပြင်ဆင်ပေးခဲ့သည်။

ဟုန်းရွှေခိုင် (စစ်တွေကောလိပ်)

**သက်အစုဝင် ကတူးလူမျိုးတို့၏ အမျိုးအရိုးဆက်နွယ်ပုံဇယား**

- တိဗက်မြန်မာ
  - တိဗက်–ဟိမဝန္တာ
    - တိဗက်
      - တိဗက်
      - ဖော်လတီ
      - လဒခီ
    - ဟိမဝန္တာ
      - ရောင်
      - ဆုန်ဝါရ်
  - မြောက်အာသမ်–မိရှမိ
  - အာသမ်–မြန်မာ
    - နဂါး
    - ကုကီ – ချင်း
      - သာနိုး
      - ကံဟောင်
      - စုက္ကတဲ
      - စုဂျင်
      - လဲ
      - လူရှေခေါ်ဝဲလငို
    - သက်
      - လွှီ
      - ထမန်
      - မလင်
      - အင်ကျယ်
      - ကန္တူး
      - ကဏန်း
    - ကချင်ခေါ်ချင်ဖော – ဒူလင်
    - မြန်မာ
      - မရု ခေါ် လောင်းဝေါ
      - လရှိ ခေါ် လချိုကွော
      - **အတ်စီ** ခေါ် **တဇီ** ခေါ် **တဆဲ** ခေါ် **မိုင်သာ** ခေါ် **အချန်**
      - ဖွန်
      - ဒနု
      - အင်းသား
      - ထားဝယ်
      - ရခိုင်
      - တောင်ရိုး ခေါ် တိုရု
    - လိုလို
      - လိစု
      - လိဆော
      - လိစို
      - နွှန်
      - (ရဝန်)
      - လဟုန
      - လဟုဆို
      - အခ ခေါ် အိကော
      - အခိုးပျင်

* သန်းထွန်း–ဒေါက်တာ ခေတ်ဟောင်းမြန်မာရာဇဝင် P.20 မှဇယား

ဤသို့ဆိုလျှင် သက်၊ ကတူးတို့သည် ပျူနှင့် မြန်မာတို့ထက် စောသောအချိန်ကာလ ကတည်းကပင် မြန်မာပြည်တွင်း၌ ရှိနေသူများ ဖြစ်ပေမည်။ ထိုသက်၊ ကတူးနှင့်ချင်းတို့သည် တိဗက်ပြည်နှင့် နီးကပ်စွာ အနောက်ဖက်ကြောင်းမှ ရွေ့ပြောင်းကြ၍ မြန်မာနိုင်ငံအနောက်မြောက် အာသံပြည်ဖက်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။[၁] သက်အစုသည် မြန်မာအစုနှင့်လမ်းခွဲလာပြီး ယိုးခန်း(င်) ထဲသို့ ဝင်လာသည်ဟု ယူဆရသည်။ ထိုမှတစ်ဆင့် ယိုးခန်း(င်)နှင့် ယူနန်နယ်စပ်သို့ ရောက်လာသည်။ ယူနန်နယ်၏ အနောက်ပိုင်းဘက်တွင် နားပေါက်မျိုးနွယ် စုရှိကြောင်း ခရစ်နှစ် အေဒီ (၁)ရာစုက ရှေးတရုတ် တို့ ကြားသိခဲ့သည်။ ထိုမျိုးနွယ်စုမှာ ဧရာဝတီမြစ်ညာပိုင်းသို့ ရောက်နေသော သက်၊ ကတူးများဖြစ်သည်ဟု ယူဆရသည်။ သက်၊ ကတူးတို့သည် ယိုးခန်း(င်)မှ ဧရာဝတီမြစ်ညာပိုင်းသို့ ဆင်းလာကြောင်း ခန့်မှန်းရသည်။ အေဒီ (၉)ရာစုရောက်လာသည့်အခါ ၎င်းတို့သည် ဟူးကောင်းတောင်ကြားနှင့် ဥရုချောင်းဖျားသို့ ရောက်နေသည်။ ယင်းမှ သက်အစုခွဲသည် ချင်းတွင်းမြစ်အတိုင်း ဆင်းလာခဲ့ရာ မဏိပူရဘက်သို့ လည်းကောင်း၊ ဘင်္ဂလားဒေရှ့ဘက်သို့ လည်းကောင်း ပျံ့နှံ့သွားသည်။ ကတူး အစုခွဲတို့မှာမူကား တကောင်းဘက်သို့ ရောက်ရှိလာပြီး ထိုမှတစ်ဆင့်၊ ကသာ၊ မြစ်ကြီးနားဘက်သို့ ပျံ့နှံ့သွားသည်။[၂]

ချင်းတွင်းအထက်ပိုင်းနှင့် ကသာခရိုင်တို့တွင် ကတူးဘာသာစကားပြောသူများ အများစု နေထိုင်ကြသည်။[၃] ကတူးလူမျိုးများကို တရုတ်တို့က ကျိအန်တုဟု ခေါ်ပါသည်။ ကန်တူကို အသက် (သို့မဟုတ်) သက်ဟူ၍လည်းခေါ်သည်။ သို့သော် ကန်တူတို့၏ တောင်ဖက်အကျဆုံးအစုကိုသာ မြန်မာတို့က သက်ဟုခေါ်သည်။ ရွှေဘို၊ ဒီပဲရင်းနှင့် မူးအညာဖက်တွင်နေသော ကန်တူအစုကို သဝ်(သော)ဟုခေါ်သည်။ ထိုသဝ်(သော)၊ ကန်တူ (ကတူး) တို့သည် မူးအနောက်ဖက်ကမ်း ဒီပဲရင်း(ထိပ္ပသျှင်) ဝန်းကျင်တွင် နေခဲ့သူများဖြစ်သည်။ ကန်တူနိုင်ငံကို ရှေးမြန်မာများက သင်တွယ်ပြည် (ပုံ ၂၇၁/၁၃၊ သက္ကရာဇ်(၆၄၇)၊ ခရစ်နှစ် (၁၂၈၅)ဟုခေါ် ပါသည်။ ဧရာဝတီမြစ်အရှေ့တောင်ဖက်ကမ်း ဒီပဲရင်း (ထိပ္ပသျှင်) အရှေ့မြောက် မိုင်(၇၀)၊ ပင်လည်ဘူး အရှေ့တောင် မိုင်(၅၀)၌ရှိသော တကောင်းကို သင်တွယ်ပြည်ဟုခေါ်သည်။[၄] ထို့အပြင် ကသာခရိုင် ဧရာဝတီမြစ် အရှေ့ဖက်ကမ်းတွင် တည်ရှိခဲ့သော မြန်မာနိုင်ငံ၏ ရှေးခေတ်အကျဆုံးသော မြို့ပြနိုင်ငံတစ်ခုဖြစ်သည့် တကောင်းမှာ တိဗက်မြန်မာစကား အနွယ်ဝင် သက်တို့၏မြို့တော်ဖြစ်သည်ဟုလည်း ဆိုပါသည်။[၅] ဤသို့ ဆိုလျှင် တကောင်းခေါ် သင်တွယ်ပြည်သည် သက်၊ ကတူးတို့၏ မြို့တော်ဖြစ်ပေမည်။

ကတူးတို့သည် သင်တွယ်ပြည်ခေါ် တကောင်းကို ဗဟိုပြုလျက် ရွှေဘိုမှသည် မြစ်ကြီးနားတိုင်အောင် မြန်မာနိုင်ငံမြောက်ပိုင်းကို လွှမ်းမိုးလျက်ရှိကြောင်း တွေ့ရသည်။ တရုတ်လူမျိုးတို့က ခရစ်နှစ်လေးရာစုခန့်တွင် တကောင်းမြို့ကို ကတူးတို့၏ဗဟိုဌာနဟု သတ်မှတ်ခဲ့ပါသည်။ မြန်မာ၊ သက်၊ ကတူးနှင့်ချင်းတို့သည် (၁၂၈၃)ကစ၍ မောင်ဂိုတို့၏ရန်ကို ရင်ဆိုင်ကြရသည်။ သို့အတွက် သက်၊ ကတူးတို့သည်

---

၁။ မြန်မာနိုင်ငံတိုင်းရင်းသားများ၊ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)။ မြတ်–ယူ၊ စာ–၃၄၁

၂။ ထွန်းရွှေခိုင်၊ ရခိုင်မြောက်ဖျားဒေသမှ တိုင်းရင်းသားများ။ စာ–၇

၃။ Upper Chindwin District Gazetteer. 1960, p-31.

၄။ သန်းထွန်း၊ ဒေါက်တာ။ သက်၊ ကတူးကနန်း၊ ကလျာမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၉၄။ စာ–၂၄

၅။ လမ်းစဉ်ပါတီ၊ အခြေပြ မြန်မာနိုင်ငံရေး။ စာ–၁၃၇

ဧရာဝတီအနောက် ဖက်ကမ်းသို့ ကူးလာကြသည်။ ဤသို့ (၈)ရာစုနောက်ပိုင်း ခရစ်နှစ်ကိုးရာစု မြေပြန့်သို့ မြန်မာများဝင်ရောက်လာချိန်၊ ကတူးတို့သည် တကောင်းမှမြောက်ဖက်နှင့် ဧရာဝတီအနောက်ဖက်နှင့် မူးမြစ်ဝှမ်း ဒေသများသို့ တရွေ့ရွေ့ပြောင်းရွှေ့လာခဲ့ကြရသည်။[၁] ယခုအခါတွင် ကတူးတို့သည် မုန်ကင်း တောင်ရိုး၊ ပင်လည်ဘူးနှင့် ဗန်းမောက်ကြားတွင်နေကြသည်။ ဗန်းမောက်၏မြောက်ဘက်တွင် ကတူးသည် ရှမ်းနှင့် ရောသွားပြီး ပင်လည်ဘူးတောင်ဘက်တွင် မြန်မာတို့နှင့်ရောသွားပေသည်။

ထိုကဲ့သို့ ခရစ်နှစ်(၈)ရာစုခန့်တွင် ကတူးတို့သည် ကသာခရိုင် တောတောင်ထူထပ်ရာ ဒေသများသို့ ပြောင်းရွှေ့သွားကြသည်။ ကတူးကို သောကတူးနှင့် သက်ကတူးဟူ၍ ခွဲထားရာ ထိပ္ပေသျှင် အရပ်ရှိသော ကတူးတို့သည် ပုဂံခေတ်အလယ်လောက်မှစ၍ မြောက်ဖက်ရှိပင်လည်ဘူးနယ် တယောချောင်းနှင့် နမော်ချောင်း တလျှောက် လူသူအရောက်အပေါက်နည်းပါးပြီး၊ ဝေးလံသော တောနက်များသို့ ပြောင်းရွှေ့နေထိုင်လာကြသည်။ ပုဂံခေတ်အလယ်မှစ၍ ကတူးနယ်မြေအဖြစ် ပင်လည်ဘူးနယ် ကွန်းကိုးရွာသည် ဗဟိုဌာန ဖြစ် လာဖွယ်ရှိပါသည်။ အင်းဝခေတ် မော်ဆယ်ရွာ[၂] ဖွဲ့စည်းရာတွင်လည်း မော်ခွင်သည် ကတူးတို့၏ဗဟိုဌာနဖြစ် လာပြီး ထိုမှတစ်ဆင့် ဗန်းမောက်– အင်းတော်– ဝန်းသိုမြို့နယ်များသို့ ပျံ့နှံ့သွားခဲ့သည်။ ကုန်းဘောင်ခေတ် နှောင်းပိုင်း သောကတူးတို့သည် ရွှေဘိုခရိုင်[၃]အတွင်း ပျံ့နှံ့နေထိုင်ကြသည်။ ရွှေမူးငါးခရိုင်အပါအဝင် ဖြစ်သော မော်တိပ်(ယခု မြောက်မော်ရွာ) သည် ကတူးတို့ ပုဂံခေတ်နှောင်းပိုင်းမှစ၍ အခြေစိုက်နေထိုင်ရာနယ်မြေ ဖြစ်ခဲ့ပါသည်။

## (ခ) ရုပ်ပိုင်းသွင်ပြင်လက္ခဏာနှင့်စိတ်နေသဘောထား

တိဗက်မြန်မာအနွယ်ဝင် အုပ်စုခွဲတွင် ပါဝင်သော ကတူးတိုင်းရင်းသားတို့၏ အသား အရောင်မှာ ညိုဝါရောင် ဖြစ်ကြသည်။ အများအားဖြင့် အသားဝါဘက်သို့ ပို၍ နီးစပ်ပေသည်။ ဆံပင်မှာ မည်းနက်ပြီး ဖြောင့်တန်းသည်။ နဖူးမှာ အများအားဖြင့် မကျဉ်းမကျယ်ဖြစ်သည်။ မျက်ခုံးမွေး ကျဲပါးသည်။ မျက်ခွံများ မို့နေပြီး မျက်စိပေါက်ကျဉ်းသည် မျက်ရစ်ပေါ်လွင် ထင်ရှားခြင်းမရှိ၊ မျက်လုံး၏ အရောင်မှာ အနက်ရောင်ဖြစ်သည်။ နှာတံမှာတို၍ နှာခေါင်းအနည်းငယ်ပြားသည်။ ပါးရိုးများ မို့မောက်ကြ၍ ကျယ်ပြန့်သော ပါးပြင်ရှိသည်။ နှုတ်ခမ်းများမှာ အနည်းငယ် ထူသယောင်ယောင်ရှိပြီး ပါးစပ်ကျယ်သည်။ ဦးခေါင်းပုံပန်းမှာ အနည်းငယ် လုံးသွယ်ပြီး နောက်စေ့ထွက် သယောင်ရှိသည်။ ခြေဆစ်လက်ဆစ်တုတ်ပြီး တိုဟန်ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ အရပ်အမောင်းမှာ မနိမ့်မမြင့် ရှိသည်။ ကကူးအမျိုးသားတို့၏ ပျမ်းမျှအရပ်မှာ ၅ပေ ၅လက်မ၊ ၅ပေ ၆လက်မခန့် ရှိကြသည်။ အမျိုးသမီးတို့၏ အရပ်မှာ၅ပေ၊ ၅ပေ ၂လက်မခန့် ရှိကြပေသည်။

ကတူးတိုင်းရင်းသားတို့သည် ရိုးသားပွင့်လင်းကြသည်။ မဟုတ်မမှန်သော စကားကို ပြောဆိုခဲသည်။ စကားပြောလျှင် ငေါက်ဆတ်ဆတ် ပြောတတ်သော်လည်း စိတ်ရင်းရိုးဖြောင့်သည်။ လူတစ်ဦးက မှာထားသည့် ပစ္စည်းကို အခြားတစ်ယောက်က ဈေးပိုပေး၍ဝယ်သော်လည်း ရောင်းလေ့မရှိချေ။ သစ္စာစောင့်သိတတ်သည်။ ပြောပြီးစကားကို ပြန်ပြင်ခဲသည်။ လူတစ်ဦးတစ်ယောက်အား ကောင်းသည်ဟု ထင်မြင်ယူဆလျှင် ချစ်ခင်ဖော်ရွေပြီး

---

၁။ သန်းထွန်း၊ ဒေါက်တာ။ အသစ်မြင်ဗမာ့သမိုင်း။ စာ–၁၉၄။

၂။ သီရိ၊ ဦး။ မော်ဆယ်ရွာ စေတီတော်သမိုင်းနှင့် ကဒူးရာဇဝင် အထွေထွေ။ စာ–၃၉။

၃။ မော်ခွင်၊ မော်တိပ်၊ မော်ခါး၊ မော်နိုင်း၊ မန်အင်

စေတနာကောင်းကြသည်။ သို့သော် ထိုလူအား တစ်စုံတစ်ရာ မကောင်းဟု မြင်ပါက မည်သို့ပင် ပြောစေကာမူ ပြန်လည်ဆက်ဆံမှု မပြုလုပ်တော့ပေ။

ထို့ကြောင့် ၎င်းတို့ကို နားတစ်ဖက်ဖောက်လူမျိုးဟု ပြောလေ့ရှိသည်။ တောထဲတွင် ပျားအုံတွေ့လျှင် ထိုပျားအုံရှိသော သစ်ပင်ကို ကြက်ခြေခတ်ပြု၍ သတ်မှတ်ထားလျှင် ပျားအုံကို စတွေ့သူမှ လွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ထိုပျားအုံကို မဖွတ်ကြပေ။ ကိုင်းတွင်မိနေသည့် တောကောင်ကို တွေ့ပါကလည်း ကိုင်းပိုင်ရှင်ကို လာရောက်ပြောသည်။ မိမိအလိုအလျောက် အမဲကောင်ကို ယူကြသည့် အလေ့အထ မရှိပေ။ သစ္စာရှိကြသည်။

ကတူးတိုင်းရင်းသားတို့သည် ဝီရိယရှိကြပြီး မိမိကိုယ်တို အားကိုးသည့်စိတ်၊ အလုပ်ကို တန်ဖိုးထားသည့် စိတ်ဓာတ် ရှိကြသည်။ ကတူးတို့၏ အဆိုတွင် "တယ်လုပ် တယ်စား၊ တယ်ပျင်း တယ်ငတ်"ဟူ၍ ဖြစ်သည်။ ဤသည်မှာ ကတူးတိုင်းရင်းသားတို့၏ ကိုယ့်အားကိုယ်ကိုးတတ်သည့် စိတ်ဓာတ်ကို ဖော်ပြနေခြင်းပင် ဖြစ်သည်။ မိဘကို မင်း၊ ငါပြောလေ့ရှိကြသည်။ ဤသည်မှာ ၎င်းတို့၏ ဓလေ့အရ ပြောကြသော်လည်း မိဘကို လေးစားသည့် နေရာတွင် ဖခင်ထိုင်သောနေရာ၌ပင် သားသမီးတို့ ဝင်ထိုင်လေ့ မရှိပေ။ မိဘကို ချစ်ကြောက်ရိုသေတတ်ကြသည်။

မြောက်မော်ကျေးရွာတွင် နွေအခါ၌ ရွာထဲတွင် မီးနှင့် ထမင်းဟင်း မချက်ရဟု တားမြစ်ထားသည့် အတွက် ရွာ၏အပြင် တောစပ်ထွက်၍ ချက်လေ့ရှိကြ၏။ ထို့အပြင် စပါးကို ရွာ၏ ခေါင်းဆောင်လူကြီးက မရောင်းရဟု ပြောထားလျှင်ပင် မလွဲမရှောင်သာသော ကိစ္စမှလွဲ၍ ရောင်းလေ့မရှိပေ။ ဤမျှ စည်းကမ်း ရိုသေခြင်း အမိန့်ကို နာခံတတ်ခြင်း စသည့် စိတ်ဓာတ်ကောင်းများ ရှိကြသည်။

## (ဂ) ဘာသာစကား၊ စာပေနှင့်ယုံကြည်မှုများ

ကတူးတိုင်းရင်းသားများတွင် စာပေဟူ၍ မရှိချေ။ ကတူးလူမျိုးတို့သည် စာပေနှင့် ပတ်သက်၍ ခံယူချက် တစ်မျိုးရှိကြသည်။ မြတ်စွာဘုရားလက်ထက်က ယင်းလူမျိုးတို့တွင် စာပေရှိခဲ့သည်။ စာကို ကျွဲသားရေတွင် ရေးမှတ်ခဲ့ရာ သားရေကို ခွေးစားသောကြောင့် အက္ခရာသုံးလုံးသာ ကျန်ရစ်ခဲ့တော့သည်။ ထို့ကြောင့် "ဝ၊ အ၊ မ" အက္ခရာသုံးလုံးပေါ်တွင် အခြေခံသော စကားကိုသာလျှင် ပြောဆိုနေရသည်ဟူ၍ ကတူးတို့၏ စာပေသမိုင်း ပုံပြင် ရှိခဲ့ဖူးသည်။ ကတူးဝိုင်းရင်းသားတို့တွင် စာပေဟူ၍ မရှိသော်လည်း ပြောဆိုသုံးစွဲသော ဘာသာစကား ရှိပေသည်။ သက်လူမျိုးအစုများမှ "လွိ–ထမန်–မလင်–အင်ကျယ် ကနန်းနှင့် ကတူး"လူမျိုးများ ဆင်းသက်လာသည်ဟု ဆိုသည်။[၁] ထို့ကြောင့် ကတူးလူမျိုးများသည် သက်အနွယ်ပွား တိုင်းရင်းသား တစ်မျိုးပင် ဖြစ်ပေသည်။ ကတူးတိုင်းရင်းသား တို့၏ မူရင်းလူမျိုးဖြစ်သော သက်လူမျိုးတို့သည် အလွန်ရှေးကျသော တိဗက်တိုဘာမင် ဘာသာစကားကို ပြောဆို ကြသည်။ ထို့ကြောင့် ကတူးတို့၏ ဘာသာစကားသည် သက်တို့ ပြောဆိုသုံးနှုန်းနေသော တိဗက် တိုဘာမင်ဘာသာစကားနှင့်နွယ်လျက်ရှိကြောင်း တွေ့ရသည်။

သက်အစုတွင်ပါဝင်သော ကတူးနှင့်ကနန်းတိုင်းရင်းသားတို့သည်လည်း ဘာသာ စကားပြောရာတွင် အနည်းငယ် ကွဲပြားမှုရှိပေသည်။ ကတူးပြောသောစကားကို ကနန်းတို့ နားလည်သော်လည်း ပြန်မပြောတတ်ကြချေ။ ကတူးတို့သည် စကားပြောရာတွင် မာဆတ်ဆတ် ပြောဆိုလေ့ရှိ၍ ကနန်းတို့ကမူ ညင်ညင်သာသာ ပြောလေ့ရှိပါသည်။ သက်အစုငယ်ဝင် ဘာသာစကားများကို ပြောဆိုသည့် လူမျိုး ငါးမျိုးမျှရှိရာ ရောဝတီမြစ်အနောက်ဖက် ဖြစ်သော ကသာခရိုင်၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်နှင့် အထက်ချင်းတွင်း(မော်လိုက်ခရိုင်)များတွင် နေကြသော ကတူးများ (၃၆၀၀၀)လည်း ဖြစ်ကြသည်။[၂] ၁၉၃၁ သန်းခေါင်စာရင်းအရ ကတူး (၃၆၄၀၀)ရှိသည်ဟု

၁။ သန်းထွန်း၊ ဒေါက်တာ။ ခေတ်ဟောင်းမြန်မာရာဇဝင်။ စာ–၂၁။

၂။ မြန်မာနိုင်ငံတိုင်းရင်းသားများ သက်အစုငယ် မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၀။ မြတ်–ယူး။ စာ–၁၃၅။

ဆိုပါသည်။ ကတူးဘာသာ စကားပြောဆိုနိုင်သူ (၂၀၁၉၅) မျှသာ ရှိတော့သည်ဟု ဆိုပါသည်။[၁] "ကတူး"ဟူသော အခေါ်သည် မြန်မာအခေါ်အဝေါ် ဖြစ်သည်။ ကတူး တို့သည် မိမိတို့ကိုယ်ကို "အသက်" "သက်"ဟူ၍လည်းခေါ်တတ်ကြသည်။[၂] မြောက်မော်ကျေးရွာရှိ ကတူးတို့ကမူ မိမိတို့ကိုယ်ကို "အဆာ့(တ်)"ဟုခေါ်ကြောင်း ပြောပေသည်။ အဓိပ္ပာယ်မှာ "မကြောက်တတ်ဘူး"ဟုဆိုသည့် အဓိပ္ပာယ်ရှိကြောင်း သိရပါသည်။ ကတူးတို့သည် မိမိတို့ကိုယ်မိမိ သကျသာကီဝင်မျိုးမှ ဆင်းသက်လာသည့် လူမျိုးဟု ပြောလေ့ရှိကြသည်။ ထို့အတူ ရခိုင်ပြည်နယ်မှ သက်လူမျိုးတို့ကလည်း မိမိတို့ကိုယ်မိမိ "အဆက်(ခ်)" (သို့မဟုတ်) "အသက်(Asak)"လူမျိုးဟု ခေါ်ကြသည်။ သကျသာကီဝင် လူမျိုးများ ဖြစ်ကြသည်ဟုဆိုသည်။[၃] ကတူးနှင့် သက်တို့သည် ရှေးကျသော သက်မျိုးနွယ်စု၏ ယခုတိုင် ရှိနေသော အကြွင်းအကျန်များ ဖြစ်ဟန်ရှိသည်ဟုဆိုသည်။[၄]

မြောက်မော်ကျေးရွာရှိ ကတူးတို့သည် ကျေးရွာအတွင်း၌ ရွာသားအချင်းချင်း စကားပြောရာတွင် မိမိတို့၏ဘာသာစကားဖြင့်သာ ပြောဆိုကြသည်။ မြောက်မော်ကျေးရွာအနီးရှိ တောင်မော်၊ မောင်လင်စသည့်ရွာမှ ကတူးများနှင့်လည်း မိမိတို့ဘာသာဖြင့်သာ ပြောဆိုသုံးစွဲပေသည်။ ကတူးဘာသာ စကားကို မတတ်ကျွမ်းသော အခြားတိုင်းရင်းသားများနှင့် ပြောဆိုသောအခါမှသာလျှင် ဗမာစကားကို ပြောဆိုလေ့ရှိကြသည်။ သို့သော် အနည်းစုသာလျှင် ဗမာစကားကို ကျွမ်းကျွမ်းကျင်ကျင် သုံးစွဲတတ်ကြသည်။ ငယ်ရွယ်သော ကလေးများမှာမူ ဗမာစကားပြောလျှင် နားမလည်ကြသေးပေ။ ယခုအခါတွင် အစိုးရ ပညာသင်ကျောင်းများ ဖွင့်လှစ်လာသည့်အတွက် ဒေသခံတိုင်းရင်းသား ကလေးငယ်များသည် ဗမာစကားကို တတ်လာကြခြင်း ဖြစ်သည်။ သို့ရာတွင် ကျောင်းစာသင်ချိန်၌သာ ဗမာစကားကို ပြောဆိုပြီး ကျန်သည့် အချိန်များတွင် ကတူးဘာသာစကားဖြင့်ပင် ပြောဆိုနေကြဆဲ ဖြစ်သည်။ ဤဒေသသို့ လာရောက်တာဝန်ထမ်းဆောင်ကြရသော ဆရာ၊ ဆရာမများသည် မိမိတို့ကိုယ်တိုင် ကတူးဘာသာစကားကို အရင်သင်ကြားလေ့လာပြီးမှ ကလေးငယ်များအား စာသင်ကြားမှသာလျှင် ပိုမိုလွယ်ကူနိုင်သည်ဟု ဆိုကြသည်။

ဤဒေသရှိ ကတူးတိုင်းရင်းသားအချင်းချင်း ပြောဆိုကြသော ဘာသာစကားမှာ အတူတူပင် ဖြစ်ပေသည်။ ပြောဆိုပုံ၊ လေယူလေသိမ်း၊ အသံ အလေး-အပေါ့သာ ကွာခြားမှု ရှိပေသည်။ တောင်မော်၊ မြောက်မော် ကျေးရွာရှိ ကတူးတို့၏ စကားပြောဆိုသံမှာ အသံပြတ်နှင့်ပြောဆိုကြသည်။ မော်လင်ကျေးရွာရှိ ကတူးတို့မှာမူ စကားပြောသံ အနည်းငယ်ပေါ့ပြီး မော်ခါးကတူးစကားပြောသံမှာ ဝဲနေပေသည်။

ကတူးတို့သည် စကားပြောရာတွင် "မဟုတ်သော်ကောညယ် = မဟုတ်ဘူးလား ညီငယ်" "မဟုတ်ဘူးလားနောင်=မဟုတ်ဘူးလား နောင်တော်" စသည်ဖြင့် ညီတော် နောင်တော်ဆိုသည့် အသုံးအနှုန်းကို ယခုတိုင် သုံးစွဲလျက်ရှိနေပါသည်။[၅]

---

၁။ သန်းထွန်း၊ ဒေါက်တာ။ ကလျာမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၉၄။ စာ-၂၄။
မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၊ က-ကုံ

၂။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၊ က-ကုံ

၃။ ထွန်းရွှေခိုင်၊ ရခိုင်မြောက်ဖျားဒေသမှ သက်တိုင်းရင်းသားများ။ စာ-၂၈။

၄။ Taylor, L.F. The Kadus "by Journal Burma Research Society Vol. XII, Part 1, 1922. Page 53

၅။ သံတိုင်ဖိုလ်၊ ကတူးကနန်းတို့၏မြို့တော် ဗန်းမောက်။ အိုးဝေဂျာနယ်။ အောက်တိုဘာလ၊ ၁၉၇၁။ စာ-၂၉။

သက်အစုခွဲတွင်ပါဝင်သော ကတူး၊ ကနန်းနှင့်သက်တို့၏ စကားလုံးများသည် ဗမာတို့နှင့် ထပ်တူထပ်မျှ တူနေသော စကားလုံးများ ဆင်တူသော စကားလုံးများလည်း ရှိပေသေးသည်။ ဝေါဟာရ အချို့ကို တင်ပြရသော်–

| ဗမာ | ကတူး | ကနန်း | သက် |
|---|---|---|---|
| ကြက် | အူ | အူ | အူ |
| ကျား | ကဆာ | ကဆာ | ကဆာ |
| ရှာ | ထိန် | ထိန် | ထိန် |
| လ | ဆတား | ဆတာ | ဆတာ |
| ယောက်ဖ | ယောက်ဖ | ယောက်ဖ | ယောက်ဖ |

**လူပုဂ္ဂိုလ်ဆိုင်ရာ ဝေါဟာရ**

| ဗမာ | ကတူး | ဗမာ | ကတူး |
|---|---|---|---|
| အဖေ | အဝါ | အမ | အတေး |
| အမေ | အမယ် | ညီမ | စန်း |
| သား | ဆာ | အဘိုး | အုတ် |
| သမီး | ဆိတ် | အဘွား | အနိုင်း |
| ဘုရား | ဘုရား | မြေး (ယောက်ျား) | ဆတုံးဟလော၀ |
| တရား | တရား | မြေး (မိန်းကလေး) | ဆတုံးအီရှိ |
| သံဃာ | ဆံခါ | ချွေးမ | နမ်း |
| ဘုန်းကြီး | ဆမွန်း | သားမက် | လုတ်ခွေ |
| သီလရှင် | အမယ်သီ | ယောက္ခမ (မိန်းမ) | မယ်စောက် |
| လင် | ဟလာ | ယောက္ခမ (ကျား) | ပေါစောက် |
| မယား | အိတ် | အပျို | မန်းဆာ |
| အကို | နောင်တော် | လူပျို | အလွှားရှာ (လပျို) |
| ညီ | ညီတော် (နာဆီ) | | |

**ကိုယ်အင်္ဂါဆိုင်ရာဝေါဟာရအချို့**

| | |
|---|---|
| ဦးခေါင်း | ဟလန်း |
| မျက်စိ | မစ်တူ |
| နား | ကနား |
| နားခေါင်း | ဆနား |
| ပါးစပ် | ဆွတ်တွန်း |
| သွား | ဆွာ |
| ပေါင် | တကျိီး |
| ခြေသလုံး | တပေါက် |

| | |
|---|---|
| ခြေဖဝါး | တဖါ |
| ဆံပင် | ဟာလမ်ခူး |
| လက်သည်း | တာ့(ပ်)မီး |
| ခြေသည်း | တာတာ့(ပ်)မီး |

**အရပ်လေးမျက်နှာဝေါဟာရ**

| | |
|---|---|
| အရှေ့ | ဝမ်းတုန် |
| အနောက် | ဝမ်းအော့ |
| တောင် | ကျင်းပ့ါ |
| မြောက် | ကျင်းမယ် |

* အချို့မှာ– တောင်နှင့်မြောက်အရပ်ကို ဘယ်နှင့်ညာဟု သဘောထား၍ "တပယ်၊ တဟာ၊ တုန်၊ စောက်"ဟူ၍ အဆိုရှိသည်။

| | | |
|---|---|---|
| တပယ် | = | ဘယ် (မြောက်အရပ်) |
| တဟာ | = | ညာ (တောင်အရပ်) |
| တုန် | = | အနောက်အရပ် |
| စောက် | = | အရှေ့အရပ် |

**တိရစ္ဆာန်ဆိုင်ရာ ဝေါဟာရအချို့**

| ဗမာ | ကတူး |
|---|---|
| ကျွဲ | ကျဲ |
| နွား | မုတ် |
| ဝက် | ဝပ် |
| ဆင် | အကျိး |
| မြင်း | ဆဘူ |
| ခွေး | ကျီ |
| ကြောင် | ဟမ်းဆီ |
| ဆိတ် | ကဘယ် |
| တောင်ဆိတ် | ယာ |
| အိမ်မြှောင် | ဆပ်ကလိန်း |
| ယုန် | ပန်တိုင်း(မ်) |
| ငှက် | အူဆစ်ဆာ |
| ကျီး | အူဟား |
| ဆတ် | ဒမယ် |
| ပြောင် | ဘုတ်ကျဲ |
| ပျား | တုံငွန်း |
| ဖား | ကဆို့(တ်) |

**သစ်ပင်–သစ်သီးဆိုင်ရာ ဝေါဟာရအချို့**

| ဗမာ | ကတူး |
|---|---|
| သစ်ပင် | ဖွန်းတွန်(မ်) |
| ဆန် | ဆတ် |
| စပါး | အမ် |
| ကြက်သွန်ဖြူ | ဆွန်းရှိလုံး |
| ကြက်သွန်နီ | ဆွန်းရှိဟား |
| ငရုတ်သီး | မုတ်နဲရှိ |
| သရက်သီး | ကြိုက်ရှိ |
| ဇီးသီး | မောရှိ |
| ဗူးသီး | ယို့အုမ်းရှိ |
| ပဲသီး | ယပေါ်ရှိ |
| နာနတ်သီး | ကျိုင်းဝမ်ရှိ |
| သခွားသီး | အကြက်ရှိ |
| ဖန်ခါးသီး | မာ–ဂ–နာ့ရှိ |
| မြင်းခွာရွက် | မုတ်ရှိတခူ : |
| ရေကန်ဇွန်းရွက် | ဝဲကမ်ဆော |

**အစားအသောက်ဆိုင်ရာ ဝေါဟာရများ**

| | | | |
|---|---|---|---|
| ဝက် | ဝပ် | ကြက်ဥ | အုတိ |
| ဝက်သားချက် | ဝပ်ဆမ်တောင် | ထမင်း | အတား |
| ဝက်သားကြော် | ဝပ်ဆမ်လော | ငါးချဉ် | သားငါရှိ |
| ဝက်သားကင် | ဝပ်ဆမ်ကား | လက်ဖက်ရည် | နမ့်ဖာဝဲ |
| ဝက်သားချဉ် | ဝပ်ဆမ်ချီး | ကွမ်းရွက် | ဗူးတပ့်(ပ်) |
| ဝက်သားခြောက် | ဝပ်ဆမ်ကူ းလ် | ထုံး | ထူ (မ်) |
| ဘဲဥ | အောင်းပက်တီ | | |

**အခြားဝေါဟာရများ**

| | | | |
|---|---|---|---|
| ရေ | ဝဲ | ကြယ် | အုနုရှိ |
| မီး | ဝမ် | ထဘီ | နစ်ချိ |
| နေ | ဆမိတ် | အင်္ကျီ | ဆန်ဆူ(မ်) |
| လ | ဆတား | ပုဆိုး | အဆီး |
| မြေကြီး | ကား(ပ်) | ဖျာ | ဆလောင်း |
| ရွှေ | ငွန်း | ခြင်ထောင် | ဆွတ် |
| ငွေ | ကဗူး | စောင် | သမူ |
| ကြေး | တောင်း | ခေါင်းအုံး | မာန်အွန်း(န်) |
| ခဲ | စပ်ရှိ | အိပ်ရာခင်း | ကမ်းခူး |
| ကမ္ဘာ | ဟမုတ် | | |

**အရေအတွက်(သင်္ချာ–ဂဏန်း)ဆိုင်ရာ ဝေါဟာရအချို့**

| | | | |
|---|---|---|---|
| တစ် | ပအာ | နှစ်ဆယ် | ဆောင်းနိုး |
| နှစ် | ကလိန်ပ | သုံးဆယ် | ဆမ်းဆိ(စ်) |
| သုံး | ဆုမ်(ပ) | လေးဆယ် | ရှိရှိ (ပ်) |
| လေး | ပိပါ့(ပ်) | ငါးဆယ် | ဟာဆိ (ပ်) |
| ငါး | ဟာပါ့(ပ်) | ခြောက်ဆယ် | ဟုတ်ဆိ (ပ်) |
| ခြောက် | ဟုတ်ပါ့ (ပ်) | ခုနစ်ဆယ် | ဆစ်ဆိ (ပ်) |
| ခုနစ် | ဆစ်ပါ့ (ပ်) | ရှစ်ဆယ် | ပက်ဆိ (ပ်) |
| ရှစ် | ပက်ပါ့ (ပ်) | ကိုးဆယ် | ဂေါင်ဆိ (ပ်) |
| ကိုး | ဂေါင်ပါ့ (ပ်) | တစ်ရာ | ဘတ်နိုး |
| တစ်ဆယ် | ရှစ်ပနိုး | တစ်ထောင် | ဟိန်းနိုး |

* သက်အနွယ်ဖွား ကတူးတို့၏ ဘာသာစကားသည် ဗမာလူမျိုးတို့၏ ဘာသာစကားနှင့် ကတ္တား၊ ကံ၊ ဝါစက၊ ထားသိုပုံချင်း တူနေသည်ကို တွေ့ရပါသည်။

ဝါကျအချို့

၁။ ထမင်းစားချင်တယ် - တားရတ်ကပ်မ
၂။ ထမင်းစားပါအုံး - တားရတ်ရတ်
၃။ နေကောင်းရဲ့လား - ဆလားလာ
၄။ နေကောင်းပါတယ် - ဆလားမာ
၅။ နေမကောင်းဘူး - အဆလား
၆။ ဘာလုပ်နေကြတာလဲ - ဟမန်အွမ်လား
၇။ ညှိခံစကားပြောနေကြပါတယ် - တူတပေါက်နင်း(မ်)ကြီးမာ့။
၈။ လက်ဖက်ရည်သောက်ပါအုံး - နဖါးဝေးအူဟိုသစ်
၉။ ကွမ်းစားမယ် - ဖူးတာ့(ပ်)ယောက်မာ။
၁၀။ ရေသောက်ချင်တယ် - ဝဲဥဂန်မ။

ထိုကဲ့သို့ ကတူးတိုင်းရင်းသားတို့တွင် စာပေမရှိသော်လည်း ဘာသာစကားနှင့်ပတ်သက်၍မူ ဝေါဟာရပေါင်းများစွာ ရှိပေသည်။ ကတူးတိုင်းရင်းသားတို့သည် တစ်ခါတစ်ရံ ကတူးစကားတတ်သော အခြားလူများ မသိစေချင်သောအကြောင်းတစ်ခုကို ကတူးဘာသာစကားဖြင့်ပင် စကားလိမ်ဝှက်၍ ပြောဆို တတ်ကြသည်။ ပုံစံပြရသော် "အိမ်"ဟု ပြောချင်လျှင် "ကျင်း(ပ်)"ဟု မပြောဘဲ "ဆစ်ဆူးလ်= ၄က်သိုက်" ဟူ၍လည်းကောင်း၊ လေယာဉ်ကို အူဆစ်ဆာ (၄က်)ဟူ၍လည်းကောင်း၊ မော်တော်ကားကို "ချီးပုတ်တုန်း = (ခြေးပိတုန်း)" ဟူ၍ လည်းကောင်း၊ မီးရထားဟု တိုက်ရိုက်မပြောချင်လျှင် "ဆကြီး= ကင်းခြေများ"ဟူ၍ လည်းကောင်း စကားလိမ်အမည် အမျိုးမျိုးဖြင့်လည်း ပြောဆိုတတ်ကြသည်။

ယခင်ကွန်မြူနစ်တို့ ကြီးစိုးစဉ်အချိန်ကမူ အချို့ကွန်မြူနစ်တို့ကလည်း ကတူးဘာသာစကား ကို တတ်ကျွမ်းကြသဖြင့် ၎င်းတို့ မသိစေချင်သောစကားများကို ထိုသို့ စကားလိမ်-စကားဝှက်ဖြင့်ပင် ပြောဆိုခဲ့ရကြောင်း လေ့လာတွေ့ရှိခဲ့ရပေသည်။ ထို့အပြင် ကတူးတိုင်းရင်းသားတို့၏ နယ်မြေဒေသတွင် အမျိုးသမီး တစ်ဦးကို အဒေါ်ကြီးဟူ၍ ခေါ်လျှင် အလွန်စိတ်ဆိုးတတ်ကြပေသည်။ အဒေါ်ကြီးဟူသော ဝေါဟာရအသုံးအနှုန်း သည် မိမိတို့၏ဇနီးကိုသာ မိမိတို့ခေါ်ဝေါ်ကြသောစကားအသုံးအနှုန်းမျိုးဖြစ်သည်ဟု သိရှိခဲ့ရသည်။

ဤသို့ သီးခြားဘာသာစကားများဖြင့် ပြောဆိုသုံးစွဲကြသော ကတူးတိုင်းရင်းသားတို့၏ ဘာသာစကား များကို သိရှိကြရခြင်းဖြင့် ကတူးတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားတို့၏ ပေါင်းသင်းဆက်ဆံမှုကို အဆင်ပြေချောမွေ့စေသည်။ တစ်ဦးမကြိုက်သော စကားအပြောအဆို အပြုအမူတို့ကို တစ်ဦးက ရှောင်ရှားနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှုရှိစေကာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အထောက်အကူ ဖြစ်စေသည်။

**ပုံပြင်များ**

"ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ကလေးငယ်များကို ပုံပြင်များ၊ ရှေးစကားများ၊ မိမိဘို့ လူမျိုးဆင်းသက်လာပုံနှင့် ပတ်သက်သော ပုံပြင်ဇာတ်လမ်းများ၊ ရိုးရာခံယူချက်များကို သားစဉ် မြေးဆက် ပြောပြလေ့ ရှိကြသည်။ ကတူးတိုင်းရင်းသားတို့၏ ရှေးစကားပုံ၊ ပုံပြင်၊ ဒဏ္ဍာရီများသည် ၎င်းလူမျိုးတို့၏ အစဉ်အဆက် အတွေ့အကြုံများနှင့် အတွေးအခေါ်များမှ ပေါ်ပေါက်လာသော ပုံပြင်များ ဖြစ်ကြသည်။

**ကံယုံ မင်းသမီး**

ရှေးအခါက ချင်းတွင်းမြစ် အနောက်ဖက်ရှိ ကလေးရာဇဂြိုဟ်မြို့တွင် ကိစ္စနရာဇာမင်းကြီး အုပ်စိုးခဲ့သည်။ မင်းကြီးတွင် သမီးတော် ၇ပါးရှိသည်။ သမီးတော်များအနက် အငယ်ဆုံးမှာ အချောဆုံး၊ အလှဆုံးဖြစ်ပြီး ဘုရင်ကြီးက အချစ်ဆုံးသမီးလည်း ဖြစ်သည်။ တစ်ခါသော် ညီလာခံတွင် မင်းကြီးက သမီးတော်များကိုခေါ်ယူ၍ "ငါ၏သမီးတော်များ၊ သမီးတော်တို့နှင့်တိုင်းသူပြည်သားအားလုံးတို့ ချမ်းချမ်း သာသာနေကြရခြင်းသည် မည်သူ၏ ဘုန်းတန်ခိုးကြောင့် ဤကဲ့သို့ နေကြရပါသနည်း"ဟု မေးတော်မူ လေသည်။ ထိုသို့အမေးကို သမီးတော်အကြီး ခြောက်ယောက်တို့က "ဖခမည်းတော်မင်းကြီး၏ ဘုန်းကံကြောင့် ဤသို့ ခံစားနေရပါသည်ဘုရား"ဟု ဖြေကြားလေသည်။ သမီးတော်အငယ်ဆုံးမှာမူ "ဖခမည်းတော်၏ ဘုန်းကံကြောင့် မဟုတ်ပါ။ သမီးတော်၏ ဘုန်းကံကြောင့် သာဖြစ်ပါသည်"ဟု လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် ရက်ဒေါသဖြစ်ကာ "သမီးတော်– သမီးတော်မှာ ကိုယ့်ဘုန်းကိုယ့်ကံကို ယုံကြည်သော သမီးတော်ဖြစ်သည့် အားလျော်စွာ ခမည်းတော်နှင့်ခွဲ၍ ထီးနန်းစိုက်ခါ နေချေ တော့"ဟု အမိန့်ပေး၍ တိုင်းပြည်မှ ခွဲထွက်စေသည်။ "ကိုယ့်ဘုန်းကိုယ့်ကံကို ယုံကြည်သောကြောင့် ထိုအချိန်မှစ၍ သမီးတော်အား ကံယုံမင်းသမီးဟု အမည်တွင်စေသည်။

ကံယုံမင်းသမီးကလေးသည် ခမည်းတော်၏နန်းတော်မှ ထွက်လာရာ မင်းသမီးနှင့်အတူ တိုင်းသူ ပြည်သားအချို့လည်း လိုက်ပါလာကြသည်။ မင်းသမီးကလေးသည် ချင်းတွင်းမြစ်ကို ဆန်တက်လျက် အရှေ့ဖက် ကမ်းသို့ကူး၍လာခဲ့ရာ မူးမြစ်ဖျားသို့ ရောက်လေသည်။ လမ်းခရီးတွင်လည်း လူသူအချို့ကို တွေ့ရသည်။ မြို့ပြ တည်ထောင်ရန် ၎င်းတို့က မင်းသမီးအား အဓိကရသစ်ပင်ကြီးရှိနေရာကို ပြလေသည်။ ကံယုံမင်းသမီးသည် ထိုနေရာတွင် ပတ်ဝန်းကျင်ကို ခုတ်ထွင်လျက် မြို့သစ်တည်လေသည်။ ထိုသစ်ပင်ကြီးမှာ ကျွဲကောပင်ဖြစ်၍ ထိုသစ်ပင်ကို အမှီပြုတည်သောကြောင့် ကျွဲကောမြို့ဟု တွင်လေသည်။

မြို့တည်သောအခါ အုပ်ချုပ်မင်းလုပ်မည့်သူ လိုလာသဖြင့် မင်းသမီးနှင့်လက်ထပ်၍ တိုင်းပြည် အုပ်စိုးရန် အမျိုးကောင်းသားကို စုံစမ်းမေးမြန်းလေသည်။ နောက်ဆုံးတွင် လုလင်ပျိုတစ်ဦးက "ကျွန်ုပ်သည် ဧရာဝတီမြစ်ကမ်းရှိ တကောင်းပြည်က လာခဲ့ပါသည်။ တကောင်းပြည်တွင် အဘိရာဇာ မင်းကြီး၏ နမတော်သည် စစ်သူကြီးနှင့်လက်ထပ်၍ သားကိုးယောက်နှင့် သမီးတစ်ယောက် ထွန်းကားပါသည်။ အငယ်ဆုံးဖြစ်သော သမီး သည် အဆင်းငါးဖြာနှင့်ပြည့်စုံသောကြောင့် ပဥ္စာလမင်းသမီးဟု အမည်တွင်လေသည်။ ပဥ္စာလမင်းသမီး အရွယ် ရောက်သောအခါတွင် ကံရာဇာငယ်မင်းပြု၍ အမျိုးချင်းပင် ဆောင်နှင်း၍ မိဖုရားအရာကို ခံယူရပါသည်။ ပဥ္စာလ မင်းသမီးမင်းနှင့် ကံရာဇာငယ်တို့မှ သားတော်ချည်းပင် ဆယ်ယောက် ဖွားမြင်ပါသည်။ ဤသို့ သားချည်း ဆယ်ယောက်မွေးသည်ကို တိုင်းသူပြည်သားတို့က "ကံထူးလှပါသည်"ဟု အော်ဟစ်ကောင်းချီးပေးကြသည်။ ထိုအခါမှစ၍ သား ၁၀ယောက်သည် ကံထူးသူများ ဖြစ်လာကြပါသည်။ ကံရာဇာမင်းတရားကြီးသည် ထိုသား

ဆယ်ယောက်အား တကောင်းနိုင်ငံတော် ကျယ်ပြန့်စေလိုသဖြင့် နယ်ချဲ့ရန် စေလွှတ်လိုက်ပါသည်။ မိမိမှာ ခမည်းတော် စေလွှတ်လိုက်သဖြင့် ဤဒေသသို့ ရောက်လာရပါသည်ဟု ပြောသည်။ ထိုအခါ ကံယုံမင်းသမီးသည် သဘောကျတော်မူ၍ မိမိနှင့်လက်ထပ်ပြီး တိုင်းပြည်အုပ်ချုပ်ရန် ပြောလေသည်။ လုလင်လည်းသဘောတူကာ ကံယုံမင်းသမီးနှင့် ပေါင်းကာ ကျွဲကောမြို့ကို အုပ်ချုပ်လေသည်။ ထိုကံယုံမင်းသမီးနှင့်ကံထူးလုလင်မှ မွေးဖွားလာသော လူမျိုးများသည် ကံထူးလုလင်၏အဆက် ကံထူးလူမျိုးများ ဖြစ်ကြသည်။ ထိုမှတစ်ဆင့် ကတူးလူမျိုး ဖြစ်လာရသည်ဟု ရိုးရာဆက်ခံယုံကြည်ခဲ့ကြလေသည်။

ထို့ပြင် ကတူးတိုင်းရင်းသားများ ယုံကြည်ကိုးကွယ်ကြသော မိုင်းသုံအရှင်ကြီးနတ်နှင့် ပတ်သက်၍လည်း ရိုးရာပုံပြင်ရှိလေသည်။ ယင်းမှာ–

**ငပျင်းသူ**

**"သလ္လာဝတီမြစ်"** (ချင်းတွင်းမြစ်) **အနောက်ဖက်ရှိ "မဟာမြိုင်မြို့" ပျက်သောအခါ မဟာမြိုင်မင်းမျိုးမှ မင်းသားအဲခန်းဆိုသူနှင့် တူတော် စောပေါမိုင်းတို့သည် ဝန်းသို စော်ဘွားကြီးထံ ဝင်ရောက် လာကြသည်။ စော်ဘွားကြီးသည် မိမိနယ်မြေအတွင်း နေထိုင်ခွင့်ပြုလိုက်သည်။ စောပေါမိုင်းသည် ကျယ်ပြန့်သော ကွင်းပြင်ကြီးကို ထွင်၍ လယ်ယာလုပ်ကိုင်စားသောက်သည်။ အဲခန်း (သို့မဟုတ်) မြန်မာအခေါ် ငပျင်းသူသည် မိုင်းသုံတောင်မကြီး၏ တောင်ဖက်တင်းတိမ်တောင်စပ်မှ မြစ်ဖျားခံ၍ စီးဆင်းသော ဒေါင်းယူချောင်းဖျားတွင် ဥယျာဉ်တည်၍ နေထိုင်လေသည်။ ငပျင်းသူသည် ထိုဥယျာဉ်တွင် သရက်ပင်စိုက်ပျိုး လုပ်ကိုင်နေထိုင်သည်။ ငပျင်းသူ၏သရက်ပင်တို့သည် သုံးနှစ်ကြာမှ တစ်လုံးသာသီးသဖြင့် စိတ်ဆိုးကာ ချောင်းထဲသို့ ပစ်ချလိုက်လေသည်။**

**ထိုသရက်သီးသည် ရေထဲမျောလာကာ ဝန်းသိုမြို့အနီး စော်ဘွားသမီးရေချိုးစဉ် တွေ့မြင်ပြီး ဆယ်ယူစားသောက်လေသည်။ ဤတွင် သမီးတော်၌ သန္ဓေတည်လေသည်။ မွေးဖွားလာသောကလေးသည် မည်သူချော့၍မျှ အငိုမတိတ်ပေ။ စော်ဘွားကြီးသည် ပညာရှိများကို မေးရာ ကလေး၏ ဖခင်အရင်း လက်ပေါ်ရောက်မှ အငိုတိတ်ပါမည်ဟု လျှောက်ထားကြသည်။ စော်ဘွားကြီးလည်း မိမိနယ်အတွင်းရှိ ယောက်ျားမှန်သမျှကို ဆင့်ခေါ်ပြီး ကလေးကို ပွေ့ချီစေသည်။ နောက်ဆုံးတွင် ငပျင်းသူလက်ထဲရောက်မှသာ ကလေးအငိုတိတ်လေသည်။ ဤတွင် စော်ဘွားကြီးသည် သမီးတော်အား ငပျင်းသူနောက်သို့ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လိုက်ပါသွားစေသည်။**

**ငပျင်းသူသည် ယခင်က တောင်ယာစိုက်ပျိုးရသည်မှာ မအောင်မြင်သဖြင့် အလုပ်မလုပ်ဘဲ အပျင်း ဖက်နေရာမှ ယခုအခါတွင် သားနှင့်မယားနှင့် ဖြစ်လာ၍ အပျင်းကြီး၍ မဖြစ်တော့ပေ။ ထို့ကြောင့် ဒေါင်းယူ ချောင်းနံဘေးတွင် တောင်ယာခုတ်ရတော့သည်။ သို့သော် ငပျင်းသူ၏ တောင်ယာမှာ ယနေ့ ခုတ်ထားသော်လည်း နောက်တစ်နေ့တွင် သစ်ပင်များနှင့် တောပကတိပင် ဖြစ်နေသည်။ နောက်ဆုံးတွင် အခြေအနေကို စုံစမ်းကြည့်ရာ မျောက်ဖြူကြီးခေါင်းဆောင်သော မျောက်သင်း ၁၀၀တို့ထံတွင် ရှိနေသော "ပလုတ်တုတ်စကြာ"လေး၏ အစွမ်း ကြောင့် ဤသို့ဖြစ်ရကြောင်း သိရှိလာသည်။ ထို့ကြောင့် ငပျင်းသူသည် ယင်းပလုတ်တုတ်စကြာကို ရအောင်ယူ လေသည်။ ထိုပလုတ်တုတ်စကြာ၏တန်ခိုးဖြင့် နောက်ပိုင်းတွင် ငပျင်းသူသည် စည်းစိမ်ချမ်းသာစွာ နေနိုင်သည်။ ဆင်–မြင်းများစွာ ပိုင်ဆိုင်လာသည်။**

**ငပျင်းသူ၏ ဆင်မြင်းများကြောင့် ဒေါင်းယူ ချောင်းရေများ နောက်ကျိလာသည်။ ဝန်းသို စော်ဘွားလည်း ရေနောက်များကိုသာ သောက်သုံးရသဖြင့် စုံစမ်းရာ အထောက်တော်များက ချောင်းဖျားတွင် ဆင်မြင်းများ စုဆောင်း၍ စော်ဘွားကို တိုက်ခိုက်ရန် ငပျင်းသူ စီမံနေပါသည်ဟု လျှောက်ထားကြသည်။ ထို့ကြောင့်**

စော်ဘွားကြီးလည်း ပျင်းသူကိုတိုက်ရာ ပလုတ်တုတ်စကြော၏အစွမ်းကြောင့် မနိုင်ဘဲ ရှုံးနိမ့်လေသည်။ နောက်ဆုံးတွင် စော်ဘွားကြီးက သားမက်ပျင်းသူအား အသုံ့ခံကာ နှစ်စဉ် ဆင်မြင်းများ ပေးရ လေသည်။ ဤသို့ဖြင့် ပျင်းသူသည် မိုင်းသုံတောင်တွင် လူတစ်ပိုင်း နတ်တစ်ပိုင်းအသွင်ဖြင့် မိုင်းသုံ အရှင်ကြီး ပျင်းသူအား ဝါဝင်ဝါထွက် ပူဇော်ပသကြရလေသည်။

ကတူးတိုင်းရင်းသားတို့သည် ပင်ကို စိတ်ရင်းရိုးဖြောင့်ကြသည်။ လူတစ်ဦးက မှာထားသည့် ပစ္စည်းကို လမ်းမှ ဈေးပိုပေး၍ ဝယ်ယူသော်လည်း ရောင်းလေ့မရှိ။ မှာထားသူကိုသာ ရောင်းချတတ်သည်။ အလွန်သစ္စာရှိကြသည်။ ဖြောင့်မတ်မှန်ကန်သော စိတ်ထားရှိသည်။ အများအားဖြင့် ဤကဲ့သို့သော စိတ်ဓာတ် ရှိနေသူများဖြစ်ကြ၍ သူတို့ပြောဆိုနေကြသော ပုံပြင်များသည်လည်း ၎င်းတို့စိတ်ဓာတ်ကို အခြေတည်၍ ပေါ်ပေါက်လာဟန်ရှိပေသည်။ ပုံစံပြရသော်–

**"ဆမ်ငယ်ဆာရောက်၊ ဆအွမ်းဆာ" (ဆင်းရဲသားနှင့်သူဌေးသား)**

တစ်ခါက ဆင်းရဲသားတစ်ယောက်နှင့် သူဌေးသားတစ်ယောက်သည် ဂျီထောင်ရန် တောထဲသို့ ထွက်ခဲ့ကြသည်။ သူဌေးသားဖြစ်သူက သစ်ပင်ပေါ်၌ ကိုင်းထောင်ထားပြီး ဆင်းရဲသားဖြစ်သူသည် မြေပြင်ပေါ်၌ ကိုင်းထောင်ထားလေသည်။ သားကောင်သည် ဆင်းရဲသား ထောင်ထားသော ကိုင်းကွင်းတွင် တိုးဝင်မိလေသည်။ ထိုအခါ သူဌေးသားသည် ဆင်းရဲသားမသိခင် ဆင်းရဲသား၏ကိုင်းမှ သားကောင်ကိုဖြုတ်၍ သစ်ပင်ပေါ်တွင်ရှိသော မိမိ၏ကိုင်းကွင်းတွင် ပြောင်းရွှေ့၍ ချိတ်ဆွဲထားပြီး မိမိကိုင်းကွင်းတွင် မိလေဟန်ပြုလုပ်ထားသည်။ ထိုအခြင်းအရာကို ဆင်းရဲသား သိသော် တစ်ဦးနှင့်တစ်ဦး အငြင်းအခုန် ဖြစ်ကြလေသည်။ သူ့ကိုင်းတွင် မိသည်၊ ငါ့ကိုင်းတွင်မိသည်၊ အငြင်းပွားပြီးနောက်ဆုံးတွင် အဆုံးအဖြတ်ပေးမည့် အသိသက်သေများကိုခေါ်ရန် ဆုံးဖြတ်လိုက်လေသည်။

သူဌေးသားတွင် အသိသက်သေများ၊ ရှေ့နေလိုက်ဆုံးဖြတ်ပေးကြမည့်သူများ ပေါသော်လည်း ဆင်းရဲသားအတွက်မူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ။ နောက်ဆုံးတွင် ဆင်းရဲသားသည် ယုန်တစ်ကောင် ကို တွေ့သွားပြီး မိမိ၏အဖြစ်အပျက်များကို ရှင်းပြလေသည်။ ဆင်းရဲသားသည် သူဌေးသားနှင့် အပေါင်းအပါများအား မိမိမိတ်ဆွေ ယုန်လာမည်ဖြစ်ကြောင်း စောင့်ဆိုင်းနေကြရန် ပြောလေသည်။ သို့သော် အချိန်အတန်ကြာသည်အထိ ယုန်သည် ပေါ်မလာချေ။ အချိန်များစွာ ကြာပြီးသောအခါမှ ယုန်သည် မောပန်းတကြီး ရောက်ရှိလာလေသည်။

သူဌေးသား၏ အပေါင်းအဖော်များသည် အချိန်ကို မလေးစား၊ အချိန်မှန် ရောက်မလာသည့် ယုန်ကို အပြစ်တင်ကဲ့ရဲ့ကြ၏။ ယုန်မှာ မိမိသည် ဤနေရာသို့လာရာ လမ်းခုလတ်တွင် သဲသောင်ပြင် မီးလောင်နေသည်ကိုတွေ့၍ မြက်နှင့်ရက်လုပ်ထားသော ခြင်းကြားခွက်ဖြင့် ရေခပ်လောင်းနေရသည့်အတွက် အချိန်ကြန့်ကြာရခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။ ထိုအခါ သူဌေးသား၏ အပေါင်းအပါများသည် "သဲသောင်ပြင်ကိုလည်း မီးမလောင်နိုင်၊ ခြင်းကြားမြက်ခွက်နှင့်လည်း ရေခပ်၍ မရနိုင်" သင်သည် မဟုတ်မမှန်သော စကားကို ဆိုသည်ဟု ယုန်အားဝိုင်းဝန်းကဲ့ရဲ့ ရှုတ်ချကြလေသည်။ ဤတွင် ယုန်သည် "အသင်တို့၊ သဲသောင်ပြင်ကိုလည်း မီးမလောင်နိုင်၊ ခြင်းကြားမြက်ခွက်နှင့် ရေခပ်၍ မရနိုင်သည်မှာ မှန်ပါ၏။ ထို့အတူ ဂျီကို သစ်ပင်ပေါ်မှာရှိသော ကိုင်းတွင်မိပါသည်ဆိုသော သူဌေးသား၏ စကားသည် မဖြစ်တန်ရာ။ လိမ်ညာ၍ ပြောသောစကားသာ ဖြစ်ပေသည်ဟု ပြောလေသည်။ ထိုအခါ အားလုံးသည် ယုန်ပြောသောစကားကို လက်ခံပြီ ဆင်းရဲသားအား သူ၏ကိုင်းတွင် မိသော သားကောင်ကို ပြန်၍ ပေးလိုက်လေသတည်း။

ဤပုံပြင်ကို ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ကလေးငယ်များကို ညအိပ်ရာဝင်ပုံပြင်များအဖြစ် ပြောပြတတ်ကြ၍ ဟုတ်မှန်သော စကားကိုသာ ပြောဆိုရန်၊ သူတစ်ပါးပစ္စည်းကို အချောင်ခို၍ ယူချင်သောစိတ်မထားရန် ပြောဆိုဆုံးမတတ်ကြလေသည်။

ဤသို့ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာပုံပြင်များကို ပြောပြခြင်းအားဖြင့် နောင်လာနောက်သားတို့အား မိမိတို့၏ မျိုးရိုးဇာတိကို အစဉ်အဆက် သိစေသည်။ ထိုသို့ သိရှိစေပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းချင်သည့်စိတ်ဓာတ်ကို ဖြစ်ပေါ်စေပါသည်။

## "အခန်း(၃)"

## စီးပွားရေးအရ လူမှုရေး ဖွဲ့စည်းပုံ

မြောက်မော်ကျေးရွာအပါအဝင် ကတူးတိုင်းရင်းသားများ၏ဒေသသည် တောတောင်ပေါများသည်၊ မြောက်မော်ကျေးရွာ၏ လေးဘက်လေးတန်တွင် တောင်များ၊ တောင်ကုန်းများဖြင့် ဝန်းရံထားပြီး ၎င်းရွာ၏ တောင်ဘက်နှင့်မြောက်ဘက်တွင် ချောင်းများ ဖြတ်သန်းစီးဆင်းနေသည်။ ဤဒေသသည် စိုက်ပျိုးလုပ်ကိုင်ရန် မြေပြန့်အလွန်နည်းပါးပြီး တောင်ကုန်းတောင်စောင်းများသာ ပေါများပေသည်။ ထိုကျေးရွာ၏ တောင်မြောက်ချောင်း နှစ်ခုကြားနေရာတွင်သာ စိုက်ပျိုးရန် မြေပြန့်ရှိပြီး ကျန်နေရာများသည် တောင်ကုန်းများဖြစ်သဖြင့် တောင်ယာလုပ်ကိုင်ရန်သာ အသုံးဝင်ပေသည်။ ဤဒေသ၏စီးပွားရေးလုပ်ငန်းများသည် မိမိတို့မိသားစု၏ စားဝတ်နေရေး ဖူလုံမှုအတွက်သာ ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဥယျာဉ်ခြံစိုက်ပျိုးရေး၊ အမဲလိုက်ခြင်း စသည့် လုပ်ငန်းများကို မိသားစုစားသုံးရန် လိုသည်ထက်ပို၍ ပြုလုပ်ခြင်းမရှိပေ။ စီးပွားရေးလုပ်ငန်း မှန်သမျှကို မိရိုးဖလာရိုးရာနည်းများဖြင့်သာ လုပ်ကိုင်တတ်ကြပြီး၊ လုပ်ငန်းတိုင်းမှရရှိသော သီးနှံနှင့် ကုန်ပစ္စည်းများကို ဈေးကွက်သို့ စီးပွားဖြစ်ရောင်းချရန် ရည်ရွယ်ခြင်းမရှိပေ။ မိသားစု ဖူလုံရုံမျှသာဖြစ်သည်။ ဤဒေသရှိ တိုင်းရင်းသားများသည် မိမိတို့စားလောက်ရုံစိုက်ပျိုးလုပ်ကိုင်ကြခြင်းမှာ ထွက်ရှိလာသော ကုန်ပစ္စည်းများကို ရောင်းချရန် ဈေးကွက်မရှိခြင်း၊ သွားလာရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ဖြစ်သည်။ တစ်ဒေသနှင့်တစ်ဒေသ၊ တစ်ရွာနှင့်တစ်ရွာ သွားလာရန် လှည်းလမ်းရှိသော်လည်း ထိုဒေသတွင် လှည်းလမ်းကို အသုံးမများကြချေ။ အဘယ့်ကြောင့်ဆိုသော် တောင်ကုန်းတောင်တက်လမ်းများဖြစ်ကြသဖြင့် နွားလှည်းများ သွားလာရန်အတွက်ပင် ခက်ခဲပေသည်။ ထို့ကြောင့် ရွာသူရွာသားတို့သည် အစစအရာရာ လူဖြင့် ပခုံးထမ်း၊ ခေါင်းရွက်ကာ နှီးတောင်းများကို အသုံးပြု၍ သယ်ယူပို့ဆောင်ကြသည်သာ များပေသည်။ လူအများစုသည် မိမိတို့၏ အိမ်ထောင်စုများအတွက်ပင် စားဝတ်နေရေးပြည့်ဝအောင် မနည်းရုန်းကန်ကြိုးစားနေကြရသည်။ ဤဒေသရှိ တိုင်းရင်းသားတို့၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်အပြင် မွေးမြူရေး၊ အမဲလိုက်၊ ငါးရှာ၊ သစ်တောထွက်ပစ္စည်းရှာခြင်းနှင့် လက်မှုလုပ်ငန်းများကို

လည်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် တိုင်းရင်းသားများသည် အများအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မိုးရာသီ တောင်ယာစိုက်ပျိုးရေးကိုလည်း လုပ်ကိုင်ကြသည်။ မြေပြန့်နေရာများတွင် လယ်ယာများကို စိုက်ပျိုး၍ တောင်ပေါ်တောင်ကုန်းနေရာများတွင် တောင်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။

## (က) မြေပြန့်လယ်ယာစိုက်ပျိုးရေး

မြောက်မော်ကျေးရွာ၏ ပထဝီဝင်အနေအထားသည် ကျေးရွာတောင်ဖက်ရှိ မော်လင်ချောင်း၊ မြောက်ဖက်ရှိ ကမ်းဖာချောင်းကြားနေရာတွင်သာ မြေပြန့်များရှိသဖြင့် ထိုမြေပြန့်များ၏ ၇၀-ရာခိုင်နှုန်းခန့်တွင် လယ်ယာ စိုက်ပျိုးကြသည်။ လူဦးရေတိုးပွားလာသော်လည်း နောက်ထပ်တိုးချဲ့ရန် မြေနေရာမရှိချေ။ စိုက်ပျိုးရာတွင်လည်း စိုက်ပျိုးကွက်များကို မိုးရေအားကိုးဖြင့် စိုက်ပျိုးသည်။ လယ်ရေသွင်းယူရမည့် ချောင်းများတွင် စပေါင်း၍ သစ်ဝါး များဖြင့် ဆည်ပြုလုပ်ထားကြသည်။ မြောက်မော်ရွာ၏ တောင်ဖက်တွင် တောင်မော်ရွာရှိသည်။ တောင်မော်ရွာ၏ တောင်ဖက်တွင် စီးဆင်းနေသော နန်းမော်ချောင်းကို တောင်မော်နှင့် မြောက်မော်ရွာမှ ရွာသူရွာသားများ စုပေါင်း၍ သစ်ဝါးဖြင့်ဆည်ပြုလုပ်ထားကြသည်။ ထိုဆည်မှရေကို ရေမြောင်းများဖြင့် သွယ်ယူ၍ စိုက်ပျိုးကြသည်။ တစ်နှစ်ပတ်လုံး ရေရှိ၍ ရေအင်အားနည်းသည့် နွေအခါတွင်မူ အလှည့်ကျရေသွင်းယူသည့်စနစ်ကို ကျင့်သုံးကြသည်။

စိုက်ပျိုးခင်းလယ်ယာများသည် ရွာသူရွာသားများအနေဖြင့် သီးသန့်ထပ်မံရှာဖွေရွေးချယ် ထားခြင်းမျိုး မရှိပေ။ မိဘဘိုးဘွားစဉ်ဆက်၊ ဆက်ခံသည့်မြေယာများ ဖြစ်ကြသည်။ နောက်ထပ်၊ ထပ်မံ ရှာဖွေရန်လည်း မြေပြန့်ရှားပါးလှပေသည်။ လယ်ယာမြေများကို မိသားစုပိုင်အဖြစ် စိုက်ပျိုးကြသည်သာ ရှိပေသည်။ ထိုကဲ့သို့ မိသားစုစားလောက်ရုံသာ စိုက်ပျိုးကြပြီး၊ စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိသည့်အတွက် တစ်မိသားနှင့်တစ်မိသား၊ စီးပွားရေးအရ ပြိုင်ဆိုင်ခြင်း၊ မနာလိုဝန်တိုခြင်းစသည့် စိတ်ဓာတ်များကင်းစင်ကာ ဆက်ဆံရေး အဆင်ပြေစေနိုင် သည်။ ထိုကဲ့သို့ တစ်မိသားနှင့်တစ်မိသား ဆက်ဆံရေးအဆင်ပြေခြင်းကလည်း ကတူးတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးကို များစွာအထောက်အကူပြုကာ ကတူးတို့၏ လူမှုအဖွဲ့အစည်းကို ပိုမိုခိုင်မာစေသည်။

လယ်ထွန်ခြင်း၊ ထယ်ထိုးခြင်းစသည့် လုပ်ငန်းများတွင် ယောကျ်ားများ အများဆုံး လုပ်ကိုင်ပြီး ကောက်စိုက်ခြင်းတွင်မူ မိန်းမများသာ အများဆုံး ပြုလုပ်ကြပေသည်။ ကျန်လုပ်ငန်းများ တွင်လည်း ခွဲခြားမှု မရှိလှပေ။ ကတူးတိုင်းရင်းသားတို့သည် လုပ်ငန်းဆောင်တာမှန်သမျှကို စုပေါင်းလုပ်ကိုင်သည်သာ များပေသည်။ စိုက်ပျိုးလုပ်ကိုင်ရာတွင် မိသားစုထဲမှ အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်နှင့် သားယောကျ်ားများကသာ ဦးစီးလုပ်ကိုင် ကြပေသည်။ မိန်းမများနှင့်သမီးငယ်၊ သားငယ်များက ဝိုင်းဝန်းကူညီ လုပ်ကိုင်ကြသည်။ ကတူး တိုင်းရင်းသားတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် တခြားတိုင်းရင်းသားများ လုပ်ကိုင်သည့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းနှင့် ကွာခြားခြင်းမရှိချေ။ လယ်ယာမြေကွက်များတွင် အတည်တကျ နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်သွားသည်သာမက ရေမြောင်း မှ ရေသွယ်ယူနိုင်သဖြင့် စပါးစိုက်ပျိုးချိန်ပြီးဆုံး သွားလျှင် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပေသည်။ အဓိက စိုက်ပျိုးသီးနှံများမှာ- စပါး၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြံ၊ ဝါ၊ နေကြာ၊ ဆေးရွက်ကြီး စသည်ဖြင့်ရှိပေသည်။ ဆောင်းသီးနှံများအဖြစ် အာလူး၊ မုန်ညင်း၊ ခရမ်းချဉ်၊ မုန်လာဥ၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ ခရမ်းသီး၊ ဗူး၊ သခွား၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ခဝဲ၊ ရုံးပတီအစရှိသည့် သီးနှံများကို စိုက်ပျိုးကြသည်။

စပါးစိုက်ပျိုးရာတွင် မြေသြဇာအဖြစ် နောက်ချေး၊ အမှိုက်ဆွေးစသည်တို့ကို လယ်မြေတွင် ချထား ပေးရသည်။ နယုန်လဆန်းလောက်တွင် လယ်ယာမြေအား ထွန်တုံး၊ ထယ်တုံးများဖြင့် မြေကြီးကို ထွန်ယက်သည်။ နယုန်လပြည့်ကျော်လောက်တွင် စပါးများကို ပျိုးထောင်လေ့ရှိသည်။ ပျိုးသက်တမ်း တစ်လ၊ တစ်လခွဲခန့်ရှိပေသည်။

ပျိုးထောင်ထားသော ပျိုးပင်များကိုနှုတ်၍ ဝါဆိုလလောက်တွင် စပါးစိုက်ပျိုးကြသည်။ အများအားဖြင့် ယောကျ်ားများက ပျိုးနှုတ်ပြီး မိန်းမများက ပျိုးပင်များကို လယ်ကွက်များထဲသို့ ပြောင်းရွှေ့စိုက်ပျိုးကြရသည်။ စိုက်ပျိုးရာတွင် ကောက်စိုက်အဖွဲ့များထားရှိကြပေသည်။ ကောက်စိုက်အဖွဲ့များတွင် ဘောက်သူကြီးထားရှိပေသည်။ ဘောက်သူကြီးကို ယောကျ်ားများအား ထားလေ့ရှိသည်။ မိမိကောက်စိုက်လိုသည့်ရက်ကို ဘောက်သူကြီးဖြစ်သူအား ပြောထားရသည်။ ဘောက်သူကြီးဖြစ်သူက သင့်တော်သလို စီမံပေးရလေသည်။ ကောက်စိုက်ခသည် တစ်မနက်လျှင် ၂၀/–ပေးရသည်။ နံနက် ၆–နာရီတွင် စတင်စိုက်ပြီး ၁၀–နာရီတွင် သိမ်းရလေသည်။ နေ့စိုက်အတွက်မူ နေ့လယ် ၁–နာရီမှ ၄–နာရီအထိ ဖြစ်လေသည်။ ညစိုက်၊ စိုက်သည့်အခါလည်းရှိပေသည်။ ညစိုက်အတွက်မူ ကောက်စိုက်ခ ၁၀/–ပေးရလေသည်။ သို့သော်ရွာသူ ရွာသားများသည် အချင်းချင်း ဝိုင်းဝန်းစုပေါင်းလုပ်ကိုင်ကြသည်က များပေသည်။ တစ်ဦး၏အလုပ်ကို စုပေါင်းလုပ်ကိုင်ပေးသောစနစ်ဖြင့် အပြန်အလှန် ကူညီသော "လက်စားချေ"[၁] စနစ်ကို ကျင့်သုံးကြသည်။ ဤရွာရှိ တိုင်းရင်းသားတို့တွင် လက်စားချေစနစ်နှင့်ပတ်သက်၍ ဤဆိုရိုးစကားပင် ရှိပေသည်။ ၎င်းမှာ "လက်စားမကြေရင်– လင်သေတာတောင် မငိုအား" ဟူ၍ ဖြစ်သည်။ တစ်ဦး၏လုပ်ငန်းကို တစ်ဦးက အပြန်အလှန်အလှည့်ကျ ကူညီဆောင်ရွက်ပေးကြ ရခြင်းဖြစ်သဖြင့် မိမိကသူတစ်ပါးအား ကူညီရမည့် အလှည့်တွင် "မိမိ၏လင်ယောကျ်ား သေဆုံးသည်ကိုပင် မငိုအားဘဲ လက်စားလိုက်ရသည်" ဟူ၍ ဖြစ်သည်။ ထိုအချက်က ကတူးတိုင်းရင်းသားတို့၏ ကျေးဇူးတရား သိတတ်မှုကို ထင်ရှားစေသည်။ မိမိအားကျေးဇူး ပြုဖူးသူအား ပြန်လည် ကျေးဇူးတုန့်ပြန်လိုသော စိတ်ဓာတ်ကောင်းများ ရှိနေခြင်းကလည်း လူမှုဆက်ဆံရေးကို ပြေပြစ်ချောမွေ့စေသည်။ အထက်ပါဆိုရိုးစကားသည် ကတူးတို့၏ လုပ်အားတန်ဖိုး ချစ်မြတ်နိုးသော စိတ်ဓာတ်ကို ဖော်ဆောင်လျက်ရှိသည်။

လယ်ယာစပါးကို ဝါဆိုလလောက်တွင် စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်း၊ နတ်တော်လ လောက်တွင် ရိတ်သိမ်းကြပေသည်။ ရိတ်သိမ်းရာတွင် အများအားဖြင့် စုပေါင်းရိတ်သိမ်းကြပြီး မိမိ၏လယ်ကို မိမိကိုယ်တိုင်ရိတ်ကြသည်လည်းရှိသည်။ စပါးအငှားရိတ်လျှင် တစ်ရက်လျှင် စပါးတစ်ခွဲပေး၍ ငှားရသည်။ ပျိုးနှုတ်၊ ကောက်ရိတ်၊ လယ်ထွန်စသည်တို့တွင် အငှားအရမ်းရှိခြင်းမှာ အချို့သော ကျေးရွာသူ ကျေးရွာသား များသည် လယ်ယာပိုင်ဆိုင်မှု မရှိသည့်အတွက် အငှားလိုက်၍ အခကြေးငွေဖြင့် လုပ်ကိုင်ပေးရခြင်း ဖြစ်သည်။ အချို့သည် လယ်ယာမြေပိုင်ဆိုင်မှု မရှိဘဲ၊ ကျွဲ၊ နွားသာလျှင် ပိုင်ဆိုင်သည်။ ထိုအခါ မိမိမိ၏ကျွဲနွားများနှင့် မိမိကိုယ်တိုင်ပါ အငှားလိုက်သည်လည်း ရှိပေသည်။ ဤကဲ့သို့ လူရော တိရစ္ဆာန်ပါ ငှားရမ်းလုပ်ကိုင် ရသည်ဆိုလျှင် ငှားရမ်းသည့်သူသည် လယ်ကုလီအား ထမင်းကျွေးရပြီး စပါးတစ်တင်း ပေးရလေသည်။ ကျေးရွာရှိ တိုင်းရင်းသားတို့၏ လယ်ယာမြေပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| | | ပိုင်ဆိုင်သော အိမ်ထောင်စုဦးရေ | စုစုပေါင်းလယ်လုပ်သူ အားလုံး၏ ရာခိုင်နှုန်း |
|---|---|---|---|
| အများဆုံးပိုင်သောလယ်ဧက | ၆ | ၃ | ၁၃% |
| အနည်းဆုံးပိုင်သောလယ်ဧက | ၁ | ၃ | ၁၃% |
| ၂ ဧကနှင့်အထက် | | ၁၀ | ၄၃% |
| ၃ ဧကနှင့်အထက် | | ၄ | ၁၇% |
| ၄ ဧကနှင့်အထက် | | ၂ | ၉% |
| ၅ ဧကနှင့်အထက် | | ၁ | ၄% |

၁။ လက်စားချေစနစ်ဆိုသည်မှာ တစ်ဦးကိုတစ်ဦး အပြန်အလှန်အလှည့်ကျ ကူညီဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။

ဤရွာရှိ ရွာသားတစ်ဦးချင်း ပိုင်ဆိုင်သည့် လယ်ဧကသည် မများလှသည့်အတွက် ငှားရမ်း လုပ်ကိုင်ရန် သိပ်မလိုအပ်လှပေ။ ရွာသားများတွင် ကိုယ်ပိုင်နွားမရှိပါကလည်း အခြားသူများထံမှ ငှားရမ်း လုပ်ကိုင်နိုင်သည်။ နွားပိုင်ရှင်ကလည်း မိမိတစ်ရွာတည်းနေသူအချင်းချင်း တတ်နိုင်သည့်အကူအညီပေးသည့် သဘောဖြင့် နွားငှားလေ့ရှိသည်။ နွားငှားသူကလည်း ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် နွားပိုင်ရှင်၏လယ်တွင် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးလေ့ရှိသဖြင့် အပေးအယူမျှတကာ ရင်းနှီးမှုကို ခိုင်မာလာစေသည်။ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းလုပ်ကိုင်ရုံမျှနှင့် လယ်ယာလုပ်ငန်းခွင်များ ပြီးစီးသွားတတ်ပေသည်။ စပါးစိုက်ပျိုးရာတွင် မြေဩဇာ အဖြစ် သဘာဝမြေဩဇာဖြစ်သောနွားချေး၊ အမှိုက်ဆွေးများနှင့် နိုင်ငံတော်အစိုးရမှ ထုတ်ပေးသော ဓာတ်မြေ ဩဇာများကို အသုံးပြုကြပေသည်။

## (ခ) တောင်ယာစိုက်ပျိုးရေး

တောင်ယာစိုက်ပျိုးရန်အတွက် မြေပြန့်ထက်တောင်စောင်းများ ပိုမိုများပြားသဖြင့် မိမိတို့ နှစ်သက်ရာ ရွေးချယ်၍ ခုတ်နိုင်ပေသည်။ တောင်ယာစိုက်ပျိုးရေးတွင် ရွှေ့ပြောင်းတောင်ယာစနစ်ကို အသုံးပြု ကြသည်။ တစ်နှစ်လုပ်မည့်အခါမှသာ တစ်နှစ်ခုတ်ထွင် စိုက်ပျိုးကြသည်။ တစ်နေရာထဲတွင် အတည်တကျ မစိုက်ပျိုးရခြင်းမှာ တစ်နှစ်စိုက်ပျိုးပြီးသွားသည့်အခါ မြေဆီလွှာခမ်းခြောက်သွားသည့်အတွက် အခြား တစ်နေရာသို့ ရွှေ့ပြောင်း စိုက်ပျိုးကြခြင်းဖြစ်သည်။ မိမိတို့နှစ်သက်ရာ တောင်ယာကို တပို့တွဲလလောက်တွင် စတင်၍ ခုတ်ထားပြီး သစ်ပင် များကို တပေါင်း၊ တန်ခူးတွင် မီးရှို့ကြသည်။ ကဆုန်လလောက်တွင် ကျွန်းခွေကြသည်။ ကျွန်းခွေသည် ဆိုသည် မှာ မီးရှို့၍ ကျန်နေသော သစ်ပင်၊ သစ်ငုတ်များကို ရှင်းလင်း ဖယ်ရှားထားခြင်း ဖြစ်သည်။ ကျွန်းခွေခြင်းလုပ်ငန်းကို အများအားဖြင့် ယောက်ျားများသာ လုပ်ကိုင်ကြသည်။ ထို့နောက်နယုန်လလောက်တွင် တောင်ယာစတင်စိုက်ပျိုးလေ့ ရှိသည်။ တောင်ယာစပါးစိုက်ပျိုးသည့်အခါတွင် စူးထိုး၍ သီးနှံမျိုးစေ့များကို စိုက်ပျိုးကြသည်။ တောင်ယာစိုက်သည့် အခါတွင် အပျို လူပျိုအားလုံးစုပြီး လုပ်ကိုင်ကြသည်။ ယောက်ျားလေးများက ရှေ့မှနေ၍ စူးထိုးပြီး မိန်းကလေးများက စပါးမျိုးစေ့ ထည့်ပေးခြင်းဖြင့် စုပေါင်းဝိုင်းဝန်းလုပ်ကိုင်ကြသည်။ ထိုကဲ့သို့ လုပ်ကြခြင်းဖြင့် မိမိတို့အသိုင်းအဝိုင်းနှင့် သက်ဆိုင်သော လုပ်ငန်းကို တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းတာဝန်ယူတတ်သည့် အလေ့အကျင့်ကို ရလာစေနိုင်သည်။ ထိုကဲ့သို့ လယ်ယာလုပ်ကိုင်ရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု ရလာကာ အဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ပိုမို ခိုင်မာလာစေသည်။ စပါးစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများမှာ အခြားတိုင်းရင်းသားတို့နှင့် အတူတူပင် ဖြစ်သည်။ တောင်ယာစပါးကိုလည်း တန်ဆောင်မုန်းလလောက်တွင် ရိတ်သိမ်းကြသည်။ ထိုကာလတွင် တောင်ယာကို ဖျက်ဆီးလာသော မျောက်၊ ဝက်၊ ဝက်စံစသော တိရစ္ဆာန်များကို စောင့်၍ အဆိပ်မြားဖြင့် ပစ်ခတ်တတ်ကြသည်။ တောင်ယာစောင့်နေစဉ် အမဲရသည့်အခါ မိမိတို့အိမ်စားရန်အတွက် အခြောက်လှန်း၍ လည်းကောင်း၊ အသားချဉ်များ ပြုလုပ်၍လည်းကောင်း သိမ်းဆည်းထားတတ်ကြသည်။ တစ်ခါတစ်ရံ ပိုလျှံသော အခါတွင် အခြားမိမိတို့လိုအပ်သော ပစ္စည်းများနှင့်ဖလှယ်၍ အသုံးပြုတတ်သည်လည်းရှိသည်။

တောင်ယာတွင် စပါးအပြင် ဖူး၊ ဖရုံ၊ သခွား၊ သပွတ်သီး၊ ပိန်းဥ၊ မျောက်ဥ၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်း၊ ခရမ်းချဉ်၊ ချဉ်ပေါင်စသည်များကို ရောနှောစိုက်ပျိုးထားကြသည်။ အဓိအားဖြင့် စပါးကို အများဆုံး စိုက်ပျိုးကြသည်။ တောင်ယာခုတ်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့တွင်လည်း စုပေါင်းဆောင်ရွက်တတ်ကြသည်။ ထိုသို့ စုပေါင်းဆောင်ရွက်သောအခါ တောင်ယာရှင်က ကောက်ညှင်းကျည်တောက်၊ လက်ဖက် ကျည်တောက်၊ တောဝက်သား၊ ဂျီသား အစရှိသည်တို့ဖြင့် ကျွေးမွေးလေ့ရှိသည်။

ဤဒေသတွင် စိုက်ပျိုးသောစပါးများမှာ ဧည့်စပါး၊ စပါးနီ၊ မီးတုံး၊ ငဆောက်၊ မော်တိုက် ရိုးဝါ၊ မော်တိုက်တုတ်ချေး၊ ကောက်ကြောင်၊ ကောက်သနီ၊ ငလောင်ကြား၊ ရွှေကူ၊ ရိုးစိမ်း၊ ကြာဝယ်၊ မကောက်စသည့် အမျိုးအစားများစွာ စိုက်ပျိုးကြသည်။ ကောက်ညှင်းစပါး အမျိုးအစားများမှာ ငချိတ်အကြီး၊ ငချိတ်အသေး၊ ဝါးဖြူ ငချိတ်၊ ဗင်ခိုင်၊ တောင်လုံးကျော်၊ ရေပါမဲ၊ ကောက်ပဲနီ၊ ဧည့်ကောက်ညှင်းစသည့် အမျိုးအစားများ ဖြစ်ကြသည်။ ဤဒေသတွင် စပါးထဲ၌ သီးညှပ်စိုက်ပျိုးခြင်း မပြုလုပ်ကြချေ။ စပါးကို တစ်သီးသာ စိုက်ပျိုးကြပါသည်။ သို့သော် မြေပဲခင်းထဲတွင် နေကြာကဲ့သို့ အသီးအနှံများကို ရောနှော စိုက်ပျိုးတတ်ကြသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော ရေကို တောင်မော်ရွာဆည်မှ ရေသွယ်မြောင်းများဖြင့် ရေသွင်းစိုက်ပျိုးကြသည်။

**အခြားစိုက်ပျိုးသီးနှံများ**

ကျေးရွာရှိ လူများသည် မြေပြန့်စပါး၊ တောင်ယာစပါးအပြင် အခြားသီနှံများဖြစ်သော မြေပဲ၊ ပဲအမျိုးမျိုး၊ ဝါ၊ ဆေးရွက်ကြီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နှမ်း၊ ငှက်ပျောစသည်တို့ကိုလည်း စိုက်ပျိုးကြသေးသည်။

မြေပဲကို နတ်တော်၊ ပြာသိုလများတွင် စိုက်ပျိုးကြသည်။ ပဲများကို တန်ခူးလတွင် စိုက်ပျိုးကြသည်။ ဝါဆို၊ ဝါခေါင်၌ ဖော်သောပဲမှာ ပဲစော(တိုင်ထောင်ပဲ) အမျိုးအစားဖြစ်သည်။ ဝါဆိုတွင် စိုက်၍ တန်ဆောင်မုန်းတွင် ရရှိသောပဲအမျိုးအစားမှာ ပဲကြီးဖြစ်သည်။ ပဲနောက်၊ ပဲငပိ၊ ပဲစောင်းလျားစသည့်ပဲမျိုးများပင် ဖြစ်သည်။ စားတော်ပဲကို စိုက်ပျိုးကြသော်လည်း၊ စားတော်ပဲခင်းများတွင် ကြွက်များဝင်ရောက်ဖျက်ဆီးမှု များလာသဖြင့် မစိုက်ပျိုးကြတော့ပေ။ လယ်ကန်သင်းများပေါ်တွင် ပဲစိမ်းစားဥ၊ ပဲတောင့်ရှည်၊ ပဲစင်းငုံ၊ ချဉ်ပေါင်၊ ခရမ်းချဉ်ကဲ့သို့သော အသီးအနှံများစိုက်ပျိုးတတ်ကြပါသည်။

ဝါကို နယုန်လတွင် စိုက်ပျိုး၍ နတ်တော်၊ ပြာသိုလတွင် ဝါကောက်လေ့ရှိကြသည်။ ဝါကိုလည်း မိမိတို့ မိသားစုအသုံးပြုနိုင်ရုံမျှလောက်သာ စိုက်ပျိုးကြသည်။ ဝါဖြင့် မိမိတို့ အိမ်ထောင်စုအတွက် အဝတ်အထည်၊ စောင်၊ ခြင်ထောင်တို့ကို ရက်လုပ်ကြပါသည်။

ဆေးရွက်ကြီးများကိုလည်း စိုက်ပျိုးကြပြီး ဆေးရွက်ကြီးပင်မှ အရွက်ကို အစိမ်းခူးထားကြသည်။ ၃-၄ရက်ကြာအောင် အုပ်ထားပြီး အရောင်ဝါလာသောအခါတွင်မှသာ ဓားနှင့်ပါးပါးလှီးရသည်။ ၃-၄ရက်ကြာအောင် နေလှန်း၊ ရတ်သိမ်းအအေးခံပြီးမှ ပုတ်ထဲတွင် နင်းသိပ်ထားရသည်။ ဆေးရွက်ကြီးနှင့်ရောစပ်သောက်သော ဆေးရိုးမှာလည်း ပိန္နဲပင်၊ ခအောင်းပင်၊ ချဉ်ပစ်ပင်တို့မှ သစ်သားတို့ကို နုပ်နုပ်စင်းပြီး ဆေးရွက်နှင့်ရောစပ်သောက်သည်။ တောထဲရှိ သနပ်ပင်မှရလာသောအရွက်နှင့်ဖြစ်စေ၊ စက္ကူရွက်များနှင့်ဖြစ်စေ၊ ဆေးနှင့်ဆေးရိုးကိုရောစပ်ပြီး လိပ်၍သောက်ကြသည်။ ယောက်ျားရော၊ မိန်းမများပါ သောက်ကြသည်။ သို့သော် လူတိုင်းအမြဲတမ်း သောက်သုံးကြခြင်းမျိုး မဟုတ်ပေ။

ကြက်သွန်ဖြူကိုမူ စပါးစိုက်ပျိုးပြီးသောမြေတွင် ထပ်မံစိုက်ပျိုးကြသည်။ ကောက်စိုက်ပြီး ကျန်သော ရိုးပြတ်ငုတ်များကို အရင်းမှကပ်ရိတ်ပြီး ရေသွင်းကြသည်။ ရေကို တဖန်ပြန်ထုတ်ပြီးမှ ကြက်သွန်ဖြူအတက် ကလေးများကို မြေထဲတွင် မြှုပ်၍စိုက်ပျိုးကြသည်။ ကြက်သွန်နီကို ပျိုးထောင်ပြီး စိုက်ပျိုးသည်။ ရိုးပြတ်ငုတ်များကို အရင်းမှနေ၍ ကုန်အောင် ရိတ်သိမ်းပစ်ရသည်။ ထို့နောက် ကောက်ရိုးခင်း ရေသွင်းပြီး ၄ရက်၊ ၅ရက်ကြာလျှင် ရေကိုပြန်ထုတ်ပြီးမှ ပျိုးပင်ကိုလိုက်၍ စိုက်ပျိုးကြရပေသည်။

နှမ်းကိုစိုက်ပျိုးသော်လည်း ခေါစီ၊ ခေါပုတ်လုပ်ရာတွင် နှမ်းဖြူးအသုံးပြုရန်အတွက် သက်သက်သာ ဖြစ်သည်။ လက်ဖက်ရွက်သုပ်စားရာတွင်လည်းကောင်း၊ ဟင်းသီးဟင်းရွက်များ သုပ်စားရန်အတွက် လည်းကောင်း အသုံးပြုကြသည်။

အိမ်ဥယျာဉ်ခြံ စိုက်ပျိုးရေးလည်း ရှိပေသည်။ အိမ်ဥယျာဉ်ခြံများတွင် ငှက်ပျော၊ သံပရာ၊ လိမ္မော်၊ ရှောက်ပန်း၊ မာလကာ၊ သရက်၊ သြဇာ၊ သင်္ဘော၊ နာနတ်စသည့် သီးပင်ကြီးများအပြင် ဗူး၊ ဖရုံ၊ သခွား၊ ပြောင်း၊ ခရမ်းချဉ်၊ ဆင်ခရမ်းချဉ်၊ ခရမ်းသီး၊ ရုံးပတီသီး၊ ပဲပြား၊ ခဝဲစသည့် ဟင်းသီးဟင်းရွက်၊ သီးနှံမျိုးစုံကို အိမ်ခြံများတွင် လည်းကောင်း၊ လယ်တောရှိ သစ်ခင်းများတွင်လည်းကောင်း စိုက်ပျိုးကြသည်။ ဆောင်းရာသီထွက်သော မုန်ညင်း၊ မုံလာဥ၊ မုံလာထုပ်၊ ပန်းဂေါ်ဖီစသည့် အသီးအနှံများလည်း ရှိပေသည်။ ဤဒေသရှိ တိုင်းရင်းသားများသည် မြို့ကြီးများမှာကဲ့သို့ ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို မိမိလိုသလို ဝယ်ယူ၍ရသည်မဟုတ်၊ မိမိတို့စိုက်ပျိုးမှသာ စားရပေသည်။ ထို့ပြင် ၎င်းတို့သည် အသီးအနှံများကို အခိကအားဖြင့် စားသုံးကြပေသည်။

ကတူးတိုင်းရင်းသားတို့သည် မိမိတို့စိုက်ပျိုးလုပ်ကိုင်သမျှ သီးနှံအားလုံးကို မိမိတို့အိမ်ထောင်စု ဖူလုံရုံမျှသာ စိုက်ပျိုးကြပြီး ရောင်းဝယ်ဖောက်ကားရန်အတွက်မူ သီးသန့်ရည်ရွယ်၍စိုက်ပျိုးကြခြင်း မရှိပေ။ ထွက်ရှိသမျှ သီးနှံများကို တစ်ဦးနှင့်တစ်ဦး ဝေငှစားသောက်ကြသည်။ အိမ်ထောင်စုတစ်စုလျှင် ပိုင်ဆိုင်ကြသော မြေဧရိယာ နည်းပါးသည့်အတွက် မြေယာမှထွက်ရှိသည့် သီးနှံများမှာ မိသားစုစားသောက်လောက်ရုံမျှသာ ရှိပေသည်။ အကယ်၍ ပိုလျှံသောသီးနှံများ ရှိပါက ရိုးရာပွဲလမ်းများလုပ်လိုသည့်အခါတွင်လည်းကောင်း၊ မင်္ဂလာဆောင်၊ ရှင်ပြု၊ အလှူများ ပြုလုပ်လို၍လည်းကောင်း အကြောင်းတစ်ခုခုရှိမှသာလျှင် စုပေါင်းထမ်းပိုးကာ မြို့သို့ တစ်ခါတစ်ရံ ရောင်းချတတ်ကြသည်။ သာမန်ကိစ္စဖြင့် ထွက်ကုန်သီးနှံများကို ဈေးမြို့သို့ ရောင်းချခဲသည်။ အကြောင်းမှာ လူ၏ ပုခုံးဖြင့်ထမ်းခြင်းကိုသာ အားကိုးနေရသည့်အတွက်ကြောင့်ဖြစ်သည်။ ဤဒေသရှိ လူတို့သည် ငွေကြေးကို အသုံးပြုစရာ မလိုပေ။ လယ်ယာခြံထွက်သီးနှံများ၊ တောလိုက်ရသော သားကောင်များနှင့်ပင် ဝမ်းရေးဖြေရှင်းကြ သည်။ လိုအပ်ပါကလည်း တစ်ဦးကိုတစ်ဦး ရောင်းချခြင်း မရှိဘဲ ဝေငှစားသောက်တတ်ကြ၏။ အများအားဖြင့် ဘုံသဘောစနစ်ပင် ဖြစ်သည်။ စုပေါင်းလုပ်ကိုင်သည်။ စုပေါင်းခွဲဝေစားသည့်သဘောမျိုး ဖြစ်နေပေသည်။ မည်သည့် အရာကို လုပ်လုပ် စုပေါင်းစနစ်ဖြင့်သာ လုပ်ကိုင်ကြသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်ကြသည်။ မရှိအတူ ရှိအတူနှင့် ဘုံဝါဒကျင့်သုံးကြ၍ လူမှုရေးအရ ကောင်းသော်လည်း ပိုလျှံအောင် မစိုက်ပျိုးကြသည့်အတွက် စီးပွားရေးမှာ နောင့်နှေးနေပေသေးသည်။ စားလောက်ရုံ စိုက်ပျိုး၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲမှု ရှိကြသည်။

ထွက်ရှိလာသော ဆန်စပါး၊ ပဲ၊ ပြောင်းစသည့်သီးနှံများကို စပါးကျီများ၊ ဝိုင်း၊ ပုတ်စသည်တို့ဖြင့် သိုလှောင်ထားကြသည်။ ကျေးရွာရှိလူများသည် စပါးကျီများကို အိမ်၏နောက်ဖက်တွင် ဆောက်လေ့ရှိကြသည်။ ထို့ပြင် စပါးကျီကို ခြေတံဖြင့် ခပ်မြင့်မြင့်တည်ဆောက်ထားသည်။ စပါးကျီ၏အောက်တွင် မိမိမွေးလိုသော ဝက်၊ ကြက်စသည်တို့ကို မွေးထားတတ်ကြပေသည်။ စပါးကျီများကို သက်ကယ်မိုး၊ ဝါးထရံခင်း၊ ဝါးထရံကာဖြင့် ပြုလုပ်ထားကြသည်။ ဝိုင်း(ပေါင်)ပုတ်များမှာလည်း ဝါးဖြင့် ခပ်ဝိုင်းဝိုင်း ရက်လုပ်ထားသည်။ ၎င်းတို့သည် တင်း ၁၀၀–၅၀–၂၅ဆန့် စသည်ဖြင့် အမျိုးမျိုးအစားစား ရှိပေသည်။ စပါးကို ကြိတ်ခွဲရာတွင်လည်း သစ်သားဆုံကြီးများဖြင့် လက်ဆုံထောင်းလေ့ရှိကြသည်။ ထို့အပြင် ခြေနင်းမောင်းဆုံတို့ဖြင့်လည်း ထောင်းဖွပ်လေ့ရှိကြ သည်။ အများအားဖြင့် လက်ဆုံ၊ ခြေနင်းမောင်းတို့ဖြင့် ဆန်ဖွပ်ခြင်းကို မိန်းမများကသာ ပြုလုပ်လေ့ရှိကြသည်။ ဆန်ဖွပ်၊ ဆန်ပြာသည့်အခါတွင် ဗမာများကဲ့သို့ပင် ဆန်ကော၊ ဆန်ကာတို့ကိုပင် အသုံးပြုကြပေသည်။ ဤကဲ့သို့ မြောက်မော်ကျေးရွာရှိ ရွာသူ

ရွာသားများသည် မိမိတို့၏ ရိုးရာစွဲလေ့ထုံးစံများကို လိုက်နာလုပ်ကိုင်ဆောင်ရွက်ရင်း မိမိတို့၏ဘဝတွင် ပျော်မွေ့နိုင်ပေသည်။

### (ဂ) တိရစ္ဆာန်မွေးမြူရေး

တိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ရိုးရာနတ်ပူဇော်ပွဲ၌ အသုံးပြုရန်၊ လူမှုရေးဆိုင်ရာ ကိစ္စများအတွက် အသုံးပြုရန်၊ အိမ်မွေးတိရစ္ဆာန်များကို မွေးမြူလေ့ရှိကြသည်။ ဤကဲ့သို့ မွေးမြူထားသော တိရစ္ဆာန်များမှာ အရေအတွက်အားဖြင့် မများလှပေ။ စီးပွားဖြစ် မွေးမြူခြင်း မရှိကြပေ။ အဓိကမွေးမြူထားသော တိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ ဖြစ်ကြသည်။ ကျွဲ၊ နွားတို့ကို ခိုင်းစေရန်၊ ဝန်ထမ်းရန်အတွက်လည်းကောင်း၊ ဝက်၊ ကြက်စသည်တို့ကို သာရေး၊ နာရေးကိစ္စများအတွက် ရည်ရွယ်၍ မွေးမြူကြသည်။ ဤကျေးရွာတွင် နတ်ပူဇော်ပသရာ၌ ကြက်ကို အများဆုံး အသုံးပြုကြသဖြင့် အိမ်တိုင်း ကြက်မွေးလေ့ရှိသည်။

မွေးမြူထားသော တိရစ္ဆာန်များအတွက်မူ သီးသန့်ကုန်ကျစရာ မလိုပေ။ မိမိ၏ကျေးရွာနှင့်အိမ်ပတ်ဝန်းကျင်၌ပင် လွှတ်ထားလေသည်။ ကျွဲ၊ နွားများကိုလည်း သီးသန့်အစာကျွေးမွေးရန် မလိုဘဲ ကျေးရွာအနီးရှိ တောတောင်များတွင် လွှတ်ထားပေသည်။ ကျွဲ၊ နွားများက ရွာအနီး၌ လှည့်လည်ရှာဖွေစားသောက်ကြသည်။ တောထဲတွင် ကျွဲ၊ နွားများကို လူစောင့်မပါဘဲ လွှတ်ထားသည့်အတွက် ပျောက်ဆုံးခြင်းမျိုးလုံးဝမရှိပေ။ ဝက်ကိုမူ သာရေး နာရေး ကိစ္စများတွင်သုံးရန် မွေးမြူကြသည်။ ဝက်စာအတွက် အိမ်မှ စားကြွင်းစားကျန်များ၊ ထမင်းရည် စသည် တို့နှင့် ကျွေးမွေးရုံဖြင့် လုံလောက်ပေသည်။ ဝက်ကိုမူ အိမ်အောက်တွင်ဖြစ်စေ၊ စပါးကျီများ အောက်တွင်ဖြစ်စေ ခြံခတ်၍ မွေးမြူလေ့ရှိကြသည်။ ထိုသို့တိရစ္ဆာန်များကို မွေးမြူထားခြင်းသည် နေ့စဉ် စားသောက်ရန်အတွက် မဟုတ်ပေ။ နေ့စဉ် စားသောက်ရန်အတွက်မူ တောလိုက်၍ရရှိသော အသားများနေ့စဉ် တောထဲမှခူး၍ ရရှိသော ဟင်းသီးဟင်းရွက်များကိုပင် စားသုံးကြသည့်အတွက် မွေးမြူထားသော တိရစ္ဆာန်များကို နေ့စဉ်သတ်ဖြတ်ရန် မလိုပေ။ ပွဲလမ်းသဘင်ရှိသောအခါ၊ နတ်ပူဇော်ပသသောအခါမျိုးတွင်သာ အသုံးပြုလေ့ရှိကြသည်။ ပွဲလမ်းသဘင် အခမ်းအနားကြီးမားလျှင် ကြီးမားသလို၊ သေးလျှင်သေးသလို အသုံးပြုကြသည်။ နတ်ပူဇော်ပသသောအသားများကို ပူဇော်ပြီးပါက စားသုံးလေ့ရှိကြသည်။ ကတူးတိုင်းရင်းသားတို့သည် အရာရာကို ကြက်ရိုးထိုးကြည့်ပြီးမှသာ ပြုလုပ်လေ့ရှိကြသဖြင့် ကြက်ကို ပိုမိုမွေးမြူကြသည်။ ခွေးများကိုမူ အမဲလိုက်သည့်အခါတွင် အသုံးပြုရန် မွေးမြူလေ့ရှိကြသည်။

ဤကဲ့သို့ တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင်သည့်အတွက် သိသာသော အမြတ်အစွန်းရရှိခြင်းမျိုး မရှိပေ။ သို့သော် သွားလာရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အရပ်ဒေသဖြစ်သဖြင့် ရုတ်တရက် အရေးတကြီး နတ်ပူဇော်ပသစရာမျိုး ကြုံလာပါက ထိုကဲ့သို့ မွေးမြူထားမှသာ အဆင်ပြေနိုင်ပေမည်။ ဤကဲ့သို့ တိရစ္ဆာန်မွေးမြူခြင်း အတွက် နိုင်ငံတော်အစိုးရထံမှ အထောက်အပံ့အကူအညီ ရယူခြင်းမျိုးလည်း မရှိပေ။ အဘယ့်ကြောင့်ဆိုသော် စီးပွားဖြစ် မွေးမြူခြင်းမျိုးမဟုတ်ဘဲ တနိုင်မွေးမြူရေးသဘောမျိုးသာ ပြုလုပ်ကြသောကြောင့် ဖြစ်သည်။

### (ဃ) အမဲလိုက်ခြင်း

ကတူးတိုင်းရင်းသားတို့နေထိုင်သော ဤဒေသသည် တော၊ တောင်၊ ရှိုမြောင်၊ စိမ့်စမ်း ထူထပ်ပေါ များသောဒေသဖြစ်၍ အမဲသားကောင် ပေါများသည်။ အမဲလိုက်ရခြင်း၏ ရည်ရွယ်ချက်မှာ စီးပွားဖြစ်အတွက် မဟုတ်ဘဲ စားသုံးရန်အတွက်လည်းကောင်း၊ ဝါသနာအရလည်းကောင်း၊ မိမိတို့၏စိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီး

တတ်သည့် တောကောင်များကို နှိမ်နင်းရန်အတွက်လည်းကောင်း အမဲလိုက်ကြခြင်း ဖြစ်သည်။ အမဲလိုက်ရာတွင် မိမိတို့ကိုယ်တိုင် ပြုလုပ်သော ဒူးလေး၊ မှိန်း၊ လေး၊ လှံ၊ ဓားများ၊ တူမီးသေနတ်များကို သုံးကြသည်။ ထောင်ချောက်များတွင်လည်း ကိုင်းထောင်ချောက်၊ တွင်းထောင်ချောက်၊ ညွှတ်ကွင်းစသည်တို့ကို အသုံးပြုကြသည်။ အမဲလိုက်ရာတွင် တစ်ဦးချင်းသော်လည်းကောင်း၊ လူစုလူဝေးနှင့်သော်လည်းကောင်း လိုက်ကြသည်။

ဤဒေသတွင် ဈေးဟူ၍မရှိသဖြင့် ခြံ၊ ယာထွက်သီးနှံများကိုသာ အားကိုး၍ စားသောက်ကြရသည်။ အိမ်ထောင်စုတစ်စုရှိ ယောကျ်ားဖြစ်သူသည် လယ်ယာလုပ်ငန်းများ အားလပ်သည့်အချိန်တွင် ဟင်းလျာအလို့ငှာ အမဲလိုက်ရသည်။ ယင်းမှာ တစ်ဦးချင်း ဟင်းလျာလိုအပ်သည့်အခါတွင် အမဲလိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ တစ်ဦးတစ်ယောက်တည်း အမဲလိုက်သွားလျှင် "တောခိုးလည်"သည်ဟု ခေါ်သည်။ တောင်ယာလုပ်ငန်းများ အားလပ်၍ ရွာသူရွာသားများ စုပေါင်း၍ အမဲလိုက်သည့်အခါလည်း ရှိလေသည်။ အမဲလိုက်ရာတွင် လေးနှင့်မြားသည် အလွန်ရေးပါလေသည်။ ဒူးလေးတွင် ကိုင်းတိုနှင့်ကိုင်းရှည် နှစ်မျိုးနှစ်စားရှိသည်။ ကိုင်းရှည်မှာ ကိုင်းတိုထက် အဝေးပစ်ခတ်ရန် ပို၍ကောင်းသဖြင့် မုဆိုးများသည် ကိုင်းရှည်ကို အသုံးများသည်။ မြားကိုလည်း မြားတိုနှင့်မြားရှည်ဟူ၍ နှစ်မျိုးရှိသည်။ မြားရှည်မှာ ကောင်းကင်ပစ်ဖြစ်၏။ သစ်ပင်ပေါ်မှ မျောက်၊ ကြောင်၊ မြွေ‌ငန်း စသည်တို့ကို ပစ်ခတ်ကြသည်။ မြားတိုကို မြေပြင်တွင် ကျား၊ ဝက်၊ ပြောင်တို့ကို ပစ်ရာတွင် အသုံးပြုသည်။ ပြောင်၊ တောဝက်၊ ဂျီ၊ ဆတ်၊ ကျားများကို ပစ်ခတ်၍ ဝါးဖြူမြားထိပ်တွင် အဆိပ်ရည်သုတ်ထားသော သံစင့်သွား တပ်ထားသည်။ အဆိပ်လူးမြား၏ အဆိပ်ကိုပြုလုပ်ပုံမှာ တောထဲ၌ရှိသော အဆိပ်ပင်မှ အစေးကို ထုတ်ယူပြီး ပြုလုပ်ရသည်။ အဆိပ်ပင် ကိုးပင်ပြည့်အောင် ရှာ၍ ထိုကိုးပင်၏ အစေးကို ထုတ်ယူပြီး ပြုလုပ်ခြင်းဖြစ်သည်။ အကောင်းဆုံးအဆိပ်မှာ မုဆိုးတို့၏အခေါ်အဝေါ်နှင့် ခေါ်လျှင် "ခန္တီးဖြူ"ဟု ခေါ်သည်။ စင့်သွားတပ်မြားမှာ မှန်လျှင် ကျွတ်မကျနိုင်ပေ။ အဆိပ်လူးထားသဖြင့် ချက်ချင်းပင် အဆိပ်မိ၍ လဲသေနိုင်ပေသည်။ ထို့ကြောင့် အမဲပစ်ခတ်ရာတွင် သေနတ်ထက် လေးမြားက ပို၍ ကောင်းသည်။ အဆိပ်လူးမြားမှန်သော သားကောင်သည် မျက်စိမွဲသွားဖြင့် မုဆိုးများအနီးကပ်၍ လှံဖြင့် ထိုးသတ်နိုင်သည်။ သေနတ်မှန်သော သားကောင်မှာ ချက်ကောင်းမမှန်လျှင် မျက်စိလည်း မွဲမသွားသဖြင့် လူကို ရန်ရှာတတ်ပေသည်။ မုဆိုးများကို အနားကပ်မခံဘဲ လူကိုပြန်လည်အန္တရာယ်ပြုတတ်ပေသည်။ ဆိပ်လူးမြားမှာ သွေးရှိသော ခန္ဓာကိုယ်၏ မည်သည့်နေရာကိုထိထိ သေနိုင်သည်။ ထို့ကြောင့် ဆိပ်လူးမြားနှင့် ဒူးလေးကို ပိုမို အသုံးပြုကြသည်။ ဆိပ်လူးမြား ထိမိသောလူကို ဖြေဆေးပေး၍ရသည်။ ဖြေဆေးမှာ တီကောင်ကို နယ်ချေပြီး ရေနှင့်ဖျော်တိုက်ရင် မသေဟုဆိုသည်။

စုပေါင်းအမဲလိုက်သည့်အခါတွင် တောချောက်ခြင်းကို အသုံးပြုသည်။ တစ်ဦးတည်း အမဲလိုက်သောအခါတွင်မူ တောချောက်ခြင်းကို အသုံးမပြုကြချေ။ စုပေါင်းအမဲလိုက်သောအခါတွင် အဖွဲ့ကို ဝါရင့်သော အတွေ့အကြုံများသူက ဦးဆောင်သည်။ အမဲလိုက်ရာတွင် လက်မဖြောင့်သူများက ခွေးများနှင့် တောချောက်ပေးကြပြီး လက်ဖြောင့်သူများက သေနတ်နှင့်စောင့်၍ ပစ်ကြသည်။ တောချောက်လိုက်သည့်အခါ တောကောင်များ ကြောက်လန့်၍ ပုန်းအောင်းနေရာမှ ထွက်ပြေးလာကြလျှင် အသင့်စောင့်နေသူများက တောကောင်လာမည့်လမ်း၌ တွင်းများ၊ ထောင်ချောက်များ၊ မောင်းများကို ပြုလုပ်ကာ ဖမ်းယူကြသည်။ တောချောက်သည့်အခါတွင် အရမ်းမအော်ရပေ။ တောမောင်းသောသူနှင့် ရန်သူတွေ့နေသည့်အခါတွင် အရမ်းမအော်ရပေ။ တောမောင်းသူနှင့် ရန်သူတွေ့နေလျှင် ဘေးကလူများက သတိနှင့်နေရသည်။ သားကောင်နှင့်တောချောက်သူ ပက်ပင်းတိုး၍ သတ်ပုတ်စဉ် သားကောင်ကို ပစ်သော ကျည်ဆံက သားကောင်ရော လူကိုပါထိတတ်သည်။ ထို့ကြောင့် အထူး သတိထားရသည်။

ဤကဲ့သို့ စပေါင်းအမဲလိုက်၍ ကြီးမားသော သားကောင်ရရှိလျှင် အညီအမျှ တစ်စုစီခွဲဝေယူရသည်။ သားကောင်ငယ်လျှင်မူ အပျော်သဘောနှင့် ခွဲဝေစားပစ်ကြသည်။ အမဲလိုက်ရာတွင် သားကောင်ကိုလုပြီး မပစ်ရပေ။ သားကောင်ထွက်ပြေးလာမည့်နေရာနှင့် အနီးဆုံးလူက ပစ်ရပေသည်။ သားကောင်ကို သေအောင် ကိုယ်တိုင်ပစ်နိုင်သူအား ဝေစုအပြင် ပစ်ခအဖြစ် ခေါင်းတစ်လုံးပိုပေးရသည်။ သားကောင်းသည် ဆတ်ဖြစ်ပါက ခေါင်းဖြတ်ပေးသည့်အခါ "ဆတ်လည်ဖြတ်" ပေးရသည်ဟု ဆိုသည်။ အကြောင်းမှာ ဆတ်၏လည်ပင်းသည် ရှည်သဖြင့် မည်သည့်နေရာက ဖြတ်ရမည် ဆိုသည်ကို ခွဲခြားသိနိုင်စေရန် ဆတ်တို့၏ လည်တွင် အနာကဲ့သို့ဖြစ်နေသော နေရာရှိသည်။ ထိုနေရာမှ ဖြတ်ရမည်။ ယင်းကို "ဆတ်လည်ဖြတ်"ဟု ခေါ်ကြသည်။ သားကောင်သည် ဂျီ၊ ဝက်တို့ဖြစ်ပါက "နားရွက်တပြန်"ပေးရသည်ဟု ဆိုသည်။ ၎င်းမှာ ဂျီ၊ ဝက်တို့၏ နားရွက်နောက်ဖက်သို့ လှန်ချရ သည်။ နားရွက်အဖျားဆုံးသည့်နေရာမှ ဖြတ်ရမည်ဟု ဆိုလိုပေသည်။ တောလိုက်ရာတွင် ခွေးပါလာပါက ခွေးအတွက်ပါ ဝေစုတစ်ခု ခွဲပေးကြရသည်။ မြားပစ်ပေးရသောသူအား အဆိပ်ခကို ဆယ်ခိုင်တစ်ခိုင်ပေးရသည်။ ထို့အတူ ယမ်းဖိုး ခဲဖိုးစသည်ဖြင့် ဝေစုခွဲပေးရသည်။ တောမောင်းပေးသူအား ခြေထောက်စသည်ဖြင့် ခွဲပေးရလေသည်။ သားကောင်ရ၍ ဝေစုခွဲသည့်အခါတွင် ရွာ၏အပြင်ဘက် တောထဲမှာပင် ခွဲဝေယူကြသည်။ ထိုကဲ့သို့ မှုဆိုးအဖွဲ့ အမဲကောင်ကို ခွဲဝေနေစဉ် လမ်း၌ ခရီးသွားဧည့်သည်များ လာပါက ဝင်စားခိုင်းရသည်။ ဧည့်သည်ပြန်သွားသည့်အခါတွင်လည်း ဘုံထဲမှ ဧည့်သည်အတွက် ဝေစုပေးလိုက်ရ၏ တစ်ယောက်ဖြစ်လျှင် ဝေစုတစ်စု၊ နှစ်ယောက်ဆိုပါက နှစ်စုပေးရသည်။ ထိုသို့မပေးလိုက်ပါက နောက်တစ်ကြိမ် အမဲလိုက်လျှင် အမဲမရတတ်ဟု အဆိုရှိပေသည်။ သို့သော် အမဲမရမည်စိုး၍ ပေးခြင်းထက် သူတစ်ပါးအား ပေးကမ်းလိုသောစိတ်ရင်းစေတနာကြောင့် ဖြစ်သည်။

ကတူးကို့သည် တစ်ဦးနှင့်တစ်ဦး သွေးရင်းညီအစ်ကို ပမာသဘောထားကြသည့်အတွက်လည်း ရလာသည့် စားနပ်ရိက္ခာကို ခွဲဝေစားသုံးကြခြင်းဖြစ်သည်။ ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ရွာနှင့်တစ်ရွာ ရင်းနှီးချင်ခင်မှုကို ဖြစ်ထွန်းစေသည်။

အမဲလိုက်သည့်အခါ တစ်ယောက်ထဲ၊ နှစ်ယောက်ထဲသွားသည်မျိုးလည်း ရှိပေသည်။ တိရစ္ဆာန်များ စားတတ်သော သစ်ပင်များအနီးတွင် လင့်စင်ထိုးပြီး ညအိပ်စောင့် ပစ်ယူလေ့ရှိကြသည်။ ဆတ်များသည် ဆားကို စားသည့်အတွက် ဆားတွင်းနေရာများတွင်လည်းကောင်း၊ ဆားကိုတမင်ထား၍လည်းကောင်း ဆတ်များကို စောင့်၍ ပစ်တတ်ကြသည်။ (ဂျီ)ပစ်မည့်သူသည် ဂျီကြိုက်တတ်သည့် ဆီးဖြူ၊ ဖန်ခါး၊ ငွေးသီးစသည့်အပင်များအောက်၌ သစ်ကိုင်းသစ်ခက်များဖြင့် ခြုံဖုတ်ပြုလုပ်ပြီး ပုန်းအောင်းနေရသည်။ ဂျီလာသောအခါမှ ဆိပ်လူးမြားဖြင့် ခြုံဖုတ်အတွင်းမှ ချောင်း၍ပစ်ရသည်။ ဒရယ်ပစ်ရာ၌ မီးအုပ်ဆောင်း၊ ခြူ၊ ဒူးလေး၊ ဓား၊ လှံများကို အသုံးပြုရသည်။ ဒရယ်ပစ်မည့်သူသည် ခြေသံမကြားရန် ခြူသံပေးရသည်။ ခြူသံက ခြေသံကိုလွှမ်းပြီး၊ ဒရယ်သည် ခြူသံကို နားထောင်နေစဉ် မီးဖြင့်ထိုးပြီး မီးကစားပေးရသည်။ မီးထိုးသဖြင့် ဒရယ်မပြေးတတ်၍ ဝပ်ချလိုက်သည့်အခါတွင် လက်ဖြောင့်သူက ဒူးလေးနှင့်ပစ်ရသည်။ အချို့က မီးထိုးပြီး မီးရိပ်ကိုနင်း၍ အနီးကပ်လှံဖြင့်ထိုးသည်။ တောဝက်ကိုမူ အသိုက်၌ဝင်၍ လှံဖြင့်ထိုးရသည်။ ဝက်ထိုးလှံမှာ တစ်တောင်ခန့်ရှည်ပြီး လက်လေးသစ်ခန့် ထစ်ထားသော အထစ်နှစ်ခု တစ်ဖက်တစ်ချက်၌ ပါသည်။ ဝက်ကိုလှံဖြင့်ထိုးရာ၌ ဝက်၏ကိုယ်အလယ်ပိုင်းဆီသို့ တအားကုန် ထိုးရသည်။ လှံချက်ထိလျှင်အော်၍ နှစ်ဖာလုံမှ တစ်မိုင်ခန့်အထိ လှံတန်းလန်းဖြင့် ထွက်ပြေးသည့်အခါ ခွေးများဖြင့် လိုက်ရသည်။ မထိုးမိတွေ့ပါက လူကို ရန်မူတတ်သည်။

အမဲလိုက်၍ရရှိသော တောကောင်များမှာ တောဝက်၊ တောင်ဆိတ်၊ ပြောင်၊ ဝက်ဝံ၊ ဆတ်၊ ဂျီ၊ ဖြူ ရစ်၊ မျောက်၊ ဖွတ်၊ ပုတတ်၊ ကြောင်မြီးကောက်၊ ဝံမြီးကောက်၊ တောကြောင်၊ လင်းမြွေ၊ စပါးကြီးမြွေ၊ ငန်းတော်ကြားစသည့် တောတိရစ္ဆာန်များနှင့် ငှက်အမျိုးမျိုး စသည်တို့ ဖြစ်သည်။ ဝက်ဝံများမှာ တောင်ယာ စိုက်ခင်းများကို ဖျက်ဆီးတတ်သဖြင့် ပစ်ခတ်ဖမ်းဆီးပြီး အသားကို စားသုံးကြသည်။ ဝက်ဝံအဆီများကိုမူ ဆေးဝါးအဖြစ် အသုံးပြုကြသည်။

အမဲကောင်ကြီးများ ရရှိလာလျှင် မီးမြှိုက်ပြီးမှ ခွဲဝေယူကြသည်။ အစိမ်းလိုက် အမဲမဖျက်ကြပေ။ ဂျီကောင်များ၏ အရေခွံကို မီးမြှိုက်ရသည်။ အမွေးအမျှင်များကို စင်ကြယ်သွားအောင် လုပ်ရသည်။ သားကောင်၏ ခေါင်းပိုင်းရလျှင် တန်ဖိုးရှိသော သမင် ၊ ဒရယ်၊ ဆတ်၊ ဂျီများ ရောင်းချပြီး ခွဲဝေယူကြသည်။ အိမ်တွင် အလှအနေ ဖြင့်လည်း ချိတ်ဆွဲတတ်ကြသည်။ စပါးကြီးမြွေမျိုး၏ သည်းခြေများကိုမူ အခြောက်ခံပြီးမှ ခွဲဝေယူကြသည်လည်း ရှိသလို ရောင်းပြီးမှ ငွေကို ခွဲဝေယူကြသည်လည်းရှိသည်။ တောင်ဆိတ်၏ချို၊ လျှာ၊ အရိုး၊ ခွာတို့ကို ဆေးကုရာ တွင် ကောင်းသည့်အတွက် အသုံးပြုကြသည်။ အကြောထုံး၊ အကြောနာ၊ ခြေဆစ်နာ၊ အရိုးနာဒဏ်ရာများကို တောင်ဆိတ်ရိုးနှင့် ဆန်ဆေးရည်သွေးပြီး လိမ်းပေးရသည်ဟုဆိုသည်။ တောင်ဆိတ်၏ခွာနှင့် ဦးနှောက်ကို ဆေးဖော်ရသည်။ ဝက်ဝံသည်းခြေကို ကိုယ်ရေပြားရောဂါအတွက် အသုံးပြုကြသည်။ ကျားစွယ်၊ ကျားသည်းခြေ၊ ကျားလက်သည်းကို ကလေးများ ရောဂါကင်းစင်ရန် လက်၌ ဝတ်ဆင်လေ့ရှိကြသည်။

ကတူး တိုင်းရင်းသားတို့သည် အမဲလိုက်ခြင်းနှင့်ပတ်သက်၍ ယုံကြည်ကျင့်သုံးရသော ရှောင်ခလေ့ များရှိကြသည်။ အမဲလိုက်သွားမည်ဆိုလျှင် အော်ပြီးလှမစရပေ။ နီးစပ်ရာကို တိုးတိုးပြောပြီး သွားရသည်။ အမဲလိုက် သွားရန် ရည်ရွယ်၍သွားစဉ်လမ်း၌ ငါးမျှားရ၊ သူများသီးခင်းကို ပိုင်ရှင်မသိဘဲ ဝင်မစားရ၊ တော လိုက်လျှင် အန္တရာယ်ရှိတတ်သည်ဟု ယုံကြည်ကြသည်။ မုဆိုးသည်လည်း လမ်းသွားရင်း မြွေကို တွေ့ပါက သေ အောင် ရိုက်ပစ်ရသည် မြွေရလျှင် ထမ်းပိုးရသည်။ လိပ်ရလျှင်–စဉ်းတုံးရသည်ဟု နိမိတ်ကောက်ပြီး ကောင်းသော နိမိတ်ဖြစ်သည်။ သားကောင်ရမည်ဟု ယုံကြည်ကြသည်။ သားကောင်ကို တောမောင်းသည့်အခါ သားကောင်သည် ရှေ့ဆက်မပြေးဘဲ တောချောက်သည့်သူဘက်သို့ နောက်ကြောင်းပြန်ပြေးလာလျှင် ဦးမကျိုးဘူးဟုခေါ်သည်။ ၎င်းမှာ အမဲလိုက်သွားရန် လမိုင်းတင်စဉ်က မကောင်းခဲ့သည့်အတွက်ဖြစ်သည်ဟု ယူဆသည်။ ထိုအခါ လမိုင်း ပြန်တင် ရလေသည်။

အိမ်တွင်ကျန်ခဲ့သော မိန်းမသည် ယောကျ်ားတောထွက်မသွားခင် အတိတ်နိမိတ်မရှိသော စကား မပြောရ။ ပြောလျှင် "နှုတ်သီးစုန်း"ဖြစ်တတ်သည်ဟု ခေါ်သည်။ ထိုအခါ မုဆိုးမှာ အမဲမရ၊ အန္တရာယ်ကြုံတတ် သည်ဟု ယူဆယုံကြည်ကြသည်။ ကျေးရွာတွင် မင်္ဂလာဆောင်(သို့) လူကြီးမိဘများ မသိသေးသည့် အပျို၊ လူပျို အတွဲများရှိလျှင် မုဆိုးတောလိုက်သည့်အခါ လာဘ်တိတ်တတ်သည်။ ထို့ကြောင့် ခဲဖိုးအဖြစ်၊ ကြက်တစ်ကောင် (သို့) ကြက်ဥ (သို့) ဆန်လက်တစ်ဆုပ် ပေးရသည်။ မပေးပါက မုဆိုးကိုယ်တိုင် ခိုးယူရလေသည်။ သစ်စေး ရှာသော သူနှင့် မုဆိုးလမ်းခရီး၌ တွေ့ဆုံပါက မုဆိုးသည် သစ်ဆေးရှာသောသူအား အမဲကောင်ပေးပါဟု တောင်း ဆိုရသည်။ ထိုအခါ သစ်စေးဆရာက စတိသဘောနှင့်သစ်ကိုင်းတစ်ခုခု ချိုးပေးခဲ့ရသည်။ သစ်စေးဆရာသည် ဤတောသို့ဝင်စဉ်ကတည်းက နယ်ပိုင်၊ ပယ်ပိုင်တို့အား ပူဇော်ပသထားပြီး ဖြစ်သဖြင့် ပိုင်ရှင်ကဲ့သို့ ဖြစ်နေပေပြီ။ ထို့ကြောင့် နောက်မှလာသော မုဆိုးသည် သူ့နယ်ထဲ ဝင်မိသလိုဖြစ်နေသဖြင့် ပိုင်ရှင်ဖြစ်သော သစ်စေးဆရာထံတွင် မုဆိုးလိုက်ခွင့် တောင်းရခြင်း ဖြစ်၏။ မတောင်းပါက ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံရတတ်သည်ဟု ယူဆပေသည်။

မုဆိုး၏ဖနိး (သို့) အိမ်သားတစ်ဦးသည် ကိုယ်ဝန်ဆောင်ရှိနေပါက မုဆိုးတောလိုက်လျှင် အမဲကောင်လုံးဝမရဟု ယုံကြည်နေပေသည်။ တောထဲတွင် တောကောင်ကိုတွေ့ပါက တောကောင်၏နာမည်ကို မခေါ်ရပေ။ မြားသေနတ်မှန်လျှင်လည်း မှန်ပြီဟုမအော်ရပေ။ ညအခါတွင် အမဲလိုက်၍ တောထဲသို့သွားလျှင် တစ်ခါတစ်ရံ တောချောက်ခံရသကဲ့သို့ လူအော်သံလိုလို၊ လေတိုက်သံလိုလို ကြားရတတ်သည်။ တောလူနှင့်တွေ့သည့်အခါတွင်လည်း မီးဖိုထဲ၌ ဂျင်း၊ ကြက်သွန်ဖြူထည့်ထားပါက ကြောက်ရွံ့ပြီး အနားမကပ်ရဲဟု ယုံကြည်ထားကြသည်။

မုဆိုးသည် အမဲလိုက်မသွားခင် မုဆိုးနတ်၊ လမိုင်းနတ်ကို ပူဇော်ပသရ၏။ မုဆိုးလမိုင်း မတင်ခင်တွင် တောစာ၊ ရွာစာကို အရင်ပစ်ရပေသည်။ ထမင်းကိုလက်ဝဲ၊ လက်ယာတစ်ဖက်စီတွင် ထမင်းကို ဖက်နှင့်ထုပ်ပြီး အမဲမရအောင် ဖျက်ဆီးမည့်ရွာထဲမှ အနှောင့်အယှက်များ မလိုက်လာနိုင်အောင် လည်းကောင်း၊ သားကောင်ရပါစေစသည်ဖြင့် ရည်ရွယ်ပြီးတစ်နေရာတွင် ထားခဲ့ရသည်။ ထို့နောက်မှ မုဆိုးလမိုင်း တင်ရသည်။ ထိုကဲ့သို့ လမိုင်းတင်သည့်အခါတွင် ကျေးရွာအပြင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်တွင် စင်ရိုက်၍ ပူဇော်ပသရသည်။ ထိုသို့ ပူဇော်သည့်အခါတွင် မုဆိုးနတ်၊ ခြေတော်၊ လက်တော်ဆေးရန်၊ သောက်ရန် ဝါးကျည်ထဲ၌ ရေကိုထည့်၍ လည်းကောင်း၊ ကြက်သား (သို့) ကြက်ဥပြုတ်၊ ထမင်း၊ လက်ဖက်ခြောက်၊ ဆေးခေါင်းစသည်တို့ကိုတင်၍ ပူဇော် ပသရသည်။ လမိုင်းတင်သည့်အခါတွင် ဆုတောင်းပုံမှာ–

" လူကိုသစ်တုံး၊ တောင်ပို့ကဲ့သို့ မှတ်ပါစေ "

" လူအနံ့ကို ပန်းနံ့ကဲ့သို့ မှတ်ပါစေ "

" လေးကို နွယ်ကြိုးကဲ့သို့ မှတ်ပါစေ "

" ပစ်လိုက်လျှင် ဒိုင်းကနဲ ဗိုင်းကနဲ လဲပါစေ "

" အရိုး တောင်လိုပုံ၊ သွေး ချောင်းလိုစီး၊ အသား ဖောက်သည် ၉၉–ကျိပ် ရောင်းလို့မကုန်ရှိပါစေ"

" လမိုင်း အရှင်သခင်ကြီး၊ ခြေတော်ဆေး၍ – မ,တော်မူပါ၊ လက်တော်ဆေး၍ စားတော်မူပါ၊ လမိုင်းအရှင်သခင်ကြီးဘုရား" ဟူ၍ ဆုတောင်းကာ ပူဇော်ရပေသည်။

ထို့အပြင် အမဲလိုက်သွားမည့်အခါတွင် မိမိ၏လမ်းခရီး၌ အန္တရာယ်ရှိမရှိကိုလည်းကောင်း၊ အမဲကောင်ရမရကိုလည်းကောင်း သိရှိစေရန် ကြက်ရိုးထိုးကြည့်ရလေသည်။ ကြက်ရိုးထိုးကြည့်၍ ကောင်းမကောင်းသိရှိသောအခါမှသာ တောသို့ဝင်လေ့ရှိပေသည်။

ထိုကဲ့သို့ တောလိုက်ရာမှရရှိသော သားကောင်များ၏သားရေကိုခွာ၍ ကောင်းစွာ အခြောက်လှန်းကြသည်။ အသားများကို မီးဖိုပေါ်၌ အခြောက်လှန်းကြသည်။ ထို့အပြင် အသားချဉ်များ ပြုလုပ်၍လည်း သိုလှောင်ထားတတ်ကြသည်။ ထိုကဲ့သို့ အသားချဉ်၊ အသားခြောက်တို့ကို ဧည့်သည်များ လာရောက်သောအခါတွင် ဖြစ်စေ၊ ကျွေးမွေးလေ့ရှိပေသည်။

**ပျားဖွပ်ခြင်း**

ကတူးတို့သည် အုပ်စုအလိုက် တောလိုက်ခြင်းများရှိသလို၊ ပျားကိုလည်း အုပ်စုလိုက် ဖွပ်ကြပေသည်။ နွေအခါတွင် အုံဖွဲ့တတ်သော နွေပျားနှင့်မိုး၌ အုံပြုလုပ်သော မိုးပျားဟူ၍ ရှိသည်။ ပန်းကန်ခွက်ယောက်အစုံအလင်ဖြင့် ပျားဖွပ်ရန် တောနက်ထဲသို့ လာရပေသည်။ ပျားဖွပ်သည့်လမှာ နွေရာသီ ဧပြီလ ဖြစ်သည်။ ပျားဖွပ်သူများသည် ပျားကျတတ်သော ရှိုမြောင်တောင်ကမ်းပါးယံများတွင် စခန်းချတတ်ကြသည်။ နေ့လယ်ဘက်တွင်

ပျားအုံများကို ရှာဖွေတတ်ပြီး ညအခါမှသာ ပျားဖွပ်တတ်ကြသည်။ ပျားအုံကြီး တစ်အုံ၏ အရွယ်မှာ အလျား ၄'၊ အနံ ၃' အထိ အရွယ်အစား အမျိုးမျိုးရှိပေသည်။ ပျားစွဲတတ်သည့် အပင်ကြီးများမှာ – အင် ကညင်ပင်ကြီးများ၊ ညောင်ပင်ကြီးများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ အပင်တစ်ပင်ထဲ၌ ပင်ပျားအုံပေါင်း များစွာ စွဲနေတတ်သည်။ ၎င်းကို ပျားစွဲညောင်ဟု ခေါ်ပေသည်။

ပျားဖွပ်မည့်သူသည် သစ်ပင်တက် ကျွမ်းကျင်ရခြင်း၊ စွန့်စားရခြင်း၊ ပျားအကြောင်း နားလည်ရခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံရသည်။ ထိုအရည်အချင်းနှင့် ပြည့်စုံသူကို "အပေါ်လူ" ပျားဖွပ်သင်ခါစလူကို "အောက်လူ"ဟု ခေါ်သည်။[၁] အပေါ်လူခိုင်းသမျှ အောက်လူက လုပ်ပေးရသည်။ ညအချိန်တွင် ပျားဖွပ်မည့်သူတို့သည် ပျားဖွပ်ရန် ပျားစွဲနေသော သစ်ပင်ကြီးတစ်ပင်အောက် မြေပြင်တွင် မီးဖိုရသည်။ အပေါ်လူသည် ခါးတွင် ကြိုးကိုချည်နှောင်၍ ဓားကိုပါးစပ်ဖြင့် ကိုက်ခါတက်ရသည်။ တက်ရန် ခက်ခဲပါက စို့ရိုက်၍ တက်သွားရသည်။ ပျားအုံအနီးသို့ရောက်သောအခါတွင် အောက်လူအား အချက်ပေးလိုက်သည်။ အောက်လူက မီးညှိထားသော မှိုင်းထုပ်ကို ချိတ်ဖြင့်တပ်၍ ကြိုးစမှာ ချည်ပေးလိုက်သည်။ အပေါ်လူက ကြိုးစကို ဆွဲပြီး ပျားအုံ အနီး၌ ချိတ်ဆွဲပေးလိုက်ရသည်။ မှိုင်းနံ့ကြောင့် ပျားများမူး၍ လုံးထွေးကျလာပေသည်။ ထို့နောက်မှ ပျားတက်သူသည် ပျားအုံကို ဓားနှင့်ခြစ်ခွာရသည်။ ပျားတို့သည် မူးနေသဖြင့် မကိုက်နိုင်ကြပေ။ သေလည်း မသေပေ။ ပျားတတ်သူကိုလည်း မကိုက်နိုင်၊ မိမိအုံရှိရာသို့လည်း ပြန်မလာနိုင်ပေ။ အောက်လူက ပျားထည့်ရန် ခြင်းကိုချိတ်တွင် ပြန်လည် တပ်ဆင်ပေးရပြန်သည်။ အပေါ်လူကလည်း ကြိုးကိုဆွဲယူပြီး ခြင်းထဲသို့ပျားထည့်ပေးလိုက်ရသည်။ ထို့နောက် အပေါ်လူသည် သစ်ပင်မှ ဆင်းခဲ့ရပေသည်။

အပေါ်လူမြေပြင်သို့ မရောက်မချင်း အောက်လူသည် ပျားရည်ကို မလျက်ရ၊ လျက်လျှင် အပေါ်လူကို ပျားတုတ်သည်ဟု အယူရှိသည်။ အပေါ်လူက ပျားရည်လျက်လျှင် အောက်လူကို ပျားတုတ်သည်ဟု ဆိုပေသည်။ ပျားဖွပ်ရာတွင် ယုံကြည်စွဲလမ်းမှုရှိကြသည်။ မှိုင်းမီးထုပ် စည်းရာတွင် ဓားကို အရင်းအဖျား မမှားရပေ။ မှားလျှင် ပျားတက်သူကို ပျားတုပ်တတ်သည်ဟု ဆိုသည်။ ပျားဖွပ်ရာတွင် သစ်ပင်မှကျတတ်သည်ဟု ယုံကြည်သည်။ ပျားဖွပ်ခြင်းလုပ်ငန်းသည်လည်း အခန့်မသင့်လျှင် အန္တရာယ်ရှိသော လုပ်ငန်းပင်ဖြစ်၏။

ကတူးတိုင်းရင်းသားတို့သည် ရရှိလာသော ပျားရည်ကို ပျားဖွပ်ရာတွင်ပါသည့် အဖွဲ့ဝင်အားလုံး ညီတူညီမျှ ခွဲဝေယူကြသည်။ တစ်ဦးနှင့်တစ်ဦး တွက်ကပ်သည့်စိတ်ထားမျိုးမရှိပေ။ အများစုပေါင်း၍ ဝိုင်းလုပ် ဝိုင်းစားသည့် ဓလေ့မျိုးပင် ဖြစ်သည်။

**ပဒူဖွပ်ခြင်း**

ပဒူဖွပ်ခြင်းကိုလည်း သီးသန့်လုပ်ကိုင်လေ့ရှိကြသည်။ ပဒူကို ဩဂုတ်လနှင့် စက်တင်ဘာလတွင် ဖွပ်ကြသည်။ ထိုလများတွင် ပဒူအဆံပြည့်ချိန်ဖြစ်သည်။ ပဒူများကို ဆွဲပဒူ၊ ပဒူနက်၊ ပဒူနီ၊ ဝက်ချေးပဒူဟူ၍ ရှိပေသည်။ ပဒူနက်တွင် ဆာပါခြံနှင့်ခါးဝါဟူ၍ နှစ်မျိုးခွဲထားသည်။ ယင်းတို့မှာ မြေအောင်း ပဒူများ ဖြစ်ကြသည်။ ပဒူနီသည်လည်း မြေအောင်းပဒူဖြစ်၍ ပဒူနက်လောက် မကြီးပေ။ ဆွဲပဒူများသည် ပဆုပ်ပနီနှင့် ဗိုင်းတောင့်ပြောက်များ ဖြစ်ကြသည်။ ပဒူနက်နှင့်ပဒူနီတို့မှာ တွင်းအောင်းပြီးအဆိပ်အပြင်းဆုံး ဖြစ်သည်။ ပဒူနက်အုံသည် ၁၄–၁၅ပိဿာခန့်ရှိတတ်သည်။ ပဒူကောင်မှာလည်း အရှည် ၂" ခန့်၊ လူ၏လက်ညှိုးခန့် ရှိသည်။

---

၁။ အကိုဇော လေ့လာမိသမျှ ကတူးကနန်းဒေသ။ စာ–၆၀

ပဒုနီအုံမှာ ၁၂ပိဿာခန့်ရှိတတ်ပြီး အကောင်အရွယ်အစားမှာ လက်သန်းခန့် ရှိတတ်ပေသည်။ ပဒုတို့သည် မြေကျင်းကြီးများထဲတွင် အုံဖွဲ့နေကြသည်။ အပြင်ဘက်၌ မြေကျစ်စာတစ်တင်းရှိလျှင် မြေကြီးထဲ၌ ပဒုဆံ တစ်တင်းရှိသည်ဟု ခန့်မှန်းရသည်။ မြေပဒုအုံကြီးလျှင် ကျွဲ၊ နွား၊ လူတို့ပင် အနီးသို့ အကပ်မခံပေ။ ပဒုအုံတွင် ကင်းစောင့်နေသော ပဒုများရှိကြသည်။ ရန်သူလာလျှင် ကင်းစောင့်ပဒုက အချက်ပေးလိုက်၍ ပဒုအားလုံး လာရောက်တိုက်ခိုက် ကြတော့သည်။ ပဒုဆိပ်သည် ဖင်တွင်ရှိ၍ ဓါးပင်မှ ဓါးဆူးခန့် ရှည်သည်။ ထိုအဆိပ်ဆူးသည် ပျားကောင်များကဲ့သို့ ရန်သူကို တစ်ခါတုပ်ပြီးလျှင် ကျွတ်ကျမကျန်ခဲ့ပေ။ ရန်သူအား အကြိမ်ကြိမ် တုပ်သော်လည်း အဆိပ်တံ မကျိုးပေ။ အဆိပ်ဖြင့်ထိုးပြီးနောက် ပွတ်လှည့်လိုက်ခြင်းကြောင့် အထုပ်ခံရသူမှာ အလွန်နာကျင်လှပေ သည်။ ပဒုအတုပ်ခံရလျှင် ချက်ချင်း ဖျားလာသည်။ ရောင်လာသည်၊ ပဒုအဆိပ်ကို အခြားဆေးများလိမ်း၍ မရပေ။ တီကျစ်စာမြေခဲနှင့် တံတွေးရောစပ်၍ လိမ်းမှသာ အဆိပ်ပြေသည်။ ကိုယ်ဝန်ဆောင် ကျွဲ၊ နွားမိန်းမတို့ကို ပဒုတုပ်လျှင် ကိုယ်ဝန် ပျက်ကျတတ်သည်။

ပဒုကိုရှာဖွေရန်အတွက် ငါးရံ့ငယ်တစ်ကောင်ကို ဝါးလုံးအဖျားတွင် ညှပ်၍ တောထဲ၌ လျှောက်သွား ရသည်။ ပဒုသည် မျက်စိလျင်၍ အနံ့ခံကောင်းသည်။ ငါးရံ့ကို အလွန်ကြိုက်၏။ ငါးကိုတွေ့လျှင် ဝါးလုံးအဖျားသို့ ထိုးဆင်းလာပြီးလျှင် ငါးကို ကိုက်ဖြတ်စားတော့သည်။ ထိုအခါ ငါးရံ့ကိုစားနေသော ပဒုကောင်ကို စီစဉ်ထားသော ငှက်ပျောလျှော်ကြိုးဖြင့် ချည်ပေးလိုက်သည်။ လျှော်ကြိုး၏အစတွင် ဝါးအတွင်းမှ အကာဖြစ်သော ဝါးဖတ်အခွံကလေးကို ချည်နှောင်ထား၏။ ထို့နောက် ပဒုပျံသန်းသွားရာ နေရာကို ထိုဖက်စကလေးကိုကြည့်ရင်း ခြေရာခံ၍ ရပေသည်။ ပဒုသည် အစာကိုရသောအခါ မိမိအုံရှိရာသို့ ပြန်သွားသည်။ ဤသို့လိုက်လံကြည့်ရှု၍ ပဒုအုံရှိ ရာကို ခန့်မှန်းနိုင်ပြီး ပဒုအုံကိုရှာဖွေတွေ့ရှိနိုင်သည်။ ပဒုအုံကိုတွေ့ပြီးနောက် အနီးကပ် ချဉ်းကပ်ကာ ပဒုအုံ၏ ဝင်ပေါက်ထွက်ပေါက် စသည်တို့ကို မှတ်သားထားရသည်။ ညရောက်သောအခါ ပဒုအုံပေါ်သို့ ရေဖျန်းပေးရသည်။ မိုးရွာပေးဟန် ပြုလုပ် ရသည်။ သို့မှသာ ပဒုများမြေတွင်းထဲသို့ ပြေးသွားတော့သည်။ ဤတွင် ပါလာသော ရွှံ့စေး များဖြင့် ဝင်ပေါက် ထွက်ပေါက် အားလုံးကို ပိတ်ဆို့ကြရသည်။ ပဒုများသည် ပျားကဲ့သို့ မူးအောင်လုပ်ပြီးလျှင် ပြန်လွှတ်၍ မရပေ။ သေသည်အထိ မှိုင်းထိုးကြရသည်။ မှိုင်းထုပ်မှ မီးခိုးငွေ့များကို တွင်းထဲသို့ ဝါးပြောင်းဖြင့် မှုတ်သွင်းရသည်။ တွင်းထဲသို့ ပဒုတို့၏ တောင်ပံခတ်သံများ တိတ်သွားသည်အထိ မှိုင်းငွေ့များကို သွင်းကြရသည်။ တစ်ကောင်မကျန် သေမှအသံတိတ်သွားသည်။ ထိုအချိန်တွင် တွင်းကိုပေါက်ပြား၊ တူးရွင်းများဖြင့် တူးဖော်ယူကြရသည်။ ထိုအခါမှ အတွင်း၌ ပဒုဆံအပြည့်ရှိသော ပဒုသလက်များကို ရရှိသည်။

ရရှိသော ပဒုသလက်များကိုယူ၍ ပေါင်းတင်ရသည်။ ရေနွေးငွေ့ကြောင့် ပဒုဆံများ ကျက်သွားပြီးလျှင် နို့ရည်များ ခဲသွားသောအခါ အဆံများမှာ ချောင်လာသည်။ အသာခါချလိုက်လျှင် ပဒုဆံများ ထွက်ကျလာသည်။ ပဒုဆံမှာ နွားနို့၊ ကျွဲနို့ခဲများကဲ့သို့ ကောင်းသည်။ ပဒုဆံကို ကိုယ်ဝန်ဆောင်များ ရှောင်ကြဉ်ကြသည်။ စားလျှင် ကိုယ်ဝန်ပျက်တတ်သည်ဟု အယူရှိကြသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ စီးပွားရေးလုပ်ငန်းဆောင်တာများသည် အများ အားဖြင့်စပေါင်းလုပ်ကိုင်ခြင်း၊ စပေါင်းခွဲဝေယူခြင်းမျိုးကို အခြေခံသည်။ စပေါင်းဆောင်ရွက်၍ရရှိလာသော အကျိုးအမြတ်ကို ညီတူညီမျှ ခွဲဝေခံစားကြသည်။ ထို့အတူ ပဒုဖွပ်ကြရာတွင်လည်း ရရှိလာသော ပဒုဆံများကို ညီမျှစွာ ခွဲဝေယူကြပေသည်။

**ငါးဖမ်းခြင်း**

မိသားစု စားသုံးရန်အတွက် အမဲလိုက်ကြသည့် နည်းတူ မြောက်မော်ကျေးရွာ၏ တောင်ဖက်နှင့် မြောက်ဖက်ရှိ မော်လင်ချောင်းနှင့် ကမ်းဖာချောင်းတို့တွင်လည်းကောင်း၊ တောတောင်ထဲရှိ အင်းအိုင်များတွင် လည်းကောင်း ငါးရှာကြသည်။ မိမိတို့အိမ်တွင် ဟင်းစားလိုအပ်သည့်အခါ ငါးမျှားတတ်ကြသည်။ ငါးရှာကြရာတွင် လူတစ်ဦးတည်း ငါးမျှား ငါးရှာသည့်နည်းတူ လူစုလူဝေးနှင့် စုပေါင်းရှာဖွေခြင်းမျိုးလည်း ရှိပေသည်။ ငါးရှာရာတွင် ယောက်ျား၊ မိန်းမ၊ ကလေးဟူ၍ သီးသန့် ခွဲခြားမထားပေ။ ငါးရှာရာတွင် များသောအားဖြင့် ပိုက်ကွန်၊ ငါးမျှားတံ၊ မြှုံး၊ ဆောင်းစသည်တို့ဖြင့် ဖမ်းကြသကဲ့သို့ ချောင်း၊ မြောင်းတို့ကို ပိတ်၍ရှာခြင်း၊ ဆေးခတ်ခြင်း၊ ဘက်ထရီ ကျင်စက်နှင့်တို့ခြင်းတို့ဖြင့်လည်း ငါးရှာကြပေသည်။ တစ်ဦးချင်း ငါးရှာသည့်အခါ ငါးမျှားတံ၊ ပိုက်၊ မြှုံး၊ ဆောင်း တို့ကို အသုံးပြု၍ ရှာကြသည်။ ဘက်ထရီကျင်စက်ဖြင့်တို့၍ ငါးရှာခြင်းသည် ယခုခေတ်နောက်ပိုင်းကာလမှ အသုံးပြုလာကြခြင်း ဖြစ်ပေသည်။ စုပေါင်း၍ ငါးရှာကြသောအခါ ရရှိလာသော ဝေစုများကို ညီတူမျှတူခွဲဝေလေ့ ရှိကြသည်။ သို့သော် အကြီးအကဲ ခေါင်းဆောင်လုပ်သူအား ပိုပေးလေ့ရှိပေသည်။

ငါးရှာရာတွင် ငါးမူးအောင် ဆေးခပ်၍ ရှာကြသည်။ ဆေးခပ်ရာတွင် အသုံးပြုသော အပင်များမှာ ဆူးရစ်နွယ်နှင့် ဆေးမင်းမြစ်တို့ ဖြစ်သည်။ ဆေးမင်းမြစ်သည် ပို၍ ပြင်းသည်၊ ရေအနက်(၇)တောင်၊ (၈)တောင် နက်သော ရေအိုင်များ အထိ ဆေးခပ်၍ ရပေသည်။ ချောင်းရိုးတစ်လျှောက်တွင် ၎င်းဆေးမင်းမြစ်များကို ထုချေပြီး ချောင်းအတွင်း ငါးဖမ်းမည့်နေရာအထက်မှ ချထားလိုက်လျှင် ငါးများ မူးကုန်သဖြင့် ရေပေါ်သို့ ပေါ်လာသည်။ ဤသို့ပေါ်လာသော ငါးများကို ယက်သဲ့စသည်တို့ဖြင့် အဆင်သင့် ဖမ်းယူကြသည်။ ကျေးရွာရှိ မိန်းမများ၊ လူငယ် လူရွယ်များသည် တောင်ယာအလုပ်အားချိန်များတွင် ငါးရှာ၊ ငါးဖမ်းထွက်လေ့ရှိကြသည်။ နံနက် စောစောတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း၊ ဆေးမင်းမြစ်စသည်များ၊ ယက်သဲ့၊ မြှုံး၊ ပိုက် အစရှိသည်တို့ကို ထမ်း၍ အနီးအနား၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့၌ ငါးရှာထွက်ကြရလေသည်။

ဘက်ထရီကျင်စက်နှင့်တို့ပြီး ငါးဖမ်းခြင်းမှာ ဘက်ထရီအိုးနှင့် ဝါယာကြိုးများတွဲ၍ ငါးရှိမည့် ချောင်းမြောင်းတစ်လျှောက်သို့ သွားကာရေထဲသို့ လျှပ်စစ်ဓာတ်လွှတ်ပေးခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ငါးများဓာတ်လိုက်၍သေပြီး ရေပေါ်သို့ ပေါ်လာကြသည်။ ထိုအခါမှ ဖမ်းယူခြင်း၊ ကောက်ယူခြင်း ဖြစ်ပေသည်။ ထိုသို့ ပြုလုပ်ခြင်းသည် ငါးမျိုးပြုန်းတတ်သဖြင့် သိပ်အသုံးပြုလေ့ မရှိပေ။ ဝါးကိုယက်ပြီး ဆည်လုပ်၍လည်း ငါးဖမ်းကြသည်။ ဖမ်းယူရရှိသည့် ငါးများမှာ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးနက်ပြာ၊ ငါးသိုင်း၊ ငါးရံ့၊ ငါးလူး၊ ငါးပျက်၊ ငါးခူ၊ ပုစွန်စသည့် ငါးများ ဖြစ်ကြသည်။ ငါးများကို ရောင်းစားရန်အတွက် ရှာဖွေခြင်း မဟုတ်ပေ။ နေ့စဉ် အိမ်စားသုံးရန်အတွက်လည်းကောင်း၊ ပွဲသဘင်အခမ်းအနားများအတွက်လည်းကောင်း ရှာဖွေခြင်း ဖြစ်သည်။ ရရှိလာသော ငါးများကို အချဉ်တည်၍ ငါးချဉ် ပြုလုပ်ထားတတ်ကြသည်။ ထို့အပြင် ဆားနှင့်နယ်၍ ငါးပိ လုပ်ထားသည်လည်း ရှိပေသည်။ သို့သော် ငါးချဉ်ပြုလုပ်၍ စားသည်က များသည်။

ကတူးတိုင်းရင်းသားတို့သည် ငါးရှာငါးဖမ်းရာတွင် ယုံကြည်မှု ရှောင်ခလေ့များ ရှိကြသည်။ ငါး ဖမ်းရန် ဆေးခပ်သည့်အခါ စကားမပြောရ၊ ငါးရှာသည့်အဖွဲ့ထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ယောက်ျား ပါလာခဲ့လျှင် ထိုလူအား ဆေးမခပ်ခိုင်းရ၊ ငါးမရတတ်ဟု ယုံကြည်ကြလေသည်။ ကတူးတိုင်းရင်းသားတို့သည် အမဲလိုက်၊ ငါးဖမ်းခြင်း၊ အလုပ်များကို သီးသန့်စီးပွားရေးလုပ်ငန်းအနေဖြင့် လုပ်ကိုင်ခြင်း မရှိပေ။ မိမိအိမ်သုံး အတွက်လည်းကောင်း အလှူမင်္ဂလာပွဲများအတွက် လည်းကောင်း ရှာဖွေကြခြင်း ဖြစ်သည်။ မိမိရှာဖွေ၍ ပိုလျှံသော

သားငါးများကိုလည်း တစ်ဦးနှင့်တစ်ဦး မိမိတို့အလိုရှိရာ ပစ္စည်းများနှင့် လဲလှယ်၍စားခြင်း၊ ဝေငှ၍ စားသောက်ခြင်း တို့သာ ရှိလေသည်။

**သစ်တောထွက်ပစ္စည်းများ**

မြောက်မော်ကျေးရွာပတ်ဝန်းကျင်သည် တောတောင်ထူထပ်သော ဒေသဖြစ်သည်။ ရွာ၏လေးဘက် လေးတန်စလုံးတွင် တောင်များဝန်းရံထားသည်။ ထို့ပြင် ဤဒေသသည် မိုးများပြီး အေးမြသော ရာသီဥတုရှိသည်။ မုတ်သုံရာသီ သစ်တောနယ်မြေများ ဖြစ်သဖြင့် မုတ်သုံသစ်တောများ ပေါက်ရောက်လျက်ရှိပြီး နိုင်ငံအတွက် အဖိုးတန်သည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်၊ အင်ကြင်းစသည့်သစ်များ၊ ဝါးအမျိုးမျိုး၊ ကြိမ်အမျိုးမျိုးနှင့် ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့်နယ်မြေဒေသ ဖြစ်သည်။

ကျေးရွာပတ်ဝန်းကျင်တောတောင်များတွင် ကျွန်းအလွန် ပေါများစွာ ပေါက်ရောက်သည်။ ရွာသူ ရွာသားများသည် မိမိတို့အိမ်ဆောက်ရာတွင် ကျွန်းကိုပင် အများဆုံး အသုံးပြုကြသည်။ လယ်ယာလုပ် ကိရိယာများ လည်း၊ လှေအစရှိသည်တို့ကိုမူ ကျွန်းနှင့်အခြား အင်၊ ကညင်စသော သစ်များကို အသုံးပြုကြသည်။ ထိုသို့ အဖိုးတန်သစ်များအပြင် သစ်စေး၊ အင်တွဲ၊ ပျား၊ ဖယောင်း၊ ကညင်ဆီ၊ ပျားရည်၊ မချစ်ဥ၊ ခန်းတောက်မြစ်နှင့် ဘယဆေးပင်အမျိုးမျိုး၊ သစ်ကြံပိုး၊ ကရဝေး၊ ဒေါက်တကူ၊ သစ်ခွ၊ မျောက်လက်ခေါက်၊ ရှားစောင်းလက်ပတ်၊ ပင်စိမ်းပင်၊ မုန်ညင်းစေ့၊ ပရန္နဝါမြစ်၊ တရုတ်စကားအမြစ်၊ အခေါက်၊ ငရုတ်ကောင်း၊ ပွဲညက်စသည့် အပင် အမျိုးမျိုးလည်း ရှိသည်။ ထို့အပြင် ထင်း၊ မီးသွေး၊ ဝါးအမျိုးမျိုး၊ ကြိမ်၊ သက်ကယ်၊ သင်ပေါင်း၊ ငှခေါက်၊ လျှော်၊ ကင်ပွန်းသီး၊ ချိတ်၊ မာလာဥ၊ ဝဥစသည်တို့လည်း ရှိသည်။ တောတောင်များမှ လှည့်လည်၍ ရှာထား သော မှိုများကို အခြောက်လှန်းထား၍ မှိုခြောက်အမျိုးမျိုးကို ပြုလုပ်ကြသည်။

## (င) အိမ်တွင်းမှုလုပ်ငန်းများ

မြောက်မော်ရွာရှိ ကတူးတိုင်းရင်းသားများ၏ အိမ်တွင်းမှု လုပ်ငန်းများသည် မိသားစု သုံးစွဲနိုင်ရေး အတွက် ပြုလုပ်ကြသည်သာ များလေသည်။ အဝတ်အထည်များ ရက်လုပ်ခြင်း၊ တောင်ယာသုံး၊ အိမ်သုံး ခြင်း၊ တောင်း၊ ပလုံးများ စသည်တို့အပြင် ထွန်၊ ထယ်စသည်တို့ကိုလည်း မိမိတို့ကိုယ်တိုင်ပင် ပြုလုပ်ကြသည်။ အဓိက လုပ်ကိုင်သော အိမ်တွင်းမှု လုပ်ငန်းများမှာ–

(၁) ရက်ကန်းလုပ်ငန်း

(၂) ခြင်း၊ တောင်းများ ရက်လုပ်ခြင်းနှင့် နီးဝါးလုပ်ငန်းတို့ ဖြစ်သည်။

**ရက်ကန်းလုပ်ငန်း**

မြောက်မော်ကျေးရွာမှ တိုင်းရင်းသားတို့၏ ရိုးရာရက်ကန်း လုပ်ငန်းတွင် အထည်ရက်လုပ်ရန်အတွက် လိုအပ်သော ဝါကိုတောင်ယာများတွင်လည်းကောင်း၊ လယ်ယာခင်းများတွင်လည်းကောင်း စိုက်ပျိုးလေ့ရှိကြသည်။ ဝါတစ်မျိုးတည်းကိုမူ သီးသန့်စီးပွားဖြစ် စိုက်ပျိုးခြင်း မရှိပေ။ အခြားသီးနှံအမျိုးမျိုးနှင့် ရော၍ မိမိတစ်အိမ်ထောင် သုံးအတွက်သာ စိုက်ပျိုးကြလေသည်။ ဝါများကို စတင်စိုက်ပျိုးသည့်အချိန်မှ အထည်ဖြစ်သည်အထိ ကျေးရွာခံ့ပင် ကိုယ်တိုင် ရက်လုပ်ကြခြင်းဖြစ်သည်။ ဝါကြိတ်၊ ဝါဖတ်၊ ဗိုင်းတောင့်၊ ချည်ငင်ပြီး ချည်မျှင်များဖြစ်လာသည့်အခါ တွင် တောတွင်းမှရသော သစ်ရွက်၊ သစ်ခေါက်များဖြင့် အရောင်ဆိုးပြီး အထည်ရက်လုပ်ကြလေသည်။ အသုံးပြု

သည့် အရောင်များမှာ အနီရောင်၊ အမည်းရောင်၊ ရှားညို၊ အဝါရောင်များကို အများဆုံး ဆေးဆိုးလေ့ရှိကြသည်။ အနီရောင်ရရှိရန် တောထဲမှ ရသောချိတ်ကိုလည်းကောင်း၊ ကျွန်းနုရွက်ကို ထောင်းထု၍လည်းကောင်း အသုံးပြုကြသည်။ အမည်းရောင်အတွက်ကိုမူ၊ မဲကလေးပင်၏အရွက်ကို အပုပ်ခံပြီး အိုးထဲ၌ ပြာရည်ဖြင့် ရောစပ်၍ ဆိုးခြင်းဖြင့်လည်းကောင်း၊ ဆီးဖြူရွက်ကိုထောင်း၍ ပြုတ်ပြီး ရွံ့နှင့်ရောနယ်၍ သုံးရက်ခန့်ထားကာ ဆိုးခြင်းဖြင့် အမည်းရောင်ရရှိပေသည်။ ရှားခေါက်ကို ဆိုးလျှင်လည်း ရှားညိုရောင်ရရှိပေသည်။ အဝါရောင်မှာ နနွင်းဥကို ထောင်းပြီးပြုတ်၍ ဆေးဆိုးလျှင်လည်း ရပေသည်။ ဤကဲ့သို့ ကတူးတိုင်းရင်းသားတို့သည် မိမိတို့နှစ်သက်ရာ အရောင်များကို အသုံးပြုကြပေသည်။ ထိုကဲ့သို့ သဘာဝသစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်များဖြင့် ဆေးဆိုးနည်းသည် လွယ်ကူရုံသာမက ဆေးရောင်မှာလည်း ခိုင်ခံ့သည်။ နှစ်ကြာရှည်သည့်တိုင် ဆေးရောင်မှေးမှိန်ခြင်း၊ ပျက်ခြင်းမျိုး မရှိပေ။ ထို့အပြင် တောထဲမှပင် ထုတ်ယူရရှိသဖြင့် ငွေကုန်ကြေးကျမှု နည်းပေသည်။ တစ်ခါတစ်ရံ မြို့များသို့ ရောက်ရှိသည့်အခါတွင်မူ ဆိုးဆေးများကို မိမိတို့နှစ်သက်ရာ အရောင် ရွေးဝယ်ခဲ့ကြသည်လည်း ရှိပေသည်။ သို့သော် နည်းပါးလေသည်။

ကတူးတိုင်းရင်းသားတို့၏ ရက်ကန်းလုပ်ငန်းသည် အိမ်တိုင်းလိုလိုတွင် ရှိကြသည်။ ရက်လုပ်သည့် အထည်အမျိုးအစားများမှာ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းပေါင်း၊ လုံချည်၊ ပုဆိုးမှအစ လက်သုတ်ပဝါအထိ မိမိတို့လိုအပ်ရာအထည်၊ အသုံးအဆောင်မျိုးစုံကို ရက်လုပ်ကြသည်။ ဤဒေသရှိ တိုင်းရင်းသားတို့၏ ခြင်ထောင်သည် ခန်းလုံးပြည့် အရွယ်အစားအထိ ကြီးမားစွာရက်လုပ်ကြပြီး လူတစ်ယောက် မတ်တပ်ရပ်နိုင်သည် အထိ မြင့်ပေသည်။ အနီတန်းများဖြင့် ဒေါင်လိုက်စင်းများ ရက်လုပ်လေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ ခြင်ထောင်သည် မထူလွန်း၊ မပါးလွန်းသော ဝါချည်ဖြင့် ရက်ထားသည့် ခြင်ထောင်များ ဖြစ်ကြသည်။ ခြင်ထောင်အမိုးများသည် ၄မိုးမှ ၅မိုးအထိ ကျယ်ပေသည်။ ထို့ကြောင့် ဤရွာရှိ ကတူးတိုင်းရင်းသားတို့၏ ခြင်ထောင်သည် ခန်းလုံးပြည့် နီးပါးကြီးမားရခြင်း ဖြစ်သည်။ ထိုကဲ့သို့ ခြင်ထောင်ကြီးများကို ခန်းလုံးပြည့် လူတစ်ရပ်နီးပါး မြင့်အောင် ရက်လုပ်ကြခြင်းသည် သားသည်အမေများ ကလေးငိုသည့်အခါတွင် ခြင်ထောင်ထဲ၌ပင် လမ်းလျှောက်၍ ချော့မော့ရန် ဖြစ်သည်။ အပြင်ဘက်သို့ ထွက်စရာမလိုတော့ဟု ဆိုကြသည်။

ဤကျေးရွာတွင် သမီးပျိုရှိသော မိဘတိုင်းသည် မိမိတို့သမီးအရွယ်မရောက်မီကပင် သမီးအတွက် ခြင်ထောင်ကို ကြိုတင်ရက်လုပ်သောလေ့ရှိပေသည်။ မိဘတိုင်းသည် သမီးအား မင်္ဂလာပွဲအတွက် စောင်၊ ခြင်ထောင် တို့ကို လက်ဖွဲ့လေ့ရှိသောကြောင့် ဖြစ်သည်။ ခြင်ထောင်ရက်ရာတွင် သမီးပျိုနှင့်အတူ အမေ၊ အဘွားအို များပါ ကူညီရက်လုပ်လေ့ရှိကြသည်။ ရွာထဲရှိ အခြား မိန်းမပျိုများကပါ ဝင်ရောက်ကူညီရက်လုပ်လေ့ရှိကြသည်။ ခြင်ထောင်ကို ကူညီရက်လုပ်ပေးသူများအား ခြင်ထောင်ရှင်က လက်ဖက်၊ ထမင်း၊ မုန့်ပဲသွားရေစာများနှင့် ဧည့်ခံကျွေးမွေးလေ့ ရှိကြသည်။ ဤကဲ့သို့ ခြင်ထောင်ရက်ခြင်းသည် အများအားဖြင့် စုပေါင်းလုပ်အားဖြင့်သာ ပြီးစီးစေခြင်း ဖြစ်သည်။ ဤဓလေ့က ကတူးအမျိုးသမီးတို့၏ စည်းလုံးညီညွတ်သောစိတ်ဓာတ်ကို ဖော်ပြလျက်ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ ခြင်ထောင်ရက်လုပ်ခြင်းလုပ်ငန်းသည် အမျိုးသမီးများချည်းသာ လုပ်ကိုင်လေ့ရှိသည်။ ဤသည်မှာ လိင်အလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လိင်အလိုက် အုပ်စုဖွဲ့ခြင်း[၁] မျိုး ဖြစ်ပေသည်။

ပုဆိုး၊ လုံချည်များကို တစ်နံတည်းဖြင့် ဝတ်၍မရပေ။ အနံသေးသဖြင့် နှစ်နံစပ်၍ ချုပ်ဝတ်ကြရသည်။ ပုဆိုး၊ လုံချည်ဆင်များသည် အများအားဖြင့် အမဲနှင့်အဖြူကွက်တူများ ရက်လုပ်ဝတ်ဆင်ကြသည်။ ဝါနှင့်

---

၁။ Social Grouping based on Sex.

ရက်လုပ်ထားသဖြင့် လုံချည်အထည်သားများသည် ခပ်ထူထူပင် ဖြစ်သည်။ ထိုကဲ့သို့ အသားထူသည်ကိုလည်း ပို၍ နှစ်သက်ကြသည်။ အကြောင်းမှာ အကြမ်းအတမ်းခံခြင်း၊ ကြာရှည်ခိုင်ခံခြင်းကြောင့် ဖြစ်သည်။ ယခုနောက်ပိုင်းတွင်မူ မြို့မှအရံသင့်ဝယ်ယူရရှိသောအထည်များကို ဝတ်လာကြသည်။ သို့သော် ပွဲနေ့ပွဲထိုင် ဝတ်ဆင်ရန်အတွက်သာ ဝယ်ယူတတ်ကြပေသည်။ အများအားဖြင့် နေ့စဉ် ဝတ်ဆင်ရန်၊ တောင်ယာခုတ်၊ အမဲလိုက်၊ ငါးဖမ်းစသည်ဖြင့် လုပ်ငန်းခွင်များတွင် ဝတ်ဆင်ရန်အတွက်ကိုမူ မိမိတို့ကိုယ်တိုင်ရက်သောအထည်များကိုသာ ဝတ်ဆင်ပေသည်။ စောင်၊ အိပ်ရာခင်း၊ ခေါင်းပေါင်းစသည်တို့သည် အဖြူရောင်နှင့်အစင်းကလေးများ ရက်လုပ်လေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ ရက်ကန်းလုပ်ငန်းသည် အမျိုးသမီးများသာ လုပ်လေ့ရှိသော အမျိုးသမီးလုပ်ငန်းသက်သက်ပင် ဖြစ်သည်။ မိမိတို့၏ အိမ်မှုကိစ္စများ မရှိသည့်အားလပ်ချိန်ကလေးများတွင် ရက်လုပ်ကြသည်။ တောင်ယာလယ်ခင်းလုပ်ငန်းများ၊ တောထဲသို့ သွားရောက်၍ ဟင်းသီးဟင်းရွက်သီးနှံရှာရသည့် အလုပ်များ၊ အစရှိသဖြင့် ဝေးဝေးလံလံ ပင်ပင်ပန်းပန်း လုပ်ငန်းများကို မလုပ်နိုင်တော့သည့် သက်ကြီးရွယ်အို၊ အဘွားအို၊ မိန်းမအိုများမှာလည်း မိမိတို့အိမ် ၌ပင် ထိုင်၍လုပ်ကိုင်နိုင်သည်။ ဝါကြိတ်၊ ဝါဖတ်၊ ဗိုင်းတောင့်၊ ချည်ငင်၊ အထည်ရက်စသည့်လုပ်ငန်းများကို မိမိတို့ တတ်အားသရွေ့ကူညီလုပ်ကိုင်ပေးတတ်ကြသည်။ အသက်အရွယ်ကြီးမားသော အဖွားအိုများနည်းတူ အရွယ် မရောက်သေးသော မိန်းမငယ်ကလေးများကလည်း ရက်ဖောက်ယောက်၊ ဗိုင်းငင်စသည့် မိမိတို့တတ်နိုင်ရာ လုပ်ငန်း များတွင် ပါဝင်လုပ်ကိုင်လေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ အထည်ရက်လုပ်ငန်းသည် စီးပွားဖြစ် လုပ်ကိုင်ခြင်း မျိုးမဟုတ်ဘဲ အိမ်သုံးအတွက်သာလျှင် ရက်လုပ်ကြခြင်းဖြစ်သည်။

**နီးဝါးလုပ်ငန်း**

နီးဝါးရက်လုပ်ခြင်း လုပ်ငန်းသည် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ အိမ်တွင်းလက်မှုလုပ်ငန်းတစ်မျိုးပင်ဖြစ်သည်။ နီးဝါးတို့ဖြင့် ပြုလုပ်သော အသုံးအဆောင်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းသည် ကတူးတိုင်းရင်သားတိုင်း တတ်ကျွမ်းသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဤလုပ်ငန်းသည် အိမ်တိုင်းတွင် မရှိ မဖြစ် လိုအပ်သော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ဤလုပ်ငန်းကို အိမ်တိုင်းတွင် လုပ်ကိုင်လေ့ရှိကြသည်။ မိမိတို့လယ်ယာသုံး၊ အိမ်သုံးနှင့်ပစ္စည်းများ သယ်ရန်၊ ထည့်ရန် ခြင်း၊ တောင်း စသည့်ပစ္စည်းမျိုးစုံကို ဝါး၊ ကြိမ်တို့ ဖြင့် ပြုလုပ်ကြသည်။ လိုအပ်သည့် ဝါး၊ ကြိမ်များကို ရွာအနီးအနားရှိ တောထဲမှလည်းကောင်း၊ အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သော မော်လင်၊ ခဲတွင်း၊ ပါအော့ရွာများတွင်လည်းကောင်း သွားရောက်ဝယ်ယူကြရသည်။ လယ်ယာ လုပ်ငန်းတွင်သုံးသော ပလိုင်း၊ ခြင်းအမျိုးမျိုး၊ တင်းတောင်း၊ ခွဲတောင်း၊ ပြည်တောင်း၊ စလယ်တောင်းစသည့်တောင်း အမျိုးမျိုး၊ စပါး၊ ဆန်ပြာရန် ဆန်ကော၊ ဆန်ကာ ၊ ဗန်းစသည့်ပစ္စည်းများ စပါး၊ ပဲ၊ ပြောင်းလှန်းရန် ဖျာကြမ်း၊ အိပ်ရန်၊ ထိုင်ရန် ဖျာချောအမျိုးမျိုးတို့ကို ဝါးဖြင့်ပင် ပြုလုပ်ကြလေသည်။ တောင်း၊ ပလိုင်းများ ရက်လုပ်ရာတွင် နှုတ်ခမ်းသတ်အနားများကို ကြိမ်ဖြင့်အနားကွပ်လေ့ရှိသည်။ ပဲ၊ ပြောင်း၊ စပါးများကို လှောင်ရန် ပုတ်များ၊ စပါးကျီ များ၊ ဝိုင်းများ၊ အိမ်တွင်ကာရန် နှစ်ထပ်ထရံများ၊ ကတ်များ၊ အိမ်တွင် ကြမ်းခင်းရန် ဝါးကတ်များ ပြုလုပ်ရာတွင်လည်း ဝါးကိုပင် အသုံးပြုကြသည်။ ထို့ပြင် ငါးဖမ်းလုပ်ငန်းတွင် အသုံးပြုသော မြှုံး၊ ယက်သဲ့စသည့် ကိရိယာအမျိုးမျိုးကိုလည်း ကြိမ်၊ ဝါးတို့ဖြင့် ပြုလုပ်ကြသည်။ သို့သော် ငါးဖမ်းပိုက်ကွန်များကိုမူ ချည်၊ နိုင်လွန်တို့ ဖြင့် ရက်လုပ်ကြသည်။

နွေနှင့်မိုးရာသီများတွင် ဆောင်းရန်ဝါးဖတ်ခမောက်များ၊ နီးခမောက်များ၊ "ပါ့ကလာ"ခေါ် "သားပိုး"ခမောက်များ၊ ကျွဲ၊ နွားများ နှုတ်သီးတွင်စွပ်ရန် ခြင်းကြားငယ်များကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြသည်။ ခရီးသွားလာရာတွင် ပစ္စည်းထည့်ရန် လေးဒေါင့်ပလိုင်း၊ နောက်လွယ်ပလိုင်းစသည့် ပလိုင်းအမျိုးမျိုး ရေခပ်ရာတွင်

လည်းကောင်း၊ ရေထည့်ရန်လည်းကောင်း အသုံးပြုနိုင်ရန် ဝါးဖြင့်ရက်လုပ်၍ သစ်စေးသုတ်လိမ်းထားလေ့ရှိသည်။ ရေသွယ်ရန်နှင့် မျှစ်ချဉ်–မုံ့ညင်းချဉ်၊ ငါးချဉ်၊ ဝက်သားချဉ်စသည့် စားသောက်ဖွယ်ရာများ အချဉ်ထည့်ရန် ဝါးကျည်တောက်များကိုလည်း အသုံးပြုသည်။

မြောက်မော်ကျေးရွာရှိ တိုင်းရင်းသားတို့သည် ထမင်းစားရာတွင် အများစုသည် ထမင်းစားပွဲဖြင့် စားလေ့မရှိပေ။ ဗျပ်ကြီး (သို့) ဗျပ်ဝိုင်းခေါ် ဒေါင်းလန်းများဖြင့် စားလေ့ရှိသည်။ ရှေးကမူ ဒေါင်းလန်းတစ်ခုထဲတွင် မိသားစုအားလုံး စုပေါင်း၍ လက်ရည်တစ်ပြင်တည်း စားသုံးကြသည်။ ထို့ကြောင့် မိမိတို့သည် "ခြေချေးဝင်၊ လက်ချေးဝင်"များ ဖြစ်ကြသည်။ သွေးကွဲရန်မလို၊ အမြဲစည်းစည်းလုံးလုံး ရှိကြသည်ဟု ဆိုပေသည်။ ယခုအခါတွင် ဒေါင်းလန်းတစ်ခုထဲတွင် မိသားစုအားလုံး စုပေါင်း မစားကြတော့သော်လည်း အလယ်ခေါင်တွင် ဟင်းတင်ရန် ဒေါင်းလန်းကြီးထား၍ ထမင်းကိုမူ ဗျပ်အသေး(ခေါ်)ဒေါင်းလန်းအသေးကလေးများဖြင့် တစ်ခုစီထည့်၍ စားကြပေသေးသည်။

ခေတ်ကာလအလိုက် ယဉ်ကျေးမှု အတော်အသင့် ပြောင်းလဲလာသဖြင့် ယခင်ကကဲ့သို့ ဒေါင်းလန်းတစ်ခုထဲတွင် မိသားစုအားလုံး စုပေါင်းမစားကြတော့သော်လည်း စည်းလုံးမှုရှိရန်နှင့် လက်ရည် တစ်ပြင်တည်း စိတ်ဓာတ်ရှိသည်ကို ဖော်ပြသည့်သဘောဖြင့် ဟင်းကိုမူ ဒေါင်းလန်းထဲတွင်ထည့်၍ တစ်စုတစ်ဝေးတည်း စားကြဆဲပင်ဖြစ်သည်။ ဒေါင်းလန်းများဖြင့် စားသောက်သောဓလေ့ကို ရှေးယခင်မှစ၍ ယခုတိုင်အောင် အစဉ်တစိုက် သုံးစွဲလျက်ရှိခြင်းကလည်း ကတူးတို့၏ ယဉ်ကျေးမှု ထိန်းသိမ်းတတ်သော စိတ်ဓာတ်ကို ဖော်ပြနေသည်။

ထို့အပြင် ဧည့်ခံရန် မုန့်ပဲသရေစာများကိုလည်း ပန်းကန်ပြားများအစား ၎င်းဗျပ်ဝိုင်းကလေးများကိုပင် ပန်းကန်ပြားအစား ၎င်းဗျပ်ဝိုင်းကလေးများကိုပင် အသုံးပြုကြပေသည်။ ထိုကဲ့သို့ ဒေါင်းလန်းများကိုလည်း နီးဖြင့်ပင် ရက်လုပ်၍ သစ်စေးသုတ်ထားခြင်း ဖြစ်ပေသည်။ ထို့အပြင် ကျေးရွာရှိလူကြီးသူမတိုင်း ဘုရားသွားကျောင်းတက်ပြု ရာတွင် ကိုင်ဆောင်လေ့ရှိသော "ဟောက်ပေါင်း စော့ကလိုင်" (သို့) "ပေါက်ပေါက်ဖလုတ်" ခေါ်သော နီးဖြင့် ရက်လုပ်ထားသည့် ဗူးငယ်ကလေးများကိုလည်း အသုံးပြုကြသည်။ ထို့အပြင် ရွာအနီးရှိ အင်းအိုင်၊ စိမ့်စမ်းများတွင် ပေါက်တတ်သော သင်ပင်များကိုခုတ်၍ သင်ဖျာနှင့် ယပ်တောင်များလည်း ရက်လုပ်တတ်ကြသည်။ အိမ်မိုးရန် အတွက် တောထဲတွင် အလိုအလျောက်ပေါက်နေသော သက်ငယ်များကို ရိတ်၍သက်ငယ်ပျစ်ခြင်းလည်း ရှိပေသည်။ စပါးများကြိတ်ရန် ကြိတ်ဆုံများ၊ မောင်းဆုံများ၊ ဆီကြိတ်ရန် ဆီဆုံများကိုလည်း တောထဲမှရသော သစ်များဖြင့်ပင် မိမိတို့ကိုယ်တိုင် ပြုလုပ်ကြလေသည်။ ထိုကဲ့သို့ လယ်ယာသုံးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးတောင်း၊ ပလုံးခြင်း၊ ဖျာ စသည်နီး၊ ဝါးတို့ဖြင့် ပြုလုပ်ရသော လက်မှုလုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်မရွေး အားလပ်ချိန်များ၌ ရက်လုပ်ကြသည်။ ဤလုပ်ငန်းများကိုလည်း မိမိတို့အိမ်သုံးရန်အတွက် ပြုလုပ်ကြပြီး စီးပွားဖြစ် လုပ်ကိုင်ကြခြင်း မရှိပေ။ လှည်း၊ လှေ၊ သမ္ဗာန်များကိုလည်း မိမိတို့ရွာ၌ပင် ပြုလုပ်ကြလေသည်။ လယ်ယာသုံး၊ ထွန်၊ ထယ်အမျိုးမျိုးကိုလည်း မိမိတို့ရွာ၌ပင် ကိုယ်တိုင်ပြုလုပ်ကြလေသည်။ ထို့ကြောင့် ဤဒေသရှိ တိုင်းရင်းသား များသည် ငွေကြေးများစွာမလို၊ မိမိတို့လုပ်အားဖြင့်ပင် ပြုလုပ်ထားသောပစ္စည်းများ အသုံးအဆောင်များကိုပင် အသုံးပြုကြသည်။ ကျန်သော လက်မှုလုပ်ငန်းများဖြစ်သည့် ပန်းထိမ်၊ ပန်းပဲနှင့် ပတ်သက်သော အသုံးအဆောင်များကိုမူ လိုအပ်သည့်အခါမှသာလျှင် မြို့သို့တက်၍ ဝယ်ယူလေ့ရှိသည်။

## (စ) ရောင်းဝယ်ဖောက်ကားခြင်း

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့ဝမ်းစာအတွက် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စိုက်ပျိုး၍ရရှိသော ကောက်ပဲသီးနှံ၊ ခြံယာထွက်သီးနှံအမျိုးမျိုး၊ တနိုင်မွေးမြူသော အိမ်မွေးတိရစ္ဆာန် ဝက်၊ ဘဲ၊ ကြက်စသည်တို့ကို စားသုံးကြသည်။ တစ်ခါတစ်ရံ တောင်ယာအားလပ်ချိန်များ၌ ဟင်းစားရရန် အမဲလိုက်ကြသည်လည်း ရှိသည်။ မိမိတို့ဝတ်ဆင်ရန် အသုံးပြုရန် အဝတ်အစား၊ အသုံးအဆောင်အမျိုးမျိုးကိုလည်း မိမိတို့လုပ်အားဖြင့်ပင် ဖန်တီးကြသည်သာ များပေသည်။ မြောက်မော်ကျေးရွာတွင် နေ့စဉ်ဈေး၊ ငါးရက်တစ်ဈေး စသည်ဖြင့် ရောင်းချသော ဈေးများမရှိပေ။ မိမိတို့သုံးစွဲ၍ ပိုလျှံသောအခါမှသာလျှင် ကျေးရွာတွင်းရှိ ရွာသူရွာသားများနှင့်သော်လည်းကောင်း၊ အနီးအနားမှ သူတို့နှင့်လည်းကောင်း ရောင်းချလေ့ရှိသည်။ ထိုသို့ ရောင်းချရာတွင်လည်း မိမိတို့လိုအပ်သောပစ္စည်းများနှင့် အခြားသူတို့လိုအပ်သောပစ္စည်းများနှင့် လဲလှယ်ခြင်းပင် ဖြစ်သည်။ ရှေးအခါက အသုံးပြုခဲ့ကြသော "ကုန်ကုန်ချင်း လဲလှယ်သော ဘာတာစနစ်"[၁] (သို့) တိုက်ရိုက်လဲလှယ်ခြင်းမျိုး[၂] ဖြစ်ပေသည်။ ပိုလျှံသောပစ္စည်းနှင့်လိုအပ်သောပစ္စည်းတို့ကို ဖလှယ်သည့်သဘောဖြင့် ကုန်ဖလှယ်ကြသည်သာ ဖြစ်ပေသည်။ ငွေကို "ဖလှယ်ရေးကြားခံကိရိယာ"[၃] အဖြစ် အသုံးပြုမှုနည်းပါးပေသည်။ အခကြေးငွေကို အဓိကထား၍ ရောင်းဝယ်ခြင်းမပြုဘဲ မိမိတို့လိုအပ်သောပစ္စည်းများ ရရှိရန်ကိုသာ အဓိကထား၍ ရောင်းဝယ်ကြခြင်းသာရှိပေသည်။

အခြားဒေသများမှ ဤရွာသို့ လာရောက်ရောင်းချသောသူများကလည်း ငွေကြေးဖြင့် ရောင်းချခြင်းထက် ဤဒေသမှ ထွက်ရှိသောပစ္စည်းများနှင့် လဲလှယ်ယူသွားကြသည်က များလေသည်။ လဲလှယ်မှုနှုန်းများမှာ အချိန်ကာလနှင့်ဒေသကိုလိုက်၍ ကွာခြားသည်။ လဲလှယ်မှုနှုန်းထားများမှာ ပုံသေမရှိဘဲ တန်ရာတန်ဖိုးကို တွက်ချက်ပြီး အလဲအလှယ်ပြုလုပ်ကြသည်။ မိမိတို့ကျေးရွာမှ မထွက်ရှိသော၊ မရနိုင်သောပစ္စည်းများကိုမူ အနီးအနားရှိ ကျေးရွာများနှင့်ဖလှယ်၍လည်းကောင်း၊ မြို့သို့တက်၍လည်းကောင်း ဝယ်ယူလေ့ရှိကြသည်။ တစ်ခါတစ်ရံ မိမိ၏ပစ္စည်းကို အခြားတစ်ယောက်က ဝယ်ယူလို၍ သွားရောက်ပို့ပေးလေ့ရှိရာ လမ်းခရီး၌ဝယ်ယူလိုသူတွေ့၍ မည်မျှပင် ဈေးပိုပေးသော်လည်း ရောင်းချလေ့မရှိပေ။ ရောင်းဝယ်ရာတွင် တန်ဖိုးကိုဖြစ်စေ၊ ကုန်ပစ္စည်းချင်းဖြစ်စေ လက်ငင်းပေးချေမှုရှိသကဲ့သို့ အကြွေးနှင့်ရောင်းချသည့်အခါလည်း ရှိပေသည်။ အကြွေးဖြင့် ရောင်းချသည့်အခါ တစ်လကြာလျှင် ပြန်ဆပ်မည်၊ တစ်ပတ်ကြာလျှင် ပြန်ဆပ်မည်၊ စသည်ဖြင့် ကတိထားကြသည်။ ကတိအတိုင်းလည်း ပြန်ဆပ်ကြသည်သာ ရှိပေသည်။ ကတူးတိုင်းရင်းသားများသည် ကတိသစ္စာကို တန်ဖိုးထားကြသူများ ဖြစ်သည်နှင့်အညီ သူတစ်ပါး၏ပစ္စည်းဥစ္စာကိုယူပြီးလျှင် မပျက်မကွက်ပြန်ဆပ်ရန် အတတ်နိုင်ဆုံး ကြိုးစားပေးကြသည်။ မလွှဲမရှောင်သာသော အခက်အခဲနှင့်ရင်ဆိုင်ရသည့်အခါမှသာ ကတိပျက်ခံကြသည်။ ကတိမတည်သူမျိုးကို ရပ်ရွာက သဘောမကျကြသည့်အတွက် ဤရွာတွင် ကတိပျက်သူ အလွန်နည်းပါးသည်။

ကျေးရွာ၌ ပွဲလမ်းသဘင်များရှိသောအခါတွင်မူ အခြားဒေသ၊ အထူးသဖြင့် နီးစပ်ရာမြို့များမှ အရောင်းအဝယ် လုပ်ကိုင်သူများ၊ ဈေးသည်များသည် ရွာသို့လာ၍ ပွဲဈေးခင်း၌ မိမိတို့၏ ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ရောင်းချခြင်းမျိုးလည်း ရှိပေသည်။ ထိုသို့သောအခါမျိုး၌မူ ငွေကြေးဖြင့်သာ ဝယ်ယူသုံးစွဲကြပေသည်။ မိမိတို့ဒေသမှအခြား ကျေးရွာများ၊ မြို့များသို့ သွားရောက်ရောင်းချကြသောအခါတွင် လှည်းဖြင့်ဖြစ်စေ၊

---

၁။ Barter System.

၂။ Direct Exchange.

၃။ Medium of Exchange.

ပလိုင်း၊ ခြင်းတောင်းများဖြင့် ထမ်း၍ဖြစ်စေ သွားရောက်ရောင်းချကြရသည်။ အထူးသဖြင့် တနိုင်ပစ္စည်းဖြစ်ပါက ခြေလျင်ခရီးသာ အသုံးပြုကြပေသည်။

ကျေးရွာတွင် ရောင်းဝယ်ရေးလုပ်ငန်း၌ ခြင်တွယ်ရာတွင် ကျပ်၊ ပိဿာ တို့ကိုသာ သုံးသည်။ တိုင်းတာရာတွင်လည်း အများအားဖြင့် အလံ၊ မိုက်၊ ထွာ၊ ကိုက်၊ ပေ၊ လက်မစသည်ဖြင့် အသုံးပြုကြသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ မြေပဲ၊ နှမ်းစသည်တို့ကို ခြင်တွယ်ရာတွင် နို့ဆီဗူး၊ ပြည်၊ တင်းတို့ကိုသာ သုံးသည်။ အကွာအဝေးကို ပြောဆိုရာတွင် ကွမ်းတစ်ညက်၊ ထမင်းအိုးတစ်လုံးချက် စသည်ဖြင့်လည်းကောင်း၊ အနီးမှ အမြင့်တိုင်းရာ၌ လူတစ်ရပ်စသည်ဖြင့်လည်းကောင်း သုံးစွဲကြသည်။ ဤရွာရှိ ကတူးတိုင်းရင်းသားတို့ အသုံးပြုသော ချိန်ခွင်မှာ တစ်ဖက်တွင် သစ်သားကို ခပ်ကြီးကြီး ပွတ်လုံးသဖွယ် ထွင်းထားပြီး အခြားတစ်ဖက်ရှိ ဒောင်တန်းတွင် အလေးသုံးမျိုးကို နေရာသတ်မှတ်ထားသည်။ ထိုအလေး(၃)မျိုးမှာ တစ်ပိဿာ၊ ငါးဆယ်သား၊ အစိတ်သားတို့ဖြစ်သည်။ တစ်ပိဿာ အလေးချိန်ကို ချင်တွယ်လိုပါက တစ်ပိဿာဟု သတ်မှတ်ထားသော အပေါက်ရှိကြိုးကွင်းတွင် ချိန်ခွင်ခွက်ကို ချိတ်၍ ပစ္စည်းထည့်ပြီး ချိန်တွယ်ခြင်းဖြစ်သည်။ အလေးထည့်၍ ချိန်ရန် မလိုပေ။

## (ဆ) ဒေသဆိုင်ရာရိုးရာ အစားအစာများ

ဤဒေသ၏အဓိကအစားအစာမှာ ထမင်းပင် ဖြစ်သည်။ ဤရွာရှိ တိုင်းရင်းသားတို့သည် ဆန်ကို ချက်စားသူ နည်းပါးသည်။ အများအားဖြင့် မြေအိုးဖြင့် ပေါင်း၍ စားလေ့ရှိသည်။ စားလေ့ရှိသော ဆန်အမျိုးအစားမှာ စပါးတွင် ခွန်နီစော၊ ဘော်ကြောင်၊ ကျွဲနက်ပြာ၊ ကောက်ညှင်းဆန်တွင် တောင်လုံးကျော်၊ ငချိတ်၊ ကောက်ညှင်းမျိုးတွင် ဝါဖြူ၊ ရေပါမဲတို့ ဖြစ်လေသည်။ မြောက်မော်ကျေးရွာတွင် တစ်ရက်လျှင် ထမင်း နှစ်နပ်သာစား၍ အနီးရှိ မော်လင်ရွာသည် တစ်ရက်လျှင် ထမင်း ၄-နပ် စားလေသည်။ ထမင်းဟင်းကို အိမ်ရှိ မီးဖိုခန်းမှာပင် ချက်ပြုတ်စားကြလေသည်။ ဤကျေးရွာရှိ တိုင်းရင်းသားတို့သည် ဟင်းလျာအဖြစ် အသားငါးထက်၊ ဟင်းသီးဟင်းရွက်များကို အများဆုံး စားသုံးကြလေသည်။ ကျေးရွာတွင် နံနက်ခင်း ဝေလီဝေလင်းအချိန်၌ မိန်းမပျိုလေးများ၊ ကလေးများ၊ အိမ်ရှင်မများသည် ရွာအနီးရှိ တောတောင်များ၌ ဟင်းသီးဟင်းရွက် အရှာထွက်လေ့ရှိကြ သည်။ တောတောင်ထဲရှိသမျှ အသီးအနှံများကို ခူးဆွတ်၍ ပြန်ကာ ချက်ပြုတ်စားသောက်လေ့ရှိကြသည်။ အချို့ မှာလည်း ဟင်းသီးဟင်းရွက်မရှာဘဲ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့၌ ငါး၊ ပုစွန်စသည်တို့ကို ရှာကြလေသည်။

ဤဒေသရှိ တိုင်းရင်းသားတို့ စားလေ့ရှိသည့် ဟင်းသီးဟင်းရွက်များမှာ– ဟင်းဖျင်းရွက်၊ ဆူးပုပ်၊ ငွေးတောက်၊ ကြက်ဟင်းခါးသီး၊ မျှစ်အမျိုးမျိုး၊ မှိုဥနက်၊ မှိုနီ၊ ချပ်မှို၊ တောင်ပို့မှို၊ ဖက်စွတ်မှို၊ ဝါရင့်မှိုစသည့် မှိုအမျိုးမျိုး၊ အင်ဥ၊ ကြိမ်ဖူး၊ သမန်းရွက်၊ ကတက်ရွက်၊ ဖက်သင်ရွက်၊ ကျောက်ပွင့်၊ ရေညှိ၊ မယ်ဇလီရွက်၊ ညောင်ချဉ်ရွက်စသည်ဖြင့် အရွက်အမျိုးမျိုးကို စားသုံးလေ့ရှိကြသည်။ မြင်းခွာရွက်ကိုသုပ်၍ စားသည်ထက် တို့စရာအဖြစ် စားသုံးလေ့ရှိသည်။ ကောက်ရိုးနွယ်၊ မရိုး၊ ညောင်ချဉ်ရွက်၊ မြင်းခွာရွက်စသည့် အသီးအရွက်မျိုးစုံကို ဆန်မှုန့်၊ ကောက်ညှင်းမုန့်တို့နှင့် ပေါင်း၍ ဟင်းပေါင်းအဖြစ် စားသုံးကြသည်။ တစ်ခါတစ်ရံ မှို၊ ဆူးပုပ်၊ မုံညင်းစသည်တို့ကိုလည်း သီးသန့်ပေါင်း၍ စားကြသည်။ ကတူးတိုင်းရင်းသားတို့သည် အသီးအရွက်များကို အချဉ်တည်၍လည်း ကြာရှည်စားသုံးနိုင်ရန် စီစဉ်ထားတတ်ကြသည်။ အထူးသဖြင့် အချဉ်ပြုလုပ်လေ့ရှိသော အသီးအရွက်များမှာ မုံညင်းချဉ်ကို စဉ့်အိုးများနှင့်ဖြစ်စေ၊ ဝါးကျည်တောက်များဖြင့်ဖြစ်စေ အချဉ်တည်လေ့ရှိသည်။ လောလောဆယ် စားသုံးချင်လျှင် စဉ့်အိုးများဖြင့်၊ နှစ်ပေါက်ခံ (လကြာကြာထား)ချင်လျှင် ဝါးကျည်တောက်များထဲတွင်ထည့်၍ မြေမြှုပ်ထားလေ့ရှိသည်။ မိမိတို့အသုံးပြုလိုသောအခါမှသာလျှင် ဖော်ယူစားလေ့ရှိသည်။ ဝါးကျည်တောက်တွင်ထည့်ကာ

အပေါ်မှ သရက်ရွက်ဖြင့် လုံအောင်ပိတ်၍ မြေတွင် မြှုပ်ထားခြင်း ဖြစ်သည်။ အဖူး ထွက်သည့် အရွက်မုံညင်းရွက်များကိုမူ နေလှန်းပြီး ပေါင်းစားလေ့ရှိသည်။

မှုစ်ချဉ်လုပ်စားလေ့ရှိသော ဝါးအမျိုးအစားများမှာ– ဝါးဘိုးဝါး၊ သနပ်ဝါး၊ မျှင်ဝါးတို့ဖြစ်သည်။ ဝါဆို၊ ဝါခေါင်သည် မျှစ်နုချိန်ဖြစ်၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းသည် မျှင်ရင့်ချိန် ဖြစ်သည်။ ထို့ကြောင့် မျှစ်မနုလွန်း၊ မရင့်လွန်းသော တော်သလင်းလကိုမူ မျှစ်ချဉ်လဟု ဆိုရိုးရှိပေသည်။ မျှစ်ကို မျှစ်ချဉ်အပြင် မျှစ်သို့ ခြောက်၊ မျှစ်ခြောက်များ ပြုလုပ်၍လည်း စားသုံးကြသည်။

အသားငါးအနေနှင့် တောလိုက်၍ရရှိသော ဂျီ၊ ဆတ်၊ တောဝက်၊ စိုင်၊ တောကြက်၊ ကြွက်၊ ပြောင်၊ ယုန်၊ တောကြောင်၊ လင်းမြွေ၊ မျောက်စသည့် အကောင်များကိုလည်းကောင်း၊ ငါး၊ ပုစွန်ဆိတ်၊ ဖား၊ လိပ်၊ ဖွတ်၊ ကဏန်းစသည်တို့ကိုလည်းကောင်း၊ အိမ်၌မွေး၍ရရှိသော ကြက်ဥ၊ တောထဲမှ ရရှိသော ခါချဉ်ဥ၊ မြွေဥ၊ လိပ်ဥ၊ ဖွတ်ဥစသည်တို့ကိုလည်းကောင်း စားသုံးကြသည်။ တောလိုက်၍ ပိုလျှံသော အသားများကို အချဉ်တည်၍ ဝက်သားချဉ်၊ ဂျီသားချဉ်၊ လိပ်သားချဉ်၊ အမဲသားချဉ် စသည်ဖြင့် အမျိုးမျိုး ပြုလုပ်ထားတတ်ကြသည်။ အထူးသဖြင့် ဤဒေသရှိ ကတူးတိုင်းရင်းသားတို့၏ ပွဲဟင်းဖြစ်သော ငါးချဉ်သည် အရေးပါလှပေသည်။ ရှင်ပြုပွဲ၊ မင်္ဂလာပွဲတို့တွင် ငါးချဉ်မပါလျှင် မပြီးပေ။ မင်္ဂလာဆောင်ခွဲခန့်ရာတွင် မိန်းကလေးမိဘတို့သည် ငါးချဉ်ပိဿာ၊ ငါးဆယ်၊ တစ်ရာစသည်ဖြင့် ခွဲခန့်လေ့ရှိကြသည်။ ထို့ကြောင့် ကတူးတို့တွင် သတို့သမီးဘက်မှ လူကြီးများကို "ဆောစားမျိုး"ဟု ခေါ်သည်။ "ငါးချဉ်ဆော"ဆိုသည်မှာ ခြင်းကြားရက်၍ ငါးချဉ်ထည့်ထားသည့် ငါးချဉ်ခြင်းကို ခေါ်ခြင်း ဖြစ်သည်။ ကတူးတိုင်းရင်းသားတို့၏ ငါးချဉ်သည် ငါးလေးချဉ်နှင့်ငါးကြီးချဉ်ဟူ၍ နှစ်မျိုးရှိသည်။ ငါးလေးချဉ်ကို ငါးလူးနှင့်ငါးပျက်များကို လုပ်လေ့ရှိသည်။ ငါးကြီးချဉ်မှာ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးသိုင်း၊ ငါးရံ့၊ ငါးအုံတုံတို့ဖြင့် ပြုလုပ်ကြရသည်။ ကတူးတို့သည် ငါးလေးချဉ်ကို အကြိုက်များသည်၊ ငါးချဉ်ကိုကြော်စားခြင်း၊ ချက်စားခြင်းအပြင် အစိမ်းသုပ်စားလေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့သည် ဟင်းချက်ပြုတ်စားရာတွင် ဆီမခတ်ဘဲ ချက်ပြုတ်စားကြသည်က များလေသည်။ ငါးချဉ်ကိုလည်း အစိမ်းအတိုင်းပင် စားသောက်လေ့ရှိကြသည်။ ကတူးတို့သည် ကောက်စိုက်၊ပျိုးနုတ်၊ ကောက်ရိတ်စသည့်လုပ်ငန်းတို့တွင် တစ်ယောက်တစ်လှည့် ကူညီလုပ်ကိုင်ပေးသော လက်စားလိုက်စနစ်လည်းရှိသည်။ ထိုသို့ လက်စားလိုက်သူများကို လယ်ရှင်က ငါးချဉ်ဟင်းဖြင့် ထမင်း ကျွေးလေ့ရှိသည်။

ထိုကဲ့သို့ ထမင်းဟင်းလျာများအပြင် ကတူးတိုင်းရင်းသားတို့သည် သရေစာအဖြစ် မုန့်များကိုလည်း ပြုလုပ်စားလေ့ရှိကြသည်။ ကျေးရွာရှိ အိမ်တိုင်းစားသော မုန့်များမှာ ဆန်ကြမ်းဖြင့် ပြုလုပ်သည့်မုန့်များတွင် မုန့်စိမ်းပေါင်း၊ ထန်းသီးမုန့်၊ ကောက်ညှင်းဖြင့် လုပ်ထားသော မုန့်များတွင် မုန့်ဖက်ထုပ်၊ မရွေး၊ ကောက်ညှင်းထုပ်၊ ပေါင်းတင်းကျည်၊ ခေါပြင်၊ ခေါဆီ၊ မုန့်ဆီကြော်တို့ ဖြစ်လေသည်။ အိမ်တိုင်းတွင် နေ့စဉ် စားသုံးလေ့ရှိသော မုန့်မှာ မရွေးနှင့်ကြံသကာတို့ပင် ဖြစ်သည်။ ထိုမုန့်ကို ကလေးများ သရေစာအဖြစ်လည်းကောင်း ဧည့်ခံရန်မုန့်အဖြစ် လည်းကောင်း စားသုံးလေ့ရှိကြသည်။ ဤကျေးရွာတွင် မစားရဟု တားမြစ်ထားသော အစားအစာ၊ အသားငါးဟူ၍ မရှိပေ။ ပဒူဆံကို ကိုယ်ဝန်ဆောင်မိန်းမများ မစားရဟု ဆိုသည်။ အကြောင်းမှာ ပဒူဆံသည် ပူလွန်းသဖြင့် ကိုယ်ဝန်ပျက်ကျတတ်သောကြောင့် ဖြစ်ပေသည်။ ဤကျေးရွာရှိ ကတူးတို့သည် ထူးခြားသည့်အချက်မှာ ကတူး အမျိုးသမီးတိုင်းသည် ထမင်းစားသည့်အခါ၌ ဒူးတုပ်၍ စားကြခြင်းဖြစ်ပေသည်။ ထမင်းစားသည့်အခါ ယောကျ်ား၊ မိန်းမကလေးဟူ၍ ခွဲခြားခြင်းမျိုး မရှိပေ။

မြောက်မော်ကျေးရွာတွင် အရက်၊ ခေါင်ရည်စသည့်အရက်သေစာ သောက်စားသူမှာ မရှိသလောက်နည်းပါးကြသည်။ သို့သော် ပွဲလမ်းသဘင်များတွင်မူ အနည်းငယ်သောက်လေ့ရှိကြသည်။ မြောက်မော် ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း ဓလေ့ရှိကြသည်။ ဆေးလိပ်ကို သီးသန့်လိပ်၍ မထားကြပေ။ သောက်ချင်သောအခါမှသာလျှင် စက္ကူပိုင်းကလေးများတွင် ဆေးရွက်ကြီး ဆေးရိုးစသည်တို့ကိုထည့်၍ ကိုယ်တိုင်ပွတ်ချွန်းပြုလုပ်၍ သောက်သုံးကြသည်။ ဧည့်သည်လာလျှင်လည်း ဧည့်သည်အား ဆေးရွက်၊ ဆေးရိုး ထည့်ထားသော ဆေးဗူးပ်ကိုချပေးထားသည်။ သောက်ချင်လျှင် ဧည့်သည်ကိုယ်တိုင် လိပ်၍ သောက်ကြလေသည်။ ဆေးလိပ်ဖက်များအဖြစ် သနပ်ဖက်၊ ဝါးဖတ်ဖက်နှင့် စက္ကူတို့ကို အသုံးပြုကြသည်။ ထို့အပြင် ကွမ်းစားသည့်ဓလေ့လည်းရှိသည်။ ကွမ်းယာတွင် ကွမ်းရွက်၊ ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ မျောက်လက်ခေါက်[၁] စသည်တို့ကို ထည့်၍ စားသုံးတတ်ကြသည်။ ကျေးရွာရှိ လူတော်တော်များများသည် ရေနွေးကြမ်းကို သောက်သုံးကြသည်။ လက်ဖက်ခြောက်များများ ခပ်၍ ခပ်ဖန်ဖန်ခါးခါး သောက်ကြသည်။ ထို့ကြောင့် ဤကတူးဒေသတွင် ဆေးလိပ်၊ လက်ဖက်ရည်ကြမ်း ခါးခါးနှင့် ကွမ်းယာတို့သည် ဧည့်သည်အား ဧည့်ဝတ်ပြုရန် သုံးသောအရာများဖြစ်နေသည်။ အများအားဖြင့် အမျိုးသားများ စားသုံးသည်များလေသည်။ မိန်းမများလည်း စားသုံးသည်လည်း ရှိပေသည်။

မြောက်မော်ဒေသရှိ ကတူးတိုင်းရင်းသားတို့တွင် လယ်ယာစိုက်၊ တောင်ယာလုပ်၊ အမဲလိုက်၊ ငါးဖမ်းစသည့် မိရိုးဖလာလုပ်ငန်းများကိုသာ လုပ်ကိုင်ကြသည်သာ များလေသည်။ အစိုးရအမှုထမ်းလုပ်သူ၊ ဈေးရောင်းသူဟူ၍ တစ်ဦးသာ ရှိသည်။ ထိုသူတို့မှာလည်း ကျေးရွာအတွက် လိုအပ်သော ဆေးဝါး၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများကိုသာ လိုအပ်သည့်အချိန်တွင် ရနိုင်ရန်ရောင်းချခြင်းဖြစ်သည်။ မြောက်မော်ရွာဒေသသည် မည်သည့်လုပ်ငန်းကိုမဆို စုပေါင်းလုပ်ကိုင်တတ်ကြသည့်အတွက် သီးသန့်လုပ်ငန်းတစ်မျိုးတည်းကိုပင် စောက်ချလုပ်ကိုင်ခြင်း[၂] မျိုးဖြင့် အသက်မွေးသူဟူ၍မရှိပေ။ ဝိုင်းလုပ်ဝိုင်းစားသဘောသာများသဖြင့် ထိုကျေးရွာရှိလူများသည် အချင်းချင်းရင်းနှီးချစ်ခင်ကာ အေးချမ်းမှုရှိသည်။ ထိုသူတို့၏ စီးပွားရေးအဆင့်မှာလည်း မြင့်မားမှုမရှိပေ။

---

၁။ ဒေသထွက်သစ်ခေါက်တစ်မျိုး

၂။ Specialization of labour

## "အခန်း (၄)"
## မိသားစုစနစ်အရ လူမှုရေးဖွဲ့စည်းပုံ

လူအဖွဲ့အစည်း[၁] ဟူသော ဝေါဟာရသည် မနုဿဗေဒနှင့် လူမှုရေးဗေဒတို့၏ အခြေခံဝေါဟာရများ ဖြစ်သည်။ လူ့အဖွဲ့အစည်းဆိုသည်မှာ လူအချင်းချင်း၊ လူအုပ်စုအချင်းချင်းတို့ စနစ်တကျ အပြန်အလှန် ပေါင်းသင်း ဆက်ဆံကာ ရောပြွမ်းနေထိုင်လျက်ရှိသော လူ့ဘောင်လောကကြီးပင် ဖြစ်သည်။ လူ့အဖွဲ့အစည်းကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးဘာသာရေးစတည်တို့နှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးနှင့် ဖွဲ့စည်းထားသည်။ လူ့အဖွဲ့အစည်းဝင်တို့သည် ယင်းကဏ္ဍများတွင် မိမိတို့ လုပ်ဆောင်ရမည့် လူမှုရေး လုပ်ငန်း ဆောင်တာများ[၂]ကို အဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက် ကြရသည်။ ထိုကဲ့သို့ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကြောင့် လူ့အဖွဲ့အစည်းတွင် လူမှုရေး အဆောက်အအုံ[၃] သည် ဖြစ်ပေါ်လာပြီး တည်တံ့ခိုင်မြဲမှုရှိပေသည်။

မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို လူမှုရေးလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြရန်အတွက် အခြေခံအုပ်စုကလေးများ တွေ့ရှိနိုင်ပေသည်။ ယင်းအခြေခံအုပ်စုကလေးများမှာ (၁)လိင် (ဖို၊မ)အလိုက် အုပ်စု ဖွဲ့ခြင်း[၄] (၂) အသက်အလိုက် အုပ်စုဖွဲ့ခြင်း[၅] (၃) နေရာဒေသအလိုက် အုပ်စုဖွဲ့ခြင်း[၆] (၄) ဆွေမျိုးတော်စပ် ခြင်းအလိုက် အုပ်စုဖွဲ့ခြင်း[၇] (၅) အလုပ်အကိုင်အားဖြင့် အုပ်စုဖွဲ့ခြင်း[၈] (၆) လူမှုရေးအဆင့်အတန်းလွှာနှင့် ဇာတ် စနစ်အားဖြင့် အုပ်စုဖွဲ့ခြင်း[၉] တို့ ဖြစ်သည်။

---

၁။ Society

၂။ Social Functions

၃။ Social Structure

၄။ Social grouping based on sex

၅။ Social grouping based on age

၆။ Social grouping based on locality

၇။ Social grouping based on kinship

၈။ Social grouping based on occupation

၉။ Social grouping based on social and Caste Stratification System

ထို့အတူ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့တွင်လည်း ထိုကဲ့သို့သော အဖွဲ့အစည်းငယ်ကလေးများ ရှိပေသည်။ ထိုအခြေခံ အုပ်စုကလေးများကို လေ့လာခြင်းအားဖြင့် ၎င်းတို့၏ လူမှုရေးဓလေ့ထုံးစံများကို သိရှိနိုင်ပေသည်။

## (က) မိသားစုဖွဲ့စည်းနေထိုင်ပုံနှင့်ဆွေမျိုးတော်စပ်ပုံ

### (၁) မိသားစုဖွဲ့စည်းနေထိုင်ပုံ

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ လူမှုရေးကိစ္စအဝဝသည် မိသားစုများ၏ စုစည်းမှုအပေါ်တွင် အခြေခံသည်။ မိသားစုများသည် စုစုစည်းစည်း နေထိုင်တတ်သည့် ဓလေ့ရှိကြသည်။ ကတူးတိုင်းရင်းသားတို့၏ အိမ်ထောင်စုတစ်ခုတွင် မိသားစုများ ရောစွက်နေထိုင်တတ်ကြသည်။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ မိသားစု ဖွဲ့စည်းနေထိုင်ပုံကို လေ့လာကြည့်လျှင်

(က) အခြေခံမိသားစု (သို့မဟုတ်) ရိုးရိုးမိသားစု[၁]

(ခ) တိုးချဲ့မိသားစု[၂] ဟူ၍ (၂)မျိုး တွေ့နိုင်ပေသည်။

ကတူးတိုင်းရင်းသားတို့၏ မိသားစုပုံစံတွင် မိခင်၊ ဖခင်နှင့် သားသမီးအရင်းများ (သို့မဟုတ်) မွေးစားသားသမီးများ ပါဝင်သော တြိဂံပုံသဏ္ဍာန် အခြေခံမိသားစုမျိုးဖြစ်သည်။ အိမ်ထောင်စုရှိ ဖခင်နှင့် မိခင်တွင် ဖခင်ကသာလျှင် အိမ်ထောင်စုအပေါ် ဩဇာလွှမ်းမိုးပြီး အိမ်ထောင်ဦးစီး ဖြစ်ပေသည်။ ဖခင်သည် အိမ်ထောင်၏ ဦးစီးခေါင်းဆောင်ဖြစ်သော်လည်း အိမ်မှုကိစ္စများနှင့် သားသမီးကိစ္စအဝဝတွင် မိခင်က တာဝန်ယူဆောင်ရွက်ပေးရလေသည်။ အိမ်ထောင်စုတွင် ဖခင်သည်သာ အာဏာပိုင်၍ အဆုံးအဖြတ်ပေးနိုင်သည်။ သို့သော် မိခင်သည် ဖခင်အား အကြံဉာဏ်များ ပေးနိုင်သည်။ ဖခင်သည် တစ်အိမ်ထောင်လုံးအတွက် စားဝတ်နေရေးဖြေရှင်းနိုင်ရန် စပါးသီးနှံစိုက်ခြင်း၊ တောင်ယာခုတ် - အမဲလိုက်၊ ထင်းခုတ်–အိမ်ဆောက် စသည့်လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်သည်။ ကတူးတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်[၃]ကို ကျင့်သုံးကြသည့်အတွက် လင်နှင့်မယား၊ သားသမီးအချင်းချင်းတို့မှာ ပဋိပက္ခဖြစ်ဖွယ်ရာအကြောင်း မရှိသောကြောင့် ကတူးတိုင်းရင်းသားတို့၏ အခြေခံမိသားစုသည် အေးချမ်းသာယာသော မိသားစုဖြစ်သည်။ သားသမီးသည်လည်း မိဘတို့ကို အလွန်ရိုသေလေးစားကြပြီး မိဘတို့၏ ဆုံးမစကားကို နာယူတတ်ကြသည်။ အိမ်ထောင်စု၏တာဝန်ကို ဖခင်နှင့်မိခင်သာမက သားသမီးများကလည်း တတ်နိုင်သည့်ဘက်မှ ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။ သားများက ဖခင်၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ သမီးများကလည်း မိခင်၏အိမ်မှုကိစ္စများတွင်လည်းကောင်း ကူညီလုပ်ကိုင်ပေးကြသည်။ သားသမီးတို့၏ အိမ်ထောင်ရေးကိစ္စများတွင် မိခင်အား အရင်အသိပေးပြီး မိခင်မှတစ်ဆင့် ဖခင်အား သိစေသည်။

ကတူးတိုင်းရင်းသားတို့ အိမ်ထောင်ပြုရာတွင် သားမက်တက်၊ ချွေးမတက်ဟူ၍ ခွဲထားပေသည်။ သားမက်တက်မှာ ယောကျ်ားလေးသည် မိန်းကလေး၏အိမ်သို့ လိုက်ပါနေရခြင်းဖြစ်သည်။ ချွေးမတက်မှာမူ မိန်းကလေးဖြစ်သူက ယောကျ်ားလေးအိမ်သို့ လိုက်ပါနေရခြင်း ဖြစ်သည်။ သို့သော် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားအများစုသည် ချွေးမတက်ကိုသာ ယူလေ့ရှိသည်။ သားမက်တက်ယူသည်မှာ အလွန်ရှားပါးပေသည်။ တစ်နည်းအားဖြင့်ဆိုသော် မြောက်မော်ရွာရှိ ကတူးတိုင်းရင်းသားတို့သည် ကျားဘက်လိုက်နေစနစ်[၄]ကိုသာ အများဆုံး ကျင့်သုံးကြသည်။ သားကိုယောက္ခမအိမ်သို့ ထည့်လိုက်လေ့မရှိပေ။ လုပ်အားအများဆုံးပေးနိုင်သော သားယောကျ်ားကို မိဘအိမ်၌ပင် ထားသည်သာ များသည်။ မိမိအိမ်၌ သားယောကျ်ားလေး တစ်ယောက်မျှ မရှိသော အခါမှသာလျှင် သားမက်တက် ယူလေ့ရှိကြသည်။

---

၁။ The basic family (or) the simple family

၂။ Extended family

၃။ Monogamy

၄။ Patrilocal Residence

ထို့ကြောင့် ကတူးတို့၏ အိမ်ထောင်စုတွင် အိမ်ထောင်ဦးစီးဖခင်၏ မိသားစုနှင့်အတူ သားများ၏ အိမ်ထောင်စုများပါ ရောနှောနေထိုင်သော တိုးချဲ့မိသားစု[၁] များအဖြစ်လည်း နေထိုင်ကြသည်။ အိမ်ထောင်စုတစ်စုတွင် မိသားစု(၂)စုမှ (၃) (၄)စုအထိ နေထိုင်ကြသည်။ ထိုကဲ့သို့ သားများ၏ မိသားစုများနှင့်ရောၡ နေထိုင်ကြသည့်အခါ စီးပွားရေးမှာ မိဘများနှင့်အတူတူပင် ဖြစ်သည်။ ပင်ရင်းမိသားစုမှ ဖခင်ကြီးကသာလျှင် သားများ၏ မိသားစုများကို ဦးစီးတာဝန်ယူပြီး ညီတူမျှတူ ခွဲဝေခံစားစေသည်။ ထိုကဲ့သို့ အတူနေကြသည့်အခါ ချွေးမအကြီးသည်လည်း မိခင်ကြီးနှင့်အတူ ဦးစီး၍ စီမံချက်ပြုတ်ကြသည်။ ယောက္ခမများ၏ အစီအမံကို နာခံကြသည်။ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းမှအစ အိမ်၏ကိစ္စအဝဝကို မိမိတို့ တတ်နိုင်သည့်ဘက်မှ အတူတူ စုပေါင်းလုပ်ကိုင်ကြသည်။ ရေသာခိုသည့်စိတ်၊ တွက်ကပ်တတ်သည့် စိတ်မျိုး မရှိကြပေ။ မိမိတို့၏ တာဝန်ကို မိမိ သိရှိပြီး ကျေပွန်စွာ ထမ်းဆောင်ကြသည်။ ဤကဲ့သို့ အိမ်ထောင်စု၏ တာဝန်များကို ဝိုင်းဝန်းကူညီလုပ်ကိုင်ရင်း ရလာသမျှ အကျိုးအမြတ်ကို ဝိုင်းဝန်းခံစားကြရသဖြင့် လူနေမှု အဆင့်အတန်းလည်း တူညီမှုရှိသည်။ အခွင့်အရေး ညီတူရသဖြင့် အိမ်ထောင်စုအတွင်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး ပြေလည်သည်။ သား၏မိသားစုများသည် မိခင်ဖခင်၏ မိသားစုနှင့် မည်ရွေ့မည်မျှအထိ နေရမည်ဟု ကန့်သတ်မထားပေ။ မိဘက တတ်နိုင်သရွေ့ သား၏မိသားစုများကို အတူနေစေသည်။ မိသားစုများ များလာပါက သားအကြီးဆုံး၏ မိသားစုမှစ၍ ခွဲထွက်နိုင်ပေသည်။ မြေးအိမ်ထောင်ကျသောအခါမှ ခွဲထွက်သည်လည်း ရှိပေသည်။

မိသားစုများ စုစည်းနေထိုင်စဉ် လူ့သဘာဝအလျောက် ပြဿနာများ၊ အဆင်မပြေမှုများ ပေါ်ပေါက်တတ်သော်လည်း အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်၏ ဩဇာသက်ရောက်မှု၊ အစ်ကိုကြီး အဖအရာ၊ အစ်မကြီးအမိအရာ ဆိုသကဲ့သို့ အစ်ကိုကြီး အစ်မကြီးတို့အား ရိုသေလေးစားမှု၊ မိသားစုဝင်အားလုံး၏ အပြန်အလှန် နားလည်မှု၊ သည်းခံတတ်မှုတို့ကြောင့် ကြီးမားသောပြဿနာ ဖြစ်မလာဘဲ အဆင်ပြေအောင် ညှိနှိုင်းနေထိုင်နိုင်ကြသည်။ ဤကဲ့သို့သော စိတ်ဓာတ်ကြောင့်လည်း တိုးချဲ့မိသားစုပုံစံဖြင့် တစ်အိမ်တည်းတွင် မိသားစုများ စုပေါင်း၍ အစဉ်အဆက် နေထိုင်လာနိုင်ခြင်း ဖြစ်သည်။

## (၂) ဆွေမျိုးတော်စပ်ပုံ

ဆွေမျိုးတော်စပ်ခြင်း သို့မဟုတ် ဆွေမျိုးဉာတိသည် လူ့အဖွဲ့အစည်းများတွင် အလွန်အရေးပါ အရာရောက်ပေသည်။ ဆွေမျိုးတော်စပ်ခြင်း (၃)မျိုးရှိသည်။ ၎င်းတို့မှာ–

(၁) သွေးသားအားဖြင့် တော်စပ်ခြင်း[၁]

(၂) လက်ထပ်မှုဖြင့် တော်စပ်ခြင်း[၂]

(၃) မွေးစားခြင်း၊ ကလင်အုပ်စု[၃]၊ တိုတမ်[၄] အုပ်စုတို့တွင် ပါဝင်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်ခြင်း စသည်တို့ဖြစ်သည်။[*]

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ ဆွေမျိုးတော်စပ်မှုတွင် သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ခြင်း၊ လက်ထပ်မှုဖြင့် ဆွေမျိုးတော်စပ်ခြင်းနှင့် မွေးစားခြင်း၊ ကလင်အုပ်စုတို့တွင် ပါဝင်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်ခြင်းတို့ကိုပါ တွေ့ရှိရသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ကြရာတွင် မိဘနှစ်ပါးစလုံးဘက်မှ အနွယ်များကိုလိုက်၍ တော်စပ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် မြောက်မော်ရွာနေ

---

၁။ Kinship by blood

၂။ Kinship by marriage

၃။ Clan

၄။ Totem

* ခင်ခင်စု၊ ဒေါ်၊ လူမှုရေးဖွဲ့စည်းပုံ ပို့ချချက်များ (တတိယနှစ်)၊ စာ– ၆၅။

ကတူးတိုင်းရင်းသားတို့သည် နှစ်ဘက်လိုက်ဆွေမျိုးတော်စပ်ပုံစနစ်[၁]ကို ကျင့်သုံးကြသည်။ မိဘနှစ်ဖက်စလုံးမှ ဆွေမျိုးများကို ခွဲခြားမှုမရှိဘဲ တန်းတူတော်စပ်သော ဆွေမျိုးများဟု အသိအမှတ်ပြုကြသည်။ ဆွေစဉ်မျိုးဆက် ကောက်ယူရာတွင်လည်း မိခင်နှင့်ဖခင်နှစ်ဦးစလုံးဘက်မှ ဆွေမျိုးများကို ဆွေမျိုးတော်စပ်သော တန်းတူဆွေမျိုးဟု သတ်မှတ်ကြသည်။ ဖခင်သေဆုံးသွားလျှင် သားအကြီးဆုံးက ဖခင်၏ကိုယ်စား အိမ်ထောင်ရေးကို ဦးစီးရသကဲ့သို့ မိခင်သေဆုံးသွားလျှင်လည်း သမီးအကြီးဆုံးက မိခင်ကိုယ်စား အိမ်ထောင်ကို ထိန်းသိမ်းရသည်။ သို့သော် သမီးများမှာ အိမ်ထောင်ကျလျှင်မူ ခင်ပွန်းသည်၏ နောက်သို့သာ လိုက်ပါရရိုး ထုံးစံရှိသည်။ အမွေခံစားရာတွင်လည်း သမီးများမှာ သားများကဲ့သို့ အပြည့်အဝ ခံစားခွင့် မရကြပေ။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့တွင် လက်ထပ်ခြင်းအားဖြင့် တော်စပ်လာရသော လက်ထပ်သူအမျိုးသမီး၏အုပ်စုနှင့် အမျိုးသားအုပ်စုရှိလူများသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု ရှိကြသည်။ ဆွေမျိုးများဟု အသိအမှတ်ပြုပြီး အပြန်အလှန်လိုက်နာကျင့်သုံးကြရသော တာဝန်ဝတ္တရားများကိုလည်း လေးစားကြသည်။ ယောက္ခမများသည် သားမက်၊ ချွေးမများကို မိမိတို့၏သားများ၊ သမီးများကဲ့သို့လည်းကောင်း၊ သားမက် ချွေးမတို့ကလည်း မိမိတို့၏ မိဘအရင်းကဲ့သို့လည်းကောင်း သဘောထား ဆက်ဆံကြသည်။

ကတူးတိုင်းရင်းသားတို့၏ အဖွဲ့အစည်းတွင် သားသမီးအရင်းအချာမရှိသော မိဘတို့သည် ကလေးငယ်များကို မွေးစားလေ့ရှိကြသည်။ ထိုမွေးစားသော ကလေးငယ်များကို မိမိတို့၏ သားသမီးအရင်းကဲ့သို့ သဘောထားပြီး သားသမီးတို့ ခံစားထိုက်သော အခွင့်အရေးများကိုလည်း ရရှိကြသည်။ မွေးစားသားသမီး တို့ကလည်း မိမိတို့၏ မိဘများကဲ့သို့ သဘောထားပြီ သားသမီးတို့တာဝန်ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင် ကြလေသည်။ ထို့အပြင် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့မှာ ထမန်ကတူးဆက်များ၊ တစ်နည်းအားဖြင့် မော်တိပ်ကတူး အဆက်အနွယ်များ ဖြစ်ကြသည်။ မိမိတို့သည် ထမန်ကတူးအနွယ်ဖြစ်သော ဆွေမျိုးစုသုံးစု (စင်ကင်၊ ထမန်နွဲ့၊ ပါတူး)မှ ပေါက်ပွားဆင်းသက်လာကြသော ဆွေမျိုးစုများ ဖြစ်ကြသည်ဟု သတ်မှတ်ထားကြသည်။ လက်ထပ်ကြရာတွင်လည်း မိမိတို့ ထမန်ကတူးအနွယ် ဆွေမျိုးအုပ်စု သုံးစုဝင် အချင်းချင်းသာ လက်ထပ်လေ့ရှိကြသည်။ သို့သော် ယခုအခါတွင်မူ မိမိတို့ မျိုးနွယ်ဆက်အချင်းချင်းနှင့်သာလျှင် လက်ထပ်ရမည်ဟူသော တင်းကျပ်သည့် စည်းကမ်းမျိုး မရှိတော့ပေ။ ကတူး တိုင်းရင်းသားအချင်းချင်းတွင်သာ မိမိတို့သည် မော်တိပ်ကတူး ဖြစ်သည်၊ မိမိတို့သည် စက်တောကတူး ဖြစ်သည်ဟူ၍ ပြောကြသော်လည်း အခြားတိုင်းရင်းသားများတို့၏ အရပ်ဒေသများသို့ ရောက်ရှိကြသောအခါတွင်မူ မိမိတို့အားလုံးသည် ကတူးတိုင်းရင်းသားများပင် ဖြစ်ကြသည်ဆိုသော အသိစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု ရှိကြသည်။ ကူညီရိုင်းပင်းကြသည့် စိတ်ဓာတ်ကောင်းများ ရှိကြလေသည်။

## (ခ) အရိုက်အရာခံယူခြင်း၊ အမွေဆက်ခံခြင်း (The Rule of succession/ inheritance)

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားတို့၏ မိသားစုများတွင် အရိုက်အရာ ပေးခြင်း၊ အမွေပေးခြင်းတို့မှာ မိဘနှစ်ပါး၏ ဆန္ဒနှင့်ရိုးရာအစဉ်အလာများပေါ်တွင် မူတည်သည်။ ထိုကဲ့သို့ ဆက်ခံကြရာတွင် မိဘ၏ရာထူး၊ ဂုဏ်ထူးအဆောင်အယောင်နှင့် အကျိုးကျေးဇူး အခွင့်အရေးများကို ဆက်ခံရသော ရာထူးအမွေဆက်ခံခြင်း[၂] (အရိုက်အရာခံယူခြင်း)နှင့် မိဘတို့ ကျန်ရစ်ခဲ့သောပစ္စည်းဥစ္စာတို့ကို ဆက်ခံရသော ပစ္စည်းအမွေဆက်ခံခြင်း[၃] ဟူ၍ ရှိပေသည်။

မြောက်ရွာရှိကတူးတိုင်းရင်းသားတို့သည် နှစ်ဘက်လိုက်ဆွေမျိုးတော်စပ်ပုံစနစ်ကို ကျင့်သုံးကြသော်လည်း အများအားဖြင့် သားကိုသာလျှင် ဖခင်၏ အရိုက်အရာကို ဆက်ခံခွင့် ပေးကြသည်။ ကတူးတို့၏ ရိုးရာဆက်ခံရေးမှာ ဖခင် မရှိပါက သားကြီး၊ သားကြီးမရှိပါက သားလတ်စသည်ဖြင့် သားယောကျ်ားများကသာ ရိုးရာဆက်ခံသော အိမ်ထောင်ဦးစီးများ ဖြစ်လာကြသည်။ အိမ်ထောင်ဦးစီးများ ဖြစ်လာကြသော်လည်း မိခင်ရှိသေးပါက မိခင်၏

---

၁။ Bilineal Kinship System

၂။ The Rule of Succession

၃။ The Rule of inheritance

အကြံဉာဏ်နှင့်အုပ်ချုပ်မှုကို လိုက်နာကြရသေးသည်။ သားယောကျ်ားလေးများကို အရိုက်အရာခံယူခွင့်ပေးခြင်းမှာ သားများသာလျှင် ဖခင်၏ လုပ်ငန်းမှန်သမျှကို စွမ်းဆောင်နိုင်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။ သားကြီးသည် ဖခင်၏ အရိုက်အရာကို ဆက်ခံရသည့်နည်းတူ သမီးကြီးသည်လည်း "အစ်မကြီး၊ အမိရာ" ဆိုသကဲ့သို့ မိခင်၏ အိမ်ထောင်ထိန်းသိမ်းမှုကို တာဝန်ယူကြရသည်။ ရှေးအခါကမူ ကတူးတို့သည် ဖခင်ဖြစ်သူက သူကြီး၊ ရွှေမှူးဖြစ်လျှင် အဖေသေပါက ရာထူးကို သားအကြီး ဆက်ခံရသည့် (Ascribed status) မျိုးရှိခဲ့သည်။ ဖခင်၏ အခွင့်အာဏာ အားလုံးကို ခံစားခွင့်ရသည်။

ယခုအခါတွင် သူကြီး၊ ရွှေမှူးဟူ၍ မရှိတော့သော်လည်း ကျေးရွာမှ ရပ်ရွာလူကြီးအဖြစ် အသိအမှတ်ပြုခံထားရသူတို့ ရှိပေသည်။ ထိုလူကြီးသည် ရွာ၏ သာမှု၊ နာမှုအရေးကိစ္စအဝဝကို ဦးစီးဦးဆောင်ပြု၍ ဖြေရှင်းပေးရသော ရွာ၏ခေါင်းဆောင်ဖြစ်သည်။ ထိုခေါင်းဆောင်ကို ကျေးရွာထဲရှိ လူကြီးဂုဏ်အင်္ဂါနှင့်ပြည့်စုံသူ၊ တည်ကြည်ဖြောင့်မတ်သူ၊ ရပ်ရွာက လေးစားရသူကို ရပ်မိရပ်ဖအဖြစ် အသိအမှတ် ပြုထားခြင်းဖြစ်သည်။

မြောက်မော်ကျေးရွာရှိ ကတူး တိုင်းရင်းသားတို့သည် အမွေဆက်ခံရေးမှာလည်း သားများကို ကြီးစဉ်ငယ်လိုက် ဆက်ခံစေသည်။ မိဘ၏အရိုက်အရာကို ဆက်ခံရသည့်နည်းတူ မိဘ၏အမွေကိုလည်းသားအား ဦးစားပေးတတ်ကြသည်။ သားမရှိလျှင် သမီးကို အမွေဆက်ခံစေသည်။ အမွေဆိုရာတွင် လက်ရှိစိုက်ပျိုးနေသော လယ်ယာမြေနှင့် တောင်ယာစသည်တို့သာ ဖြစ်သည်။

ဤဒေသသည် ပထဝီအနေအထားအရ တောတောင်များသာရှိ၍ မြေပြန့်မှာ နည်းပါးသည်။ ထို့ကြောင့် နောက်ထပ်လယ်ယာမြေအသစ်ချဲ့ထွင်ရန် နေရာမရှိတော့ပေ။ လယ်ယာမြေများမှာလည်း အလွန်ကျဉ်းမြောင်းသည်။ ထိုလယ်မြေနှင့် တောင်ယာမြေတို့ကို အမွေဆက်ခံရသည်။ သို့သော် အိမ်ထောင်ဦးစီးသည် မိမိတို့အိမ်ထဲတွင် အတူနေကြသော အိမ်ထောင်စုများနှင့်အတူ ဝိုင်းလုပ်ဝိုင်းစားကြသည်သာ ဖြစ်သည်။ အမွေဆက်ခံရေးနှင့်ပတ်သက်၍ သားသမီးတို့၏ အမွေဆက်ခံရေးတွင် မိသားစု၏ အစီအစဉ်အရ အမွေခွဲဝေယူကြသည်။

မိဘနှစ်ပါးသေဆုံးပါက မိဘနှစ်ပါးမသေမီ မှာထားခဲ့သည့်အတိုင်း အမွေခွဲယူလေ့ရှိသည်။ မိဘနှစ်ပါး မှာကြားမထားခဲ့သည့် ပစ္စည်းများအတွက်ကိုမူ မိဘနှစ်ပါးမသေမီ နောက်ဆုံးအတူနေခဲ့ကြသည့် သားသမီးတို့က ပို၍ အမွေဆက်ခံရရှိကြလေသည်။ မရွှေ့ပြောင်းနိုင်သော လယ်မြေများကိုမူ သားများကသာ ဆက်ခံခွင့်ရှိသည်။ ရိုးရာနတ် ကိုးကွယ်မှုတွင်လည်း အများအားဖြင့်ယောကျ်ားလေးသည် မိသားစုရိုးရာနတ်ကို ဆက်ခံရသည်။ သမီးများမှာမူ အိမ်ထောင်ပြုပြီး နောက်တွင် ခင်ပွန်းဘက်မှ နတ်အနွယ်ကို ကိုးကွယ်ရလေသည်။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားသည် အများအားဖြင့် ရိုးရာနတ်တူသူများချည်း ဖြစ်သည်။

သမီးကို အမွေခွဲပေးခွင့် မရှိပေ။ သားမရှိမှ သမီးကိုပေးလေသည်။ သမီးကို အမွေပေးသည့်အခါတွင်လည်း ကျွဲ၊ နွားများကိုသာလျှင် ပေးသည်။ သေဆုံးသူ လင်မယားတွင် အမွေဆက်ခံမည့် သားသမီးမထွန်းကားပါက "ခေါင်တိုင်စင်" ယောကျ်ားဖက်မှ အမျိုးများက အမွေများကို ဆက်ခံပိုင်ခွင့်ရှိလေသည်။ (သို့မဟုတ်) ကိုးကွယ်သော နတ်တူသူထဲမှ မိမိချစ်ခင်သူ တူများကို ပေးအပ်နိုင်သည်။

ကတူးတိုင်းရင်းသားတို့သည် ရိုးရာကိုးကွယ်သည့်နတ်ကို မေးကြည့်ခြင်းဖြင့် နတ်ကိုးကွယ်မှုတူသော အနွယ်ကို သိကြရသည်။ နတ်ကိုးကွယ်မှုတူလျှင် မျိုးနွယ်တူသည်သာ ဖြစ်လေသည်။ ကိုးကွယ်မှုနတ်ဖြင့်သာ မည်သည့်အနွယ်ဝင်ဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။ အဖိုးအဖွားနှင့်အတူနေသည့် မြေးများသည် သားသမီးများကဲ့သို့ပင် အမွေဆက်ခံခွင့်ရှိကြလေသည်။ မွေးစားသားသမီး ရှိပါက ၎င်းတို့၏အမွေဆက်ခံမှုမှာလည်း သားရင်းသမီးရင်းများကဲ့သို့ အတူတူပင်ဖြစ်သည်။

မိမိတို့တွင် သားထောက်သမီးခံမရှိ၍ သားသမီးမွေးစားလိုပါက လင်မယားတို့သည် နှစ်ဦးသဘောတူ မွေးစားခွင့်ရှိသည်။ တစ်ဦးတစ်ယောက်၏သဘောဖြင့် မွေးစားလေ့မရှိချေ။ မွေးစားရာတွင် မည်သူကိုမှ မွေးစား ရမည်။ မည်သူ့ကို မမွေးစားရဟု သတ်မှတ်ချက်မျိုး မရှိချေ။ ယောကျ်ားမိန်းမ ခွဲခြားမှုလည်း မရှိ။ မွေးစားသည့် မိဘများ၏ တရားဝင် သားသမီးများကဲ့သို့ပင် အသိအမှတ်ပြုခြင်း ခံရသည်။ မွေးစားသည့် မိဘများ၏ အမျိုးအနွယ် အဆင့်အတန်းနှင့် တစ်ပြေတည်း၊ တစ်တန်းစားတည်း သတ်မှတ်၍ အခွင့်အရေးတူ

ခံစားခွင့်ရှိပေသည်။ အသက်အရွယ်မှာလည်း ကန့်သတ်ချက်မျိုး မရှိပေ။ သို့သော် (၃)နှစ်နှင့် ၎င်းအောက် ကလေးများသာ မွေးစားလေ့ရှိသည်။ သို့သော် အရွယ်ရောက်ပြီးသူများကို မမွေးစားရဟု တားမြစ်ထားခြင်း မရှိပေ။ အရွယ်ရောက်ပြီးသူကို မွေးစားလျှင် ၎င်းတို့ကိုယ်တိုင်၏ သဘောတူညီချက်ကို ရယူရန် လိုပေသည်။

မွေးစားသော သားသမီးများသည် သားရင်း၊ သမီးရင်းကဲ့သို့ပင် မွေးစားမိဘများ၏ အမွေဆက်ခံခွင့်ရှိသည်။ မွေးစားမိဘများ၏ ဆွေမျိုးသားချင်းတို့ထက် အမွေဆက်ခံခွင့်ရှိသည်။ မွေးစားသားသမီးတို့သည် သားရင်း၊ သမီးရင်းများနည်းတူ သားသမီးတို့၏ ပြုဖွယ်သောတာဝန်ဝတ္တရားများကို ဆောင်ရွက်ပေးလေ့ရှိသည်။ ကလေးမွေးစားရာတွင် မိမိတို့၏ ပစ္စည်းဥစ္စာများကို ဆက်ခံစေလို၍လည်းကောင်း၊ မိမိတို့ အတွက်အားကိုးအားထား ပြုလို၍သော်လည်းကောင်း မွေးစားကြခြင်း ဖြစ်သည်။ ထို့ကြောင့် မွေးစားသားသမီးများကို မိမိတို့သားသမီးအရင်းကဲ့သို့ သဘောထားပြီး အကျိုးခံစားခွင့်ကိုလည်း အပြည့်အဝ ပေးထားခြင်း ဖြစ်သည်။

ကတူးတိုင်းရင်းသားတို့တွင် ယောကျ်ားတစ်ယောက်သည် မိန်းမမည်မျှ ယူရမည်ဟု ကန့်သတ်ထားခြင်း မရှိပေ။ သို့သော် အမွေစားအမွေခံ သားသမီးမရှိ၍ နောက်ထပ် မယားယူရပါသည်ဟူသော ထုံးစံမျိုး မထားရှိပေ။ လင်နှင့်မယားတွင် မယားဖောက်ပြန်၍ လင်ငယ်နေပါက ထင်ရှားလျှင် ထိုမိန်းမသည် အဝတ် တစ်ထည်ကိုယ်တစ်ခုဖြင့် အိမ်မှ ဆင်းသွားရသည်။ လင်ကြီးကျေနပ်၍ ပေးသမျှသာ ယူသွားခွင့်ရှိသည်။ ထို့နည်းတူ ယောကျ်ားဖောက်ပြန်လျှင်လည်း အိမ်ရှိပစ္စည်းများကို မယားကြီးအားအပ်၍ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်မှဆင်းသွားရသည်။ အခြားပစ္စည်းများ ပိုင်ဆိုင်ခွင့် မရှိချေ။ ကတူးတိုင်းရင်းသားတို့တွင် သေတမ်းစာလည်း ပြုလုပ်ခွင့်မရှိပေ။ လင်(သို့)မယား သေဆုံးပါက လင်သေမယား၊ မယားသေလင်သာ ပစ္စည်းပိုင်ဆိုင်ခွင့် ရရှိပေသည်။

သားသမီးမရှိသော မုဆိုးဖို/မများ၏ အမွေဆက်ခံရေးနှင့်ပတ်သက်၍ ကျန်ရစ်သော မုဆိုးမ/ဖို သည် လင်မယားနှစ်ဦးပိုင် ပစ္စည်းဥစ္စာအားလုံးကို တစ်ဦးတည်း အမွေခံအဖြစ် ရရှိသည်။ ထို့ပြင် သေဆုံးသူ၊ ရပိုင်ခွင့်ရှိသော အမွေမခွဲရသေးသည့် ပစ္စည်းကိုပင် ဆက်ခံခွင့်ရှိသည်။

သားသမီးများ ကျန်ရှိသော မုဆိုးဖို/မတို့သည် သေဆုံးသူ၏ အမွေလေးပုံသုံးပုံသာ ရရှိပိုင်ခွင့်ရှိပြီး နောက်အိမ်ထောင်ပြုလျှင်မူ တစ်ဝက်သာ ရရှိခွင့်ရှိသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ဆွေမျိုးဆက်မပြတ်စေရန် မျိုးနွယ်ဆက်ကို ဆက်ခံခြင်း၊ ရာထူးအမွေ၊ ပစ္စည်းအမွေများ ဆက်ခံခြင်း၊ ဆွေမျိုးအချင်းချင်း ဆက်ဆံရေး စသည့် ဆွေမျိုးစုဝင်များ လိုက်နာကြရမည့် စည်းမျဉ်းများ၊ တာဝန်ဝတ္တရားများကို လေးစားလိုက်နာလျက် ရှိကြပေသည်။

## (ဂ) ကိုယ်ဝန်ဆောင်ခြင်း

ကတူးတိုင်းရင်းသားတို့သည် တမလွန်ဘဝနှင့် ပတ်သက်၍ ယုံကြည်သူရှိကြသည်။ တမလွန်ဘဝမှ ဝိညာဉ်သည် မိခင်များထံ ဝင်စားသည်ဟု ယူဆသည်။ ဝင်စားပုံမှာ အိမ်ထောင်ရှိ အမျိုးသမီးများထံသို့ ဝိညာဉ်များသည် ချဉ်းကပ်ပြီးလျှင် ရေသောက်စဉ် အမှိုက်ကလေးသဏ္ဌာန် ဖန်ဆင်း၍ မိခင်လောင်း၏ ဝမ်းဗိုက်ထဲသို့ ရေနှင့် အတူ ရောက်ရှိဝင်စားနိုင်သည်ဟု ယုံကြည်သည်။ ကိုယ်ဝန်ရရှိလာသည့်အခါ မိခင်သည် စားမှုသောက်မှု၊ နေမှု ထိုင်မှုအစစအရာရာ ဆင်ခြင်လာရသည်။ ကိုယ်ဝန်ဆောင်နေစဉ် လက်ဖက်ရည်ကြမ်း မသောက်ရ၊ ပဒူဆံ ပျားရည် မစားရ၊ ဆေးအပူအစပ်များ မသောက်ရ၊ ကလေးပျက်ကျတတ်သည်ဟု အယူအဆရှိသည်။ ကိုယ်ဝန်ဆောင် မိခင်သည် ငြိမ်မနေရ၊ အိပ်မနေရ။ အိပ်နေပါက မွေးဖွားလာသော ကလေးမှာ အပျင်းကြီးတတ်သည်ဟု ယူဆသည်။ သို့သော် ကိုယ်ဝန်ဆောင်မိခင်သည် လှည်းမစီးရ၊ မခုန်ရ၊ အလေးအပင် မ,မရ၊ အမြင့်မတက်ရ၊ လမ်းသွားစဉ် ချော်မလဲရပေ။ ကလေးပျက်ကျ၍ ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိန်းမများသည် ကလေးမီးဖွားသောအခါ လွယ်ကူစေရန် ယောကျ်ားဖြစ်သူကို ညအိပ်ရာဝင်တွင် ရှိခိုးရသည်။ ရိုးရာနတ်များကိုလည်း ပူဇော်ပသခြင်း၊ ဆုတောင်းရခြင်းများ ပြုလုပ်ကြသည်။

ကိုယ်ဝန်ဆောင်မိန်းမများတွင်သာ အစားအသောက်စသည်များကို ရှောင်ကြဉ်ရခြင်းမျိုး ရှိသော်လည်း လင်ယောကျ်ားမှာ ရှောင်ကြဉ်မှု မရှိပေ။ ကိုယ်ဝန်ဆောင်သည် သင်္ကန်းဇန်း လုံးဝမရှက်ရပေ။ ကိုယ်ဝန်ဆောင်နေချိန်သည် ယုတ်ညံ့နေချိန်ဖြစ်၍ မြတ်သောသင်္ကန်းဇန်းကို မရှက်ရခြင်း ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိန်းမ လျှော်ပြီးသော ခေါင်းလျှော်ရည်ကို မလျှော်ရ။ လျှော်သောသူသည် ဆံပင်ကျွတ်တတ်သည်ဟု ယုံကြည်သည်။ ကိုယ်ဝန်ဆောင်မိန်းမသည် ပန်းပင်မခူးရ။ ပန်းပင် သေတတ်သည်ဟု ဆိုသည်။ ကိုယ်ဝန်ဆောင်မိန်းမများ ဖျားနာနေသောအိမ်သို့ လုံးဝမသွားရပေ။ ဤဒေသတွင် ပဋိသန္ဓေတားဆေးများ စားသုံးခြင်း၊ ကိုယ်ဝန်ရလာသည့်အခါ ဖျက်ချခြင်းစသည့် ထုံးစံ မရှိပေ။

## (ဃ) မီးဖွားခြင်း

ကတူးအမျိုးသမီးတို့သည် မိမိတို့၏ ရင်သွေးများကို မိခင်၏ဝမ်းဗိုက်အတွင်းရှိနေစဉ်ကပင် ဂရုပြုစောင့်ရှောက်လေ့ရှိကြသည်။ ရိုးရာအရှောင်၊ အဆောင်များကို မိခင်၊ ဖခင်တို့က ဂရုထား၍ ဆောင်ကြ၊ ရှောင်ကြသည်။ ကိုယ်ဝန်ဆောင်မိခင်တို့ကလည်း ရိုးရာဓလေ့များကို လေးလေးစားစား လိုက်နာဆောင်ရွက်ကြသည်။ ကလေး မီးမဖွားမီကပင် မီးဖွားစဉ် အသုံးပြုရန် စမုံနက်၊ နနွင်း၊ မိဿလင်၊ ဆေးပု၊ ဆေးစပ်များ၊ မီးနေရန် မီးဖိုထင်း၊ ကလေးအနှီးမှအစ လိုအပ်သည်များကို ရှာဖွေစုဆောင်းထားကြသည်။ ကိုယ်ဝန်ဆောင်မိခင်သည် ကလေးမီးဖွားရလွယ်ကူစေရန် လမ်းကို နေ့စဉ်မှန်မှန် လျှောက်ပေးရခြင်း၊ အုန်းရည်၊ ဝက်ချင်းတို့ကို စားသောက်ပေးရခြင်းများ လုပ်ပေးရသည်။ ကျေးရွာတွင် ကလေးမီးဖွားခြင်းအလုပ်ကို သီးသန့်လုပ်စားသောလက်သည်ဟူ၍ မရှိပေ။ သို့သော် ကျေးရွာအတွင်းအတွေ့အကြုံရှိ၍ စိတ်ဓာတ်ရဲရင့်သော မိန်းမကြီးများကသာ ကူညီမွေးဖွားပေးကြသည့် အရပ် လက်သည်မျိုးသာ ရှိသည်။

ဆေးဆရာ၊ ဗိန္ဒောဆရာ၊ ဗေဒင်ဆရာတို့ကလည်း ကူညီမွေးဖွားပေးကြသည်။ ကလေးမွေးဖွားရာတွင် နီးစပ်ရာ မိန်းမများက ကူညီမွေးဖွားပေးကြသည်။ ကလေးမီးဖွားရန်အတွက် မိမိတို့၏ အိပ်ခန်းများကိုပင် အသုံးပြုကြသည်။ ကလေးမွေးဖွားရာတွင် ခက်ခဲမှုရှိပါက လင်ယောကျ်ား၏ ပုဆိုးကို ရေစိမ်၍ သောက်ရသည်ဟုဆိုသည်။ ဆေးဆရာ၊ ဗိန္ဒောဆရာတို့ကလည်း ရေကို မန်းမှုတ်၍ သောက်စေသည်။ ဗေဒင်ဆရာကလည်း ယတြာချေပေးရသည်။ ကိုယ်ဝန်ဆောင် မိန်းမသည် မီးမဖွားမီ(သို့)မီးဖွားပြီး သွေးတက်မေ့မြောနေပါက ယောကျ်ားအနည်းဆုံး ၂-ယောက်သည် အိမ်ခေါင်မိုးပေါ်သို့တက်ပြီး သံပုံးတီးပေးရသည်။ လူနာအား ကပ်ရောက်နေသော အမှောင့်ပယောဂများ ထွက်ပြေးစေရန်နှင့် လူနာသည်လည်း ဤသံပုံးသံကြား၍ သတိပြန်လည်လာစေရန် ရည်ရွယ်သည်။ ကလေးမီးဖွားနေစဉ် လွယ်ကူချောမောစွာ မွေးဖွားနိုင်စေရန် အိမ်ရှိ ပုလင်း၊ ဗူး၊ အဆို့များကို ပိတ်မထားဘဲ ဖွင့်ထားပေးရလေ့ရှိသည်။

ကလေးမွေးဖွားသည့် အခန်းထဲသို့ လင်ယောကျ်ား မဝင်ရပေ။ ကလေးသည် မိခင်ဝမ်းမှ ထွက်လာလျှင် ထွက်လာချင်း ငိုအောင် ထုပေးရသည်။ ထိုသို့ငိုမှသာ ကလေးကျန်းမာသည်ဟုဆိုသည်။ မိခင်ဝမ်းမှကလေးထွက်လာပြီးနောက် အချင်းကျရန် ဆေးတိုက်ပေးခြင်း၊ အရပ်လက်သည်က ကူညီပေးခြင်းများ ပြုလုပ်ရသည်။ အချင်းကျမှ မိခင်အတွက် စိတ်အေးရပေသည်။ အချင်းကျပြီးနောက် အချင်းကို ကလေး၏ ချက်မှ သုံးလက်မခန့်ခွာ၍ ဖြတ်ပြီး ကြိုးနှင့်ချည်ထားရသည်။ အချင်းကို သစ်ရွက်ဖြင့်ထုပ်၍ အိမ်၏လှေကားရင်းတွင် မြှုပ်နှံထားရသည်။ မျက်နှာမြင်ပြီးနောက် ကလေးအား သန့်စင်အောင် ရေဆေးကြောပေးပြီးနောက် ဆန်ကောထဲတွင် သိပ်ကာ ခေါင်တိုင်နတ်ကို ပြသရသည်။ ထို့နောက် ကလေးကို ကျန်းမာစေရန်၊ ကြည့်ရှုစောင်မပေးရန်၊ ခေါင်တိုင် နတ်ကို ဆန်၊ ကြက်ဥပြုတ်၊ လက်ဖက်တို့နှင့် ပသထားရသည်။ ကလေးငယ်အား ရေနှင့်ပျားရည်ရောစပ်၍ အစက်ချပေးရသည်။ မိခင်အားလည်း အနားယူစေသည်။

အမွှာပူးမွေးသော ယုံကြည်မှုရှိသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နေစဉ် နှစ်လုံးပူးနေသော ငှက်ပျောသီးအမွှာကို မစားရ၊ အမွှာပူး မွေးဖွားတတ်သည်ဟု ယုံကြည်သည်။ မွေးလာပါကလည်း ထို အမွှာပူးကလေးများသည် တန်ခိုးဣဒ္ဓိပါတ်ရှိသည်ဟု ယူဆသည်။ ထိုကလေးများသည် မိဘကို ကောင်းကျိုးပေးတတ်သလို၊ ဆိုးကျိုးလည်း ပေးတတ်သည်ဟု ယုံကြည်သည်။ များသောအားဖြင့် မိဘတို့အား စီးပွား

တက်အောင် ကောင်းကျိုးကိုသာ ပေးသည်ဟု ယုံကြည်သည်။ ကလေးတစ်ယောက်မွေးတိုင်း အဖတ်မတင်ပါက နောက်တစ်ကြိမ် မွေးဖွားသည့် ကလေးအား အဖတ်တင်စေရန် အခြားသူတစ်ယောက်ထံသို့ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှင့် ရောင်းချရသည်။ အကြောင်းမှာ ယတြာချေသည့်သဘောဖြစ်သည်။ မိမိ၏ကလေး အမည်ခံလျှင် သေဆုံးတတ်သဖြင့် ဤကလေးသည် မိမိကလေးမဟုတ်၊ အခြားသူ တစ်ဦးတစ်ယောက်၏ကလေး ဖြစ်သွားစေရန် စတိသဘောနှင့် ရောင်းချခြင်းဖြစ်သည်။ ထိုအခါမှသာ ကလေးအဖတ်တင်နိုင်သည်ဟု ယုံကြည်ကြသည်။

မိခင်၏သွေးများ ထာဝစဉ် ပူနွေးနေစေရန် ဆေးပူ၊ ဆေးစပ်များကို တိုက်ကျွေးပေးရသည်။ အရက်တိုက်ပေးသည်လည်းရှိသည်။ မိခင်အား စမုံနက် ရှူစေခြင်း၊ နနွင်းလိမ်းပေးခြင်းများ ပြုလုပ်ပေးရသည်။ မိခင်ကို မွေးဖွားပြီးချိန်မှ (၇)ရက်အတွင်းကို မီးနေသည်ဟုခေါ်သည်။ မီးနေသည်၏ ဘေးနားတွင် ထင်းတုံးကြီးများနှင့် မီးဖို ပေးထားရသည်။ မီးနေသည်သည် မီးအပူရှိန်ဖြင့်ချွေးထွက်မှ ကျန်းမာသည်ဟု ယူဆသည်။ ထို့ပြင် မီးနေသည်အား ခါးစည်းကြိုး စည်းပေးရပေသည်။ အကြောင်းမှာ မီးနေသည်များသည် သွေးတက်ပြီး သေတတ်သဖြင့် သွေးမတက်စေရန် ဖြစ်သည်။ ထို့ပြင် နောက်ပိုင်းတွင်လည်း မီးဖွားပြီးသော မိန်းမသည် ဝမ်းဗိုက် ဖောင်း(ပူ)မလာစေရန် အုတ်(သို့) ကျောက်ခဲကို မီးဖုတ်ပြီး ထိုအပူကို မီးနေသည်၏ ဝမ်းဗိုက်ပေါ်သို့ ကပ်ပေးရသည်။ မီးနေသည်အား လေစိမ်းမတိုက်စေရန် ပြတင်းပေါက်များ ဖွင့်မထားရ။ မီးနေစဉ် မိခင်သည် "မီးယပ်ဆေး"အဖြစ် ဆေးမြစ်ပေါင်းစုံကိုပြုတ်၍ သောက်ရသည်။ မီးနေသည်သည် ရေစိမ်း မသောက်ရပေ။ ထမင်းဆီဆမ်းနှင့် ငါးရံ့မီးကင်ကိုလည်းကောင်း၊ ထမင်းနှင့်ဆားမီးဖုတ်ကိုလည်းကောင်း စားပေးရသည်။ မီးမထွက်မီ အထိ အခြားအသားများ မစားရပေ။ မီးနေသောအချိန်သည် သွေးနုချိန်ဖြစ်၍ မီးနေသည်သွေးလန့်၍ သေ ဟတ်သည်။ ထို့ကြောင့် မီးနေသည်ဘေးတွင် အထိတ်တလန့်ဖြစ်အောင် မလုပ်ကြရပေ။ မီးဖွားပြီး သုံးရက်ခန့်ကြာလျှင် ကလေး၏ ချက်သည် ကြွေကျတတ်သည်။ ထိုကလေး၏ချက်ကို သူငယ်နာဆေးဖော်ရာတွင် အသုံးပြုရန် သိမ်းထားတတ်ကြသည်။ မီးဖွားပြီ ‌ း သုံးရက်နေမှ မိခင် နို့ရည်ထွက်သည်ဟုဆိုသည်။ မိခင်နို့ရည် မထွက်မီစပ်ကြား ကလေးအားပျားရည်နှင့်ရေရောစပ်၍ အစက်ချ တိုက်ကျွေးရသည်။ မီးနေသည်အား နို့ရည်များများ ထွက်စေရန် နွားမြီးကို ပြုတ်၍တိုက်ရသည်ဟုဆိုသည်။ မီးဖွားပြီးသော မိန်းမသည် မွေးပြီးတစ်လကျော် (၄၅)ရက်ခန့်ထိ ခေါင်းမလျှော်ရ။ ဆပ်ပြာမကိုင်ရဟုဆိုသည်။ ထို့ပြင် မှို၊ မျှစ်၊ ကြက်သားတို့ကိုလည်း မစားရပေ။

မီးဖွားရာတွင် လာရောက်ကူညီပေးသောသူ၊ မေးမြန်းသူတို့အား အိမ်ရှင်က ဆေး၊ ကွမ်း၊ ငှက်ပျောသီး၊ မုန့်ပဲသရေစာတို့ဖြင့် ဧည့်ခံကျွေးမွေးတတ်သည်။ သီးသန့်အခမ်းအနားကျွေးမွေးပွဲမျိုးမှု မရှိချေ။

## (င) ကင်ပွန်းတပ်အမည်ပေးခြင်း(မီးထွက်ပွဲ)

ကတူးအမျိုးသမီးတို့သည် မီးဖွားပြီး မီးနေ၍(၇)ရက်စေ့သောနေ့တွင် မီးနေသည် သည် မီးနေခန်းမှထွက်၍ မီးလှုံခြင်း မရပြုရတော့ပေ။ မီးထွက်ပြီးလျှင် မီးနေသည်သည် ရေနွေးဖြင့် ရေချိုးရသည်။ ကလေးအားလည်း ဆံပင်များ ရိတ်ပေးရသည်။ မီးထွက်သောနေ့တွင် ကလေးအား ပြပွဲကျင်းပသည်။ ၎င်းကို မီးထွက်ပွဲဟုလည်းခေါ်သည်။ ထိုမီးထွက်ပွဲနှင့်အတူ မိမိတို့၏ ကလေးငယ်ကို အမည်ပေးခြင်းစသည့် ကင်ပွန်းတပ်မင်္ဂလာလည်း ကျင်းပလေ့ရှိသည်။ မိန်းကလေးဖြစ်ပါက မီးထွက်သည့်နေ့တွင် တစ်ခါတည်း နားဖောက်ပေးရလေသည်။ မီးထွက်ပွဲ၊ ကလေးကင်ပွန်း တပ်ပွဲလုပ်သည့်နေ့တွင် ကလေးကိုဆန်ကောထဲတွင် ထည့်ထားပြီး ပဒဲကောဉကို ပါးပါးလှီးကာ ကြိုးနှင့်သီပြီ ‌ း ကလေး၏ခြေနှစ်ဖက်၊ လက်နှစ်ဖက်တွင် ဆွဲပေးလေ့ရှိသည်။ ထိုကဲ့သို့ ဆွဲပေးခြင်းမှာ ပဒဲကောအနံ့ကြောင့် ကလေးအား ကပ်ရောက်မည့် အမှောင့်ပယောဂ၊ ရောဂါအပေါင်း မကပ်ရောက်နိုင်အောင် ရည်ရွယ်ပြီးလုပ်ခြင်း ဖြစ်သည်။ ကလေးကို လိပ်ပြာခေါ်သည်ဟုလည်း ခေါ်သည်။ မီးထွက်ပွဲသို့လာရောက်ကြသည့် အိမ်နီးချင်းယောကျ်ား၊ မိန်းမများ၊ ဆွေမျိုးဉာတိများကို ဖိတ်ခေါ်၍ ကျွေးမွေး ရသည်။ မီးထွက်ပွဲတွင် ကောက်ညှင်းပေါင်း၊ လက်ဖက်၊ မရိုးဆန်းစသည်ဖြင့် ကျွေးမွေးသလို အချို့ကလည်း ထမင်း၊ ငါးချဉ်နှင့် ကြိမ်ဖူးဟင်းချိုတို့ကို ကျွေးမွေးသည်လည်း ရှိပေသည်။ လာရောက်ကြသော ဧည့်၊ ပရိသတ်များက ကျွေးမွေးသော အစားအစာများ ကောင်းကြောင်း ပြောကြား ပြီ ‌ း ကလေးငယ် ကျန်းမာပါစေ၊ သန်စွမ်းပါစေ၊ ချမ်းသာပါစေ၊ မျိုးရိုးဂုဏ်ထိန်းသိမ်းနိုင်သောသူဖြစ်ပါစေ တိုင်းပြည်အကျိုးသယ်ပိုးနိုင်သော ပုဂ္ဂိုလ်ဖြစ်ပါစေ စသည်ဖြင့် အမျိုးမျိုး ဆုတောင်းပေးကြသည်။ မိရိုးဖလာ

ရိုးရာနတ်ကိုလည်း ပူဇော်ပသကြသည်။ လာရောက်ကြသော ဧည့်သည်များက ကလေးအတွက် လက်ဆောင်ပစ္စည်း အမျိုးမျိုးကို ပေးအပ်ကြသည်။

ထိုနေ့၌ပင် ကလေးမီးဖွားပေးသော လက်သည်နှင့် ကူညီသူများကို မိခင်က တတ်အားသရွေ့ ကန်တော့ရသည်။ မွေးပေးခအဖြစ် ဆန်တစ်ပြည်၊ ငွေတစ်မတ်၊ ငှက်ပျောသီး နှစ်ဖီး၊ ဟင်း(၁)ထုပ်စသည်ဖြင့် ပေးရသည်။ ယခုအခါတွင် မိခင်နှင့်ကလေးအတွက် ကျွမ်းကျင်သော ဝမ်းဆွဲဆရာမများကို ပင်လည်ဘူး၊ မဲစီလေး တို့တွင် အစိုးရက ထားပေးသည်။ ထို့ကြောင့် အချို့ကလည်းသားဖွားဆရာမများနှင့် မွေးဖွားသည်လည်း ရှိသည်။ အများစုမှာ ရပ်ရွာရှိ လက်သည်များနှင့် မွေးဖွားကြသည်သာ ဖြစ်သည်။ မွေးဖွားသည့် လက်သည်ကို မွေးပြီးလျှင် ပြီးချင်း ဆန်၊ ငွေ၊ လက်ဘက်၊ အုန်း၊ ငှက်ပျောနှင့် ကန်တော့သကဲ့သို့ မီးထွက်ပွဲတွင်လည်း ထပ်မံကန်တော့ ကြသည်လည်း ရှိပေသည်။

ကလေးအတွက်အမည်နာမကို ဗေဒင်ဆရာ၊ နက္ခတ်ဆရာတို့က ပေးအပ်ကြသည်။ ကလေး၏ မွေးဖွားချိန်၊ နေ့၊ ရက်၊ လ၊ ခုနှစ်တို့ကို မှတ်သား၍ ဗေဒင်ဆရာက ထန်းရွက်ဖြင့် "ရက်ချုပ်"လုပ်ပေးသည်။ မိခင်က တတ်အားသမျှ ဘဏ်ပူဇော်ခပေးရသည်။နတ်ဆရာများကလည်း ရိုးရာနတ်အား ပင့်၍ ကလေးအတွက် ကောင်းမွန်စေရန် ဆုတောင်းပေးရသည်။ အချို့ကလည်း သက်ကြီး၊ ဝါကြီးများအား အမည်ပေးခိုင်းရုံမျှဖြင့် အကျဉ်းရုံး၍ ကင်းပွန်းတပ်ကြသည်။ အမည်နာမပေးရာတွင် အများစုမှာ နေ့၊ နံလိုက်၍ မှည့်ခေါ်ကြသော်လည်း အချို့မှာ မိမိနှစ်သက်ရာအမည်များကို မှည့်ခေါ်ကြသည်လည်းရှိသည်။ ဤကဲ့သို့ကတူးတို့သည် မိမိ၏ ကလေးငယ် များအား ကင်ပွန်းတပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မွေးဖွားသန့်စင်လာသော ကလေးငယ်အား စင်ကြယ်စေရန်၊ ကျန်းမာချမ်းသာစေရန်၊ ကြီးပွားတိုးတက်စေရန်ကို ရည်သန်၍ ပြုလုပ်ကြခြင်းဖြစ်သည်။ ကလေး၏နောင်ရေးကို ကြိုတင်၍ ဆုမွန်ကောင်း တောင်းသည့်ပွဲတစ်ခုပင် ဖြစ်သည်။

## (စ) ကလေးငယ်ဘဝနှင့်ပညာပေးခြင်း

ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ရင်သွေး ကလေးသူငယ်များအား များစွာကြင်နာမြတ်နိုး တတ်ကြသည်။ ကလေးများကို တစ်နှစ်ခွဲ၊ နှစ်နှစ်အရွယ်တွင် နို့ဖြတ်တတ်ကြသည်။ မိခင်၏ထိန်းကျောင်းမှုမှ မလွတ်သေးသော ကလေးသူငယ်များကို ကတူးမိခင်တို့သည် မိမိတို့၏ အလုပ်လုပ်သည့်နေရာတိုင်းတွင် ခေါ်ဆောင် သွားတတ်ကြသည်။ ကလေးငယ်အား ချီပိုးရန် ကလေးကို မိခင်၏နောက်ကျောတွင်ဖြစ်စေ၊ ရှေ့ရင်ခွင်ထဲ တွင်ဖြစ်စေ အဝတ်ဖြင့်သိုင်းပိုးထားတတ်ကြသည်။ အိမ်တွင်း ဗာဟီရကိစ္စများတွင်လည်းကောင်း၊ တောတောင်များထဲတွင် ဟင်းရွက်ရှာ၊ ငါးဖမ်းစသည့်ကိစ္စများတွင်လည်းကောင်း ကလေးငယ်အား ချီပိုးရင်း အလုပ်လုပ်တတ်ကြသည်။

ဤရွာတွင် တစ်နှစ်မှ လေးငါးနှစ်သားအရွယ်အထိ ကလေးသူငယ်များတွင် ဆွဲပြားကလေးများကို ကြိုးဖြင့်သီ၍ လည်ပင်းတွင် ဆွဲထားတတ်ကြသည်။ ငွေကြေးတတ်နိုင်သူများက ရွှေပြားကလေးများကိုလည်းကောင်း၊ မတတ်နိုင်သူများက ငွေပြားများကိုလည်းကောင်း၊ မတ်စေ့၊ ငါးမူးစေ့မှအစ ကျောက်ပြားကလေးများကို ဆွဲထားပေး တတ်ကြသည်။ ထိုသို့ ဆွဲပေးထားခြင်းမှာ ကလေးအား ခမဲဆွဲပေးသည့်သဘောဖြစ်သည်။ ကလေးကျန်းမာ၍ ပျော်ရွှင်စေရန်၊ အနာရောဂါဘယ မကပ်ရောက်နိုင်အောင် ဆွဲပေးသည့်သဘောဖြစ်သည်။ ထိုကဲ့သို့ လည်ပင်းတွင် သာမက ခြေတွင်လည်း ခြေကျင်းကလေးများ၊ ခြူကလေးများကို ဝတ်ဆင်ပေးတတ်ကြပြန်သည်။ ထိုကဲ့သို့ ဝတ်ဆင်ပေးထားသဖြင့် ကလေးသည် အခြား တစ်နေရာရာသို့ လျှောက်သွားနေပါက ထိုခြူသံများကြားလျှင် မိမိကလေးရှိရာနေရာကို သိနိုင်ရန်အတွက် ဖြစ်သည်ဟုဆိုသည်။

ကတူးတို့တွင် မိန်းကလေးများကို ၂နှစ်၊ ၃နှစ်အရွယ်စ၍ ဆံရစ်ဝိုင်းကလေးများ ထားပေးကြသည်။ ရှေးယခင်က ယောကျ်ားကလေးများလည်း ဆံရစ်ဝိုင်းကလေးများ ထားပေးကြပြီး ရှင်ပြုသောအခါမှ ထိုဆံပင်ကို ရိတ်ပစ်လေ့ရှိသည်ဟုဆိုသည်။ ယခုအခါတွင် ဆံရစ်ဝိုင်း မထားတော့ပေ။ ယောကျ်ား ကလေးများ တစ်နှစ်သား အရွယ်လောက်မှစ၍ ကလေး၏ ငယ်ထိပ်နေရာတွင် ဆံပင်ကို လက်ဝါးတစ်အုပ်ခန့် ခပ်ရှည်ရှည်ထားတတ်ကြသည်။ ကျန်သည့်ဦးခေါင်းပိုင်းကို အပြောင်ရိတ်ထားတတ်သည်။ ထိုကဲ့သို့ ငယ်ထိပ်နေရာတွင်သာ ကွက်၍ ဆံပင်ရှည် ထားရခြင်းမှာ ကလေးများ၏ ငယ်ထိပ်သည် ငယ်ရွယ်စဉ်၌ ခပ်ပျော့ပျော့ ဖြစ်နေ၍ ငယ်ထိပ်အား အအေးဒဏ်မှ အကာအကွယ်ဖြစ်စေရန်ဟု ဆိုသည်။

အဝတ်အစားနှင့်ပတ်သက်၍ ယောကျ်ားလေးရော၊ မိန်းကလေးပါ ၃–၄နှစ်အရွယ်မှစ၍ ပုဆိုး၊ ထဘီ ဝတ်ဆင်ပေးကြသည်။ အချို့မှာလည်း ဘောင်းဘီလေးများ ဆင်မြန်ထားသည်ကိုလည်း တွေ့ရသည်။ ငယ်ရွယ်သော ကလေးများ သွားရည်ကျလျှင် သွားရည်ခံသည့်အနေဖြင့် အဝတ်စတစ်ခုကို လည်ပင်း၌ ချည်ထားပေးတတ်သည်။ ထို့အတူ သွားရည်ကျတတ်သော ကလေးကို သင်းခွေချပ်၏အခွံကို ဆွဲပေးရသည်။ ထိုသို့ ဆွဲပေးရာတွင် တောထဲမှ အကောင်လိုက်ရသည့် သင်းခွေချပ်၏ အခွံကိုဆွဲ၍ မရပေ။ ကျားအံထားခဲ့သောအခွံကိုမှ ဆွဲပေးရသည်။ ကျားအံသည် ဆိုသည်မှာ ကျားသည် သင်းခွေချပ်ကိုစားပြီး အန်ထုတ်ထားသဖြင့် ကျန်ရစ်ခဲ့သော တစ်ခုစ၊ နှစ်ခုစ အခွံမျိုးကို ကျားအံသောအခွံဟု ဆိုလိုခြင်း ဖြစ်သည်။ ထိုကဲ့သို့ မွေးကင်းစ ၂နှစ်၊ ၃နှစ်အရွယ်ထိ ကလေးသည် မိခင်နှင့်အတူအမြဲတွဲလျက်ရှိသည်။ ဘုန်းတော်ကြီးကျောင်းတွင် ကလေးများအား ဘုရားရှိခိုးနည်းမှအစ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သိသင့်သိထိုက်စရာ ဗဟုသုတများ၊ ဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စများကို စနစ်တကျ လုပ်ဆောင်တတ်ရန် ဘုန်းတော်ကြီးများက စနစ်တကျ သွန်သင်လေ့ရှိသည်။

ယခင်က မြောက်မော်ကျေးရွာတွင် စာသင်ကျောင်းဟူ၍ မရှိပေ။ စာရေးစာဖတ် တတ်လိုသော် မိမိတို့၏ သားသမီးများကို ရွာဦးဘုန်းတော်ကြီးကျောင်းတွင်သာ ထားကြရပေသည်။ ယခုအခါတွင်မူ မြောက်မော် ကျေးရွာ၌ ကျောင်းမရှိသေးသော်လည်း ရွာ၏တောင်ဘက် ၁မိုင်ကွာခန့်ရှိ တောင်မော်ရွာ အစိုးရမူလတန်း ကျောင်းသို့သွားရောက် ပညာသင်ကြရသည်။ တောင်မော်ရွာ မူလတန်းကျောင်းကိုပင် ၁၉၇၂–ခုနှစ်မှပင် စ၍ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထိုအချိန်အခါမှပင် ရွာသူရွာသားတို့သည် မိမိတို့၏ သားသမီးများအား အတန်းကျောင်းသို့ စေလွှတ်ပညာသင်စေခဲ့သည်။ အစိုးရကျောင်းများရှိလာသည့်အတွက် ယောကျ်ားကလေးများသာလျှင် ဘုန်းတော်ကြီး ကျောင်း၌ နေခွင့်ရှိပြီး မိန်းကလေးများ နေခွင့် မရှိတော့ပေ။ အတန်းကျောင်း၌ပင် နေကြရသည်။ အတန်းကျောင်း ၌ပင်နေကြရသည်။ တောင်မော်ရွာအစိုးရ မူလတန်းကျောင်း မဖွင့်လှစ်နိုင်ခင် ၁၉၇၂–ခုနှစ် မတိုင်မီ ပညာသင်ယူကြ ရာတွင်လည်း မြောက်မော်ကျေးရွာရှိ ကလေးတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းမှာပင် စာရေး စာဖတ်ပညာ၊ အတွက်အချက်ဆိုင်ရာ သင်္ချာပညာ၊ ဆေးဝါး၊ ဗေဒင်ပညာစသည်တို့နှင့် ဘာသာရေးစသော လောကုတ္တရာ ပညာများကို သင်ယူခဲ့ကြရလေသည်။ ဘုန်းတော်ကြီးကျောင်းမှ ပညာသင်ယူသည်ဆိုသော်လည်း မူလတန်းအဆင့် စာပေသက်သက်ကိုသာ သင်ယူကြရသည်။ အတွက်အချက်ဆိုင်ရာ သင်္ချာပညာကိုလည်း ကျကျနန မသင်ကြရပေ။ တွက်ချက်မှုအခြေခံပညာလောက်ကိုသာ ဘုန်းတော်ကြီးကျောင်းမှ သင်ယူရရှိသည်။ ထိုစဉ်က ပညာသင်ယူကြရာ တွင်လည်း ယောကျ်ားကလေးများသာ ဘုန်းတော်ကြီးကျောင်း၌ အများဆုံး သင်ယူကြပြီ မိန်းကလေးများမှာ ပညာသင်ယူသူ နည်းပါးပေသည်။ ထို့ကြောင့် ယခင်ခေတ်များကာလက ယောကျ်ားများသာ စာရေး စာဖတ်တတ်သူ များပြီး မိန်းကလေး စာရေးစာဖတ်တတ်သူမှာ နည်းသည်။ ယခုအခါ မြောက်မော်ကျေးရွာရှိ ကလေးတို့သည် အစိုးရကျောင်းများတွင် ပညာသင်နိုင်ခွင့် ရှိလာသည့်အတွက် စာရေးစာဖတ်တတ်သူများ ရှိလာပေပြီ။ စာရေး စာဖတ်မတတ်သူများမှာ ယခင်ကာလများထက်စာလျှင် လျော့နည်းလာသည်။

ရွာသူရွာသားတို့သည် မိမိတို့၏ ကလေး ၄၊၅နှစ်အရွယ်မှပင် ဘုန်းတော်ကြီးကျောင်းသို့ ပို့ထား ကြလေသည်။ ယောကျ်ားလေးအများစုမှာ ရှင်မပြုမီ ဘုန်းတော်ကြီးကျောင်း၌သာ ထားကြသည်။ ထို့နောက်မှ အတန်းကျောင်းကို တက်လိုသူအား မူလတန်းပညာကို သင်ယူစေသည်။ ဘုန်းတော်ကြီးကျောင်း၌ စာသင်သည်ဆို သော်လည်း အစဉ်စာသင်ရသည် မဟုတ်ပေ။ မိဘများအားလပ်သည့် အချိန်မှသာလျှင် စာသင်ကြရသည်။ နွားကျောင်းခြင်း၊ ကလေးထိန်းခြင်း၊ စိုက်ချိန်၊ ရိတ်သိမ်းချိန်များတွင် မိဘများအား ကူညီပေးရခြင်းဖြင့်သာ ကလေးအများစုမှာ အချိန်ကုန်နေကြရသည်။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ သားသမီးများအား ပညာတတ်ဖြစ်စေလိုသော ဆန္ဒရှိသည်။ ပညာတတ်ခြင်းကို လေးစားအသင်ကြီးကြသည်။ မိမိတို့ကျေးရွာ၌ ပညာတတ်ရှိသည်ကိုပင် ဂုဏ်ယူဝင့်ကြွားစွာ ပြောပြတတ်ကြ၏။ သို့သော်လည်း မိမိတို့၏ ဘဝပေးအခြေအနေအရ ပညာရေးကို အထူးတလည် အားမပေးနိုင်ရှာကြပေ။ မိမိတို့၏ ကလေးများအား မူလတန်း အောင်အဆင့်၌ပင် ထားနိုင်ကြသည်။ အကြောင်းမှာ မူလတန်းအဆင့် အောင်မြင်ပါက အလယ်တန်းပညာကို

မြောက်မော်ရွာနှင့် ၈မိုင်ခန့်ဝေးသော မံစီလေးကျေးရွာ အစိုးရအလယ်တန်းကျောင်းသို့ သွားရောက်သင်ယူကြရသည်။ မြောက်မော်ကျေးရွာနှင့် မံစီလေးကျေးရွာသည် ကလေးများအတွက် နေ့တရွာ အသွားအပြန်ကျောင်းတက်ရန်မှာ မလွယ်ကူလှပေ။ တောင်ကုန်းတောင်တက်လမ်းများခြင်း၊ ချောင်းမြောင်းများစွာ ပေါ်များသည့်အတွက် မိုးရာသီတွင် ဖြတ်သန်းသွားလာရန် မလွယ်ကူခြင်းတို့ကြောင့် ပညာသင်ကြားရေးမှာ အခက်အခဲဖြစ်ရသည်။ ထို့အပြင် မံစီလေးရွာ၌ပင် သွားရောက်နေထိုင်၍ ပညာသင်နိုင်ရန်မှာလည်း မိဘတို့မှာ စီးပွားရေးအင်အားမတောင့်တင်းရှာကြပေ။ အကယ်၍ အလယ်တန်းအဆင့်အောင်မြင်ပြီးပါကလည်း အထက်တန်းပညာကို ရွာနှင့် ၂၆မိုင်ဝေးသော ပင်လည်ဘူးမြို့၌သာ သင်ယူရရှိနိုင်ပေသည်။ ဤကဲ့သို့သော အကြောင်းများကြောင့် ကျေးရွာသူရွာသားတို့သည် မိမိတို့ကလေးများအား မူလတန်းပညာသာလျှင် သင်ပေးနိုင်ကြပြီး မူလတန်းပညာ အောင်ပြီးပါကကျောင်းမှထွက်၍ မိမတို့၏ မိရိုးဖလာ လယ်ယာလုပ်ငန်းများကိုသာ လုပ်ကိုင်စေပေသည်။ ဤကဲ့သို့ မိရိုးဖလာလယ်ယာလုပ်ငန်းများကို လုပ်ကိုင်ရင်း ရိုးရာ၊ ခြင်း၊ တောင်းများရက်ခြင်း၊ အထည်ရက်ခြင်းစသည့် ရိုးရာ လက်မှုပညာရပ်များကိုလည်း မိမိတို့၏ သားသမီးများအား သင်ကြားပေးသည်။

မြောက်မော်ကျေးရွာတွင် ဒသမတန်းအထိ ပညာသင်ကြားဖူးသူ (၂)ယောက်နှင့်ဖွံ့ဖြိုးရေးသင်တန်းဆင်း(၁)ယောက် ရှိခဲ့ဖူးသည်။ ဤကဲ့သို့ မြောက်မော်ကျေးရွာရှိ ကလေးတို့၏ပညာရေးသည် များစွာတိုးတက်မှု မရှိခဲ့ပေ။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိရိုးဖလာမြေကြီးကိုသာ အမှီပြု၍လုပ်ကိုင်စားလိုကြသည်။ လက်ရှိတောင်ယာပေါ်တွင်သားသမီးတို့နှင့် အတူမခွဲ ပျော်ရွှင်စွာ နေထိုင်လိုသည်။ ရသမျှ ဖြစ်သမျှနှင့်ရောင့်ရဲတင်းတိမ်နိုင်ကြသူများ ဖြစ်သည်။ ထို့ကြောင့် ဤဒေသတွင် လောဘ၊ ဒေါသကင်းပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီ ချစ်ခင်ကြသည်။ ဤသည်မှာလည်း သူတို့၏ လူ့အဖွဲ့အစည်းအား စည်းလုံးခိုင်မာစေသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ ပညာရေးနောင့်နှေးရခြင်းမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ စီးပွားရေးမဖွံ့ဖြိုးခြင်းတို့အတွက်ကြောင့် ဖြစ်ပေသည်။ ထို့အပြင် ဤဒေသသည် တစ်ချိန်ကကွန်မြူနစ်တို့ အုပ်စိုးမင်းမူခဲ့သော ဒေသဖြစ်ခဲ့ဖူးသည်။ ကွန်မြူနစ်တို့၏ အန္တရာယ်ကြောင့်လည်း ဒေသခံတိုင်းရင်းသားတို့၏ ပညာရေးအသိအမြင် နည်းပါးခဲ့ရသည့်အတွက်ကြောင့်လည်း ဖြစ်ပေသည်။

**ပင်လည်ဘူးမြို့နယ်–တောင်မော်အစိုးရမူလတန်းကျောင်း၌ လာရောက်ပညာသင်ကြားသော မြောက်မော်ကျေးရွာရှိ ကျောင်းသားစာရင်း။**

**(၁၉၈၈ မှ ၁၉၉၄)**

| ခုနှစ် | သူငယ်တန်း | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁၉၈၈ | ၁၀ | ၅ | ၇ | ၃ | ၁ | ၂၆ |
| ၁၉၉၀ | ၁၀ | ၆ | ၆ | ၂ | ၁ | ၂၄ |
| ၁၉၉၁ | ၁၅ | ၁၀ | ၇ | ၆ | ၁ | ၃၉ |
| ၁၉၉၂ | ၁၃ | ၁၂ | ၅ | ၅ | ၂ | ၃၇ |
| ၁၉၉၃ | ၁၄ | ၁၃ | ၇ | ၅ | ၁ | ၄၀ |
| ၁၉၉၄ | ၁၀ | ၁၂ | ၁၀ | ၆ | ၃ | ၄၁ |

## (ဆ) ရှင်ပြုပွဲ

ကတူးတိုင်းရင်းသားတို့သည် ပဗ္ဗဇ္ဇမင်္ဂလာခေါ် ရှင်ပြုပွဲအခမ်းအနားကို ရှေးမူမပျက် ဆောင်ရွက်လျက်ရှိကြသည်။ ထိုကဲ့သို့ ရှင်ပြုရာတွင် ရှင်လောင်းတစ်ပါးတည်း မည်သည့်အခါမှ ရှင်ပြုလေ့မရှိကြချေ။ ရှင်လောင်း အပါး(၁၀)မှ (၄၀)အထိ စုပေါင်း ရှင်ပြုလေ့ရှိကြသည်။ အနည်းဆုံးမှာ (၅)ဦးအထိ ရှင်ပြုကြလေသည်။ ရပ်ရွာစုပေါင်း လုပ်အားဖြင့်ပင် စုပေါင်းလုပ်ဆောင်သွားကြရလေသည်။ ကတူးတိုင်းရင်းသားတို့သည် ကျေးရွာတွင် ရှင်ပြုပွဲပြုလုပ်သင့်သူ အားလုံးစုပေါင်း၍ အလျဉ်းသင့်ချိန်တွင် ရှင်ပြုပွဲပြုလုပ်လေ့ရှိကြသည်။ ထို့ကြောင့် ရှင်ပြုပွဲသည် တစ်နှစ်တစ်ကြိမ် ပုံမှန်ဟူ၍ မရှိချေ။ ရှင်ပြုပွဲပြုလုပ်မည့် ရှင်မိရှင်ဖတို့သည် ရှင်ပြုပွဲကိစ္စအတွက် ရွာဦးဘုန်းတော်ကြီး၊ ကျေးရွာ၏အကြီးအကဲများဖြစ်သော ရပ်မိရပ်ဖလူကြီးသူမများထံ ချဉ်းကပ်၍ ဆုံးမလမ်းညွှန်မှုခံယူကြရသည်။ ရှင်ပြုပွဲအတွက် ကျွေးမွေးရန် ပေါက်ပေါက်လှော်၍ ပေါက်ပေါက်ထိုးခြင်းများ ပြုလုပ်ကြသည်။ ရှင်မိရှင်ဖတို့သည် ပေါက်ပေါက်ထိုးသောနေ့တွင် ပရိသတ်နှင့်ကူညီလုပ်ကိုင်ပေးသူများအား ထမင်းကျွေးမွေးခြင်းစသော အလှူဦးဒါနများ ပြုလုပ်ကြရသည်။ ထို့နောက် နေ့ကောင်းရက်မြတ်ရွေးချယ်၍ မဏ္ဍပ်ပန္နက်ရိုက်ခြင်း၊ မဏ္ဍပ်ဆောက်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

### ကတူးတို့၏ ရှင်ပြုအလှူမဏ္ဍပ်

ကတူးတို့၏ ရှင်ပြုအလှူမဏ္ဍပ်သည် မြန်မာတို့၏ အလှူမဏ္ဍပ်များထက် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်လေ့ရှိသည်။ မဏ္ဍပ်ဆောက်လုပ်ခြင်းကို ကျေးရွာမှစုပေါင်း တာဝန်ယူရပေသည်။ ရှင်ပြုအလှူပွဲမစမီ တစ်လလောက်အလိုမှစ၍ မဏ္ဍပ်အတွက် လိုအပ်သောသစ်၊ ဝါး၊ ဓနိ၊ သက်ကယ်စသည်တို့ကို ကျေးရွာရှိ လူပျိုများ၊ ရွာသူရွာသားများက ကြိုတင်ခုတ်ထွင်စုဆောင်းထားလေ့ရှိပေသည်။ အလှူမဏ္ဍပ်အတွက် အသုံးပြုသောဖျာ၊ သောက်ရေအိုး၊ ရေခွက်၊ အသုံးအဆောင်၊ အိုး၊ ခွက်၊ ပန်းကန်များကိုလည်း ကျေးရွာမှပင် စုပေါင်းတာဝန်ယူကြရလေသည်။

မဏ္ဍပ်ကြီးများကို ရွာနားရှိ လယ်ကွင်းများတွင် တည်ဆောက်လေ့ရှိသည်။ အထူးသဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကပ်လျက်ရှိသော နေရာတွင် တည်ဆောက်လေ့ရှိသည်။ မဏ္ဍပ်ဆောက်လုပ်ရာတွင် လယ်ကွက်တစ်ကွက်ထဲတွင်ပင် ဆောက်လုပ်ရသည်။ လယ်ကွက်(၂)ကွင်းဆက် မဆောက်လုပ်ရပေ။ (၂)ကွင်းဆက် ဆောက်လုပ်လိုပါကလည်း လယ်ကန်သင်းကို ဖျက်ပစ်ပြီးမှ ဆောက်လုပ်ရလေသည်။

မဏ္ဍပ်ကြီးများသည် သစ်ဝါးတို့ဖြင့် အခိုင်အခံ့တည်ဆောက်ထားကြသည်။ အလျား(၅)တောင်ခန့်ရှိ အခန်းပေါင်း(၁၀)(၁၂)ခန်းအထိ ပါဝင်လေသည်။ မဏ္ဍပ်၏ထိပ်တွင် သံဃာစင် (ရှင်ပြုတန်း)ကို ပူးတွဲဆောက်လုပ်လေ့ရှိသည်။ သံဃာစင်တွင် အဆင့်သုံးဆင့် ရှိပေသည်။ နှစ်တောင်ခန့်မြင့် အဆင့်တွင် မောင်ရှင်လောင်းများ၊ နှစ်တောင့်ထွာခန့်မြင့် အဆင့်တွင် သံဃာတော်များ သုံးတောင်ထွာခန့် မြင့်သောအဆင့်တွင် ဗုဒ္ဓရုပ်ပွားတော်များ လှူဖွယ်ပစ္စည်းဝတ္ထုများ အသီးသီး ထားရှိလေသည်။ သံဃာစင်၏ရှေ့မျက်နှာစာတွင် လှေကားများ တပ်ဆင်၍ ကျန်သုံးဖက်တွင် ရာဇမတ်ကွက်များ ကာရံထားပါသည်။ သံဃာစင်၏နောက်ဖက်တွင်လည်း နတ် ပူဇော်ရန် နတ်ကွန်းတစ်ခုကိုလည်း တည်ဆောက်ထားသည်။ သံဃာစင်နှင့် မျက်နှာချင်းဆိုင်မဏ္ဍပ်၏ အခြားတစ် ဖက်အစွန်တွင် မဏ္ဍပ်နှင့်တွဲလျက် ဇာတ်စင်ဆောက်လုပ်ရသည်။ ကတူးတိုင်းရင်းသားတို့၏ ရှင်ပြုပွဲသည် တစ်နှစ် နှစ်နှစ်တွင်မှ တစ်ကြိမ်သာ အလှူပွဲပြုလုပ်နိုင်ကြသဖြင့် အလှူပွဲပြုလုပ်သည့်အခါမျိုးတွင် အငြိမ့်(သို့)ဇာတ်ပွဲ သည် မပါလျှင် မဖြစ်ပေ။ ထိုအချိန်မျိုးမှသာ ကျေးရွာသူကျေးရွာသားတို့ ပျော်ရွှင်ကြရသဖြင့် ဇာတ်ပွဲမှာလည်း မပါလျှင် မပြီးပေ။

ထို့ကြောင့် ရှင်ပြုမဏ္ဍပ် ဆောက်လုပ်တိုင်း ဇာတ်ရုံများကိုလည်း ထည့်သွင်းဆောက်ကြရပေသည်။ ဇာတ်ရုံမှာလည်း မဏ္ဍပ်နှင့် မျက်နှာချင်းဆိုင်တွင် ကျယ်ကျယ်ဝန်းဝန်း ဆောက်လုပ်ထားလေသည်။ ဇာတ်ရုံ၏ ကျန်သုံးဘက်တွင် ဝါး၊ ထရံတို့ဖြင့်လုံခြုံစွာ ပိတ်ကာထားရလေသည်။ ဇာတ်ပွဲပြသသောအခါ မဏ္ဍပ်ကြီး တစ်ခုလုံးသည် ပွဲခင်းသဘောမျိုး ဖြစ်သွားလေသည်။ မဏ္ဍပ်အတွင်းဇာတ်ရုံ၏ လက်ယာဘက်တွင် သင့်လျော်ရာ နေရာတွင် မင်းနေရာခေါ် အကြီးအကဲတို့ပွဲကြည့်ရန် ဝါးကွပ်ပျစ်တစ်ခု စီစဉ်ထားရ၏။ လက်ဝဲဘက် သင့်လျော်ရာ နေရာတွင်လည်း လူပျိုအပျိုအဖွဲ့ပွဲကြည့်ရန် (၁၀)တောင်ပတ်လည်ခန့် ကြိုးဖြင့် ဝိုင်းကာသတ်မှတ်ပေးထားရလေ

သည်။ မဏ္ဍာပ်နှင့် မနီးမဝေးတွင် မဏ္ဍာပ်နှင့်ယှဉ်လျက် ထမင်းကျွေးရုံတစ်ရုံကိုလည်း ဆောက်လုပ်ထားရလေသည်။ ပွဲဒကာဖြစ်သော ရှင်မိရှင်ဖတို့သည် ပွဲမစမီ စောစောရက်များကပင် ကြိုတင်ပြီး ဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ အိုးစည်ဗုံမောင်းများနှင့် တဲတန်းလျားများ ဆောက်လုပ်ကာ တပျော်တပါး ချက်ပြုတ်စားနေကြလေသည်။ ပွဲဒကာ ရှင်မိ ရှင်ဖတို့သည် ပွဲကျင်းပချိန်ကာလတစ်လျှောက်လုံး မဏ္ဍာပ်၌ပင် နေကြရလေသည်။

## ရှင်လောင်းပွဲနှင့်အပျိုလူပျိုဖွဲ့ပွဲ

ကတူးတိုင်းရင်းသားတို့၏ စပေါင်းရှင်ပြုပွဲသည် စပေါင်း လုပ်အားကိုပင် အသုံးပြုသွားကြသည်။ ပွဲမစခင်ကတည်းက ကြိုတင်စီစဉ်ပြီး ပွဲအတွက် ကုန်ကျစရိတ်အားလုံးကို ရှင်ပြုပွဲအတွက် လုပ်ငန်းကိစ္စအဝဝကို ရပ်ရွာရှိလူကြီးသူမများကို အပ်လိုက်ရသည်။ အောက်ခြေသိမ်းပွဲလုပ်ငန်းများကို လုပ်ကိုင်ရသူများမှာ ကျေးရွာအတွင်းရှိ အပျိုလူပျိုများဖြစ်၍ ၎င်းတို့အားလုံးသည် ပွဲတွင် ကူညီကြရလေသည်။ အကယ်၍ အိမ်တစ်အိမ်တွင် သားလူပျိုသာရှိ၍ သမီးပျို မရှိလျှင် တခြားရွာမှ ဆွေမျိုးဉာတိမကင်းသော သမီးပျိုတစ်ဦးကို အငှားထည့်ပေးရလေသည်။ သမီးပျိုရှိ၍ သား လူပျိုမရှိလျှင် ငှားပေးရန် မလိုပေ။ ပွဲလမ်းသဘင်နှင့် နာရေးကိစ္စများတွင် အပျိုများကို ပိုမိုတန်ဖိုးထားလေသည်။ အပျို လူပျိုအဖွဲ့တွင် လူပျိုခေါင်းနှင့် ၎င်း၏လက်ထောက်များ ရှိလေသည်။ လူပျိုခေါင်း၏စီမံခန့်ခွဲမှု မှန်သမျှကို အပျိုလူပျိုအဖွဲ့ဝင်တိုင်းက လိုက်နာကြလေ့ရှိသည်။ ရှင်ပြုပွဲကို အလှူ့ဒါယကာတို့က ရွာလူပျိုခေါင်းအား အခမ်းအနားဖြင့် အပ်ရသည်။

ရှင်မိရှင်ဖတို့သည် အလှူရက် မတိုင်မီ(၁၀)ရက် (၁၅)ရက်အလိုတွင် အလှူ့ရှင်တစ်ဦးလျှင် အပျို နှစ်ဦးကျစီ အိမ်တွင် ထားရှိကြရသည်။ အလှူ့ရှင်အိမ်တွင် အပျိုမရှိခဲ့ပါလျှင် အခြားကျေးရွာရှိ အလှူ့ရှင်၏ ဆွေမျိုး များ (သို့) ရင်းနှီးသူများထံမှ အပျိုများကို ခေါ်ယူ ထားရလေသည်။ အပျိုလူပျိုအဖွဲ့တို့သည် အလှူ့ပွဲအတွက် သုံးစွဲရန် ထင်းများကို အလှူ့ပွဲမစမီကပင် ကြိုတင်၍ စုဆောင်းထားကြရသည်။ ထင်းခွေ ရေခပ်မည့်နေ့များတွင် လူပျိုခေါင်းသည် နံနက်(၅)နာရီခန့်မှစ၍ လူပျိုခေါင်းသည် အချက်ပေးမောင်းတီးပြီး လူစုရလေသည်။ လူစုံသည်နှင့် တစ်ပြိုင်နက် လူပျိုခေါင်းသည် မောင်းတီး၍ ရှေ့ဆုံးမှသွားလေသည်။ လူပျိုခေါင်းဦးဆောင်ရာ နောက်သို့ အပျို လူပျို အဖွဲ့တို့သည် စနစ်တကျ တန်းစီ၍ လိုက်ပါကြလေသည်။ အပျိုလူပျိုတို့ တန်းစီလိုက်ပါသောနေရာတွင် အိမ်ထောင်ကျပြီး သူများလိုက်ပါခွင့် မရှိပေ။ အကယ်၍ မှားယွင်းလိုက်ခဲ့မိပါကလည်း လုပ်ငန်းတွင် အနှောင့်အယှက် တွေ့ကြုံရတတ်သည်ဟု ယူဆလေသည်။ လူပျိုခေါင်းသည် ထင်းရနိုင်မည့်တောတွင် ရောက်သောအခါ တပျော်တပါး ထင်းခွေကြသည်။ ထို့နောက် တပျော်တပါး စနစ်တကျ ပြန်လာလေ့ရှိကြသည်။ ထိုကဲ့သို့ အလှူ့ပွဲသုံးရန် ထင်းရေ စသည်တို့ကို မနက်တစ်ကြိမ် ညနေခင်းတစ်ကြိမ် တာဝန်ယူလုပ်ဆောင်ပေးရပေသည်။ ရေကိုမူ ကျေးရွာအနီးရှိ စမ်းချောင်းများတွင် သွားရောက်ခပ်ကြလေသည်။ အလှူ့ပွဲအတွက် ရေ–ထင်း စသည်တို့ကို လိုအပ်လျှင် လိုအပ်သလို အပျိုလူပျိုအဖွဲ့ကပင် တာဝန်ယူ ဆောင်ရွက်ပေးကြရလေသည်။ ဤကဲ့သို့ ကတူးတိုင်းရင်းသားတို့သည် အသက်အရွယ်အလိုက် အုပ်စုဖွဲ့၍လည်း လူမှုရေးလုပ်ငန်းဆောင်တာများတွင် ပါဝင် လေ့ရှိကြသည်။

ရှင်ပြုပွဲတွင် အပျိုလူပျိုအဖွဲ့သည် အရေးပါသကဲ့သို့ ကျန်သော သက်ကြီးရွယ်အိုများ၊ လူလတ်ပိုင်း များသည်လည်း ကိုယ့်အသက်အရွယ်အလိုက် သင့်တော်ရာ ကျရာနေရာတွင် တာဝန်ကိုခွဲဝေလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ရှင်ပြုပွဲတစ်ခုဖြစ်မြောက်ရန် လုံခြုံရေး၊ ဧည့်ခံရေး၊ ကျွေးမွေးရေး၊ ဘုန်းကြီးဝေယျာဝစ္စ(ကပ္ပိယ)၊ အလှူခံရေး၊ နတ်ထိန်း၊ စီမံခန့်ခွဲရေး၊ ဆော်သြရေး၊ စားဖိုအစရှိသည်တို့အတွက် အဖွဲ့ပေါင်းများစွာ ဖွဲ့စည်းထားရပေသည်။ ပွဲတော်လုံခြုံရေးအတွက် လုံခြုံမှုကို တာဝန်ယူအုပ်ချုပ်ရသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမှ လူကြီးများ ပါဝင် ပေသည်။ ဧည့်ခံကြိုဆိုရေးအတွက် လူလတ်ပိုင်းအမျိုးသမီးများ၊ လူကြီးသူမ များပါဝင်ပေသည်။ ကျွေးမွေး ဧည့်ခံရေးအတွက်မူ ဧည့်ပရိသတ်အား ထမင်းရုံသို့ ခေါ်ယူကျွေးမွေးခြင်း၊ မုန့်ပဲသရေစာ များ ကျွေးမွေးခြင်းတာဝန်များကို စေ့စပ်စွာ လုပ်ဆောင်နိုင်ရန်လည်းကောင်း၊ လာရောက်ကြသော ရဟန်းရှင်လူ ဧည့်ပရိသတ်အား ချက်ပြုတ်ကျွေးမွေးရန် အတွက်လည်းကောင်း လူလတ်ပိုင်းအမျိုးသားများက တာဝန်ယူလေ့ရှိပေသည်။ ရပ်ဝေးရပ်နီးမှလာကြသော ဧည့်ပရိသတ်တို့ ပွဲကူကြသော ငွေ၊ အုန်း၊ ငှက်ပျောအစရှိသည်တို့ လက်ခံရယူရန်၊ ဆုပေးအမျှဝေ၊ ကြေးစည် တီးခြင်းတို့ပြုလုပ်ရန် သက်ကြီးရွယ်အို အဘိုးအိုများကလည်းကောင်း၊ အလှူ့ပွဲတော်ရက်အတွင်း မိုးလေနှင့်

အခြားအနှောင့်အယှက်များ ကင်းဝေးစေရန် နတ်ပူဇော်ပသခြင်းများကို နတ်ဆရာ၊ လူကြီးများကလည်းကောင်း အသီးသီးကျရာတာဝန်များကို အသက်အရွယ်အလိုက် တက်ကြွစွာ ပါဝင် လုပ်ဆောင်ကြပေသည်။ ဤသည်မှာ ကတူးတိုင်းရင်းသားတို့၏ အဖွဲ့အစည်းတွင် အသက်အလိုက် အုပ်စုဖွဲ့၍ လုပ်ကိုင်ခြင်း[၁]၊ လိင်အလိုက် အုပ်စုဖွဲ့၍ လုပ်ကိုင်ခြင်း[၂] ပင် ဖြစ်သည်။

## ရှင်ပြုပွဲနှင့်မောင်ရှင်လောင်း

ဤဒေသရှိ ကတူးတိုင်းရင်းသားတို့သည် ရှင်ပြုအလှူပွဲမစမီ တစ်လ နှစ်လခန့်အလိုကပင် မိမိတို့၏သားများကို ဘုန်းကြီးကျောင်းသို့ အရင်ပို့ထားရလေသည်။ ရှင်မိရှင်ဖတို့သည် ရှင်ဝတ်တန်ဆာ ကန်တော့ပွဲ၊ ထမင်းအုပ်စသည်တို့နှင့်အတူ ကလေးများကိုပါ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားရလေသည်။ ထိုသို့ ခေါ်သွားပြီးမှ မိမိတို့၏ မောင်ရှင်လောင်းများကို သရဏဂုံ(၁၀)ပါး၊ လိင်ဒဏ်၊ သေခိယစသော ရှင်ကျင့်ဝတ်များကို သင်ကြားပေးရန် ရွာဦးကျောင်းဆရာတော်အား အပ်နှံသင်ကြားခိုင်းထားရ၏။ ကတူးတိုင်းရင်းသားတို့၏ ရှင်ပြုပွဲသည် ပွဲမစမီအချိန်မှစ၍ ပွဲပြီးသည်အထိ အချိန်ကာလကြာမြင့်စွာ ပျော်ရွှင်တတ်ကြသည်။ ရှင်ပြုအလှူပွဲတွင် ပွဲစသည့်နေ့နှင့် ပွဲကြီးနေ့ဟူ၍ အရေးကြီးသောနေ့နှစ်နေ့ ရှိပေသည်။ ဤကျေးရွာရှိ တိုင်းရင်းသားတို့သည် အလှူပွဲကို စတင်ကျင်းပပြီးသည့်အခါတွင် ရှင်ပြုပွဲကို တစ်ရက်သတ်၊ တစ်ရက်သတ်၊ သုံးလေးရက်စသည်ဖြင့် ပွဲရက်ကို နားထားလေ့ရှိကြသည်။ ရှင်ပြုပွဲရက်ကို မိမိတို့၏ ငွေကြေးတတ်နိုင်မှုပေါ်တွင် မူတည်၍ ရက်အနည်းအများကွာခြားလေ့ရှိသည်။ ထိုသို့ပွဲရက်နားနေစဉ်အတွင်းတွင်လည်း ရှင်မိရှင်ဖတို့သည် မဏ္ဍပ်ထဲ၌ပင်နေ၍ လာရောက်ကြသော ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးခြင်း၊ အတီးအမှုတ်များဖြင့် ကခုန်ပျော်ပါးနေကြလေ့ရှိသည်။ ထိုကဲ့သို့ ပွဲရက်ကို နားထားရခြင်းသည် ပွဲတော်ရက်ကို ကြာရှည်စွာ ကျင်းပနေစေချင်သည့်ဆန္ဒကြောင့် ပြုလုပ်ခြင်းဖြစ်သည်။ ရှင်ပြုပွဲတစ်ပွဲ ဖြစ်မြောက်ရန်အချိန်ကာလ အတန်ကြာစောင့်ရတတ်သည် ဖြစ်သဖြင့် ကျင်းပနိုင်သည့် အချိန်လေးတွင် ရက်ကြာကြာ ပျော်ရွှင်နိုင်စေရန် ဖြစ်ပေသည်။

ရှင်ပြုပွဲပြီးဆုံးသွားသော်လည်း ပွဲပြီးနောက် (၇)ရက်ခန့်ကြာသည်အထိ ပွဲတော်ကို ဆက်လက်ကျင်းပလေ့ရှိ၏။ ၎င်းကို ပွဲပျော်သည်ဟု ခေါ်လေသည်။ ထိုသို့ ဆက်လက်ကျင်းပနေသည့်အခါ ရှင်မိရှင်ဖတို့နှင့် ရင်းနှီးသူများကို မပြန်ရန် ဖိတ်ကြားထားလေ့ရှိသည်။ ကတူးတို့၏ ရှင်ပြုအလှူပွဲ မတိုင်မီ သုံးရက်လေးရက်ခန့် အလိုတွင် ရှင်မိရှင်ဖများနှင့် အထူးရင်းနှီးသော အဖေါင်းအသင်း မိတ်ဆွေများသည် အသပြာ ငွေကြေး၊ အုန်း၊ ငှက်ပျော၊ လက်ဖက်ကျည်အစရှိသော လှူရန်ပစ္စည်းများကို တီးမှုတ်ကခုန်လျက် ရှင်မိရှင်ဖအိမ်သို့ လာရောက်ကူညီထောက်ပံ့ကြလေသည်။ ရှင်မိရှင်ဖတို့ကလည်း အတီးအမှုတ်အကအခုန်တို့နှင့်တကွ ကိုယ်တိုင်ပါဝင်ကပြလျက် ကြိုဆိုကြခြင်း၊ မုန့်ပဲသရေစာတို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း ပြုလုပ်ကြလေသည်။

ရှင်မိရှင်ဖတို့၏ ဆွေမျိုးသားချင်းတို့ကလည်း ရှင်ပြုပွဲမစမီ(၁၀)ရက်ခန့်မှအစပြု၍ ဆန်၊ လက်ဖက်ကျည်၊ အုန်း၊ ငှက်ပျော၊ အသပြာစသည်တို့နှင့် အလှူ့ရှင်အိမ်သို့ လာရောက်ကူညီထောက်ပံ့ကြရလေသည်။ အလှူ့ရှင်များကလည်း လာရောက်ကူညီထောက်ပံ့သူတို့အား သာဓုခေါ် ဆုပေးခြင်းများ ပြုလုပ်ကြလေသည်။ ရှင်ပြုပွဲအတွက် အထူးတလည် ရင်းနှီးသူများကို ဖိတ်ကြားခြင်းကို လက်ဖွဲ့စာ စားဖိတ်သည် (အသီးပေါက်ဖိတ်သည်)ဟု ခေါ်လေသည်။

ရှင်ပြုပွဲကျင်းပပုံမှာ မြောက်မော်ကျေးရွာရှိ တိုင်းရင်းသားတို့၏ ရှင်ပြုပွဲစသောနေ့ နံနက် ၄-၅ နာရီလောက်တွင် ရှင်လောင်းများကို ပြင်ဆင်ပြီး နောက် ဆရာတော်အား ပူဇော် ကန်တော့ခြင်း၊ ရိုးရာနတ်များအား ပူဇော်ကန်တော့ခြင်း၊ ရိုးရာနတ်များအား ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် မောင်ရှင်လောင်းများကို ထမ်းစင်ဖြင့် ထမ်း၍ ကျေးရွာတွင်းရှိ ဘုန်းတော်ကြီးကျောင်းဝင်းထဲတွင် လှည့်လည်လေ့ရှိသည်။ ထိုသို့ လှည့်လည်ရာတွင် အစဉ်အတိုင်း ရှေ့ဆုံးမှနေ၍ ဗျောအဖွဲ့၊ ညောင်ရေအိုး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊

---

၁။ Social grouping based on age

၂။ Social grouping based on sex

လှူဖွယ်ပစ္စည်းများ ပန်းကလပ်၊ ကွမ်းကလပ်များ၊ သပိတ်လွယ်၊ သင်္ကန်းလိပ်ရွက်အဖြစ် ရှင်မိရှင်ဖ လူပျိုခေါင်းအဖွဲ့၊ သျှိုးလိုက်ရတုအဖွဲ့၊ မောင်ရင်လောင်း ထမ်းစင်၊ အတီးအမှုတ် အကအခုန်တို့ဖြင့် လိုက်ပါကြရလေသည်။ ထိုကဲ့သို့ လှည့်လည်ရာတွင် ပရိသတ်များထဲမှ ငွေကြေးတောင်းသည့်အနေဖြင့် မောင်ရင်လောင်းကို တားလေ့ရှိကြသည်။ ကျေနပ်သောငွေကြေးပမာဏရရှိမှသာလျှင် နေရာဖယ်ပေးတတ်ကြသည်။ ထိုကဲ့သို့ မောင်ရင်လောင်းကို လှည့်လှည်ရာတွင် သံချပ်ထိုးခြင်း၊ ရတုဆိုခြင်းများ ရှိလေသည်။ ပွဲဒကာတို့သည် ရတုဆိုခအဖြစ် ငွေကြေးပေးရလေသည်။ ယခုအခါတွင်မူ သျှိုးလိုက်ရတုဆိုခြင်းမှာ နည်းပါးလှပေသည်။ မောင်ရင်လောင်းလှည့်နေစဉ်တွင် မောင်ရင်လောင်းထမ်းသော ကာလသားများသည် မောင်ရင်လောင်းကို ဖွက်လေ့ရှိ ကြသည်။ ရှင်မိရှင်ဖတို့က ကျေနပ်အောင် ငွေပေးမှသာလျှင် ရှင်လောင်းပြန်ပေးလေ့ရှိကြသည်။ ရှင်လောင်းကို ဘုန်းတော်ကြီးကျောင်း၌ လှည့်လည်ပြီးသောအခါ အလှူမဏ္ဍပ်အတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ အလှူပွဲကြီး နေ့မစမချင်း ရှင်လောင်းများသည် မဏ္ဍပ်အတဝင်း၌ပင် နေကြရလေသည်။ ရှင်လောင်းလှည့်သည့်အခါတွင် ရှင်လောင်းအား မြေပေါ်သို့ ခြေမချစကောင်း၊ မြေပေါ်သို့ ခြေချလျှင် မိုးခေါင်တတ်သည်ဟု ယူဆလေ့ရှိကြသည်။ မောင်ရင်လောင်းအား မဏ္ဍပ်သို့ သယ်ရန် ယာဉ်မရနိုင်လျှင် ချီပွေ့၍ မဏ္ဍပ်သို့ ခေါ်ဆောင်သွားကြရလေသည်။

ကတူးတိုင်းရင်းသားတို့၏ မောင်ရင်လောင်းအပြင်အဆင်သည် တမူထူးခြားသည်။ မြန်မာမောင်ရင်လောင်းများသည် မကိုဋ် (သို့) ဖော့လုံးဖောင်းတော်ကို ဆောင်းတတ်ကြသော်လည်း ကတူးတိုင်းရင်းသားတို့၏ မောင်ရှင်လောင်းမှာ ပန်းကုံး(ခေါ်)အုပ်ဆောင်းတစ်မျိုးကို ဆောင်းထားရသည်။ အုပ်ဆောင်း၏နှုတ်ခမ်းထိပ်မှနေ၍ ပန်းကုံးသဏ္ဍာန်များပြုလုပ်ပြီး တွဲလွဲချထားသည်။ မောင်ရင်လောင်းသည် ဆန်ပန်းပေါက်ပေါက် ထည့်ထားသော လွယ်အိတ် "သင်ပေါက်" တစ်လုံးကိုလည်း လွယ်ထားရလေသည်။

ရှင်လောင်း၏ထမ်းစင်ကိုလည်း လေးဖက်လေးတန်တွင် ကြံပင်၊ ငှက်ပျောပင်၊ တံခွန်၊ ကုက္ကားစသည်တို့ကို ထိုးစိုက်လေ့ရှိကြသည်။ ကတူးတိုင်းရင်းသားတို့၏ ရှင်လောင်းယူပွဲ အခမ်းအနားတွင် ပရိသတ်အား ထမင်းကျွေးလေ့မရှိဘဲ၊ ပေါက်ပေါက်၊ ငှက်ပျောသီး၊ လက်ဖက်၊ မုန့်ပဲသရေစာများကိုသာ ကျွေးလေ့ရှိပါသည်။ ထမင်းကို သီးသန့်ကျွေးမွေးခြင်း မရှိသော်လည်း အလှူပွဲလာ ပရိသတ်များ ယူငင်စားသောက်နိုင်ရန် အလှူ၏အကျွေးအမွေး မဏ္ဍပ်တွင် ထမင်းများကို အရံသင့် ချက်ပြုတ်ထားလေ့ရှိသည်။ ပွဲလာပရိသတ်သည် မည်သူမဆို တောင်းယူစားသောက်ခွင့် ရှိလေသည်။

အလှူပွဲကြီးနေ့တွင်မူနံနက်စောစော (၆)နာရီ(၇)နာရီခန့်မှစတင်၍ ကျေးရွာအနီးဝန်းကျင်ရွာများမှ အလှူလှူရန် အတီးအမှုတ်အကအခုန်များဖြင့် ဝင်လာမစဲ တဖွဲဖွဲ ရှိလေသည်။ ကျေးရွာခံတို့ကလည်း အတီးအမှုတ်အကအခုန်တို့ဖြင့် ပျော်ရွှင်စွာ ကြိုဆိုလေ့ရှိကြသည်။ ရောက်ရှိလာသော ဧည့်သည်များအား ငါးချဉ်၊ ကြိမ်ဖူးဟင်းရည်၊ ငရုတ်သီးကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိကြသည်။ လူပရိသတ်များအား ကျွေးမွေးသည့်နည်းတူ ဘုန်းတော်ကြီးကျောင်းတွင်လည်း ကပ္ပိယအဖွဲ့သည် ကြွရောက်လာကြသော အာဂန္တုများနှင့် ကျောင်းရှိ ရဟန်း သာမဏေတို့အား ဆွမ်း၊ ကွမ်း၊ လက်ဖက်၊ အချိုအချဉ်ရသာအစုံအလင်ဖြင့် ဆက်ကပ်လှူဒါန်းကြလေသည်။ ရှေးအခါက အလှူပွဲများ ကျွေးမွေးရာတွင် မဏ္ဍပ်အတွင်း၌ ပျဉ်ပြားအရှည်ကြီးများကို စားပွဲခုံသဖွယ် ခင်းထားလိုက်သည်။ လူထိုင်ရန်အတွက်မှာ ရိုင်ပတ် (ဝါးကိုရက်ထားသော စပါးတင်ရာတွင် အသုံးပြုသည့်ပစ္စည်း) ကို ခင်း၍ ပေးလေသည်။ ဟင်းခွက်အတွက်မှာမူ မြေခွက်များ ပန်းကန်ပြားအစား အင်ဖက်များကို အသုံးပြုလေသည်။ ယခုအခါတွင်မူ ပန်းကန်ပြား၊ ပန်းကန်လုံးများကို အသုံးပြုလာပေပြီ ။

နံနက်စာ ကျွေးမွေးပြီ းနောက် မဏ္ဍပ်အတွင်းရှိ ဧည့်ပရိသတ်တို့အား အတီးအမှုတ် အကအခုန်တို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ နေ့ခင်း(၁)နာရီအချိန်မှစပြီး အငြိမ့်အဖွဲ့ စတင်ကပြလေသည်။ ထိုသို့ ပရိသတ်အား ဧည့်ခံနေပြီး ညနေ(၃)နာရီခန့်တွင် သံဃာတော်အရှင်သူမြတ်တို့အား မဏ္ဍပ်ရှိသံဃာစင်တွင် ပင့်ဆောင်လာရလေသည်။ ထိုကဲ့သို့ သံဃာတော်များ ရောက်နေပြီး ဇာတ်ပွဲသည် မသိမ်းပေးလျှင် ရှင်မိရှင်ဖတို့သည် ဇာတ်သမားများ ဇာတ်ချပေးရန်အတွက် ငွေပေးပြီးမှ ရပ်ခိုင်းရလေသည်။ အချို့အလှူများတွင် ဘိသိက်ဆရာများ ထည့်တတ်ကြသည်။ ထိုသို့အခါများတွင် မောင်ရင်လောင်းများအား ဘိသိက်မြှောက်ခြင်းများ ပြုလေ့ရှိသည်။ သို့သော်

အလှူတိုင်းတွင် ဘိသိက်မပါချေ။ ဘိသိက်မထည့်သည်က များလေသည်။ နေ့ဆွမ်းစားပြီးချိန်လောက်တွင် မောင်ရှင်လောင်းများအား ဆံချကြလေသည်။ ဆံချပြီးသောအခါ ဆရာတော်၏ ကျောင်းတွင် ကန်တော့ရန် တက်ကြရလေသည်။ ထိုကဲ့သို့ ကန်တော့ပြန်ခဲ့ပြီး မောင်ရှင်လောင်းများအား ထမင်းတစ်ထပ် ထပ်မံကျွေးပြီးမှ သံဃာတော်အရှင်သူမြတ်တို့သည် မောင်ရှင်လောင်းများအား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း၊ ရတနာသုံးပါးအား ပူဇော်ကန်တော့ခြင်း၊ ငါးပါးသီလခံယူခြင်း၊ လှူဖွယ်ပစ္စည်းများ ပေးလှူခြင်း၊ ရေစက်ချခြင်း၊ ရှင်သစ်ပရိတ်တော် နာခြင်းများ ပြုလုပ်ကြသည်။ သို့သော် ပရိသတ်အား ညနေစာ ထမင်းကျွေးဧည့်ခံခြင်း၊ အတီးအမှုတ် ဇာတ်ပွဲများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်ပါသည်။ ထိုနေ့ညတွင် ဇာတ်ပွဲဖြင့်ကပြဖျော်ဖြေသည်။ ထိုပွဲကိုကြည့်ရန် အပျိုလူပျိုတို့ အတွက် သီးသန့်လုပ်ပေးရလေသည်။ အပျိုဝိုင်းအတွက် တစ်ဝိုင်း၊ လူပျိုဝိုင်းတွက် တစ်ဝိုင်းသတ်မှတ်ပေးရလေ သည်။ အပျို၊ လူပျိုဝိုင်းထဲသို့ အိမ်ထောင်ကျပြီးသူများ ဝင်ခွင့်မရှိပေ။

ပွဲကြီးပြီးနေ့ နောက်တစ်နေ့နံနက်တွင် ရှင်ပြုမင်္ဂလာအောင်ပွဲအဖြစ် တရားနာပွဲနှင့်အတူ ရှင်မယ်ခံပွဲ (ကိုရင်ဘွဲ့ပေးပွဲ)ကိုလည်း ပြုလုပ်လေ့ရှိကြသည်။ ရှင်မိရှင်ဖတို့ကလည်း ဧည့်ပရိသတ်အား ရှိသမျှသော မုန့်ပဲသရေစာ များဖြင့် ကျွေးမွေးပြုစုကြသည်။ ရှင်ပြုပွဲပြီးဆုံးသောညတွင် ဆုတောင်းပွဲအဖြစ် ကာလသားများက အလှူ့ရှင်အိမ်များသို့ အိုးစည်ဒိုးပတ်များနှင့် လှည့်လည်၍ တောင်းလေ့ရှိကြသည်။

ကတူးတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများသည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ နေရပ်ဒေသအလိုက် အနည်းငယ် ကွဲပြားမှုရှိကြလေသည်။ ကတူးတိုင်းရင်းသားတို့၏ အလှူမင်္ဂလာပွဲ များတွင် လူပျိုအပျိုတို့သည် အရေးပါလှပေသည်။ ပွဲကို ဝိုင်းဝန်းလုပ်ကိုင်ပေးသူ အပျိုလူပျိုတို့ကို အကျွေးအမွေး ပြုလုပ်ရာတွင်လည်းကောင်း၊ ပွဲကြည့်ရန်အတွက်လည်းကောင်း သီးသန့်ပြုလုပ်ပေးရလေသည်။ ရည်ရွယ်ချက်မှာ အပျို လူပျိုတို၏ လုပ်အားကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် တလေးတစားသီးသန့် ပြုလုပ်ပေးခြင်း ဖြစ်ပေသည်။ အလှူမင်္ဂလာပွဲအတွက် ရွာထဲရှိ အိမ်တိုင်းသည် ခွဲတမ်းနှင့် လုပ်ဆောင်ပေးရသည်။ အနီးအနားရှိ ကျေးရွာများကလည်း ကူညီလုပ်ကိုင်ပေးရသည်။ ကတူးတိုင်းရင်းသားတို့သည် စုပေါင်းလုပ်အားကို တန်ဖိုးထားသည့်နည်းတူ ထိုကဲ့သို့ တန်ဖိုးထား လုပ်ဆောင်နေကြခြင်းသည်ပင် စည်းလုံးညီညွတ်မှုရှိကြောင်း ဖော်ပြနေပေသည်။ ထိုဓလေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားတိုင်း အတုယူသင့်သည့် ဓလေ့ကောင်းတစ်ခု ဖြစ်သည်။

မြောက်မော်ကျေးရွာရှိ တိုင်းရင်းသားတို့တွင် မိန်းကလေးတစ်ယောက်သည် အဖေမရှိသော ကလေးကို မွေးဖွားခဲ့လျှင် ထိုကလေးအား ရှင်ပြုခွင့် လုံးဝမပေးချေ။ ရွာအသိုင်းအဝိုင်းက လုံးဝလက်မခံပေ။ ရွာ၏ အသိုင်းအဝိုင်းက ထိုသူမျိုးကို ဝိုင်းပြီး ကြဉ်ထားကြလေသည်။ ထို့သို့ပြုလုပ်ရခြင်းမှာ စည်းပျက်ကမ်းပျက် အကျင့် သည် အစဉ်အဆက် ဖြစ်သွားမည်ကိုလည်း စိုးရိမ်သောကြောင့် ခွင့်မပြုခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ ရှောင်ကြဉ်မှုခံရမည် စိုးသောကြောင့်တစ်ကြောင်း၊ မိမိတို့၏ သားကို မြင့်မြတ်သော သာသနာ့ဘောင်သို့ မသွတ်သွင်း ရမည်စိုးသောကြောင့် တစ်ကြောင်း ထိုကဲ့သို့ အပြုအမူမျိုး မြောက်မော်ရွာတွင် မရှိသလောက်လည်း ရှားပါးလှပေသည်။ ကတူးတိုင်းရင်းသား တို့သည် အလှူပွဲပြီး ဆုံးသွားသော်လည်း မဏ္ဍပ်ကြီးများကို မဖျက်ပစ်သေးဘဲ အချိန်ကာလကြာမြင့်စွာ ဆက်လက် ပျော်ရွှင်နေသေးသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ကတူးရှင်ပြုပွဲများသည် အချိန်ကြာမြင့်စွာ အလှူအစမှအဆုံး ဧည့်ခံကျွေးမွေးသော်လည်း ၎င်းတို့အတွက် စီးပွားရေးမှာ သိသာစွာ ထိခိုက်မှု မရှိခဲ့သောအကြောင်းမှာ သားယောက်ျား မွေးစဉ်အခါမှစ၍ ရှင်ပြုရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခဲ့ခြင်း၊ အလှူ့ရှင်အများစု၊ စုပေါင်း၍လှူဒါန်းကြခြင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးဉာတိအပေါင်းအသင်းများ၏ ကူညီထောက်ပံ့မှုများ ရရှိခြင်းတို့ကြောင့် ဖြစ်ပေသည်။

## (ဓ) အပျိုလူပျိုဘဝ

ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများအတိုင်း အချိန်တန်အရွယ်ရောက်လျှင် ဘဝကြင်ဖော်ရှာကြသည်။ လူပျိုလူရွယ်များသည် အပျိုများကို ထင်းခွေသွားရာ၊ ရေခပ်သွားရာ၊ တောင်ယာ စိုက်ပျိုးရာတို့တွင် တွေ့ဆုံ၍ ချစ်ရေးဆိုနိုင်သည်။ ပွဲလမ်းသဘင်များ၌လည်း အတူတကွပါဝင်ဆောင်ရွက်ရင်း ချစ်ရေးဆိုနိုင်ပေသည်။ အပျိုအိမ်သို့လည်း မိသားဖသားပီပီ သွားရောက်၍ ခွင့်တောင်းပြီး ချစ်ရေးဆိုနိုင်သည်။ လူပျို လူရွယ်များက အိမ်ထောင်ထိန်းသိမ်းတတ်ပြီး အကျင့်သိက္ခာနှင့် မိန်းမပီသသည့် မိန်းမပျိုများအား

အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သည့်နည်းတူ မိန်းမပျိုကလေးများကလည်း ရိုးရာစိုက်ပျိုးရေးလုပ်ငန်းကျွမ်းကျင်သူ၊ အကျင့်စာရိတ္တကောင်းပြီး လုံ့လဝီရိယရှိသူယောကျ်ားလေးများကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တတ်ကြသည်။ မိမိတို့ ရိုးရာဓလေ့ထုံးစံများအရ လိုက်နာရွေးချယ်ကြသည်။ အိမ်ထောင်ဖက်ရွေးချယ်ရာ၌ မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည့်နည်းတူ မိဘတို့၏သဘောတူညီချက်ကိုလည်း လေးစားတတ်ကြသည်။

ကတူးတိုင်းရင်းသားတို့သည် အပျိုလူပျိုများတွေ့ဆုံရာ၌ သစ္စာရှိကြရသည်။ စော်ကားခြင်း မပြုကြပေ။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး ပွင့်လင်းစွာ ချစ်ရေးဆိုနိုင်ပေသည်။ ကျေးရွာတွင်းရှိ အသက် (၁၃)နှစ်ပြည့်သော အမျိုးသမီးကလေးများကို အပျိုစာရင်း သွင်းထားကြသည်။ အသက် (၁၈)နှစ်ကျော်လျှင် အပျိုစာရင်းမှ ပယ်လေ့ရှိသည်။ လူငယ်အဖွဲ့အစည်းမှ သီးသန့်ဖယ်ရှားခြင်း မရှိစေကာမူ အသက်(၁၈)နှစ် ကျော်သွားသော မိန်းမပျိုကိုယ်တိုင်ကပင် အပျိုကလေးများ၏ အသင်းအဖွဲ့အစည်းတွင် ပါဝင်ခြင်း မရှိတော့ပေ။ မိမိကိုယ်ကို အပျိုကြီးစာရင်းတွင် သွင်းထားလိုက်ကြသည်။ ထို့ကြောင့် မိန်းမပျိုကလေးများနှင့် ဆိုင်သော အရေးအရာကိစ္စများတွင် အထူးတလည် ပါဝင်လှုပ်ရှားခြင်း မရှိတော့ပေ။ လူပျိုကလေးများကိုမူ အသက်(၁၅)နှစ်မှစ၍ အသက်(၂၀)ကျော်အထိ လူပျိုစာရင်း သွင်းထားလေ့ရှိကြသည်။ အပျိုလူပျိုတို့ကို ထိန်းသိမ်းရန် လူပျိုခေါင်းက တာဝန်ယူရသည်။ ကတူးတိုင်းရင်းသားတို့တွင် အပျိုခေါင်းဟူ၍ ထားလေ့မရှိပေ။ လူပျိုခေါင်းကိုသာ ထားလေ့ရှိကြသည်။ လူပျိုခေါင်းရွေးချယ်ရာတွင် ရွာထဲ၌ လုပ်တတ်ကိုင်တတ်သူ၊ လူကြီးသူမများ နှင့်အဆင်ပြေအောင် ပြောဆိုတတ်သူ၊ အပျိုလူပျိုအားလုံး၏ လေးစားချစ်ခင်မှုခံရသူများကိုသာ ခန့်လေ့ရှိသည်။ လူပျိုခေါင်းကို အိမ်ထောင်ကျပြီးသော လူလတ်ပိုင်းများကိုလည်း ခန့်ထားလေ့ရှိကြသည်။ လူပျိုခေါင်းတွင် မောင်း တစ်လုံး ပေးထားသည်။ ရပ်ရွာနှင့်ပတ်သက်သော ကိစ္စများကို ဆောင်ရွက်စေလိုလျှင် လူကြီးများက လူပျိုခေါင်းကို ခေါ်ပြောပြီး ဆောင်ရွက်လေ့ရှိသည်။ လူငယ်ရေးရာကိစ္စများကိုလည်း လူပျိုခေါင်းကပင် စီမံပေးရသည်။ လူငယ် တိုင်းသည် လူပျိုခေါင်း၏စကားကို နာခံကြရသည်။ လူပျိုခေါင်းသည် ရပ်ရွာရှိလူကြီးများထက်ပင် အပျိုလူပျိုများအပေါ်၌ သြဇာရှိပေသည်။ လူပျိုခေါင်းတွင် မောင်းကြီး၊ မောင်းလေးနှစ်ခုထားသည်။ မောင်းသံဖြင့် အချက်ပေးကာ အပျို၊ လူပျိုများကို ခေါ်ယူလေ့ရှိသည်။ လူပျို၊ အပျိုအားလုံးကို ခေါ်လျှင် မောင်းကြီးကို လည်းကောင်း၊ လူပျိုများကိုသာခေါ်လျှင် မောင်းသေးကိုလည်းကောင်း တီး၍အချက်ပေးခေါ်ယူလေ့ရှိသည်။ ထိုသို့ ခေါ်ယူကာ ရပ်ရွာအရေးကိစ္စများကိုလည်း ကူညီလုပ်ကိုင်ပေးလေ့ရှိကြသည်။ လာမလုပ်သူဟူ၍ အများအားဖြင့် မရှိ ပေ။ အများနှင့်စုပေါင်းလုပ်ကိုင်ခြင်းကို ရှောင်ဖယ်နေပါက ရွာ၏အထင်သေးခြင်း၊ ပစ်ပယ်ခြင်းခံရမည် စိုးသဖြင့်လည်း လာရောက်လုပ်ကိုင်ကြသည်။ ဤသို့ဖြင့် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ အဖွဲ့အစည်းတွင် အများနှင့်ပူးပေါင်းလုပ်ကိုင်တတ်ခြင်း၊ အလေ့ကောင်းများ ဖြစ်ထွန်းနေခြင်းဖြစ်သည်။ လူပျိုခေါင်း လက်ထောက်သည်လည်း ပွဲလမ်းသဘင်၊ သာမှု၊ နာမှု များ၌ လူပျိုခေါင်းနှင့်အတူ စောင့်ကြပ်လုပ်ကိုင်ပေးသည်။ လူပျိုခေါင်းနှင့်လက်ထောက်တို့သည် မိမိရွာထဲမှအပျိုများနှင့် လူပျိုများကို စောင့်ကြပ်ကြည့်နေရသည်။ အပျိုလူပျိုတို့သည် မိမိတို့၏ ချစ်ရေးကိစ္စများကို လူပျိုခေါင်းအား အသိပေးထားကြရသည်။ လူပျိုတစ်ယောက်သည် အပျိုတစ်ယောက်ကို ကြိုက်ပြီဆိုလျှင် လူပျိုခေါင်းကို ကြိုတင်ပြောထားရပေသည်။ မိခင်၊ ဖခင်တို့သည် နောက်မှ သိကြရသည်။ ထုံးစံအရ မိဘမောင်ဖွားများသည် လူပျိုခေါင်းအပေါ် သားရေးသမီးရေးများကို ပုံအပ်ထားကြရသည်။ လူပျိုခေါင်းထံမှ တစ်ဆင့် အပျို၏မိဘများကို ပြောပြရပေသည်။ ထိုအခါမှသာလျှင် လူပျိုသည် တရားဝင် လူပျိုလှည့်ခွင့်ရှိပေသည်။ တစ်ရွာတည်းသား အချင်းချင်း ဖြစ်နေပါမူ အထူးတလည် သီးသန့်လှည့်နေရန်မလိုပေ။ ရပ်ရွာ၏လုပ်ငန်းဆောင်တာ များကို လုပ်ကိုင်ပေးရင်း ချစ်စကားကြိုက်စကား ပြောဆိုနိုင်ပေသည်။

ကတူးတိုင်းရင်းသားတို့သည် မိမိနေထိုင်သည့်ရွာတွင် မဟုတ်ဘဲ အခြားတစ်ရွာသို့ လူပျိုလည်သွားလိုပါက အပျိုရှိရာရွာခံ လူပျိုခေါင်းအား အကြောင်းကြားရသည်။ လူပျိုခေါင်းမသိဘဲ အပျိုလည်နိုင်ခွင့်မရှိပေ။ လူပျိုခေါင်း သည် အပျိုလည်လိုသူက အကြောင်းကြားထားပါက မိန်းကလေး၏မိဘများကို ကြိုတင်အသိပေးထားရသည်။ လူပျိုခေါင်းသည် ကာယကံရှင်မိန်းကလေးအားလည်း ဘယ်ရွာကလူပျို မည်သူလာလိမ့်မည်ဟု ကြိုတင် ပြောထား ရပေသည်။ မိန်းကလေးက သဘောတူမှ လက်ခံလေ့ရှိသည်။ အကယ်၍ လူပျိုခေါင်း မသိဘဲနှင့် တစ်ခြား

ရွာမှတစ်ယောက်နှင့် ရွာခံမိန်းကလေး ကြိုက်သွားခဲ့ပါမူ မင်္ဂလာဆောင်ချိန်တွင် လူပျိုခေါင်းကို အသိမပေးဘဲနှင့် ကြိုက်ထားမိသည့်အတွက် လျော်ကြေးအဖြစ် ခဲဘိုးနှစ်ဆ ပေးရလေ့ရှိသည်။ လူပျိုခေါင်းမသိဘဲနှင့် ခိုးပြေးခဲ့လျှင် မင်္ဂလာဆောင်သည့်အခါ၌ ခဲဘိုးကို လူပျိုခေါင်းတောင်းသလောက် ပေးရသည်။ မိဘများ တောင်းသည်ကိုလည်း ပေးရ၏။ သို့သော် ထိုကဲ့သို့ အဖြစ်မျိုးသည် အလွန်ရှားပေသည်။ မည်သည့် လူငယ်တို့မဆို လူပျိုခေါင်းကိုသာ လျှင် အသိပေးပြီးမှ ပြုလုပ်လေ့ရှိသည်။ အခြားရွာမှရွာသားလူပျိုတစ်ယောက်နှင့် ရွာခံလူပျိုတစ်ယောက်သည် အပျိုအား တစ်ရက်ထဲ လူပျိုလှည့်စကားပြောလိုလျှင် ပြောပိုင်ခွင့်ရှိသည်။ သို့သော် တစ်ရွာသားကိုသာလျှင် လူပျိုခေါင်းက ကြည့်ရှုပြီး သင့်တော်လျှင် ဦးစားပေးရလေ့ရှိသည်။ လူပျိုလှည့်လိုသည့်သူသည် လူပျိုခေါင်းနှင့်အဖွဲ့များ စားသောက်ကြရန် ကြက်တစ်ကောင် ပေးရလေသည်။

အပျိုသည် လူပျိုလာလည်သောအခါတွင် ဆေးပုဝါ (ဆေးလိပ်သောက်ရန် ဆေးဗန်း)၊ ကွမ်းဗန်း၊ လက်ဖက်ရည်အခါးအိုး(မြေကရား)တို့ဖြင့် တည်လေ့ရှိသည်။ အမျိုးသမီးသည် ထိုင်သောအခါ ဒူးတုပ်၍ ထိုင်ရလေ သည်။ လူပျိုလည်နေသည့်အချိန်တွင် အမျိုးသမီး၏မိဘမောင်ဖွားများသည် လည်ပတ်ခြင်းဖြင့်လည်းကောင်း၊ အိပ်ရာ စောစောဝင်၍အိပ်ခြင်းဖြင့်လည်းကောင်း ရှောင်ပေးရပေသည်။

ရေးက လူပျိုလှည့်လည်သည့်အခါတွင် လူပျိုက ပုလွေနှင့်သီချင်းမှုတ်ပြီး "ပုလာဝပ်ချိန်အိုပန်ဆင်" ဟုဆိုကာ မိဘများကို အိပ်ခိုင်းလေ့ရှိသည်။ အဓိပ္ပာယ်မှာ "မီးခဲကြီးအုပ်ပါတော့"ဟု အဓိပ္ပာယ်ရပြီး မိဘများကို မီးသဖွယ်တင်စားပြီး အိပ်ခိုင်းသည့်သဘောဖြစ်သည်။ ဤကဲ့သို့ ကတူးလူမျိုးတို့သည် ဘဝကြင်ဖော်ကို စိတ်တိုင်းကျ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ မိဘများ တိမ်းရှောင်ပေးကြသော်လည်း လူပျိုအမျိုးသား များသည် အမျိုးသမီးအပေါ်၌ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း မရှိချေ။ လူပျိုများသည် အပျိုနှင့်တွေ့လျှင် လူပျိုက ပို၍ စောင့်ထိန်းကြရလေသည်။ အလွန်သစ္စာရှိသော လူမျိုးများ ဖြစ်ပေသည်။

အပျိုလည်ရာတွင် ည(၁၁)နာရီအချိန်ထက် ကျော်လွန်၍ လည်ရခြင်း မရှိပေ။ အပျိုလူပျိုတို့သည် စကားပြောရာတွင် အိမ်ထဲတွင် သာမက၊ အိမ်၏အပြင် လရောင်အောက်တွင်လည်း တစ်ဦးနှင့်တစ်ဦး လွတ်လပ်ပွင့် လင်းစွာ ပြောနိုင်ကြပေသည်။ လူပျိုဧည့်သည်အိမ်မှ မဆင်းမချင်း အပျိုမှာ အိမ်ထဲဝင်အိပ်ခြင်း မပြုရပေ။ တွေ့ဆုံ ချစ်ရေးဆိုရာတွင် အဆင်ပြေသည် မပြေသည်ကို လူပျိုခေါင်းအား လူပျိုက ဖွင့်ပြောထားရလေသည်။ မျှော်လင့်ချက် ရှိသေးလျှင် ထပ်မံ၍ လူပျိုလှည့်နိုင်သေးသည်။ အပျိုများမှာ လူပျိုလာလွန်းလျှင် ဧည့်ခံရ၍ အချိန်ကုန်သည်က တစ်မျိုး၊ မိုးလင်းလျှင် ဆန်ဖွပ်၊ မောင်းထောင်း၊ ကောက်စိုက်ရသည်ကတစ်မျိုးကြောင့် လူပျိုလှည့်ခံရမှု သက်သာ အောင် လက်ခံနိုင်သည့်အရည်အချင်းရှိလျှင်ဖြစ်စေ၊ လက်ခံရန် ရည်ရွယ်တော့လျှင်ဖြစ်စေ အချိန်မဆွဲဘဲ အများအားဖြင့် လက်ခံလေ့ရှိကြသည်။

အိမ်ထောင်ကျသွားလျှင် ညအခါ၌ လူပျိုဧည့်သည်ကို လက်ခံရသောဘဝမှ လွတ်မြောက်၍ လူပျို ခေါင်း သြဇာမှလည်း ကင်းလွတ်ရသည်။ သို့သော် အိမ်ထောင်ကျရန် ဇာတာမပါကြသော အမျိုးသမီးများမှာ ချစ်ရေးဆိုမည့် လူပျိုပေါ်မလာသော်လည်း အသက်(၁၈)နှစ်ကျော်သွားလျှင် လူပျိုခေါင်းသြဇာအောက်မှ လွတ်ကင်း သွားတတ်သည်လည်း ရှိပေသည်။

လူပျိုများသည် ညဦးအခါတွင် မိန်းမပျို၏အိမ်၌ လှည့်လာသောအခါ မီးဖိုဘေး၌ထိုင်၍ မိန်းမပျို နှင့် ရယ်စရာ၊ မောစရာစကားပြောဆိုခြင်းဖြင့် ချစ်ရေးဆိုကြသည်။ ဤရွာမှ အပျို လူပျိုတို့သည် တစ်ဦးကိုတစ်ဦး ပညာစမ်းသည့်သဘောမျိုးဖြင့် ဖြစ်စေ၊ နောက်ပြောင်ကျီစယ်လို၍ဖြစ်စေ စကားထာများကို ဝှက်ကြသည်။ မိန်းကလေးသည် လူပျိုအား ဤစကားထာ၏ အဓိပ္ပာယ်ကို ဖြေနိုင်ပါက ကြိုက်ပါမည်။ မပြောနိုင်သေးပါက စကားမပေး (ချစ်ကြိုက်ကြောင်း ပြန်မပြောနိုင်သေးပါ)ဟုဖြစ်သည်။ မိန်းကလေးက မေးသော စကားထာအချို့မှာ-

မေး -(ကတူ :) - "ကယာပိုင်း-လပိုပပ်နှ-တွန်ပေလဆပ်ပင်း ဂေါ- ပိုအာနိုက်"

(မြန်မာ) - တောင်ပေါ်က ဝါးတစ်ရာ၊ တောင်အောက်ကိုထိုးချတော့ ဝါးတစ်လုံးထဲ

ဖြေ -(ကတူး) - "ဝပ်ကွမ်းပေါက်နဒွေ-အီစွမ်ဗန်ကော-အီဆိုဆိုအစ်နိုက်"

(မြန်မာ) - "ဗိုင်းတောင့်တစ်ရာစည်းကို ချည်ငင်လိုက်ရင် ချည်တစ်လုံးထဲရ"

မေး –(ကတူး) – "အစ်(ပ)လာက–ကဖန်ဗေ့–ရုတ်လာက–လုတ်ကရှိဒေ့" ဟာမန်ကားအမှတ်–
(မြန်မာ) – "အိပ်တာကထရံ– စားတာကကျောက်" ဘာလဲအစ်ကို
ဖြေ –(ကတူး) – "တန့် (င်) "
(မြန်မာ) – ဒါး
မေး –(ကတူး) – "အစ်(ပ)လာက–ဝဲဗေ့–ရုတ်လာက–လုပ်ကရှိဒေ့–ဟာလာက–စတူး(န်)ယောက်"– ဟာမန်ကား အမှတ်
(မြန်မာ) – "အိပ်တာကရေ– စားတာကကျောက်–သွားတာကပါးစပ်နဲ့" အဲဒါဘာလဲအစ်ကို
ဖြေ –(ကတူ :) – "ခွတ်ခူး"
(မြန်မာ) – ရေခရုရှည်

ထိုကဲ့သို့ စကားထာများဖြင့် တစ်ဦးနှင့်တစ်ဦး ပြောကြသည့်နည်းတူ၊ တစ်ခါတစ်ရံတွင်မူ လူပျိုအား မိန်းမပျိုက ပြန်စေချင်သောအခါတွင်မူ မိန်းမပျိုကစ၍ "သစ်ပင်မှာဖော့–အင်းမှာမျှော့"ဟူ၍ ပြောလိုက်လျှင် လူပျိုက "ထရံကြားက ပုလင်းဖူး"ဟူ၍ ပြန်ပြောတတ်လေသည်။ အဓိပ္ပာယ်မှာ မိန်းမပျိုက "အိပ်ချင်ပါပေါ့– ဆင်းပါတော့"ဟုဆိုလိုပြီး လူပျိုကမူ "မင်းကိုမရရင် မဆင်းဘူး"ဟူ၍ ဖြစ်လေသည်။ လူပျိုသည် မိန်းမပျို၏အိမ်မှ မပြန်ချင်သေးလျှင် တေးကဗျာဆန်ဆန်၊ စကားထာဆန်ဆန် သုံးနှုန်း၍ ပြောဆိုတတ်သေးသည်။

"စာကလေးနှစ်ကောင် အိုးထဲမှာလျောင်– အတောင်ဘယ်ကခတ်ပါ့မလဲ"
"ညဥ့်နက်သန်းခေါင်း ခွေးတွေဟောင်၊ အမောင်ဘယ်လိုလုပ်ဆင်းပါ့မလဲ"
"သစ်ပင်ခွကြား ကောက်ရိုးထား–မောင်ကြီး–နွားဘယ်လိုစားပါ့မလဲ"
"ရည်းစားဟောင်းကို နောက်ကထား– စကားဘယ်လို ပြောပါ့မလဲ"
"တယ်ပင်ကြို–တယ်ပင်ကြား– တယ်သီ ကောက်တဲ့ ကိုဖိုးကုလား"
"တကယ်ဆိုယုံပါလား – မင်းဟာ ငါ့ရည်းစား"
"တောင်တောသပြေ–အမြစ်ရှည် ရေမထိစေနှင့်"
"မောင်ပြောပလေ အချစ်ရေ–အမေမသိစေနှင့်"

စသည့်စကားများဖြင့် တစ်ဦးကိုတစ်ဦး ချစ်စကား ကြိုက်စကားပြောလေ့ရှိပေသည်။ မိန်းကလေးက ကြိုက်ပြီဖြစ်၍ ယူပါတော့ဟုပြောလိုလျှင် "ဆီးဖြူသီး ဆားရေစိမ်"ဟု ပြောတတ်ပြီး မကြိုက်ပါက "ဖက်ဖယ် နှင့်ပင်စိမ်း"ဟု ပြောဆိုတတ်လေသည်။ အဓိပ္ပာယ်မှာ ရောင်တိမ်း၍နေပါ။ ခပ်စိမ်းစိမ်းနေပါဟူ၍ ဆိုတတ်လေသည်။ ထိုကဲ့သို့လူငယ်သဘာဝ လွတ်လပ်စွာ ပြောဆိုပေသည်။

လူပျိုလာလှည့်သူ တစ်ခြားရွာမှလူပျိုကိုလည်း ရွာခံလူပျိုများက ရန်ပြုမှုမျိုး မရှိပေ။ အချင်းချင်း နားလည်မှု ရှိကြပေသည်။ လူပျိုခေါင်း၏ ခွင့်ပြုချက်ရယူထားပြီးဖြစ်၍ ကြည်ကြည်ဖြူဖြူ လက်ခံကြပေသည်။

ကတူးလူမျိုးတို့သည် ရေချိုးဆိပ်များတွင် မိန်းမများ ရေချိုးရန်နှင့် ယောကျ်ားများရေချိုးရန်ဟူ၍ နေရာ ခွဲခြားသတ်မှတ်လေ့ရှိသည်။ မိန်းကလေးများရေချိုးနေစဉ် လမ်းမ၌ သစ်ခက်စိမ်းချိုး၍ ချထားသည်။ သစ်ခက်စိမ်းတွေ့က ယောကျ်ားများသည် ထိုရေဆိပ်သို့ သွားရောက်ခြင်း မပြုရပေ။ ချောင်းမြောင်းကြည့်ရှုခြင်း မရပြုရပေ။ အကယ်၍ မတော်တဆ တွေ့ခဲ့ပါမူ မိန်းကလေးကျေနပ်သည်အထိ လူကြီးသူမများ၏ အိမ်တွင် တောင်းပန်ရလေသည်။ မိန်းမပျိုများသည် လူသူမနီးသည့် တောတောင်များ၌ သွားရောက်အလုပ်လုပ်ကြရသော်လည်း မည်သည့်သူတစ်ဦးတစ်ယောက်၏ စော်ကားမှုမျိုးကိုမျှ မခံရပေ။

ထို့ပြင်မြောက်မော်ရွာရှိ ကတူးတို့သည် ပွဲလမ်းသဘင်အခါများ၌လည်း ညအခါ ဇာတ်၊ အငြိမ့်၊ ကပွဲများကို ကြည့်ရှုသောအခါတွင် အပျိုများကို ကြိုးဝိုင်းအတွင်းထား၍ သီးသန့်ကြည့်ကြရသည်။ ပွဲထဲတွင် အပျို

နှင့်လူပျိုတို့သည် ရောနှော ကြည့်ကြလေ့မရှိပေ။ အပျိုများအတွက် ကြိုးဝိုင်းတစ်ဝိုင်း၊ လူပျိုများအတွက် ကြိုးဝိုင်းတစ်ဝိုင်း စည်းခြားသတ်မှတ်ထားလေ့ရှိကြသည်။ ရွာခံအပျို၊ လူပျိုများကို သက်ဆိုင်ရာ ရွာခံလူပျိုခေါင်းနှင့် လက်ထောက်တို့က ကြည့်ရှုထိန်းသိမ်းသွားကြရလေသည်။ အကယ်၍ အပျိုတစ်ဦးသည် အစော်ကားခံရလျှင် ထိုအပျို၏ ရွာမှလူပျိုခေါင်းနှင့် လက်ထောက်တို့ ညှိနှိုင်း၍ ဖြစ်ပေသည်။ ထို့ကြောင့် လူပျိုခေါင်းသည် မိမိ၏ ဂုဏ်သိက္ခာကို ကျဆင်းမခံပေ။ လူကြီးမိဘများက မိမိအား ယုံကြည်စိတ်ချထားသည်နှင့်အညီ မိမိကလည်း တတ်စွမ်းသမျှ ယုံကြည်အားကိုးထိုက်အောင် ပြုမူနေထိုင်လေ့ရှိပေသည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲများကို ငှားရမ်းရန်အတွက် အလှူဒကာ(သို့)ပွဲဒကာသည် လူပျိုခေါင်း၏သဘောထားကို မေးရလေသည်။ လူပျိုခေါင်းက သဘောကျသော ဇာတ်၊ အငြိမ့်များကိုသာ ငှားရမ်းလေ့ရှိပေသည်။

ရပ်ရွာ၏သာမှု၊ နာမှုအရေးကိစ္စများတွင်လည်း လူပျိုခေါင်းနှင့်တကွ ရွာရှိ အပျို၊ လူပျိုအားလုံးသည် အရေးပါ အရာရောက်ကြလေသည်။ ရွာ၏အရေးကိစ္စမှန်သမျှကို လူပျိုခေါင်းဦးစီးသည့်အဖွဲ့မှပင် လုပ်ကိုင်ပေးကြရ၏။ အလှူမင်္ဂလာပွဲများတွင်လည်း အလှူရှင်၊ မင်္ဂလာရှင်တို့သည် မိမိတို့၏ပွဲတွင် လိုအပ်သည်များကို လုပ်ကိုင်ပေးရန် လူပျိုခေါင်း၏ လက်ထဲသို့ လုံးဝ ဝကွက်အပ်လိုက်ရလေသည်။ လူပျိုခေါင်းကမှတစ်ဆင့် အပျိုလူပျိုများ သိအောင် သင့်တော်ရာ အလုပ်များအား စီမံခွဲဝေပေးရလေ့ရှိသည်။ ပွဲရှင်–အလှူဒကာသည် မိမိ၏ ပွဲအတွက် ပြန်ကြည့်စရာမလိုအောင်ပင် လူပျိုခေါင်းနှင့်အဖွဲ့က တာဝန်ယူလေ့ရှိသည်။ ထို့ကြောင့် ကတူးကျေးရွာတွင် အပျိုလူပျိုတို့၏ အခန်းကဏ္ဍသည် အထူးတလည် အရေးပါလှပေသည်။

လူပျိုခေါင်းသည် အပျိုလူပျိုများကို ညီငယ်၊ ညီမငယ်များသဖွယ် ကူညီစောင့်ရှောက်ရပေသည်။ လူပျိုခေါင်း၏မောင်းသံကြားလျှင် ပွဲကြည့်နေစဉ်မှာပင် ကြားရာအရပ်မှ လူပျိုခေါင်းရှိရာအရပ်သို့ အမြန် လာတွေ့ကြရသည်။ လူပျိုခေါင်း၏စကားကို အပျို၊ လူပျိုတို့က တစ်သွေမတိမ်း နားထောင်တတ်ကြပေသည်။ ဤသည်မှာလည်း လူကြီး အကြီးအကဲ၏စကားကို နားထောင်တတ်သည့် ကတူးတို့၏ ဓလေ့ကလေးပင်ဖြစ်သည်။ ထိုကဲ့သို့ ရပ်ရွာ၏ကိစ္စအဝဝကို လုပ်ကိုင်ပေးကြရင်းဖြင့် အပျိုနှင့်လူပျိုများမှာ အလွန်ရင်းနှီးမှု ရရှိကြလေသည်။

ထိုကဲ့သို့ ရင်းနှီးမှုရှိကြသဖြင့် အိမ်ထောင်ပြုသောအခါတွင်လည်း တစ်ယောက်နှင့်တစ်ယောက် လေ့လာပြီး ဖြစ်ပေသည်။ တစ်ယောက်၏အကြောင်းကို တစ်ယောက်က နားလည်သဘောပေါက်ပြီး ဖြစ်သဖြင့် မိမိတို့၏ အိမ်ထောင်ဖက်ကို မိမိတို့ စိတ်တိုင်းကျအလွယ်တကူ ရွေးချယ်နိုင်ကြပေသည်။ ကျေးရွာရှိ ကတူးပျိုဖြူတို့သည် လက်မထပ်မီအတွင်း မိမိတို့၏ အပျိုစင်ဘဝကို တန်ဖိုးထား ထိန်းသိမ်းလေ့ရှိကြသည်။ ရှေးအခါက မိမိ၏ အပျိုသည်လည်းကောင်း၊ လူပျိုသည်လည်းကောင်း၊ သစ္စာရှိ/ မရှိကို တောင်ယာသုံးခါစိုက်(သုံးနှစ်ကြာ)အထိ စောင့်ကြည့်တတ်၍ သစ္စာမဖောက်ဖျက်ပါမှ လက်ထပ်လေ့ရှိကြသည်။ ယခုအခါတွင်မူ သုံးနှစ်ကြာအထိ စောင့်ကြည့်သောအလေ့ နည်းပါးသွားပေသည်။

မြောက်မော်ကျေးရွာရှိ ကတူးမိန်းမပျိုတစ်ဦးသည် ချစ်သူရည်းစားများစွာ ထားနိုင်သည်၊၊ ယောကျ်ားကလေးများလည်း ချစ်သူများစွာ ထားနိုင်ပေသည်။ သို့သော် မိမိအချစ်ဆုံး ရည်းစားအဖြစ် သတ်မှတ် ရည်မှန်းသူကိုမှ ပစ္စည်း လက်ဆောင်ပေးတတ်ကြသည်။ မိန်းကလေးကလည်း ယောကျ်ားကလေးအား ပေးကြသည့် နည်းတူ၊ ယောကျ်ားကလေးကလည်း မိန်းကလေးအား ပေးလေ့ရှိပေသည်။ ယောကျ်ားကလေးများကမူ ပဝါ၊ ခြုံထဘက်၊ ပုတီး၊ အင်္ကျီအစရှိသည့်ပစ္စည်းများကို ပေးလေ့ရှိသည်။ မိန်းကလေးများကမူ ပုဆိုး၊ ခေါင်းပေါင်း၊ မျက်နှာသုတ်ပုဝါတို့ကို ပေးလေ့ရှိသည်။ ချစ်သူများစွာထဲမှ လက်ဆောင်ပေးခံရသူမှာ "ရည်းစား"အဖြစ် သတ်မှတ်ခံရသူပင် ဖြစ်ပေသည်။

ထိုကဲ့သို့ မိမိ၏ဘဝကြင်ဖော်ကို မိသားဖသားပီပီ လာရောက်ချစ်ရေးဆိုသောသူများအနက်မှ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားဖြောင့်မတ်သူ၊ မိရိုးဖလာ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု၊ ရိုးရာဓလေ့ထုံးစံအရ မျိုးနွယ်တူသူတို့ကို အချိန်ယူ၍ ရွေးချယ်ကြသည်။ ချစ်မေတ္တာကို လက်ခံရာတွင်လည်း ယဉ်ကျေးစွာ ရိုးရာမပျက် လက်ခံလေ့ရှိ၏။

အပျိုနှင့်လူပျိုတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှချစ်ကြိုက်ကြသောအခါ၌ဖြစ်စေ၊ လူကြီးမိဘများက စပ်၍ ယင်းတို့လက်ထပ်သင့်ပြီဟု ထင်မြင်ယူဆသောအချိန်တွင်ဖြစ်စေ လက်ထပ်ကြရန်အတွက် အကြောင်းဖောက်ခြင်း (မိန်းမတောင်းခြင်း) အမှုကို ပြုရပေသည်။ ဤကဲ့သို့ ကတူးလူမျိုးတို့သည် အပျိုလူပျိုဘဝမှာပင် တစ်ဦးနှင့်တစ်ဦး လွတ်လွတ်လပ်လပ် ပြောဆိုနေထိုင်စေခြင်း၊ တစ်ဦး၏သဘောကို တစ်ဦးက လေ့လာအကဲခတ်ခွင့်ရအောင် လူကြီးမိဘတို့က နားလည်မှု ပေးထားခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် အိမ်ထောင်ဖက်ရွေးချယ်ရာတွင် မမှားနိုင်သော သင့်တော်သော ဓလေ့ထုံးစံတစ်ရပ်ပင် ဖြစ်ပေသည်။

ကတူးတိုင်းရင်းသားတို့၏ အပျို၊ လူပျိုဘဝတွင် အပျိုကို (၁၃)နှစ်မှ (၁၈)နှစ်အတွင်း လည်းကောင်း၊ လူပျိုကို (၁၅)နှစ်မှ (၂၀)နှစ်အထိလည်းကောင်း အချိန်စောစွာ သတ်မှတ် ကျင့်သုံးခြင်းဖြင့် ၎င်းတို့ လူ့အဖွဲ့အစည်းတွင် လူဦးရေနည်းပါးနေမှုအင်အားကို ပိုမိုစောစွာ ပြည့်စုံအောင် ဆောင်ရွက်နိုင်ခွင့်ရပေမည်။

## (ဈ) လက်ထပ်ထိမ်းမြားခြင်း

ကတူးတိုင်းရင်းသားတို့သည် အပျိုနှင့်လူပျိုချစ်ခင်၍ မိဘကို အသိပေးလျှင် သဘောတူသည်သာ များသည်။ လူငယ်တို့၏မေတ္တာကို အလေးထားလေ့ရှိသည်။ အဆင့်အတန်း ခွဲခြားမှုမရှိ။ လူငယ်ချင်း မေတ္တာရှိကြလျှင် သမီးရှင်က လက်ခံသည်သာဖြစ်သည်။ သို့သော် ကတူးတိုင်းရင်းသားတို့တွင် လက်ထပ်ရန်အတွက် လိုအပ်သည့် အရည်အချင်းများ ရှိလေသည်။ ကတူးတိုင်းရင်းသားတို့တွင် လက်ထပ်ထိမ်းမြားရန်အတွက် အသက် ၁၆နှစ်ထက် မငယ်ရချေ။ အမျိုးသမီးသည်လည်း အမျိုးသားများကဲ့သို့ပင် ၁၆နှစ်အရွယ်ရှိမှသာ လက်ထပ်ထိမ်းမြား ခြင်း ပြုလုပ်နိုင်လေသည်။ ဤအရွယ်သို့ရောက်မှ လက်ထပ်ထိမ်းမြားခြင်းဖြင့် မွေးလာသည့် ကလေးများသည် အရွယ်ထွားကြိုင်းသန်မာမည်။ မိဘနှစ်ပါးမှာလည်း စဉ်းစားချင့်ချိန်နိုင်သော အသက်အရွယ် ရှိနေပြီဖြစ်သဖြင့် အမှားအယွင်းနည်းပါးနိုင်သည်။ ဘဝအတွက် အရေးအရာများကိုလည်း မှန်ကန်စွာ လုပ်နိုင်မည်ဟု ယူဆကြသည်။

ကတူးတိုင်းရင်းသားတို့သည် လူငယ်တို့၏ ချစ်ခြင်းမေတ္တာကိုသာ အဓိကထားသည်ဆိုသော်လည်း အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နှစ်ဘက်မိဘများက ကျေနပ်မှသာ ထိမ်းမြားနိုင်ခွင့် ရှိလေသည်။ လေးဖစုံ မရှိပါက အုပ်ထိန်းသူလူကြီးများ၏ သဘောတူညီချက်ကို ရယူကြရသည်။ နှစ်ဖက်မိဘတို့ သဘောမတူဘဲ လူငယ်ချင်း မေတ္တာမျှ၍ပေါင်းသင်းနေထိုင်ပါက ဆွေမျိုးစာရင်းမှ ပယ်ဖျက်ခြင်း ခံရပေသည်။ သို့ဖြစ်၍ လူငယ်ချင်း ချစ်ကြိုက်ခဲ့ပါလျှင် ယောက်ျားကလေးသည် မိမိ၏မိဘများကို အကြောင်းကြားရပါသည်။ ယောက်ျား ကလေး၏ မိဘနှစ်ပါးက သဘောတူညီခဲ့ပါလျှင် မိန်းကလေး၏ မိဘနှစ်ပါးထံသို့ သွားရောက် အကြောင်းကြားရသည်။ ကတူးလူမျိုးတို့သည် စိတ်ထားဖြူစင်သူ၊ ရိုးသားဖြောင့်မတ်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ မျိုးရိုးကောင်းကို နှစ်သက်လေ့ရှိသည်။ လူငယ်ချင်း ချစ်ကြိုက်မှုမရှိဘဲ လူကြီးချင်းစေ့စပ်ပါက အမျိုးအနွယ်ကောင်းချင်း လက်ထပ်ပေးသည် လည်း ရှိသည်။ လူကြီးများ သဘောတူ၍ ပေးစားပါက လူငယ်များသည်လည်း မငြင်းဆန်ဘဲ လက်ခံလေ့ရှိသည်။ လူကြီးမိဘများကလည်း အတင်းအကြပ် စီစဉ်ခြင်းမျိုး မရှိချေ။ တစ်ဝမ်းကွဲမောင်နှမများ လက်ထပ်ခွင့် မရှိချေ။ မိဘများ မသိဘဲ လူငယ်ချင်း ချစ်ကြိုက်၍ လက်ထပ်ပါက တစ်မျိုးလုံး၏ အကြဉ်ခံကြရသည်။ ကြဉ်သည်ဆိုသည်မှာ ရဟန်းသံဃာများ ဗြဟ္မဒဏ်ပေးသကဲ့သို့ ဆွေမျိုးများက ကောင်းသည်ကိုလည်း မပြော၊ ဆိုးသည်ကိုလည်း မဆို၊ ဆွေမျိုးအဖြစ်မှ ထုတ်ပစ်၍ အဆက်အနွယ် ဖြတ်ခံရခြင်းပင် ဖြစ်သည်။

မြောက်မော်ကျေးရွာရှိ ကတူးမိန်းကလေးတို့သည် လက်မထပ်မီအတွင်း အပျိုစင်ဘဝကို အများဆုံး ထိန်းသိမ်းလေ့ရှိသည်။ အပျိုလူပျိုတို့သည် စိတ်တူရည်တူကြိုက်၍ မိဘချင်းလည်း နှစ်ဦးနှစ်ဘက် သဘောတူ

နေသည်ဆိုပြီး ကျူးလွန်ခဲ့မိသော် မိဘများက သဘောတူကြသော်လည်း မိဘတို့ကို အရှက်ရစေသည်ဟု သတ်မှတ်၍ မိဘ၏အိမ်တွင် မင်္ဂလာဆောင်ခွင့် မပေးတော့ပေ။ ဦးရီး အဒေါ်များ၏ အိမ်တွင် သွားရောက် ဆောင်စေသည်။ ဤသို့ ပြုလုပ်ခြင်းသည် တရားမဝင်ယူမိသည့်အတွက် အပြစ်ပေးသည့်သဘောပင် ဖြစ်ပေသည်။ သို့သော် ဦးရီး၊ အဒေါ်များက မိဘများကို နားချ၍ ကျေနပ်သောအခါတွင် မိဘအိမ်၌ပင် လက်ခံဆောင်သည်လည်း ရှိလေသည်။

လူငယ်ချင်း ချစ်ကြိုက်၍ ခိုးပြေးတတ်သည်လည်း တစ်ခါတစ်ရံ တွေ့ရတတ်လေသည်။ သို့သော်လည်း ယင်းကဲ့သို့ ခိုးပြေးခြင်းသည် အလွန် နည်းပါးသည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ခိုးပြေးမိခဲ့သော် မိန်းကလေးအား ချက်ချင်း ပြန်ပို့ပေးရလေသည်။ ယင်းသို့ ပြန်ပို့မပေးပါက ရပ်ရွာပေးသောအပြစ်ကို ခံရမည် ဖြစ်သည်။ အကယ်၍ အတင်းအဓမ္မပြုကျင့်ခဲ့သည်ရှိခဲ့ပါမူ မကျေနပ်သည့်အတွက် မိဘချင်း အလျော်တောင်းပါက အိမ်တစ်ထောင့်လျှင် ၁၀/–နှုန်းဖြင့် အိမ်လေးထောင့်အတွက် ၄၀/–လျော်ရသည်။ မိန်းကလေး၏မိဘများက သာမက ရပ်ရွာကပါ မကျေနပ်လျှင် ရွာလေးဒေါင့်ကြေးပါတောင်းရသည်။

ရွာလေးထောင့်ကြေးသည် အိမ်လေးထောင့်ကြေးထက် များသည်။ ရွာလေးဒေါင့် အိမ်လေးဒေါင့်ကြေး ဆိုသည်မှာ မကောင်းသော အတိတ်ဆိုးနိမိတ်ဆိုးများ ပပျောက်စေချင်သော ရည်ရွယ်ချက်ဖြစ်သည်။ သဘောတူ၍ နောင်တွင် လက်ထပ်ခွင့် ပြုသော်လည်း လျော်ကြေးကိုမူ ပေးလျော်ရမြဲ ဖြစ်ပေသည်။

ပျိုရွယ်သူတို့ဘာဝ လူငယ်အချင်းချင်း မေတ္တာမျှကြသောအချိန်တွင် လူကြီးမိဘများကို အသိပေးလေ့ရှိကြသည်။ လူကြီးမိဘများကလည်း လက်ထပ်သင့်ပြီဟု ထင်မြင်ယူဆသောအချိန်တွင် ယောက်ျားလေးဘက်မှ အောင်သွယ်ရှေ့ဆောင်များက လာရောက်၍ သမီး၏ မိခင်ဖခင်ထံ အကျိုးအကြောင်း ပြောရသည်။ ပင်လည်ဘူးနယ်ရှိ ကတူးတို့၏ လက်ထပ်မင်္ဂလာပွဲများသည် အခြားတိုင်းရင်းသားများနှင့်မတူဘဲ တမူထူးခြားပေသည်။ လက်ထပ်မင်္ဂလာပြုလုပ်ရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် ပြုလုပ်လေ့ရှိကြသည်။

(က) အကြောင်းဖောက်ခြင်း (နားဖောက်ခြင်း)

(ခ) လက်ဖက်ထုပ်တင်ခြင်း (မိန်းမတောင်းခြင်း)

(ဂ) ခန်းစာသိမ်းခြင်း (ခွဲစာခန့်စာပေးခြင်း)

(ဃ) လက်ထပ်ထိမ်းမြားခြင်း ဟူ၍ ရှိပေသည်။

**အကြောင်းဖောက်ခြင်း**

ကတူးတိုင်းရင်းသားတို့သည် မိဘများက သဘောတူ၍ဖြစ်စေ၊ လူငယ်ချင်းချစ်ကြိုက်၍ဖြစ်စေ ယောက်ျားလေးမိဘများက သတို့သမီး၏မိဘဆွေမျိုးများထံ သွားရောက်၍ လူငယ်ဘာဝတစ်ဦးနှင့် တစ်ဦး ချစ်ကျွမ်း ဝင်ကြကြောင်း သိရ၍ သတို့သမီး၏မိဘဆွေမျိုးများအနေဖြင့် မည်သို့ သဘောထားရှိကြောင်း ဆန္ဒတောင်းခံခြင်းကို ပထမအဆင့်အနေဖြင့် ဆောက်ရွက်လေ့ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းကို အကြောင်းဖောက် (နားဖောက်)သည်ဟု ခေလေ့အရ ခေါ်ကြပါသည်။ အကြောင်းဖောက်သွားရာတွင် ယောက်ျားလေးဘက်မှ လောင်တိုက်ဝင်များကို ဖိတ်ထားရလေသည်။

လောင်တိုက်ဝင်ဆိုသည်မှာ ဆွေမျိုးများပင် ဖြစ်ကြသည်။ ရှေးမင်းများ လက်ထက်က မင်းဖြစ်မင်းဒဏ်သင့်၍ ဆွေ ခုနစ်ဆက်၊ မျိုးခုနစ်ဆက် မီးလောင်တိုက်သွင်းမည်ဆိုပါက မီးလောင်တိုက်အသွင်းခံရသည့် ဆွေမျိုးစုများ ဖြစ်သည်။ ယင်းဆွေမျိုးစုကို လောင်တိုက်ဝင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ရှေးကလောင်တိုက်အနွယ်ဝင် ချင်လျှင် ငွေငါးမတ်၊ ဆန်တစ်ပြည် (သို့)ထမင်းခြောက် တစ်ပြည်ပေးရသည်ဟု ဆိုလေသည်။ လောင်တိုက်ဝင်များ ဖြစ်သဖြင့် ကောင်းကျိုးဆိုးကျိုးမှန်သမျှကို ညီတူညီမျှ ခွဲဝေခံစားရန် ဖြစ်သည်။ လောင်တိုက်ဝင်တစ်ဖွဲ့လျှင် ၅အိမ်မှ ၁၀အိမ်အထိ ရှိတတ်သည်။ ဆွေမျိုးနည်းသူများဆိုပါက ရင်းနှီးသူများပါရော၍ ဖွဲ့တတ်ကြပေသည်။

အကြောင်းဖောက်သွားသည့် ယောက်ျားလေးဘက်မှ လောင်တိုက်ဝင်တို့သည် မိန်းကလေး၏ အိမ်ရောက်ချိန်၌ အိမ်ဦးခန်းအရှေ့တွင် ထိုင်ရရိုး မရှိချေ။ မိန်းကလေးဘက်အိမ်ခံ လူကြီးမိဘဆွေမျိုးများသာ အရှေ့ဘက် အိမ်ဦးခန်းတွင်ထိုင်၍ အကြောင်းဖောက်လာသည့်အကြောင်းများကို အဆိုအပြောပြုရသည်။ အမျိုးသားဘက်လောင်တိုက်ဝင်များသည် ဒူးကျ၊ ဦးကျထိုင်ရသည်။ ဒူးထောင်ထိုင်ခွင့် မရှိချေ။ ဒူးထောင်ထိုင်လျှင် လျော်ကြေး တောင်းနိုင်ခွင့်ရှိလေသည်။ ယောက်ျားလေးဘက် လောင်တိုက်ဝင်များ အိမ်ဦးခန်းအရှေ့ဖက်တွင် မထိုင်ရခြင်းမှာ မိန်းကလေးဘက်သည် (ယောက္ခမမျိုး)ကန်တော့ခံမျိုးဖြစ်၍ အိမ်ဦးခန်းတွင် ထိုင်ရပြီး ယောက်ျားလေးဘက်မှာမူ သားမက်မျိုး(ကန်တော့ရမည့်မျိုး)ဖြစ်ခြင်းကြောင့် အိမ်ဦးခန်းတွင် မထိုင်ရခြင်း ဖြစ်သည်။ ထိုကဲ့သို့ ယောက်ျားလေးဘက်ကို အောက်ကျနောက်ကျခံစေခြင်းမှာ–မိန်းမအား တစ်သက်ပတ်လုံး မညှဉ်းဆဲစေဘဲ အလေးထားစေရန် ဖြစ်ပေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ကတူးတိုင်းရင်းသားတို့၏ လူမှုရေး ဖွဲ့စည်းပုံတွင် မိန်းကလေးများအပေါ် လူမှုရေးတန်ဖိုးထားချက်များ[၁] ရှိကြောင်း သိနိုင်ပေသည်။

ထိုကဲ့သို့ အကြောင်းဖောက်ရာတွင် မိန်းကလေးများ၏ မိဘများမှ လက်မခံလျှင် ပျက်ပြယ်ပါသည်။ မိန်းကလေးဘက်မှ လူကြီးမိဘတို့သည် သမီး၏သဘောထားကိုမေး၍ သဘောတူချိန်တွင် ရက်ကောင်း ရက်မြတ်ရွေး၍ လက်ဘက်ထုပ်တင်ခြင်း ပြုလုပ်ရန်လာတော့ဟု မှာရလေသည်။

**လက်ဖက်ထုပ်တင်ခြင်း**

မိန်းကလေး၏ မိဘဆွေမျိုးများသဘောတူလက်ခံသဖြင့် ခွင့်ရချိန်တွင် ယောက်ျားလေးဘက်မှ ရက်ကောင်းရက်မြတ်ရွေး၍ မိန်းကလေးဘက်မှ ချိန်းဆိုသောရက်တွင် ကန်တော့ပွဲများဖြင့် သတို့သမီးအိမ်သို့ ရောက်ကာ မိန်းမတောင်းခြင်းအလုပ်၊ လန်ဖပ် (လက်ဖက်ထုပ်တင်) ပြုလုပ်ရပါသည်။ လက်ဖက်ထုတ်တင် (မိန်းမ တောင်းရမ်း)သည့်အချိန်မှာ နံနက်ချိန် ဖြစ်ပါသည်။ လက်ဖက်ထုပ်တင်ရာတွင် ယောက်ျားလေးဘက်မှ လောင်တိုက်ဝင်များပါရ၍ မိန်းကလေးဘက်မှလည်း လောင်တိုက်ဝင်များကို ခေါ်ထားရလေသည်။ ယောက်ျားလေးဘက်မှ မင်္ဂလာရှေ့ဆောင်တစ်ဦးသည် မိန်းကလေး၏အိမ်ပေါ်သို့မတက်မီ လှေကားမှရပ်၍ တက်ခွင့်ပြုရန် ခွင့်တောင်းရပါသည်။ မိန်းကလေး၏မိဘများက ခွင့်ပြုသည့်အခါ အိမ်ပေါ်သို့တက်၍ သတို့သမီး၏ မိဘဆွေမျိုးများ ရှေ့မှောက်တွင် ကန်တော့ပွဲများချကာ မိန်းကလေးအား ၎င်းတို့၏သားနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနိုင်ရေး အတွက် လက်ထပ်ခွင့် (မင်္ဂလာဆောင်ခွင့်)ပြုရန် တောင်းခံရပါသည်။

ထိုကဲ့သို့ တောင်းရာတွင် ထူးခြားချက်မှာ ကန်တော့ပွဲတွင် လက်ဖက်ကျည်တောက်နှစ်ခုပါပါသည်။ တစ်ခုမှာ အတိုဖြစ်ပြီး ထွန်တိုဟု ခေါ်ပါသည်။ တစ်ခုမှာ အရှည်ဖြစ်ပြီး ထွန်ရှည်ဟု ခေါ်သည်။ ထွန်တို–

[၁] Social Values

ထွန်ရှည်ပြုလုပ်ပုံမှာ ဝါးအသစ် တစ်ဆစ်ကို တစ်ဖက်မှဖွင့်၍ အခြားတစ်ဖက်တွင် အဆစ်ခံပြီး ဝါး၏ အကြောကို ခွာရသည်။ ဝါးကျည်တောက်၏အဝတွင် နာနတ်ညွှန့် စည်းထားပေးရပါသည်။ ၎င်းထွန်တို့၊ ထွန်ရှည်လက်ဖက် ကျည်တောက်နှစ်ခုကို သတို့သမီး၏ မိဘများမှ လက်ခံရယူ၍ ၎င်းတို့၏ ဆွေမျိုးများ ဝိုင်းဝန်းစားကြရပါသည်။ အချို့မှာမူ လက်ဖက်ထုပ်တင်ရာတွင် လက်ဖက်ထုပ်ကို မီးကင်ထားသည့် ငှက်ပျောရွက်၏ အညွှန့်ဖြင့် ထုပ်ရသည်။ အသုဘာကိစ္စတွင်မူ အညွှန့်ဖြင့် မထုပ်ရချေ။ ထိုကဲ့သို့ လက်ဖက်ထုပ် ထုပ်ရာတွင် လက်ဖက်ထုပ်သော ဖက်များ၏ အစအညွှန့်များကို အပေါ်ထောင်၍ ထုပ်ရသည်။ လက်ဖက်ထုပ်၏ အညွှန့်ကို အပေါ်ထောင် ထားခြင်းမှာ မင်္ဂလာမောင်မယ်နှစ်ဦး ဘဝတစ်သက်လုံး အညွှန့်တလူလူ တက်နေစေရန် ဖြစ်သည်။ လက်ဖက်ထုပ် မပြေစေရန် လက်ဖက်ထုပ်ကိုထိုးသည့် တုတ်ငယ်(ဝါးတံငယ်)သည် အရင်းအဖျား မမှားရချေ။ ဝါးတံ၏ အရင်းပိုင်းသည် အောက်ဘက်တွင်ထား၍ အဖျားပိုင်းကို အပေါ်ဖက်ထားပြီး လက်ဖက်ထုပ်ကို ထိုးရသည်။

ထိုကဲ့သို့ လက်ဖက်ထုပ်တင်သော လက်ဖက်ကို မိန်းကလေး၏မိဘဆွေမျိုးများနှင့် ယောကျ်ားလေး၏ မိဘဆွေမျိုးများ ဝိုင်းဝန်းစားကြရင်း အလိုက်၊ အတက် စကားပြောကြရပါသည်။ အလိုက် အတက်ဆိုသည်မှာ မိန်းကလေးက ယောကျ်ားလေး အိမ်လိုက်ရမည်။ သို့မဟုတ် ယောကျ်ားလေးက မိန်းကလေး အိမ်လိုက်ရသည်ကို ဆိုလိုပါသည်။ ထိုကဲ့သို့ အလိုက်အတက်စကားပြောဆို ညှိနှိုင်းပြီးပါမှ မင်္ဂလာဆောင်ရန်အတွက် **ခွဲစာခန့်စာ** (ခန်းစာသိမ်း)အပိုင်းကို ဆက်လက် ဆောင်ရွက်ရလေသည်။ လက်ဖက်ထုတ်တင်ချိန်တွင် အခွဲအခန့် ပစ္စည်းများကို မိန်းကလေးဘက်မှ ခွဲခန့်ရသည်။

**ခန်းစာသိမ်းခြင်း (ခွဲစာခန့်စာပေးခြင်း)**

ခန်းစာသိမ်းခြင်းဆိုသည်မှာ မင်္ဂလာဆောင်အခမ်းအနားအတွက် သတို့သားဘက်မှ အကုန်အကျခံရမည့် မွေးကျေးဇူး(ကွမ်းဖိုး)ကျွေးမွေးစရိတ်၊ ကန်တော့ပွဲ (ဝရီးစား၊ မောင်စား) စသည်တို့အတွက် ကုန်ကျမည့်ငွေ၊ ပစ္စည်းစာရင်းတို့ကို သတို့သားဘက်သို့ ပေးခြင်းကို ခွဲစာခန့်စာပေးခြင်းဟု ခေါ်ပါသည်။ ဥပမာအားဖြင့် မိဘ၏ ကျေးဇူးကိုဆပ်သည့်အနေဖြင့် မိခင်အား ပေးရသည့် မွေးကျေးဇူး(ကွမ်းဖိုး)တစ်ထောင်၊ ကျွေးမွေးစရိတ် ဟင်းပိသာ မည်ရွေ့မည်မျှ၊ ကန်တော့ပွဲဘယ်နှစ်ပွဲစသည်ဖြင့် ခန့်မှန်းပေးရခြင်း ဖြစ်သည်။ ထိုကဲ့သို့ ခွဲစာခန့်စာပေးရာတွင် မိန်းကလေးဘက်မှ လိုချင်သည်များကို တောင်းယူခြင်းဖြစ်သည်။ ယောကျ်ားလေးဘက်မှ လက်ဖက်ထုပ်တင်ရန် ရောက်ရှိချိန်၌ မိန်းကလေးဘက်မှ ကြိုတင်ပြုစုထားသည့် အခွဲအခန့်ပစ္စည်းစာရင်းကို ဖတ်ပြ ရသည်။ ထိုခွဲစာခန့်စာတွင် မွေးကျေးဇူးကို အဓိကထားလေ့ရှိသည်။ မွေးကျေးဇူးကို မည်မျှပေးရမည်ဟု ပုံသေသတ်မှတ် မထားပေ။ ယောကျ်ားလေး၏ စီးပွားရေးအပေါ် မူတည်၍ တောင်းလေ့ရှိသည်။

မွေးကျေးဇူး(ကွမ်းဖိုး)ဓလေ့ဟူသည်မှာ ရှေးအခါက သမီးချောရှိသော မိဘများသည် မိမိတို့၏ သမီးချောကို ဘုရင့်အား သွားရောက်ဆက်သကြသည်။ သမီး၏ အိပ်ဆောင်နားတွင် မိဘများက ကွမ်းအစ်ချထား ပေးခဲ့သည်။ ကွမ်းအစ်တွင် စားထားသည့်ပုံရှိပါက ဘုရင်သည် မိမိတို့၏ သမီးအား တော်ကောက်သည်ဟု ခံယူ သည်။ အကယ်၍ ကွမ်းအစ်တွင် စားထားပုံမရှိပါက ဘုရင်သည် မိမိတို့ သမီးအား တော်မကောက်ဟု ယူဆသည်။ ထိုအခါ မိဘများက ကွမ်းရွက်ဝယ်၍ကုန်ကျရသော အဖိုးအခအဖြစ် ဘုရင်က ပြန်ပေးရာမှ ကွမ်းဖိုးဓလေ့ ဖြစ်လာသည်ဟု ဆိုကြသည်။

ထိုမွေးကျေးဇူး(ကွမ်းဖိုး)အတွက် ရှေးယခင်ကတည်းမှစ၍ ငွေစစ် ခုနစ်ကျပ်နှစ်မတ်ပေးရသည်။ ယခုအခါတွင် မွေးကျေးဇူး အဖြစ် ငွေမည်မျှပင် တင်စေကာမူငွေ ခုနစ်ကျပ် နှစ်မတ်မှာ မပါမနေရ ဖြစ်သည်။ ကတူးတိုင်းရင်းသားတို့သည် အိမ်ထောင်ပြုကြသည့်အခါတွင် သားမက်တက်၊ ချွေးမတက်ဟူ၍ ခွဲထားပေသည်။ သားမက်တက်ဆိုသည်မှာ ယောကျ်ားလေးက မိန်းကလေး၏ အိမ်သို့ လိုက်ပါခဲ့ရခြင်း ဖြစ်သည်။ ချွေးမတက်

ဟူသည်မှာလည်း မိန်းကလေးသည် ယောကျ်ားလေး၏အိမ်သို့ လိုက်ခဲ့ရခြင်း ဖြစ်သည်။ မြောက်မော်ရွာရှိ ကတူး တိုင်းရင်းသားတို့၏ ရိုးရာနတ်သည် ယောကျ်ားဖက်ကို လိုက်သည်။ မိန်းမဖက် မလိုက်ဟု အယူရှိကြသည်။ ထို့ကြောင့် လက်ထပ်ပြီး မိန်းကလေးအား ယောကျ်ားလေးအိမ်သို့ လိုက်ပါနေထိုင်လေ့ရှိပေသည်။ သားယောကျ်ား များသည် လုပ်အားအများဆုံး ပေးနိုင်သူများဖြစ်၍ မိဘနှင့်ခွဲခြင်းမရှိ။ အတူနေကြလေသည်။ သားမက်တက်ယူမည် ဆိုလျှင် ထိုခွဲစာခန့်စာကို ဈေးလျှော့ပေးတတ်လေသည်။ သား၏လုပ်အားကို စွန့်လွှတ်ရသည့် သားရှင်အား ငဲ့ညှာသည့်သဘောပင် ဖြစ်လေသည်။

လက်ဖက်ထုပ်တင်ချိန်တွင် အခွဲအခန့်ပစ္စည်းများကို မိန်းကလေးဘက်မှ ကြိုတင်ပြုစုထားသည့် ပစ္စည်းစာရင်းကို ဖတ်ပြရသည်။ ကတူးတိုင်းရင်းသားတို့ မင်္ဂလာဆောင်ရာတွင် မင်္ဂလာကြီး၊ မင်္ဂလာလေးဟူ၍ နှစ်မျိုးရှိပေသည်။ မင်္ဂလာကြီး ဆောင်ခြင်းက ပိုများသည်။ မင်္ဂလာကြီးမဆောင်နိုင်သူများသာ မင်္ဂလာလေးဆောင်ကြ၍ ငွေကြေးတတ်နိုင်သူတို့က မင်္ဂလာကြီး ဆောင်ကြသည်။ မင်္ဂလာလေးဆောင်ပါက မိမိ၏ သားဦး ရှင်ပြုသောအခါတွင် သားမက်လုပ်သူသည် မိမိယောက္ခမများထံသို့သွားပြီး (ဒုပ်ထမ်းမား) ရှင်ပြုခွင့် တောင်းခံရသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ မိမိတို့၏သား ရှင်လောင်းအလှူသည် တရားဝင်ဖြစ်စေရန် ရည်ရွယ်သည်။ ရှင်ပြုခွင့်တောင်းရာတွင် ငွေငါးမတ်၊ ငါးချဉ်ဆော့၊ အုန်းငှက်ပျောတို့နှင့် ကန်တော့ရလေသည်။ မိဘတို့က ပြောဆိုဆုံးမပြီး ရှင်ပြုခွင့် ပေးလိုက်လေသည်။ ထိုကဲ့သို့ ယောက္ခမထံ ရှင်ပြုခွင့် တောင်း၍ ခွင့်ရမှသာ ပွဲပေါင်ကြလေသည်။ "ပွဲပေါင်"သည် ဆိုသည်မှာ ကတူးတိုင်းရင်းသားတို့သည် စပေါင်းရှင်ပြုလေ့ရှိကြသဖြင့် ရှင်ပြုဖော်ရှင်ပြုဘက်အဖြစ် ပါဝင်သည်ကို "ပွဲပေါင်"သည်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ မြောက်မော်ကျေးရွာရှိ ကတူး တိုင်းရင်းသားတို့သည် မင်္ဂလာလေးဆောင် သူကို "ပွဲပေါင်"ခွင့် မပြုချေ။

အခွဲအခန့်ပစ္စည်းများမှာ ငါးချဉ်နှစ်ဆယ့်ငါးပိဿာမှ ပိဿာငါးဆယ်အထိ ပါရှိလေသည်။ မိန်း ကလေးဘက်မှ ဆွေမျိုးများကို ကန်တော့ရန် အုပ်ပွဲနှစ်ဆယ် သုံးဆယ်အစရှိသဖြင့် ခွဲခန့်လေ့ရှိသည်။ ကန်တော့ပွဲတိုင်းတွင် ငှက်ပျောနှစ်ဖီး၊ အုန်းတစ်လုံး၊ ငါးချဉ်ဆော့တစ်ဆော့၊ လက်ဖက်ကျည်တောက်၊ ဆေး၊ ကွမ်း၊ ကွမ်းဖိုးအဖြစ် ငါးရာ တစ်ထောင်စသည်ဖြင့် ပါရလေသည်။ ထို့ပြင် ငွေစင် ခုနစ်ကျပ်နှစ်မတ် (မွေးကျေးဖူး)လည်း ပါရလေသည်။ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်စသည်တို့ကိုလည်း ယောကျ်ားလေးဘက်မှ အကုန်အကျခံရလေသည်။

မင်္ဂလာကြီးဆောင်လျှင် အခွဲအခန့်ပစ္စည်းများ ပို၍ များသည်၊ မင်္ဂလာကြီးဆောင်ရန်အတွက် အခွဲအခန့်ပစ္စည်းများမှာ မိန်းကလေးဘက် လောင်တိုက်ဝင်အဖွဲ့အတွက် ငါးချဉ်တစ်ပိဿာ ဆော့တစ်ဆယ်၊ တစ်ဆယ့်နှစ်ဆော့၊ သတို့သမီးဘက်ခေါင်တိုင်နတ်အတွက် ကြက်ဥနှစ်လုံးနှင့် ပေါင်းတင်းနှစ်ကျည်တောက်၊ ဝရီး (မိန်းကလေးအမေ၏ မောင်ကို ဝရီးဟု ခေါ်သည်။) အတွက် ပေါင်းတင်းနှစ်ကျည်၊ ခေါင်တိုင်နတ်အတွက် ပုဝါနှစ်ပိုင်း၊ ပုဆိုးတောင်ရှည် တစ်ကွင်း၊ ဖျဉ်ဖြူနှစ်တောင်၊ ဖျဉ်နီနှစ်တောင်၊ မိန်းကလေး၏ မိဘနှစ်ပါးအတွက် အုပ်ပွဲ နှစ်ပွဲ၊ (အုပ်ပွဲတွင် ငှက်ပျောနှစ်ဖီး၊ အုန်းတစ်လုံး၊ ငါးချဉ်ဆော့၊ ဆန်၊ ဆီ၊ ဆား၊ ဆေးခေါင်း(သောက်ဆေး) အစုံပါရသည်)။ မွေးကျေးဖူး ငါးရာ တစ်တောင်ပါသော်လည်း ငွေစင်ခုနစ်ကျပ်နှစ်မတ်မှာ မပါမနေရ ဖြစ်သည်။ ငွေစစ် မရနိုင်ပါက ရိုးရိုးငွေဖြင့် ထည့်၍ရသည်။ မိန်းကလေးဘက်ဆွေမျိုးများ၏အဆင့်အလိုက် ငွေလက်စွပ် "ဖုတပ်ဆဲ" ပါရသည်။ ငွေလက်စွပ်မှာ တစ်မူးသားမှ ငါးမူးသားအထိ ရှိသည်။ ဝရီးစားအတွက် ငွေငါးမတ် အိမ်ဦးထိုင်(မိန်းမဘက်မှ ခေါင်းဆောင်ရန် ရွေးထားသူ)အတွက် တစ်မတ်၊ ခေါင်တိုင် ရေသွန်းရာတွင် ခင်းရန် အတွင်းဘက်တွင် သံတိုသံစထိုးထားသည့် သင်ဖြူးဖျာနှစ်ချပ်၊ ခေါင်တိုင်ရေသွန်းရာတွင် အသုံးပြုရန် သံတိုသံစ များ၊ စိန်ရေလျှောရာတွင် အသုံးပြုရန်အတွက် ကြေးတစ်မတ်သား၊ ခဲတစ်မတ်သား၊ ငွေတစ်မတ်သား၊ တလျှော် ကင်ပွန်း၊ မြေဇာမြက်၊ သပြေ၊ မယားကြီးရွက်၊ မယားသိမ်ရွက်၊ ခုနစ်ညွှန့်စီစသည်ဖြင့် ပါရသည်။ ပရိသတ်ကျွေးရန် အတွက် ငါးချဉ်ပိဿာ နှစ်ဆယ့်ငါး၊ သုံးဆယ် စသည်ဖြင့်လည်း ပါရသည်။ ထို့အပြင် သတို့သမီး၏ အစ်ကို အစ်မများ အိမ်ထောင်မပြုရသေးလျှင် ၎င်းတို့အတွက် "အမူးဖောက်ကြိုက်မ" (အစ်ကိုကျော်)နှင့် "အတေးဖောက် ကြိုက်မ" (အစ်မကျော်)" ကြေးပေးရသည်။ အိမ်ထောင်မပြုရသေးသူ အပျိုအစ်မများအတွက် လုံချည်တစ်ထည်၊

ပဝါနှစ်ပိုင်းစီဖြင့်လည်းကောင်း၊ အစ်ကိုလူပျိုများအတွက် ဝတ်စုံများဖြင့်လည်းကောင်း ကန်တော့ရသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ အစ်ကိုနှင့်အစ်မတို့ထက် စော၍ အိမ်ထောင်ပြုမိသဖြင့် "ခန်းကျော်ခ"ပေးရခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အစ်ကို၊ အစ်မတို့အား အငယ်ကဲ့သို့ အိမ်ထောင်ဘက် မရှာနိုင်သဖြင့် အရှက်ပြေစေရန် သဘော ဖြင့် ကန်တော့ခြင်း ဖြစ်သည်။ အခွဲအခန်းပစ္စည်းများ စုံ–မစုံကို အိမ်ဦးထိုင်က စစ်ဆေးရသည်။ အိမ်ဦးထိုင်ဆိုသည်မှာ သတို့သမီးအဖေ၏ လေးငါးဝမ်းကွဲဆွေမျိုးတော်သူ အစ်ကို (သို့) ညီကို ထားရသည်။ ဆွေမျိုးလေးငါးဝမ်းကွဲကို ထားခြင်းမှာ အနည်းငယ်သွေးဝေးသွားပြီးဖြစ်သော ဆွေမျိုးတို့ကို ဆွေဆက် မျိုးဆက်မပြတ်စေရန် ဆွေမျိုးပြန်ဆက်သည့် သဘော ဖြစ်သည်။ ထိုကဲ့သို့ သွေးပြန်နီစေခြင်းဖြင့် ဆွေမျိုးစုနွယ်များ ပြန်လည်နီးစပ်ပြီး စည်းလုံးမှု ရှိစေသည်။

ယင်းခွဲစာခန့်စာကို သတို့သားဘက်မှ ကုန်ကျမှုစရိတ်ကို လက်ခံနိုင်ပါက လက်ခံပြီး လက်မခံနိုင် ပါက ပြန်လည်ညှိနှိုင်းခွင့် ရှိပါသည်။ ခန်းစာသိမ်းသောနေ့တွင် သတို့သားဘက်မှလာသူများသည် ထိုနေ့တွင် ကျွေးမွေးရန် မုန့်များ စားသောက်ဖွယ်ရာများကို ယူလာခဲ့ရလေသည်။ သို့သော် ထုတ် မကျွေးသေးပေ။ မိဘချင်း ညှိနှိုင်းကြလေသည်။ အပေးအယူ၊ အကျွေးအမွေး၊ ကွမ်းဖိုးစသည်တို့ကို ညှိရင်း မပြေလည်သောအခါ ယောက်ျားလေး ရှင်ဘက်မှ ယူလာသော အကျွေးအမွေးပစ္စည်းများကို ပြန်ယူသွားလေ့ရှိသည်။ ထိုသို့အကြောင်း မညီညွတ်လျှင်ဖြစ်စေ၊ ခွဲစာခန့်စာ ညှိမရလျှင်ဖြစ်စေ လက်ထပ်ရန် ဖျက်သိမ်းရလေသည်။ ထိုကဲ့သို့ ညှိနှိုင်းမရမှုများ တစ်ခါတစ်ရံ ဖြစ်ပေါ်တတ်သော်လည်း အလွန်ကြဲခဲလှပေသည်။ ခွဲစာခန့်စာအတိုင်း သတို့သားဘက်မှ အားလုံး အကုန်အကျခံနိုင်၍ သဘောတူညီမှု ရရှိပါက မင်္ဂလာဆောင် အခမ်းအနားအတွက် ဆက်လက်ဆောင်ရွက်ကြရလေသည်။

**လက်ထပ်ထိမ်းမြားခြင်း**

ကတူးတိုင်းရင်းသားတို့တွင် အကြောင်းဖောက်ခြင်း၊ လက်ဖက်ထုပ်တင်ခြင်း၊ ခွဲစာခန့်စာ သိမ်းခြင်းများ အဆင့်ဆင့် ပြုလုပ်ပြီး၍ တစ်ဖက်နှင့်တစ်ဖက် သဘောတူညီချက်ရသောအခါ နေ့ကောင်း ရက်သာရွေး၍ မင်္ဂလာပွဲကျင်းပလေ့ရှိသည်။ မင်္ဂလာဆောင်အတွက် ရက်ရွေးရန် မိန်းကလေးနှင့် ယောက်ျားလေး ဇာတာနှစ်စောင်ကို ရွာဦးဘုန်းတော်ကြီးထံတွင်ဖြစ်စေ၊ ဗေဒင်ဆရာထံတွင်ဖြစ်စေ ပြသရလေသည်။ ၎င်းတို့က သတ်မှတ်ပေးသောအချိန်တွင် မင်္ဂလာဆောင်ကြရသည်။ ဗေဒင်ဆရာကိုလည်း မည်ရွေ့မည်မျှ ပူဇော်ရမည်ဟု သတ်မှတ်ထားခြင်း မရှိပေ။

မင်္ဂလာပွဲကို လက်ဖက်ထုပ်တင် (စေ့စပ်ကြောင်းလမ်း) ပြီး တစ်လခန့်အကြာတွင် စီစဉ်လေ့ရှိကြသည်။ ကတူးတို့၏ မင်္ဂလာဆောင်သည် မင်္ဂလာကြီးနှင့် မင်္ဂလာလေးဟူ၍ နှစ်မျိုးကျင်းပလေ့ရှိသည်။ မင်္ဂလာကြီး မဆောင်နိုင်သူသည် မင်္ဂလာငယ်ဆောင်ထားရသည်။ မင်္ဂလာငယ်မှာ သတို့သမီးဖက်မှ ခွဲခန့်သော ကွမ်းဖိုး၊ မိရာ ဖရာ ပေးဆောင်ခြင်း ဖြစ်သည်။ ကွမ်းဖိုး၊ မိရာ၊ ဖရာ၊ အုပ်ပွဲများပေးပြီးပါက အကြင်လင်မယားအဖြစ် ပေါင်းသင်းခွင့်ရပေသည်။ သတို့သမီးကို အိမ်သို့ ခေါ်သွားနိုင်သည်။ မင်္ဂလာကြီးမှာမူ မိရာ၊ ဖရာ၊ ကွမ်းဖိုး၊ အုပ်ပွဲများ ပေးပြီးနောက် ဖိတ်မန္တကပြု၍ ရောက်ရှိလာသော ဧည့်သည်များကို ကျွေးမွေးဧည့်ခံခြင်းပင် ဖြစ်သည်။ ဧည့်ခံစရိတ် (မင်္ဂလာဆောင်စရိတ်)၊ မိရာ၊ ဖရာကွမ်းဖိုးများကို တစ်ကြိမ်တည်း မတတ်နိုင်ပါက နှစ်ကြိမ်ခွဲ၍ မင်္ဂလာဆောင်နိုင်ခွင့်ရှိသည်။ မင်္ဂလာမဆောင်ဘဲ လိုက်ပြေးပြီး နောင်အခါမှ မင်္ဂလာဆောင်လိုသည်ဆိုပါက မိဘများသည် ရှက်သည့်သဘောဖြင့် ရွာအလယ်တွင် ဖျာခင်း၍ မင်္ဂလာဆောင် ကျင်းပပေးသည်။ မိဘအိမ်တွင် မင်္ဂလာဆောင်ခွင့် မပေးတော့ပေ။ မင်္ဂလာမဆောင်ဘဲ မွေးလာသော သားကို ရှင်မပြုရ။ သမီးဖြစ်ပါကလည်း မင်္ဂလာ ကိစ္စ မပြုရဟု ဆိုပေသည်။ ကတူးတို့သည် ယောက်ျားလေးဖြစ်ပါက ရှင်သာမဏေအဖြစ် သွတ်သွင်းရမှ လူဖြစ်ကျိုးနပ်သည်ဟု စွဲလန်းယုံကြည်ကြသည်။ ထို့ကြောင့် မည်သည့်အခါမျှ မင်္ဂလာမဆောင်ဘဲ အိမ်ထောင်သားမွေးခြင်း မပြုကြပေ။

ကတူးတိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားခြင်း ဓလေ့ထုံးစံအရ တစ်ဘက်ကျွေး၊ နှစ်ဘက်ကျွေးဟူ၍ ရှိပါသည်။ တစ်ဘက်ကျွေးဆိုသည်မှာ သတို့သမီးဖိတ်သော ပရိသတ်ကို သတို့သမီးအိမ်တွင် ဧည့်ခံကျွေးမွေးပြီး သတို့သားဘက်မှ ဖိတ်သော ပရိသတ်ကို သတို့သားအိမ်တွင် ဧည့်ခံကျွေးမွေးခြင်း ဖြစ်ပါသည်။ မင်္ဂလာဖိတ်စာကိုလည်း နှစ်မျိုးခွဲ၍ ဖိတ်လေ့ရှိသည်။ မိန်းကလေးဘက်မှ ဖိတ်ခြင်းကို "အစား"ဟုခေါ်ပြီး ယောက်ျားလေးဘက်မှ ဖိတ်ခြင်းကို "အဟိန်း"ဟု ခေါ်သည်။ လက်ဖွဲ့ရာတွင်လည်း အစားဘက်မှ ဖွဲ့လျှင် နည်းနည်းသာ ဖွဲ့လေ့ရှိပြီး

အပဟိန်းဘက်မှဖွဲ့လျှင် များများဖွဲ့လေ့ရှိကြသည်။ တစ်ရွာတည်းသားချင်း မင်္ဂလာဆောင်ပါက သတို့သမီးဘက်မှ ဖိတ်သောဧည့်သည်ကို သတို့သမီးဘက်မှ ကျွေးရပြီး သတို့သားဘက်မှ ဖိတ်သောဧည့်သည်ကို သတို့သားဘက်မှ ကျွေးရသည်။

ကတူးလူမျိုးတို့၏ မင်္ဂလာဆောင်တွင် ငါးချဉ်အစိမ်းသုပ်၍ ကျွေးလေ့ရှိသည်။ မင်္ဂလာဆောင်သွားသည်ကို ငါးချဉ်စားသွားသည်ဟုပင် ပြောလေ့ရှိသည်။ မင်္ဂလာဆောင်သည့်နေ့ နံနက် ၄-နာရီခန့်တွင် သတို့သားဘက်မှ ရှေ့ဆောင်လူကြီးများ၊ အပျိုလူပျိုရံများ မိဘဆွေမျိုးများသည် ကန်တော့ပွဲများ၊ ဆေး၊ ကွမ်း၊ ဆော့များစသည်ဖြင့် မင်္ဂလာပွဲအတွက် လိုအပ်သော ပစ္စည်းများကို နောက်လွယ် (သင်ပေါက်)ထဲတွင် ထည့်၍ သွားကြရသည်။ မြန်မာတို့ကဲ့သို့ပင် ဘိသိက်ဆရာ(မင်္ဂလာရှေ့ဆောင်) ပါရသည်။ သတို့သမီးအိမ်သို့ ရောက်သောအခါ မင်္ဂလာရှေ့ဆောင်မှနေ၍ အဆိုအမိန့်များဖြင့် အိမ်ပေါ်တက်ခွင့် တောင်းရသည်။ ထိုကဲ့သို့ သတို့သားဘက်မှ သုံးကြိမ်တိုင်တိုင် တက်ခွင့်တောင်းပြီးမှသာလျှင် သတို့သမီးဘက်မှ အိမ်ပေါ်တက်ခွင့်ပြုသည်။ ထိုသို့ သတို့သားဘက်မှ လူကြီးများကို အိမ်ပေါ်တက်ခွင့် မပြုသေးဘဲ ထားခြင်းကို နေလှန်းခံသည်ဟု ခေါ်လေသည်။ သတို့သမီးအိမ်ပေါ်သို့ ရောက်သည့်အခါတွင်လည်းပါလာသော အခွဲအခန့်ပစ္စည်းများကို ချခွင့်၊ သတို့သားဘက်မှ လူကြီးမိဘဆွေမျိုးများထိုင်ခွင့်ကိုလည်း မင်္ဂလာရှေ့ဆောင်မှနေ၍ ခွင့်တောင်းရသည်။ ပါလာသော အခွဲအခန့်ပစ္စည်းများ စုံ-မစုံကို မိန်းကလေးဘက် အိမ်ဦးထိုင်က စစ်ဆေး၍ မစုံလျှင် ပြန်အယူခိုင်းလေ့ရှိသည်။

သတို့သမီးဘက်မှ ခေါ်ထားသော မိဘဆွေမျိုးများသည် အိမ်၏ ခေါင်တိုင်အတွင်းခန်းတွင် ထိုင်ရသည်။ ယောကျ်ားလေးဘက်မှ မိဘဆွေမျိုးများကိုမူ အိမ်အပြင်ခန်းတွင် ထိုင်ရပေသည်။ သတို့သားမှာ နှစ်ဘက်မိဘများ၏ ရှေ့တွင် ဒူးတုပ်၍ ထိုင်ရပါသည်။ ဧည့်ပရိသတ်များ စုံသဖြင့် မင်္ဂလာလက်ထပ်ရန် အချိန်ရောက်သော အခါ သတို့သမီးသည် အခန်းတွင်းမှ အပျိုရံများ ခြံရံလျက် ထွက်လာရသည်။ သတို့သမီးအခန်းတွင်းမှ ထွက်စေရေးအတွက် အဆိုအမိန့်ဖြင့်ပင် ရွတ်ဖတ်ရသည်။ ထိုသို့ သတို့သမီးအပြင်ထွက်ရန်ခေါ်ခြင်းကို ခန်းထုတ်သည်ဟု ခေါ်သည်။ ရှေ့ဆောင်က ထွက်ခွင့်တောင်း၍ မိဘက ထွက်ခွင့်ပြုသော်လည်း သတို့သမီး၏ အပျိုရံများက ထွက်ခွင့် မပေးသေးဘဲ ခန်းထုတ်ကြေးတောင်းပေသည်။ ခန်းထုတ်ကြေးပေးပြီးမှသာ ထုတ်ပေးလေသည်။ ထို့နောက် သတို့သမီးသည် အခန်းတွင်းမှထွက်၍ သတို့သား၏ လက်ဝဲဘက်ရှိ ကံဆောင်ဖျာပေါ်တွင် ဒူးတုပ်ထိုင်နေရပေသည်။ ခေါင်တိုင်အနီးတွင် အခွဲအခန့်စာရင်းတွင်ပါသည့် သင်ဖျာတစ်ချပ်ကို ပက်လက်ခင်း၍ အပေါ်မှ သင်ဖျာတစ်ချပ်ကို မှောက်ခုံခင်းထားရသည်။ ခင်းထားသော ဖျာပေါ်၌ သံတိုသံစများကို ထိုးထားသည်။ မောင်မယ်နှစ်ဦးတို့သည် သံတိုသံစများပေါ်တွင် တက်နင်းပြီးမှ ထိုင်ရသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ တစ်ဦးနှင့်တစ်ဦး ရိုးမြေကျ ပေါင်းသင်းနိုင်ရေးအတွက် သံတိုသံစကဲ့သို့ ခိုင်မာစေရန် ဖြစ်သည်။

မင်္ဂလာရှေ့ဆောင်က ရှေ့မှ တိုင်ပေးလျက် သတို့သား၊ သတို့သမီးတို့က လိုက်ဆိုပြီး လျှင် ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ရိုးရာနတ်များ၊ လူကြီးများကို ကန်တော့သည်။ မွေးကျေးဖိုးငွေကို မိခင်အား ပေးလေ့ရှိပြီး မိခင်ကလည်း ငွေကိုဒူးတုပ်၍ တဘက်စဖြင့် ခံယူရလေသည်။ ထို့နောက် မင်္ဂလာရှေ့ဆောင်က မင်္ဂလာဘိသိက် ရွတ်ဆိုပြီးလျှင် သတို့သား၊ သတို့သမီးတို့၏ လက် ၂-ခုကို ထပ်ပြီး စိမ်ရေချ၍ လက်ထပ်ပေးပါသည်။ စိမ်ရေ လျှောမည့် ဖလားတွင် ရွှေ၊ ငွေ၊ ကြေး၊ ခဲ၊ တရော်ကင်ပွန်း၊ သပြေ၊ မယားကြီးရွက်၊ မယားသိမ်ရွက်နှင့် သံတိုသံစများ၊ ရေများ ထည့်၍ စိမ်ရေလျှောခြင်း ပြုရသည်။ စိမ်ရေလျှောရခြင်းမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ပြစ်မှားမိခဲ့သော် အပြစ်များ ပြေပျောက်စေလိုသည့်သဘောနှင့် စိမ်ရေလျှောရခြင်းဖြစ်သည်။

စိမ်ရေလျှောပြီးပါက ရွှေ၊ ငွေ၊ ကြေးတို့ကိုယူပြီး ဖလားမှ ကျန်ပစ္စည်းများနှင့် ရေများကို ခေါင်တိုင်တွင် သွန်းရသည်။ ခေါင်တိုင်ရေသွန်းခြင်းကို နတ်ရေသွန်းသည်ဟု ခေါ်သည်။ ကတူးတို့သည် မင်္ဂလာဆောင်သည့်နေ့ စိမ်ရေလျှောပြီး ခေါင်တိုင်တွင် ရေသွန်းပြီးမှသာ ထိမ်းမြားလက်ထပ်ခြင်း အထမြောက်သည် ဟု ယူဆကြသည်။ စိမ်ရေလျှောပြီးသည်နှင့် ပါလာသောလက်ဘက်ကျည်နှစ်ခုထဲမှ တစ်ခုကို သတို့သားဘက်မှ ယောကျ်ားလေးတစ်ယောက်၊ ကျန်တစ်ခုကို သတို့သမီးဘက်မှ ယောကျ်ားလေး တစ်ယောက်တို့က "တစေစေးနောင်"ဟု တိုင်ပင်ခေါ်ကာ ပြိုင်တူခွဲရပေသည်။ လက်ဘက်ကျည်ခွဲသောသော ဓားကို ယောကျ်ားလေးဘက်မှ ယူခဲ့ရသည်။ ဓား-မပါလျှင်

မိန်းကလေးအိမ်မှ ဓားကို ငွေပေး၍ ဝယ်ယူရသည်။ ထိုသို့ ဓားဖြင့်ခွဲ၍ လက်ဘက်သုပ်ပြီးမှ လူကြီးမိဘများကို ကျွေးရသည်။ ထို့နောက် မင်္ဂလာ မောင်မယ်တို့သည် လူကြီးမိဘများ၊ ပရိသတ်များကို ကန်တော့ခြင်း၊ မိဘ၊ ဆွေမျိုးများကလည်း ဆုတောင်းပတ္ထနာ ပြုခြင်းတို့ ပြုကြသည်။

ထို့နောက် ယောက်ျားလေးဘက်မှ လူကြီးမိဘဆွေမျိုးများကို ထမင်းအရင် ကျွေးရသည်။ မင်္ဂလာ မောင်မယ်တို့မှာ တစ်သက်လုံး စိတ်တူကိုယ်မျှ ပေါင်းသင်းကြစေရန် ရည်ရွယ်၍ ဒေါင်းလန်းတစ်ချပ်တွင် ထမင်း လက်ဆုံစားကြရသည်။ မင်္ဂလာပွဲပြီးနောက် ဖိတ်ကြားထားသော ဧည့်ပရိသတ်များကို ကျွေးရသည်။ ထိုသို့ ယောက်ျားလေးဘက်မှ လူကြီးမိဘများကို အရင်ကျွေးပြီးမှ ဧည့်ပရိသတ်များကို ကျွေးခြင်းမှာ သတို့သားဘက်မှ စီမံထားသော အစားအစာများတွင် အဆိပ်အတောက်မပါဘဲ စေတနာနှင့်ကျွေးမွေးခြင်းသာဖြစ်ကြောင်း သက်သေ ပြခြင်းပင် ဖြစ်သည်။ ထမင်းကျွေးရာတွင် ငါးချဉ်စိမ်း၊ ဝက်သား၊ ကြိမ်ဖူးဟင်းချို၊ ငှက်ပျောဖူးချဉ်၊ မယ်ဇလီဟင်းချို၊ မုန်လာ ဟင်းချို၊ စသည်ဖြင့် ကျွေးလေ့ရှိသည်။ ဧည့်သည်များကို ကျွေးရာတွင် တစ်ယောက်လျှင် ထမင်းတစ်ပွဲ၊ ဟင်းတစ်ပွဲ၊ လက်ဖက်တစ်ပွဲ စသည်ဖြင့် သီးခြားစီကျွေးမွေးသည်။ မစားလိုက ထုပ်၍လည်း ယူသွားနိုင်သည်။ ရှေးက သတို့သမီးဘက်မှ ရိုးရာ နတ်ဆိုင်ရာ အဘိုးအဘွားများကို ကျွေးမွေးရသည်သာမက ငါးချဉ်ဆော့များ၊ လက်ဖက်ကျည်များကို အိမ်ပြန်လက်ဆောင် ပေးလေ့ရှိကြသည်။ ကတူ းတို့၏ မင်္ဂလာဆောင်တွင် ငါးချဉ်မပါလျှင် မပြီးပေ။

သတို့သား သတို့သမီးတို့သည် ယခင်က လက်မထပ်ဘူးသည့် နတ်အနွယ်များဖြစ်ပါက ငွေခုနစ် ကျပ် နှစ်မတ်ဖြင့် နတ်ဆက်ရသည်။ နတ်ဆက်ခြင်းကို ယောက်ျားလေးဘက်မှနေ၍ မိန်းကလေးဘက် ခေါင်တိုင်စဉ် ကို ပေးရခြင်းဖြစ်သည်။ ကတူးတိုင်းရင်းသားတို့သည် ခေါင်တိုင်စင်တစ်ခုတည်း မဟုတ်ပါက လေကားဝယ်ခြင်း၊ ထိုင်တုံးဝယ်ခြင်းတို့ ပြုလုပ်ရသည်။ လေကားမှာ နတ်မတူသဖြင့် အိမ်ပေါ်တက်ခွင့်ပြုပါဆိုသည့်သဘော ဖြစ်သည်။ ထိုင်တုံးမှာ ချွေးမသည် ယောက္ခမအိမ်သို့ ရောက်လျှင် ယောက္ခမအမျိုးသမီးက ချွေးမအား ထိုင်တုံးပေး၍ ထိုင်ခိုင်း ရန်ဖြစ်သည်။ သတို့သား၏ အဖေသည် ချွေးမအား မိမိပိုင်ပစ္စည်းများကို လိုက်ပြ၍ ထိုပစ္စည်းအားလုံးသည် သတို့သမီးပိုင်ပစ္စည်းများဖြစ်ကြောင်း ပြောရသည်။ ထိုကဲ့သို့ ချွေးမအား ပစ္စည်းများ အပ်ခြင်းသည် မိမိတို့၏ ချွေးမ အားငယ်ပြီး မနေတတ် မထိုင်တတ်ဖြစ်မနေစေရန်အတွက်လည်းကောင်း၊ ပစ္စည်းအပ်ခံရသူ ချွေးမသည် ပစ္စည်းများ အအပ်ခံရသဖြင့် မိမိပစ္စည်းဖြစ်သည်ဟု အသိစိတ်ကိုခံယူစေသဖြင့် မပျက်စီးရလေအောင် ထိန်းသိမ်း စေရန်အတွက်လည်းကောင်း ရည်ရွယ်သည်။

ကတူးတိုင်းရင်းသားတို့သည် မိန်းကလေးက အမွေဆက်ခံရလေ့မရှိဘဲ သားယောက်ျားလေးကိုသာ လျှင် အမွေဆက်ခံစေသည်။ အမွေဆက်ခံရန် သားမရှိမှသာ သမီးက အမွေရသည်။ သမီးအား သနားသဖြင့် ကျွဲ၊ နွားများကို အမွေပေးသည်။ သမီးအား လယ်ယာမြေများကို အမွေပေးလေ့ မရှိချေ။ မိန်းကလေးအိမ်ထောင်ပြုသည့် အခါတွင် ခင်ပွန်းဘက်မှ အမွေရလိမ့်မည်ဟု ယူဆသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာဆောင်စဉ်ကတည်းက မခုတ်ဓား၊ မခုတ်လှံ၊ အိုးခွက်၊ ပန်းကန်၊ ပန်းကန်ပြား၊ ဇွန်း၊ ဒေါင်းလန်း၊ ရက်ကန်း ရက်ရန် လက်ခတ်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းစသည်တို့ကို လက်ဖွဲ့အဖြစ် ပေးလိုက်လေ့ရှိသည်။ မိန်းကလေးပိုင် လက်ဝတ်လက်စား များကိုလည်း ပေးလိုက်သည်။ ခြင်ထောင်မှာ မိန်းကလေးအရွယ်မရောက်ခင် ကတည်းက ကြိုတင်ရက်လုပ် ထားလေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ ခြင်ထောင်သည် လူတစ်ရပ်ခန့် မြင့်၍ မိသားစုအားလုံးဝင်ရောက် အိပ်နိုင်သော ခန်းလုံးပေါက်ခြင်ထောင်မျိုး ဖြစ်သည်။ ထိုကဲ့သို့ ခြင်ထောင်ကို လူတစ်ရပ်ခန့်အထိ မြင့်အောင် ရက်လုပ်ခြင်းမှာ ညအခါတွင် သားငယ်ငိုပါက ခြင်ထောင်အတွင်းမှာပင် လမ်းလျှောက်၍ ချော့သိပ်နိုင်သောကြောင့် ဖြစ်သည်။ သတို့သမီးပျိုတို့သည် အပျိုဘဝကပင် စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းတို့ကို ရက်လုပ်ထားသည်လည်း ရှိသည်။ မင်္ဂလာဆောင်သောအခါတွင် ဤမိန်းမပျိုသည် စောင်ဘယ်နှစ်ထည်၊ ခြင်ထောင်ဘယ်နှစ်လုံးရှိသည် စသည်ဖြင့် ဂုဏ်ယူလေ့ရှိကြသည်။ သဘောမှာ မိန်းကလေးသည် အပျိုဘဝကပင် လုပ်ရည်ကိုင်ရည်ရှိသည်၊ ပျင်းရိ ခြင်းမရှိ စသည်ဖြင့် မိန်းကလေး၏ဂုဏ်ရည်ကို ပေါ်လွင်စေသောကြောင့် ဖြစ်သည်။

မင်္ဂလာဆောင်ခြင်းကိစ္စအားလုံးပြီးစီးသောအခါမှ သတို့သမီးကို ခေါ်သွားရလေသည်။ ထိုသို့ ခေါ်သွားရာတွင် သတို့သမီးဘက်မှ ပေးလိုက်သော ပစ္စည်းအားလုံးကို ဝန်တောင်းထမ်းက လိုက်ပို့ရသည်။ ထိုသူသည် မိစုံဖစုံရှိသောသူ ဖြစ်ရပေသည်။ ထို့အပြင် မင်္ဂလာဆောင်သည့်နံနက်တွင် သတို့သမီးအိမ်သို့ အသွား သတို့သားဘက်မှ ပဏ္ဏာတင်ရန် အခွဲအခန့်ပစ္စည်းများ ထည့်ထားသော "သင်ပေါက်"(ခေါ်) နောက်လွယ်ကို လွယ်သူသည်လည်း မိစုံဖစုံ ရှိသောသူဖြစ်ရမည်။ သတို့သားဘက်မှ ကံဆောင်ဖျာ ရွက်သူများ၊ အုပ်ပွဲ သယ်သူများမှာလည်း မိစုံဖစုံ ရှိသောသူများသာ ပြုလုပ်ခွင့်ရသည်။ မင်္ဂလာဆောင် သွားရာတွင် သတို့သားဘက်မှသွားသည့် လူဦးရေသည်လည်း "မ"ဂဏန်းဖြစ်နေစေရမည်။ သို့မှသာ မင်္ဂလာဆောင်မှ အပြန် သတို့သမီးပါလာသောအခါ "စုံ" ဂဏန်းဖြစ်လာပေမည်။ အတိတ်နိမိတ်ယူပုံမှာ မင်္ဂလာဆောင်အပြန်တွင် စုံစုံလင်လင်ရှိပါသည်ဆိုသော အတိတ်ကို ယူခြင်းဖြစ်သည်။

မင်္ဂလာဆောင်သွားသောအခါတွင် အဓိကလိုက်နာရသော ရှောင်ခလေ့[၁] မှာ သတို့သားဘက်မှ မင်္ဂလာဆောင်သွားသည့်အဖွဲ့နှင့် မင်္ဂလာပွဲလာသောဧည့်သည်များသည် လမ်း၌ ရွာတွေ့လျှင် ဖြတ်သွားခွင့် မရှိချေ။ ရွာကိုကွင်း၍ သွားလိုသောရွာရောက်အောင် သွားရသည်။ အကယ်၍ အခြားလမ်းမရှိ၍ ဖြတ်သွားရမည်ဆိုပါကလည်း ယင်းဖြတ်လိုသောရွာမှ ရွာလူကြီးကို လက်ဖက်ထုပ်၊ အုပ်ပွဲတို့ဖြင့် ဖြတ်သန်းခွင့် (လမ်း)တောင်းရသည်။ ခွင့်မတောင်းဘဲ ဖြတ်ပါက ကျေးရွာ၏ ထုံးစံအရ တရားစွဲဆိုနိုင်ပေသည်။ တစ်ရွာမှ သတို့သမီးကို တစ်ရွာမှ သတို့သားက လက်ထပ်ပြီး ခေါ်ဆောင်သွားလိုပါကလည်း ရွာ၏အရှေ့ပေါက်မှ မဝင်ရ၊ ရွာလူကြီးကို အုန်း၊ ငှက်ပျောပွဲတို့ဖြင့် ရှုတ်ဖတ်ပြီး ရွာဝင်ခွင့်တောင်းရသည်။ ဝင်ခွင့်ပြုသောအခါတွင်လည်း အခြားအပေါက်မှ ဝင်ခွင့်မပြုပေ။ ရွာ၏အနောက်ဖက်အပေါက်မှသာ ဝင်ခွင့်ပြုသည်။ သတို့သမီးအား အိမ်သို့ခေါ်လာပါကလည်း အိမ်ဝင်ခွင့်၊ အိမ်ပေါ်တက်ခွင့်တို့ကို မင်္ဂလာရှေ့ဆောင်လုပ်သူက ရှုတ်ဖတ်ပြီး ခွင့်တောင်းရသည်။ ဤကဲ့သို့ ကတူးတိုင်းရင်းသားတို့၏ ယုံကြည်မှုနှင့် ရိုးရာထုံးစံများသည် အခြားတိုင်းရင်းသားများနှင့် ကွဲပြားခြားနားကြသည်။ ခရီး သွားစဉ် မင်္ဂလာဆောင်နှင့် ကြုံကြိုက်ပါက ရည်မှန်းချက်မအောင်မြင်ဟု ယုံကြည်နေကြပေသေးသည်။

ကတူးတိုင်းရင်းသားတို့သည် ရွာ၌ မင်္ဂလာဆောင်ရှိလျှင် မုဆိုးလမိုင်းပျက်သည်ဟု အယူရှိကြသဖြင့် မင်္ဂလာဆောင်နေ့တွင် လမိုင်းခ (အူတီတောင်း၄)အဖြစ် ရွာရှိ မုဆိုးများသို့ ကြက်၃ (သို့မဟုတ်) ကြက်၊ ဆန်မှုန့်တစ်ထုပ်ပေးရသည်။ လမိုင်းခမပေးလျှင် မုဆိုးကိုယ်တိုင် ကြက်ခိုးယူ၍ ရပေသည်။ အမှုလုပ်၍ မရချေ။ မင်္ဂလာမဆောင်မီညတွင် ရွာခံကာလသားများအတွက် "လုံကရှိမွန်း" (ခဲဖိုး)ပေးရသည်။ ကြက် နှစ်ပိသာဖိုး၊ သုံးပိသာဖိုး ပေးရလေသည်။ ကတူးလူမျိုးတို့တွင် လူပျိုခေါင်းမသိဘဲနှင့် အောင်သွယ်ကြောင့်ပင် ချစ်ကြိုက်၍ လက်ထပ်ပါက လူပျိုခေါင်းအတွက် ခဲဖိုးအတွက် ကြက်တစ်ကောင် ပေးရလေသည်။ အခြားရွာမှ လူပျိုနှင့် လက်ထပ်ပါကလည်း လူပျိုခေါင်းနှင့်အဖွဲ့ကို အုန်းပွဲ၊ ငှက်ပျောပွဲ၊ လက်ဖက်၊ ဆေးလိပ်၊ ငွေအစရှိသဖြင့် ပေးရလေသည်။ ရွာခံအချင်းချင်းဖြစ်ပါက အခြားရွာသားများလောက် ပေးစရာမလိုပေ။ မင်္ဂလာပွဲတွင် လုပ်ငန်းဆောင်တာမှန်သမျှကို လူပျိုခေါင်းနှင့်အဖွဲ့က တာဝန်ယူလုပ်ကိုင်ပေးရသည့်အတွက်လည်း အုန်း၊ ငှက်ပျော၊ ဆေးလိပ်စသည်တို့ကို ပေးရသည်။ မင်္ဂလာဆောင်အတွက် ထမင်းဧည့်ခံကျွေးမွေးရာတွင်လည်းကောင်း၊ ချက်ပြုတ်ရာတွင်လည်းကောင်း အိုးခွက်၊ ပန်းကန်များကို မကွဲစေရ၊ ကွဲလျှင် အတိတ်မကောင်းဟု ယူဆကြသည်။ ထမင်းချက်ရာတွင် သုံးသော ဖိုခနောက်၊ ပေါင်းအိုး၊ ပေါင်းချောင် အားလုံးကို သတို့သား၊ သတို့သမီးကိုယ်တိုင် ယူပေးရသည်။ ပြန်၍လည်း ပို့ပေးရသည်။ ပေါင်းအိုး၊ ပေါင်းချောင်အားလုံးကိုလည်း အရေအတွက်စုံဂဏန်းဖြစ်မှ ပေါင်းရလေသည်။

ကတူးတိုင်းရင်းသားတို့သည် လက်ထပ်ရာတွင် အနည်းဆုံး မောင်နှမသုံးဝမ်းကွဲမှသာ လက်ထပ်ကြရလေသည်။ မောင်နှမသုံးဝမ်းကွဲသော်လည်း ညီအစ်ကိုချင်း၊ ညီအစ်မချင်းမွေးသော သုံးဝမ်းကွဲများ လက်ထပ်ခွင့် မရှိချေ။ မောင်နှမမွေးသော သုံးဝမ်းကွဲများသာ လက်ထပ်ခွင့်ရှိပေသည်။ တစ်နည်းဆိုသော် ကတူးတိုင်းရင်းသားတို့သည် "အဖေညီအစ်ကို၊ အမေညီအစ်မမွေး ဝမ်းကွဲမောင်နှမလက်ဆက်စနစ် (သို့မဟုတ်) လိင်တူမွေး ဝမ်းကွဲမောင်နှမ လက်ဆက်စနစ်"[၂] ကို ကျင့်သုံးလေ့ မရှိဘဲ "အဖေမောင်နှမ၊ အမေမောင်နှမမွေး ဝမ်းကွဲမောင်နှမ လက်ဆက်စနစ်

---

၁။ Taboo

၂။ Parallel cousin marriage

(သို့မဟုတ်) လိင်ကွဲမောင်နှမမွေး၊ ဝမ်းကွဲမောင်နှမများ လက်ဆက်စနစ်"[၁] ကိုသာလျှင် ကျင့်သုံးကြသည်။ ထိုကဲ့သို့ ကျင့်သုံးရခြင်းမှာ အဖေညီအစ်ကို၊ အမေညီအစ်မမှ မွေးသူများသည် ရိုးရာတူသူ များ ဖြစ်ကြပြီး အဖေမောင်နှမ၊ အမေမောင်နှမ မွေးသူများသည် ရိုးရာနတ် ကွဲပြားကြသည်။ ရိုးရာနတ်တူသူချင်း မင်္ဂလာ မပြုကောင်းဟု ယူဆသည့်အတွက် ထိုကဲ့သို့ တားမြစ်ထားခြင်းဖြစ်သည်။ ရိုးရာနတ် တူသူချင်းမင်္ဂလာဆောင်မိပါက ရိုးရာနတ်မကြိုက်သဖြင့် ဘဝတစ်သက်တာလုံး အခက်အခဲပေါင်းစုံနှင့် ကြုံတွေ့နိုင်သည်ဟုလည်း ယုံကြည်ကြသည်။ ကတူးတိုင်းရင်းသားတို့တွင် သွေးသားရင်းချင်း ကျူးလွန်မှု[၂] မတွေ့ရပေ။ ကတူးတိုင်းရင်းသားတို့၏ လက်ထပ်မှုပုံစံများ[၃] သည် "ဖဘက်လိုက်လက်ထပ်ခြင်းစနစ်"[၄] ကိုအခြေခံသည့် တစ်လင်တစ်မယားစနစ်[၅] ကိုသာလျှင် ကျင့်သုံးကြသည်။ ခယ်မကို ခဲအိုကသာ လက်ဆက်ရသည်။ မရီးကို မတ်က လက်ဆက်ရသည့် ထုံးစံ မရှိပေ။ အထူးသဖြင့် အစ်ကိုနှင့်တော်စပ်လာသော မရီးကိုသာ လက်မထပ်ရခြင်းဖြစ်သည်။

ဤကဲ့သို့ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကို လေးလေးနက်နက် လိုက်နာကြပြီး မိမိတို့၏ရိုးရာဓလေ့အတိုင်း လက်ထပ်မင်္ဂလာပွဲများကို ကျင်းပကြောင်း တွေ့ရှိရသည်။

## (ည) လင်မယား ကွာရှင်းခြင်း[၆]

ကတူးတိုင်းရင်းသားတို့သည် အိမ်ထောင်ပြုကြရာ၌ ရိုးမြေကျပေါင်းသင်းရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ဘဝကြင်ဖော်ကို မိမိတို့ကိုယ်တိုင် ရွေးချယ်ထားကြသည်ဖြစ်၍ ကွာရှင်းခြင်းမှာ နည်းပါးပေသည်။ တစ်လင်တစ်မယားစနစ်ကိုသာ လက်ခံကျင့်သုံးကြသဖြင့်လည်း လင်မယားကွာရှင်းမှု နည်းပါးသည်။ ရိုးရာထုံးစံအတိုင်း မင်္ဂလာပွဲဆင်နွှဲရန် အနှစ်နှစ်အလလ စုဆောင်းခဲ့ရသော ပစ္စည်းဥစ္စာရွှေငွေတို့ဖြင့် တင်တောင်းထားရသည့် ဇနီးအား ကွာရှင်းရန်မှာ မလွယ်ကူပေ။ အကယ်၍ မလွဲမရှောင်သာသော ကိစ္စပေါ်ပေါက်မှသာလျှင် ကွာရှင်းခြင်းကိစ္စ ပြုလုပ်ကြပေသည်။

ကတူးတိုင်းရင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး ကွဲကွာလိုလျှင် အတော်အတန်ကိစ္စရပ်မျှသာ ဖြစ်ပါက ရွာမှလူကြီးသူမတို့က ဖျန်ဖြေစေ့စပ်ပေးလိုက်ကြသည်။ အကယ်၍ နှစ်ဦးနှစ်ဘက် စေ့စပ်ဖျန်ဖြေ၍ မရတော့လျှင်မူ ရပ်ရွာလူကြီးမိဘတို့က ဆုံးဖြတ်ပေးကြလေသည်။ ထိုကဲ့သို့ လင်မယားနှစ်ဦး သဘောတူကွာရှင်းလိုပါက ထိမ်းမြားလက်ထပ်စဉ်က မိန်းမဘက်မှအိမ်ဦးထိုင်အဖြစ် ဆောင်ရွက်သူထံသွားရောက်၍ မိမိ၏ခင်ပွန်းသည် လင့်ဝတ္တရားငါးပါးနှင့်မပြည့်စုံ၍လည်းကောင်း၊ မိမိတို့၏ စားဝတ်နေရေးကို ပြည့်စုံအောင် မဆောင်ရွက်နိုင်၍လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်၍လည်းကောင်း စသည်ဖြင့် အကြောင်းပြ၍ အိမ်ဦးထိုင်ရှေ့တွင် လက်ဖက်စားကြရသည်။ လင်ဖြစ်သူက ကွာရှင်းလိုပါက အိမ်ဦးထိုင်ထံ သွားရောက်ကာ မယားဖြစ်သူသည် မယားဝတ္တရားငါးပါးနှင့် မပြည့်စုံသဖြင့်လည်းကောင်း၊ ဖောက်ပြန်သဖြင့်လည်းကောင်း၊ အိမ်ထောင်မှုကို မနိုင်နင်းသဖြင့်လည်းကောင်း အကြောင်းပြ၍ အိမ်ဦးထိုင်ရှေ့တွင် လက်ဖက်စားပြီး ကွာနိုင်ပေသည်။

ကတူးတိုင်းရင်းသားတို့တွင် လင်မယား ကွာရှင်းမှုကိစ္စမှာ ရှားပါးလှပေသည်။ အကယ်၍ ကွာရှင်းမှုကိစ္စ ဖြစ်ပေါ်လာပါလျှင်လည်း ကွာလိုသူက လျော်ကြေးပေးမှသာ ကွာရှင်းခွင့်ရလေသည်။ လင်ဖြစ်သူက ကွာလိုလျှင် ငွေ ၃၀ိ/-ကို မယားအား လျော်ရ၏။ မယားဖြစ်သူက ကွာလိုလျှင်လည်း လင်ဖြစ်သူကို ငွေ ၂၅/-လျော်ရ၏။ ကတူးတို့၏ ဓလေ့ထုံးစံအရ ယောကျ်ားလေးဘက်မှ မိမိဇနီးအား အပြစ်တစ်စုံတစ်ရာ မပြနိုင်ဘဲ တစ်ဖက်သတ်

---

၁။ Cross-cousin marriage

၂။ Incest

၃။ Forms of marriage

၄။ Patrilineal marriage

၅။ monogamy

၆။ Divorce

ကွာရှင်းလိုလျှင်မူ မင်္ဂလာဆောင်စဉ်က တင်တောင်းထားသော မင်္ဂလာကြေး[၁] ကို အဆုံးခံရသည်။ ထို့အတူ အမျိုးသမီးများကလည်း အကြောင်းတစ်စုံတစ်ရာမပြနိုင်ဘဲ တစ်ဖက်သတ်ကွာရှင်းလိုလျှင် ယောကျ်ားလေး တင်တောင်းထားသော မင်္ဂလာကြေးအားလုံးကိုဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးကိုဖြစ်စေ ပေးပြီးမှသာ ကွာရှင်းခွင့်ရလေသည်။

ထိုကဲ့သို့ အိမ်ဦးထိုင်ရေ့တွင် လင်မယားနှစ်ဦးသဘောတူလက်ဖက်စားပြီးချိန်တွင်လည်းကောင်း၊ လင်ယောကျ်ားသည် မိမိသားမယားပေါ်တွင် အထောက်အပံ့ မပေးခြင်း၊ အကြောင်းကြားခြင်း မပြုဘဲ၃–နှစ်ကြာလျှင်လည်းကောင်း၊ လင်မယားပြတ်စဲခြင်း၊ အမှုကိစ္စအထမြောက်လေသည်။ သားမယားအပေါ်တွင် အကြောင်းကြားခြင်း မပြု၊ အထောက်အပံ့ပေးခြင်းလည်းမပြုဘဲ ၃–နှစ်ကြာပါက မယားလုပ်သူသည် နောက်ထပ်အိမ်ထောင်ပြုလျှင်မူ လင်က တရားစွဲဆိုပိုင်ခွင့် မရှိချေ။ လင်ကဖြစ်စေ၊ မယားကဖြစ်စေ၊ တစ်ဦးက မကွာရှင်းလိုလျှင်လည်း ကွာရှင်းနိုင်ခွင့် မရှိချေ။ နှစ်ဦးသဘောတူမှသာ ကွာရှင်းနိုင်ခွင့် ရှိလေသည်။ လင်မယား မပြတ်စဲဘဲ ယောကျ်ားကသော်လည်းကောင်း၊ မိန်းမကသော်လည်းကောင်း နောက်ထပ်အိမ်ထောင်ပြုခွင့် မရှိချေ။ လင်မယား တရားဝင် ပြတ်စဲမှသာလျှင် နောက်ထပ်အိမ်ထောင်ပြုခွင့် ရှိပေသည်။

လင်ယောကျ်ားသေ၍ ကျန်ရစ်ခဲ့သော မိန်းမသည် နောက်ထပ်အိမ်ထောင်ပြုလိုလျှင် ပထမလင်ယောကျ်ား တင်တောင်းထားသော ကွမ်းဖိုးတစ်ဝက် (သို့မဟုတ်) သုံးပုံတစ်ပုံကို ပထမယောကျ်ားဘက်မှ မိဘမောင်ဘွားများကို ပြန်၍ ပေးလျော်ရလေသည်။ ယင်းကို ကွမ်းဖိုးပြန်သည်ဟု ခေါ်သည်။ ကတူးတိုင်းရင်းသားတို့သည် အိမ်ထောင်ပြုပြီးသောအခါ ဖဘက်လိုက်နေစနစ်[၂] ကိုသာ အများဆုံး ကျင့်သုံးကြသည် ဖြစ်၍ မိန်းမတစ်ယောက်သည် လင်ယောကျ်ားသေဆုံး၍ မိမိ၏မိဘအိမ်သို့ ပြန်နေမည်ဆိုပါက "မိတ်ပဲမိုးမီး " (မျက်ရည်ဖိုး)အဖြစ် ယောက္ခမများက ချွေးမဖြစ်သူအား ကျွဲ၊ နွားများသာပေး၍ အခွဲအခန့်ပစ္စည်းများကိုမူ မပေးချေ။ မိန်းမသေ၍ ယောကျ်ားဖြစ်သူက အိမ်ထောင်ပြုမည်ဆိုပါကလည်း ပထမမိန်းမ၏မိဘများကို နောက်အိမ်ထောင်ပြုယူခွင့်ပြုရန် ၄က်ပျောပွဲ၊ ငါးချဉ်ဆော့၊ ငွေငါးမတ်တို့ဖြင့် သွားရောက်၍ ခွင့်တောင်းရသည်။ ကျန်ရစ်ခဲ့သောပစ္စည်းများကို အခြားဆွေမျိုးများက ပိုင်ဆိုင်ခွင့် မရှိချေ။ ဒုတိယမယားသည် ခန်းဝင်ပစ္စည်းနှင့် ယင်းလက်ထက်ပွားပစ္စည်းများကိုသာ ပိုင်ဆိုင်ခွင့် ရှိလေသည်။ ချွေးမတက်ဖြစ်သောကြောင့် လင်ယောကျ်ားသေဆုံးပြီး မိဘထံပြန်သူမှလွဲ၍ သီးခြားအိမ်တစ်ဆောင် မီးတစ်ပြောင်နေသော အိမ်ထောင်စုများသည် လင်ယောကျ်ား သေပါက မယား၊ မယားသေပါက လင်ယောကျ်ားသာလျှင် ပစ္စည်းများ ပိုင်ဆိုင်ခွင့်ရှိလေသည်။ ကတူးတို့၏ ဓလေ့ထုံးစံမှာ အစ်ကို (သို့မဟုတ်) ညီသေလျှင် ကျန်ရစ်ခဲ့သော မိန်းမများကို ယူ၍ မရချေ။ စောင့်ရှောက်၍သာ ရလေသည်။ အထူးသဖြင့် အစ်ကိုသေပါက ကျန်ခဲ့သောမရီးကို ညီက လက်ထပ်ယူ၍ မရပေ။ သို့သော် အစ်မ (သို့မဟုတ်) ညီမသေဆုံးလျှင်မူ ကျန်ရစ်ခဲ့သော ယောကျ်ားများကို ယူ၍ ရပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ကတူးတိုင်းရင်းသားတို့တွင် အစ်ကိုနှင့်တော်စပ်လာသော မရီးကိုသာ မတ်က လက်ထပ်၍မရခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကတူးတို့၏ ရိုးရာနတ်သည် ယောကျ်ားဘက်အနွယ်ကိုလိုက်သည်ဖြစ်၍ အစ်ကိုကြီးအဖရာဟု ခံယူကာ မိမိတို့၏မရီးအားလည်း လေးစားသည့်အနေဖြင့် လက်မထပ်ရခြင်းဖြစ်သည်။

ပစ္စည်းပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ လင်မယား အသက်ထင်ရှားရှိစဉ်တွင် ရွှေ့ပြောင်းနိုင်သောပစ္စည်း–မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လင်မယားနှစ်ဦး အတူတူပင် ပိုင်ဆိုင်ခွင့် ရှိလေသည်။ ထိုကဲ့သို့ ပိုင်ဆိုင်ရာတွင်လည်း လင်ပါပစ္စည်းများ၊ မယားပါပစ္စည်းများ၊ လင်မယားလက်ထက်ပွားပစ္စည်းများကို လင်(သို့)မယားက ပိုမိုပိုင်ဆိုင်ခွင့်မရှိဘဲ ညီတူညီမျှ ပိုင်ဆိုင်ခွင့်ရှိသည်။

ထို့ကြောင့် လင်မယားနှစ်ဦးတို့သည် သဘောတူကွာရှင်းပါက မိမိဘက်မှပါလာသော ပစ္စည်းများကို ပြန်ယူနိုင်ခွင့်ရှိသည်။ နှစ်ဦးလက်ထက်ပွားများကိုလည်း အညီအမျှခွဲဝေယူကြရသည်။ အချို့လည်း နှစ်ဖက်ပါ

---

၁။ Bride-price

၂။ Patrilocal residence

ပစ္စည်းများနှင့် လက်ထက်ပွားပစ္စည်းများကို အညီအမျှ ခွဲဝေကြသည်လည်း ရှိလေသည်။ မင်္ဂလာဆောင်စဉ်က အခွဲအခန့်ပစ္စည်းများ၊ လက်ဖွဲ့ပစ္စည်းများသည် နှစ်ဦးပိုင်ဆိုင်ခွင့်ရှိလေသည်။ ထို့ကြောင့် မင်္ဂလာဆောင်စဉ် လယ်ယာ၊ ကျွဲ၊ နွား၊ ရွှေနှင့်ငွေများကို အမွေပေးလေ့မရှိခြင်း ဖြစ်သည်။ "နှစ်မီးလောင်" (ကလေးနှစ်ယောက်မွေး)ပြီးမှသာ နှစ်ဘက်မိဘများက အမွေပေးလေ့ရှိခြင်းဖြစ်သည်။ လင် (သို့) မယားၡ၏ဆန္ဒကြောင့် ကွာရှင်းပါက လက်ထက်ပွားပစ္စည်းများကို ကွာလိုသူက လျှော့၍ ယူရလေသည်။

သားသမီးများရှိနေလျက်နှင့် လင်မယားကွာရှင်းသည့်အခါတွင် ယောက်ျားကလေးကို ဖခင်ကယူ၍ မိန်းကလေးကို မိခင်ကယူပြီး ထိန်းသိမ်းစောင့်ရှောက်ကြလေသည်။ ယခုအခါတွင်မူ ကွာရှင်းသူမိဘနှစ်ပါးနှင့် ကလေးများ၏ဆန္ဒအရ မိခင်နှင့်နေလိုလျှင် မိခင်ကလည်းကောင်း၊ ဖခင်နှင့်နေလိုလျှင် ဖခင်ကလည်းကောင်း ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူရလေသည်။ များသောအားဖြင့် မိခင်ဘက်လိုက်နေသည်က များသည်။ လင်မယား ကွာရှင်းခြင်းအတွက် ကတူးလူမျိုးတို့သည် မယားစရိတ်ပေးရရိုး ထုံးစံမရှိချေ။ လင်မယားကွာရှင်းစဉ်က လင်က မယားအား ကွာလို၍ပေးရသော ငွေ ၃၀/–ကျပ်သာလျှင် ပေးရိုးထုံးစံရှိသည်။ သားသမီးစရိတ်၊ ကျောင်းစရိတ်ကိုမူ "စွတ်ဆီမွှန်း" နို့ဖိုးအဖြစ် ယခင်က တစ်လလျှင် ၅ မှ ၁၅ စသည်ဖြင့် ကလေး၁၈–နှစ်ပြည့်ချိန်အထိ ပေးရလေသည်။ ယခု အခါတွင်မူ သားသမီးစရိတ်၊ ကျောင်းစရိတ်ကို ဖခင်၏ စီးပွားရေးအခြေအနေပေါ်တွင် မူတည်၍ ကျေးရွာလူကြီး မိဘတို့က ဆုံးဖြတ်ပေးကြလေသည်။

ရှေးဘုရင်များလက်ထက်တွင် ဤကတူးတို့၏ ဒေသ၌ ရွှေမှူးများ အုပ်ချုပ်ခဲ့ကြရာ ရွှေမှူး၊ ရွှေသူကြီးများသည် တရားဥပဒေစီရင်ဖြတ်ထုံးများနှင့်အညီ စီရင်ခဲ့ပေသည်။ ယင်းတို့၏ မှတ်တမ်းများတွင် လင်ကွာ မယားကွာနှင့်ပတ်သက်၍ ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ ယောက်ျားသည် မယားကြီးရှိပြီးမှ ကျွန်မကို ယူပြန်လျှင် နှစ်ပါးလက်ထက်ဖြစ်သော သက်ရှိသက်မဲ့ပစ္စည်း အားလုံးကို မယားကြီးယူစေ။ တင်ခဲ့သည့် အကြွေးကို ယောက်ျားက ခံစေ။ နောက်ထပ်ကျွန်မကို မယား အဖြစ် ယူနိုင်စေ။ မယားကြီးနှင့် မရမီက ယောက်ျား၌ရှိခဲ့သော သက်ရှိသက်မဲ့ပစ္စည်းများနှင့် ကျွန်မ၏တန်ဖိုးကို ယောက်ျားရစေ။ ကျွန်မမှတစ်ပါးသော ကြွေးမြီကို ယောက်ျားခံစေ။ ကျွန်မယောက်ျားကို ကျွန်ရှင်မိန်းမက လင်ပြုရာတွင် သည်နည်း စီရင်စေ။

၂။ လင်တွင်အပြစ်မရှိဘဲ မယားက ကွာလိုသော် သက်ရှိသက်မဲ့ပစ္စည်းကို လင်ကရစေ။ တင်ခဲ့သော ကြွေးမြီကို မယားကခံစေ။ ယောက်ျားကိုယ်ဖိုးကို မယားက လျှော်စေ။ လင်တွင် အပြစ်မရှိသည်ကို ညှဉ်းပန်းနှိပ်စက်ပြု၍ မိန်းမက ကွာမည်ဆိုလျှင် ထိုမိန်းမ၏ ပါရင်းဥစ္စာနှင့်ပါရင်းကြွေးမြီကို ယောက်ျားက သိမ်းစေ။ နှစ်ပါးစုံမှဖြစ်သော ပစ္စည်းကို တစ်ဝက်စီရစေ။ နှစ်ပါးစုံလက်ထက် ကြွေးမြီတို့ကို တစ်ဝက်စီခံစေ။ နှစ်ဦးပင် စိတ်တူကွာလိုလျှင် အတူစား မယားမပြုမီက ပါရင်းသက်ရှိသက်မဲ့ဥစ္စာနှင့်တင်မြီများကို ယောက်ျားက ရစေ။ ခံစေ။ နှစ်ပါးစုံ လက်ထက်ဖြစ်လာသော ဥစ္စာသက်ရှိသက်မဲ့ကို တစ်ဝက်စီယူစေ။ မြီကိုလည်း တစ်ဝက်စီခံစေ။

၃။ မယားမဖြစ်မီက ယင်း၏ကြွေးမြီကို ပေးဆပ်၍မယားပြုလျှင် မယားကကွာလိုသည်ဖြစ်စေ၊ နှစ်ဦးစိတ်တူ ကွာလိုသည်ဖြစ်စေ မယားက ကွာလိုပါလျှင် ပါရင်းဆပ်ရသည့် ကြွေးမြီကို စုစေပြီးမှ သက်ရှိသက်မဲ့ကို လင်က ရစေ။ တင်မြီကို မယားက ခံစေ။ လင်ကကွာလိုသည်ဆိုပါလျှင် ပါရင်းဆပ်ရသည့်မြီကို စုဝေပြီးမှ နှစ်ပါးစုံ လက်ထက် ဖြစ်ပွားသည့် သက်ရှိသက်မဲ့ပစ္စည်းဥစ္စာကို တစ်ယောက်တစ်ဝက်စီရစေ။ တင်မြီကိုလည်း တစ်ဝက်စီ ခံစေ။ (လင်မယားဖြစ်ပြီးမှ ငွေကြေးပေးဆပ်သည်ဆိုသည်မှာ လင်မယား လုပ်ကြံဖက်ပြု၍ ရသည့်ဥစ္စာနှင့် ပေးဆပ်သည်ဖြစ်လျှင် ပေးရကောင်းသည်မဆို။ လင်မယားဖြစ်မှပင် တစ်ယောက်က ပါသည့်ဥစ္စာနှင့်ပေးဆပ်ရသည်မှန်ချေလျှင် ဆပ်သမျှကို ပေးစုစေ၊ ပါရင်းဥစ္စာ ဖြစ်သော်လည်း ဝတ်စား သုံးဆောင်၍ ကုန်သည့်အရာတို့ကို ရပြန်ကောင်း၏။)

၄။ လင်က လက်ပူ နှုတ်ကြမ်း ညှဉ်းပန်းနှိပ်စက်၍ မယားက စွဲလျှင် သက်သေပြစေ။ သက်သေတို့က ဆဲသံ ကြား၍ ရိုက်ပုတ်သည်ကို အိမ်ထဲမှာဖြစ်၍ မမြင်ဆိုသော် ဒဏ်ရာဒဏ်ချက်တို့ကို မယားကပြ၍ စွဲသော် စစ်၍ မှန်လျှင် လင်ယောက်ျားကို တရားခံစေ။ နောင်လည်း မယားတွင် အပြစ်မရှိဘဲ ညှဉ်းပန်းနှိပ်စက်ခြင်း

မပြုချေ။ နောင်ပြုကျင့်ပြန်ပါက နှစ်ပါးတွင်တင်သော ကြွေးမြီများကို လင်က ခံစေ။ နှစ်ပါးစုံ သက်ရှိသက်မဲ့ ပစ္စည်းများကို မယားကယူစေ။ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လင်က ဆင်းစေ။ လင်မယားကင်းပြတ်စေ။ (သို့သော် တစ်ကြိမ်တစ်ခါဖြင့် မဆုံးဖြတ်သင့်၊ ဆုံးမ၍ လွှတ်စေ။)

၅။ တစ်ကြိမ်တစ်ခါဖြစ်၍ ပြန်ပေါင်းရန် ဆုံးမစီရင်သည်ကို မယားကလင်မပြုနိုင်ပါ။ စိတ်ကုန်ပါပြီဆိုလျှင် မယားမှာ အပြစ်မရှိဘဲ ညှဉ်းပန်းခဲ့သောကြောင့် လင်က မကွာနိုင်ဆိုသော်လည်း မနေစေရ။ စိတ်တူသဘောတူကွာစေ။ ငယ်လင်ငယ်မယားဖြစ်လျှင် မယားတွင် အပြစ်အခင်းမရှိသည်ကို လင်က ကွာလိုလျှင် နှစ်ပါးစုံလက်ထက် ဖြစ်ပွားခဲ့သော သက်ရှိသက်မဲ့ဥစ္စာအားလုံး မယားကရစေ။ တင်သည့်ကြွေးမြီးကို ယောက်ျားကခံစေ။ ဥစ္စာမရှိ တင်မြီမရှိလျှင် မယားကို ကိုယ်ဖိုး တစ်ဝက်ဆေးစေ။ ယောက်ျားသည် မျောက်မ(တိတ်တိတ်ပုန်းမယား)ရှိ၍ မယားက ကွာလိုသော် ကိုယ်ဖိုးကို အားလုံးခံစေ။ လင်မယားအရာ ကင်းပြတ်စေ။[၁]

ဤကဲ့သို့ ကတူးဒေသတွင် ရှေးယခင်မှစ၍ စီရင်ထုံးများရှိခဲ့သော်လည်း မြောက်မော်ကျေးရွာရှိ ကတူးတို့တွင် လင်မယားကွာရှင်းမှု မရှိသလောက်ပင် ရှားပါးပေသည်။ မြောက်မော်ကျေးရွာသို့ သွားရောက်လေ့လာခဲ့သည့် ၁၉၉၄ နှင့် ၁၉၉၅ နှစ်နှစ်တာကာလအတွင်း လင်မယားကွာရှင်းမှုဟူ၍ မရှိခဲ့ပေ။ အမှုအခင်း ပေါ်ပေါက်လာပါကလည်း ရှေးထုံးနည်း ဥပဒေထုံးစံများအရလည်းကောင်း၊ ကျေးရွာလက်စွဲ ဥပဒေများအရလည်းကောင်း ဖြစ်ပေါ်လာသမျှ အမှုအခင်းများကို ကျေးရွာရှိ လူကြီးသူမ သက်ကြီးရွယ်အိုများကသာ ဖြေရှင်းပေးလျက်ရှိသောကြောင့် ၎င်းတို့၏ လူမှုရေးအဖွဲ့အစည်း ကို ကျစ်လျစ်စည်းလုံးနေစေမည် ဖြစ်ပေသည်။ ဖြေရှင်း၍ မရသောအခါမှသာ သက်ဆိုင်ရာ တရားရုံးများသို့ တင်ပို့ကြလေသည်။ ဤအဖြစ်မျိုးမှာလည်း နည်းပါးလှပေသည်။

## (၄) နာမကျန်းဖြစ်ခြင်းနှင့်ဆေးကုသခြင်း

မြောက်မော်ရွာ ကတူးတိုင်းရင်းသားတို့သည် နေထိုင်မကောင်းဖြစ်လျှင် ရှေးရိုးကုသနည်းအတိုင်း ကျေးရွာရှိ ဆေးဆရာ၊ ဗိန္ဓောဆရာနှင့် ကုသလေ့ရှိကြ၏။ ရိုးရာနတ်ကို ပူဇော်ပသခြင်းဖြင့်လည်း ဝေဒနာကို ကုသလေ့ရှိကြသည်။ ဖျားနာခြင်း၊ အနာရောဂါကပ်ရောက်ခြင်းတို့သည် သာမန် သဘာဝရိုးကျရောဂါဖြစ်၍ ဖျားနာသည်ဟု ယူဆသည်ရှိသလို တစ်စုံတစ်ဦး၏ ပယောဂ၊ ပြုစားမှုများကြောင့် ဖြစ်ရသည်ဟုလည်း ယူဆတတ်ကြလေသည်။ လူတစ်ဦး နေမကောင်းလျှင် ရပ်ရွာဆေးဆရာများကို ခေါ်ယူကုသလေ့ရှိသည်။ ယခုအခါ အစိုးရကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးများ၊ သားဖွားဆရာမများထံသို့ ပြသကုသကြသည်။ သို့သော် အသင့်အတင့် ရောဂါများကိုမူ ကျေးရွာရှိ ဗိန္ဓောဆရာများနှင့် ကုသခံသည်သာ များလေသည်။ လူနာသည် အပြင်းအထန် ဝေဒနာခံစားရ၍ ကျေးရွာရှိ ဆေးဆရာများ၊ နတ်ဆရာများ မတတ်နိုင်တော့သည့်အခါမှသာ မြို့ဆေးရုံများသို့ သွားရောက်လေ့ရှိပေသည်။ ကျေးရွာရှိ လူနာသည် စုန်း၊ တစ္ဆေ၊ သူရဲအစရှိသဖြင့် တစ်စုံတစ်ဦး၏ ပယောဂဖမ်းစားခြင်း ပြုစားထားခြင်းကြောင့် ဖြစ်ရသည်ဟု ယုံကြည်သည်။ ရိုးရာနတ်မကြိုက်သော အပြုအမူ တစ်စုံတစ်ရာကို ပြုမူမိသည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် ရိုးရာနတ်ကျေနပ်အောင် နတ်ဆရာများ၊ ကျေးရွာရှိ ဆေးဆရာများဖြင့် ကုသခိုင်းလေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ ရိုးရာနတ်ကြောင့် မဟုတ်ဘဲ အမှောင့် ပယောဂတစ်ခုခုကြောင့် ဖြစ်စေ၊ ပြုစားခံရသည်ဟု ယုံကြည်လျှင်ဖြစ်စေ ပယောဂဆရာနှင့်ပြသ၍ ကုသမှု ခံယူလေသည်။ နတ်ပယောဂဆရာတို့ကလည်း နေမကောင်းသူ အား သစ်ဥ၊ သစ်မြစ်တို့ဖြင့် စီမံဖော်စပ်ထားသော ဆေးဝါးများဖြင့် ကုသသည်ရှိသလို၊ နတ်ပူဇော်ပွဲများ ပယောဂ ကုသနည်းများဖြင့် ကုသသည်လည်း ရှိသည်။ ရိုးရာနတ်တောစောင့်နတ်၊ တောင်စောင့် နတ်တို့ကြောင့် ဖြစ်ရသည်ဟု ယုံကြည်ယူဆလျှင် ရိုးရာနတ်တင်ခြင်း၊ ပူဇော်ပသခြင်းများ ပြုလုပ်၍ ကုသလေသည်။ ပယောဂပြုစားခံရ၍ ဖြစ်သည်ဟု ယုံကြည်လျှင် ဆရာသည် သက်ဆိုင်ရာ ဂါထာမန္တန်များ၊ အဟောအပြောများဖြင့် ပြုစားသူ တစ်ဖက်လူအား မေတ္တာထား၍ လူနာအား မနှောင့်ယှက်ရန် ပြောဆိုလုပ်ဆောင်လေသည်။ ထိုသို့ ကုသခြင်းကို မေတ္တာနှင့်ကုသသည်ဟု ဆိုလေသည်။ ထိုကဲ့သို့ မေတ္တာနှင့်ကုသ၍မရသော အခါတွင်မှသာ ဆရာသည် မိမိ စီမံဖော်စပ်ထားသော ဆေးဝါးများဖြင့် ကုသလေသည်။ တစ်ယောက်ယောက်သည် ဆေးမိနေသည်ဟုထင်လျှင်

---

၁။ အကိုစော လေ့လာမိသမျှ ကတူးကနန်းဒေသ။ စာ-၂၃၉-၂၄၂။

ဆေးဆရာ၊ ဗိန္ဓောဆရာသည် ဂါထာနှင့်အရင် မောင်းထုတ်ပေးရသည်။ ထိုသို့ မောင်းထုတ်ရာတွင် ဘုရားကို အပဟောအပြောများနှင့်ပင့်၍ နှင်ထုတ်ပေးရသည်။ ထို့နောက်မှ ဂါထာမန္တန်များရွတ်ပြီ ခြေမန်းကွင်းများ လုပ်ပေးသင့်လျှင် လုပ်ပေးသည်။ လည်ပင်းတွင်လည်း ကြိုးအထုံး(၇)ထုံး ထုံးပြီး လည်ပင်းတွင် ဝတ်ဆင်ပေးသည်လည်း ရှိသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် နောက်နောင်အမှောင့်ပယောဂမပြုစား မကပ်ရောက်နိုင်စေရန် ဖြစ်သည်။ ကလေးသူငယ်များ မကျန်းမမာဖြစ်နေလျှင် ဝိညာဉ်လိပ်ပြာအယူ အဆအရ မကောင်းဆိုးဝါး ဖမ်းစားသည်ဟု ယူဆကြသဖြင့် နတ်ဆရာ ဆေးဆရာများဖြင့် မေးမြန်းပြီး ကုသကြသည်။ အပမှီသည်ဆိုသည်မှာ အပြင်က ပြုစားထားခြင်းကို ခေါ်သည်။ ထိုသို့ အပြင်မှပြုစားသူကို ဆေးကုသသော ဆရာက ချုပ်ထိန်းနိုင်သည်ဟု ယူဆသည်။ (၁)နှစ်မှ (၁၆)နှစ်အရွယ်အထိ ဖျားနာ၍ နည်းမျိုးစုံနှင့်ကုသသော်လည်း မရသည့်အခါမျိုးတွင် သနွှေးစောင့်နတ် (ဘီလူးနတ်များ) ပြုစားခံရ၍ ဖြစ်သည်ဟု ယုံကြည်သည်။ ထိုအခါမျိုးတွင် ခေါစာပစ်လေ့ရှိကြသည်။ ခေါစာပစ်ပုံမှာလည်း အမျိုးမျိုး ရှိလေသည်။ မီး တိုင်၊ တံခွန်တိုင်၊ လူရုပ်၊ ဘီလူးရုပ်စသည်ဖြင့် ပြုလုပ်၍ ပစ်ရသည်။ ညနေနွားရိုင်းသွင်းချိန်တွင် ထမင်း လက်တစ်ဆုပ်ဆုပ်ပြီး အိမ်ခေါင်မိုးကိုကျော်၍ ခေါင်တိုင်နတ်ကိုလည်း ပစ်ရသည်။ အသိစိတ်ကင်းကွာပြီး ထင်ရာမြင်ရာ အော်ဟစ်နေသည့် ထိုအခါမျိုးတွင် သရဲစီးသည်ဟု ခေါ်သည်။ ထိုအခါမျိုးတွင် ထမင်းကျန် ဟင်းကျန်ဖြင့် ခေါစာ ပစ်ပေးရသည်။ မြေဖုတ် တစ္ဆေကို ကျွေးသည့်သဘော ဖြစ်ပေသည်။ တစ်စုံတစ်ယောက် နေမကောင်း၍ ပြုစားခံရသည်ထင်လျှင် စုံးစာကျွေးလေ့ရှိသည်။ စုံးစာကျွေးသည့်အခါ ထမင်းဟင်းတို့ဖြင့် ရွာ၏ လူနေကင်းရှင်းသော တစ်နေရာတွင်သွား၍ ကျွေးထားရသည်။ စုံးစာကျွေးသောအစာများကို ခွေးများက လုံးဝမစားဟု ယူဆထားသည်။ စုံးစာကျွေးထားသည်ကို သွားရောက်ယူသည့်အခါတွင် လူလာနေပြီဖြစ်ကြောင်း သိသာနိုင်ရန် အသံပြု၍ သွားရသည်ဟု ဆိုပေသည်။ အကယ်၍ အသံပြုမသွားမိပါက စုံးနှင့်ပက်ပင်း တိုးနိုင်သည်ဟု ယုံကြည်ထားကြသည်။ တစ်ခါတစ်ရံတွင် စုံးစာကျွေးမွေးထားသည့်အခါ အကောင်အထည်မမြင်ရဘဲ ဖွန်း၊ ပန်းကန်သံများကိုသာကြားနေရ တတ်သည်ဟု ဆိုပေသည်။ ပယောဂဆရာက မနိုင်လျှင် လူနာသေတတ်သည်ဟု ယုံကြည်ကြလေသည်။ ကုသသည့် ဆရာများကလည်း အကျင့်သီလနှင့်ပြည့်စုံရပေမည်။ အကျင့်သီလပျက်ခဲ့ပါက ကုသသည့်ဆရာသည်လည်း ပြန်ခံရတတ်သည်ဟု အဆိုရှိ၏။

လူနာသည် နာတာရှည်ရောဂါဖြစ်နေလျှင်ဖြစ်စေ၊ တောထဲ၌ မတော်တဆ ထိခိုက်မှုဖြစ်၍ ရောဂါရခဲ့လျှင်ဖြစ်စေ တောဖြေလေ့ရှိကြသည်။ တောဖြေသည်ဆိုသည်မှာ တောထဲမှ အစွဲ တစ်ခု၊ ပယောဂတစ်ခုပါသည့်အတွက် တောထဲမှအပအစွဲကို တောထဲမှာပင် သွားရောက်၍ ဖြေဖျောက်သည့်သဘောပင်ဖြစ်သည်။ တောဖြေသည့်အခါတွင် လူနာကို တောထဲသို့ခေါ်သွားပြီး ကုသရသည်။ လူနာနှင့်အတူ ဆေးဆရာနှစ်ပါးသုံးပါးတို့လည်း ပါရလေသည်။ လူနာကို စင်ဆောက်ပြီ း တင်ထားရသည်။ လူနာဘေးတွင် ဆီမီးတိုင် ထွန်းထားရလေသည်။ ၎င်းမီးတိုင်ထဲတွင် တံညှပ်ပါရလေသည်။ ရှေးဦးစွာ အရပ် ၄-မျက်နှာရှိ နတ်မင်း ၄-ပါးကို ပင့်ဖိတ်ပူဇော်ရလေသည်။ တောင်စောင့်နတ်၊ နယ်ပိုင်နတ်တို့ကို ပင့်ဖိတ်ပြီးမှ ပြုစားသော စုန်း၊ နတ်တို့ကို နှင်ထုတ်ရသည်။ လူနာပြန်လည်ကောင်းမွန်လာစေရန် ဆေးဆရာများက မန်းမှုတ်ပြီး လူနာ၏ဘေးတွင် ရှိသော မီးတိုင်ထဲသို့ အင်တွဲ (ပွဲညက်)ထောင်းထားသော အမှုန့်တို့ကို မီးတိုင်မှာ ပစ်ပေါက်ရလေသည်။ ထိုကဲ့သို့ ပစ်ပေါက်သည့်အခါတွင် မီးသည် ဝုန်းကနဲ၊ ဝုန်းကနဲ ဖြစ်သွားလေသည်။ ဤသို့ ပြုလုပ်သဖြင့် လူနာအား ကပ်ရောက်နေသော အမှောင့်ပယောဂတို့သည် မီးကို ကြောက်ရွံ့၍ ထွက်ပြေးသွားစေရန် အော်ဟစ်မန်းမှုတ်ရလေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို မီးကျော်သည်ဟု ခေါ်သည်။ တစ်ခါတစ်ရံတွင်မူ လူနာကို ထမ်းပိုး၍ ရေရှိသောချောင်းများကို ဖြတ်ကျော်ပေးရသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် လူနာ၏ ပယောဂရောဂါများ ရေစီးနှင့်အတူ ပါသွားစေပြီး လူနာပြန်လည်ကောင်းမွန်လာရန် ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကို ရေကျော်သည်ဟု ခေါ်သည်။ တစ်ခါတစ်ရံတွင်မူ ရေကျော်မီးကျော်ပြုလုပ်ခြင်းများကို အိမ်တွင်းမှာပင် ပြုလုပ်သည်လည်း ရှိလေသည်။ အိမ်တွင်း၌ ရေကျော်ပြုလုပ်ခြင်းမှာ စတီသဘောမျိုး ရေအိုး၊ ရေဖလားတွင် ရေထည့်၍ လူနာကို ဖြတ်ကျော် စေခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ နတ်ဖမ်းစားထားသည့်အခါတွင်လည်း တောဖြေလေ့ရှိသည်။ ထိုသို့ တောဖြေသည့်အခါတွင်မူ နတ်ကျွေးရန် ငှက်ပျော၊ ဆေး၊ လက်ဖက်၊ ကြက်ဥ၊ ကြက်သားအစရှိသည်တို့ကို ပူဇော်ပသပြီး

တောဖြေရလေသည်။ ထိုကဲ့သို့ ဆေးကုသပေးသောဆရာများကို မိမိသဒ္ဓါသလောက်၊ တတ်နိုင်သလောက် ဥဏ်ပူဇော်ခ ပေးလေ့ရှိကြလေသည်။

ဤရွာရှိ ကတူးတိုင်းရင်းသားတို့သည် လူနာရှိသောအိမ်သို့ မိန်းမများ လူနာမေးသွားလေ့ မရှိပေ။ ဖျားနာသောလူနာသည် မိမိ၏ဆွေမျိုးအရင်းမဟုတ်ပါက မိန်းမများ မသွားကြချေ။ ယောကျ်ားများသာ သွားလေ့ရှိကြသည်။ ထို့ကြောင့် မိမိသွားမိသည့်အတွက် လူနာသည် ရောဂါပိုသည်းလာပါက မိမိကြောင့် ဖြစ်ရသည်။ မိမိစုန်းတတ်၍သာ ဖြစ်ရသည်ဟု အငြိုးခံရမည်ကို စိုးသောကြောင်း ဆွေမျိုးအရင်းမှတစ်ပါး လူနာသွားမေးလေ့ မရှိပေ။

**အသုဘအစမ်းအနား**

လူနာသည် ကုသ၍မရဘဲ သေဆုံးခါနီးတွင် လူနာ သေဆုံးဖွယ်ရှိလျှင် ခေါင်တိုင်အပြင်ဘက်တွင် ထား၍ ပြုစုလေ့ရှိသည်။ လူတစ်ယောက်သေဆုံးသွားခြင်းသည် ထိုလူ၏ ခန္ဓာကိုယ်ရှိ ဝိညာဉ်သည် ခန္ဓာကိုယ်ပြင်ပသို့ ထွက်သွားသည်ဟု ယူဆသည်။ ထိုဝိညာဉ်သည် ကောင်းသည့်ဘုံဘဝသို့ ရောက်သွားနိုင်သလိုမကောင်းသော ဘုံဘဝသို့လည်း ရောက်သွားနိုင်သည်ဟု ယုံကြည်ကြသည်။ မြောက်မော်ရွာနေ တိုင်းရင်းသားတို့သည် သက်ကြီးရွယ်အိုများရှိပါက အခေါင်းကို အရံသင့်ပြုလုပ်ထားလေ့ရှိသည်။ ထိုကဲ့သို့ ထားရခြင်းမှာ အခေါင်းလုပ်ရာတွင် မြန်မာတို့ကဲ့သို့ ပျဉ်ပြားဖြင့် မပြုလုပ်ဘဲ သစ်ပင်ကိုထွင်း၍ ပြုလုပ်ရသည်။ အခေါင်းပြုလုပ်ရာတွင် ကြာတတ်သဖြင့် မိမိလိုချင်သည့်အချိန်တွင် အဆင်သင့်ရစေရန် ဖြစ်သည်။ ထို့အပြင် ခေါင်းကို တစ်ယောက်ယောက်အတွက် ကြိုတင်လုပ်လိုက်သဖြင့် ထိုသူအား ယတြာချေသည့်သဘောမျိုးလည်း ရောက်စေသည်။ ထိုသို့ထွင်းသော သစ်ခေါင်းမှ သစ်စသစ်နများဖြင့် လူနာအားသွားရောက်ထိစေခြင်းဖြင့် လူနာတွင် ကပ်ရောက်နေသော ရောဂါဘယများ ကင်းဝေးစေရန်လည်း ရည်ရွယ်သည်။ တဖန်လူသားတို့၏ သေခြင်းတရားသည် လူတိုင်းကြုံတွေ့ကြရမည်။ ရှောင်လွှဲ၍မရ တစ်နေ့နေ့တွင် ကြုံရမည်ဖြစ်၍ ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပေသည်။

လူနာသည် ရိုးရိုးသေခဲ့လျှင် လူနာအား (၃)ရက် (၅)ရက် (၇)ရက်စသည်ဖြင့် ထားတတ်ကြသည်။ လူနာသည် ရေနစ်၍၊ မီးသင့်၍၊ ကျားကိုက်ခံရ၍၊ သစ်ပင်မှကျ၍၊ ဓားလှံသေနတ်ထိ၍၊ ကလေးမီးမဖွားနိုင်၍ စသော အစိမ်းသေ သေဆုံးမှုများကို ရွာတွင်း၌ ထားခွင့် မရှိချေ။ ချက်ချင်း မြေမြှုပ်သင်္ဂြိုဟ်ကြရသည်။ (၇)ရက်လည်မှသာ ရက်လည်ဆွမ်းကျွေးနိုင်ကြသည်။ ကုသိုလ်ပြု၍ အမျှဝေနိုင်ကြသည်။ လေးစားစွာ သင်္ဂြိုဟ်ရသော အသက်(၇၀) (၈၀)အရွယ်ပင် ဖြစ်သော်လည်း ဘေးဥပါဒ်မကင်း၍ သေခဲ့သည့်အခါတွင်လည်း ချက်ချင်းချကြရလေသည်။ လပြည့်လကွယ်နေ့များ နှစ်ဟောင်းကုန်သည့်အချိန်များတွင် သေဆုံးခဲ့ပါမူ မည်မျှပင် နာမည်ကြီးသူ၊ အရေးပါသူ ဖြစ်သော်လည်း လမကူး၊ နှစ်မကူးရပေ။ ချက်ချင်းချကြရသည်။ ဥပစ္ဆေတကကံဖြင့်သေခဲ့လျှင် ထိုသူအား ဖြစ်ပွားခဲ့ သောနေရာမှာပင် ထားရလေသည်။ ထို့နောက် နေ့ချင်း ချရသည်။ အကယ်၍ ရိုးရိုးသေခဲ့သော်လည်း ရွာနှင့် ဝေးသောနေ့နံကိုက်လျှင်လည်း နေ့ချင်းချရလေသည်။ ဥပမာ-မြောက်မော်ရွာသည် ကြာသပတေးနံဖြစ်သည့်အတွက် ကြာသပတေးနေ့သေသောသူများကို ချက်ချင်းချကြရသည်။ ကျေးရွာတွင် မိုးကြိုးပစ်၍ သေဆုံးခဲ့သည်ရှိသော် လူတစ်ရပ်စာ တွင်းတူးပြီး တွင်း၏နံရံနှင့်အခြေတွင် ထရံများကို ကာရံထားရသည်။ လူသေကို မြောက်ဘက်အရပ်သို့ မျက်နှာမူပြီး မတ်ရပ်မြေမြှုပ်သင်္ဂြိုဟ်ရသည်။ ဇမ္ဗူဒီပါလကျ်ာတောင်ကျွန်းသည် နိမိတ်ထွန်းသော အရပ်၊ ကောင်းမြတ်၍ မင်္ဂလာရှိသော အရပ်ဖြစ်၍ ယခုကဲ့သို့ သေဆုံးခြင်းမျိုးသည် မကောင်းသည့် အတိတ်နိမိတ်ဖြစ်သည့် အတွက် တောင်အရပ်ကို မျက်နှာမူ၍ မချခြင်းဖြစ်သည်။ သက်ကြီးရွယ်အိုများ သေဆုံးသည့်အခါ အရံသင့်လုပ်ထားသော ခေါင်းနှင့်မဆံ့ပါက အလောင်းကို ပြန်ထုတ်၍ မပြင်ရပေ။ မဆံ့ဆံ့အောင်ထည့်ပြီး ချကြရလေသည်။ အကြောင်းမှာ နောက်အခေါင်းတစ်ခုဖြင့် ပြောင်းထည့်ပါက ထိုရွာတွင် နောက်ထပ်လူတစ်ဦးဦး ထပ်မံသေဆုံးလိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ရွာ၏အပြင်ဘက်တွင် သေဆုံးခဲ့သော် ထိုသူအား ရွာထဲသို့ မသွင်းရချေ။ ရွာပြင်မှာပင် လူစောင့်ထားပေးရသည်။ မည်သည့်ကိစ္စမဆို ရပ်ရွာ၏ ခွင့်ပြုချက်မရယူဘဲ ခိုးလုပ်ပါက ရပ်ရွာ၏ထိုက်သင့်သော အပြစ်ပေးခံရမည် ဖြစ်ပေသည်။ ရေနစ်သေခဲ့၍ သစ်ပင်မှ ကျသေ

ခဲ့သည်ရှိသော် ထိုနေရာမှစ၍ ပြည်တောင်း(သို့)ဝါးကျည်တောက်တွင် ရေအပြည့်ထည့်၍ သွားရသည်။ ပြည်တောင်း (သို့) ဝါးကျည်တောက်မှရေယိုပြီး ကုန်သည့်နေရာတွင် လူသေကို မြှုပ်ရသည်။ အကယ်၍ မိမိမြှုပ်ချင်သည့် နေရာရောက်အောင် လှမ်းပက်ပြီး ထိုနေရာကျမှ မြှုပ်နှံရသည်။ အသုဘချသွားသည့်အခါ အသုဘအိမ်မှ မီးအားလုံး၊ မီးဖိုအားလုံး ငြိမ်းပစ်ရသည်။ ပြာများကို ထုတ်ပစ်ရသည်။ မီးဖိုနေရာများ၊ မဏ္ဍပ်အခမ်း အနားများအားလုံးကို ဖျက်ပစ်ရလေသည်။ အကြောင်းမှာ ဤအိမ်တွင် လူသေဆုံးသွားရသည့်အတွက် အိမ်သားတို့မှာ ပရိဒေဝ သောကမီးတောက်လောင်နေကြရသည်။ ထို့ကြောင့် ဤအပူမီးအား နောက်တစ်နေ့အထိ မကူးနိုင်စေရန် ဤလူသေနှင့်အတူသောကမီးအားလုံး ချုပ်ငြိမ်းသွားစေမည့် သဘောဖြင့် ဤလူသေအိမ်မှထွက်သည်နှင့် အိမ်ရှိမီးအားလုံးကို ငြိမ်းသတ်ရခြင်း ဖြစ်ပေသည်။

အသုဘကိစ္စတွင် ဤရွာတွင် နှစ်ခုဖြစ်နေပါက နောက်သေသောသူသည် အရင်ချရလေသည်။ အရင်မချနိုင်ပါက ရွာ၏အပြင်ဘက်တွင် ထုတ်ထားရလေသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ အရင်သေသောသူသည် ပုံမှန် ရိုးရိုးသဘော သေဆုံးခြင်းဖြစ်ပြီး နောက်လူသည် ပြင်ပ ပယောဂတစ်ခုခုကြောင့် သေဆုံးရခြင်းဖြစ်မည်ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် နောက်မှသေသောသူကို အရင်ချခိုင်းခြင်း ဖြစ်သည်။ ကျေးရွာတွင် အသုဘကြီးများ ဖြစ်သော ဘုန်းကြီး၊ သူကြီး၊ မယ်တော်၊ ခမည်းတော်ရှာပနပွဲများနှင့်အသက် (၇၀) (၈၀)အရွယ်ကြီးကြီး လူကြီးများကို ချသည့်အခါတွင် သချိုင်းရောက်သည့်အခါ အလောင်းထမ်းသူများက အလောင်းကို လုတမ်းကစားသည့်အနေဖြင့် တစ်ဖက်နှင့်တစ်ဖက်ဆွဲကြရသည်။ သွေးကြွအောင် အတီးက တီးပေးသည်။ ဤကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် ဆွဲသည်ကို ကုန်းဘောင်ထိုးသည်ဟု ဆို၏။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ သေဆုံးသွားသူအား သေမင်းထံသို့ ထည့်လိုက်ရမည်မှာ နှမြောသောကြောင့် နောက်ဆုံးအနေဖြင့် မထည့်ရက်နိုင်သောကြောင့် လုယူခြင်းဟု ယူဆပြီး ပြုလုပ်ခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်ပြီး မောသောအခါမှ မြေမြှုပ်သင်္ဂြိုဟ်ကြသည်။ အသုဘအလောင်းကို မြေမချမီ အလောင်း အား မြေကျင်းနှင့် ခြေပြန်ခေါင်းပြန် (၇)ကြိမ် ဦးတိုက်ပြီးမှ ချကြရသည်။ သက်ကြီးရွယ်အိုများ သေဆုံးလျှင် အကအခုန်များနှင့် လိုက်ပို့ကြသည်လည်း ရှိသည်။ မိမိတို့သည် သေဆုံးသူအတွက် ပူဆွေးသောက ဖြစ်မနေခဲ့ဘဲ ပျော်ပျော်ရွှင်ရွှင် ရှိနေကြောင်း၊ မိမိတို့ ငိုကြွေးနေလျှင် မိမိတို့အတွက် နောက်ဆံငင်ပြီး ကောင်းသောဘုံဘဝသို့ မရောက်ရှိနိုင်ဘဲ သေသူ၏ ဝိညာဉ်သည် မိမိတို့ထံတွင် ကျန်ရစ်နေမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပြုလုပ်ခြင်း ဖြစ်ပေသည်။ အသုဘအလောင်းကို မြေမြှုပ်ရန် မြေတူ းသည့်အခါတွင် မြေတူးသူသည် တူးရန် တူရွင်း စစိုက်လိုက်သည့်နေရာတွင်ပင် မြေကို တူးရသည်။ တခြားနေရာသို့ ပြောင်းမတူးကောင်းပေ။ မိန်းမများ သေဆုံး၍ မီးသင်္ဂြိုဟ်လျှင် ယောကျ်ားများ သင်္ဂြိုဟ်သောအခါမှာထက် ထင်းတုံးတစ်တုံး ပို၍ မီးရှို့ရလေသည်။ ရည်ရွယ်ရင်းမှာ မိန်းမများသည် ယောကျ်ားများထက် လိုချင်လောဘပိုကြီးသူများ ဖြစ်သည်။ အလိုရမ္မက်ကြီးသူများ ဖြစ်၍ ယောကျ်ားများထက် တစ်တုံး ပိုရခြင်းဖြစ်သည်။ သက်ကြီးရွယ်အိုများ သေဆုံးသောအခါတွင် အခေါင်းထိပ်၌ ပုတီး၊ ပေါက်ပေါက်ဖလုတ် (ဟောက်ပေါင်းစောက်ကလိုင်) ညောင်ရေအိုးစသည်တို့ ချိတ်ဆွဲထားရသည်။

အသုဘမချမီတွင် သေဆုံးသူ၏ ခြေမလက်မတို့ကို ချည်နှောင်ပေးပြီးလျှင် စုန်ရေဆန်ရေချပေးသည်။ ခြေမပူးချည်သည်မှာ သေဆုံးသူမထနိုင်ရန် သဘောဖြင့် လုပ်ခြင်းဖြစ်သည်။ စုန်ရေဆန်ရေပေးသည်ဆိုသည်မှာ တံစက်မြိတ်မှသက်ငယ်စများဖြင့် အလောင်း၏အထက်အောက် စုန်လိုက် ဆန်လိုက် ရေသပ်ပေးခြင်း ဖြစ်သည်။ ထို့ပြင် အလောင်းချသွားသည့်အခါ ထိုနေရာကို ရေဖြင့်တစ်ခါတည်း ဆေးဖျန်းပစ်လိုက်သည်။ သေဆုံးသူနှင့်အတူ မကောင်းသော အညစ်အကြေးများ ပါသွားစေရန်ဖြစ်သည်။ ထို့နောက် အလောင်းကို ကောင်းမွန်အောင် ပြုပြင်ပေးပြီးလျှင် စောင်လွှမ်းခြုံထားသည်။ ထို့နောက် သေဆုံးသူနှင့် သားမြေးမြစ်တို့ကို လိပ်ပြာခွဲပေးသည်။ လိပ်ပြာကြိုးများကို သေဆုံးသူ၏ အိမ်မှ ကျန်ရစ်ခဲ့သူများအား တိုင်းထွာ၍ အခေါင်းထဲချည်နှောင် ပေးလိုက်သည်။ ထို့နောက် အသုဘကို သချိုင်း၌ သွားချရသည်။ အသုဘကို ကျေးရွာ၏ အနောက်ဘက်အပေါက်မှ ထုတ်ယူရသည်။ အခြားတစ်ပေါက်မှ ထုတ်ယူခြင်း မပြုရပေ။ အသုဘသွားပို့ရာ လမ်းခရီးတွင် ချုံနွယ်ပိတ်ပေါင်း နှင့်တောဖြစ်နေပါက လမ်းခရီးကို ခုတ်ထွင်ရှင်းလင်း၍ မသွားရပေ။ ရည်ရွယ်ချက်မှာ အသွားလမ်းမရှိသလို အပြန်လမ်းလည်း မရှိပေ၊ လမ်းရှိနေပါက သေမင်းသည် လမ်းသိပြီး မိမိတို့ရွာမှလူများကို မကြာခဏသေမင်း လာရောက်ခေါ်ယူနိုင်သည်ဟု

ယူဆသည့်အတွက်ကြောင့် ဖြစ်သည်။ တချို့ကလည်း အသုဘမှအပြန်လမ်းတွင် မိမိတို့ခြေရာများကို ဖျက်ပစ်ရသည်ဟု အယူရှိကြသည်။ အသုဘလိုက်ပို့၍ မြေကျင်းတွင် တရားနာသည့်အခါ ပရိသတ်အား ဆန်ဝါတစ်ဆုပ်စီနှင့်ပန်းတစ်မျိုးစီ လိုက်ဝေလေ့ရှိသည်။ အလောင်းပေါ်တွင်လည်း ဆန်ဝါ တစ်ဆုပ်၊ ပန်းတို့ကို တင်ပေးရလေသည်။ ပန်းပေးသည်မှာ မြတ်စွာဘုရားအား ပန်းလှူသည့်အနေဖြင့်လည်းကောင်း ပေးခြင်း ဖြစ်သည်။ ဆန်ဝါဆိုသည်မှာ ဆန်အား အဝါရောင်ဆိုးထားသည်။ ရိုးရိုးဆန်ဖြူသည့် ဆန်ပန်းပေါက်ပေါက်ဖောက်၍ မင်္ဂလာရှိသော အခမ်းအနားတွင် လှူဒါန်း စွန့်ကြဲကြရသည်။ ယခုဆန်ဝါမှာမူ သာမန်ရိုးရိုး ဆန်ဖြူကဲ့သို့ ဆန်ပန်း ပေါက်ပေါက်ဖောက်၍ မင်္ဂလာရှိသော (သုမင်္ဂလာ)မျိုးတွင် မသုံးရ။ မသုံးစေရန် တစ်နည်းအားဖြင့် ဆန်ပန်း ပေါက်ပေါက်လုပ်၍ မရ။ အမင်္ဂလာမျိုးတွင် သုံးရမည်ဟု ရည်ရွယ်၍ ပေးခြင်းဖြစ်သည်။ တရားနာပြီးသောအခါ ရေစက်ချသော ခွက်ကို သချိုင်းသို့သွားပို့ရသည်။ ဆန်ဝါနှင့်ပန်းကိုလည်း သချိုင်းမှာပင် ပစ်ချခဲ့ရလေသည်။ သေဆုံးသူအတွက် မြေမြှုပ် မသင်္ဂြိုဟ်မီ ထမင်း၊ ရေ၊ သစ်သီးတို့ကို ကျွေးရလေသည်။ သေဆုံးသူ၏ ပါးစပ်ထဲတွင် ပိုက်ဆံတစ်မတ်ထည့်ပေးသည်။ ထိုတစ်မတ်မှာ သေဆုံးသူသည် ကောင်းရာဘုံဘဝသို့သွားလျှင် ကူးတို့ခပေးနိုင်ရန် ဖြစ်၏။ ကူးတို့ခမပါလျှင် သေမင်က ကောင်းရာဘုံဘဝသို့ သေဆုံးသူ၏ ဝိညာဉ်အား မပို့ဆောင်ဟု ယူဆကြသည်။ လူသေကိုချပြီးသည့်နောက်တွင် နောက်တစ်ကြိမ် ရက်လည်ဆွမ်းကျွေးပြုလုပ်သည်။ တစ်ကြိမ်တစ်ခါတည်းလုပ်လျှင် ကိုယ်ရော ဆွမ်းပါ လုပ်သည်ဟုခေါ်သည်။

ဤဒေသတွင် အသုဘကိစ္စများအတွက် အထူးတလည် ဖိတ်မန္တကပြုလုပ်ရန် မလိုပေ။ လူတိုင်းလူတိုင်း သတင်းကြားသည်နှင့် လာရောက်ကူညီကြသည်သာဖြစ်သည်။ ကျေးရွာရှိ အိမ်တိုင်း ဆန်နှင့်ငွေကို အသုဘအိမ်သို့ လာရောက်ပေးကြသည်။ မည်သူမဆို ဆင်းရဲချမ်းသာမရွေး ကူညီရခြင်းဖြစ်သည်။ ဤအချက်ကား မိမိတို့၏ အဖွဲ့အစည်းအတွင်း အကြောင်းတစ်စုံတစ်ရာ ရှိလာလျှင် ကျော်သားရင်သား မခွဲခြားဘဲ ဝိုင်းဝန်းကူညီ တတ်သည့် ကတူးတို့၏ အေးအတူပူအမျှစိတ်ဓာတ်ကို ပေါ်လွင်စေသည်။

အခမ်းအနားများကို အလှူရှင်၏စီးပွားရေးပေါ်မူတည်၍ ခမ်းနားစွာ ကျင်းပနိုင်လေသည်။ မည်မျှပင် ဆင်းရဲစေကာမူ ရပ်ရွာမှ ဝိုင်းဝန်းကူညီမှုဖြင့် လူတန်းစေ့အောင် သင်္ဂြိုဟ်ရသည်သာ ဖြစ်သည်။ ကျေးရွာရှိ အပျိုလူပျိုများကလည်း ကိစ္စအစမှအဆုံး ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။ အသုဘရှင်သည် ကျွေးမွေးနိုင်သည် ဖြစ်စေ၊ မကျွေးမွေးနိုင်သည်ဖြစ်စေ အားလုံးသည် စိတ်ရောကိုယ်ပါ လုပ်ဆောင်ပေးကြသည်။

ဘုန်းကြီးရဟန်းများ ပျံလွန်တော်မူလျှင် မီးရှုသင်္ဂြိုဟ်သည့် အရိုးအိုးများကို မြေအိုးငယ်ဖြင့်ထည့်၍ အရိုးအိုးဂူ တည်လေ့ရှိကြသည်။ ဤဒေသတွင် လူတန်းစားကိုလိုက်၍ ခွဲခြားသင်္ဂြိုဟ်ခြင်းများ မရှိပေ။ သေဆုံးသူသည် (၇)ရက်မလည်ခင် ထိုသူ၏ ဝိညာဉ်သည် အလောင်းမှ မခွာသေးဟု ယုံကြည်ကြသည်။ ထို့ကြောင့် သေသူ တမလွန်ဘဝတွင် ကောင်းရာဘုံသို့ ဖြောင့်ဖြူးစွာ သွားနိုင်ရန် အမျှပေးဝေတရားများကို ဟောစေသည်။ ဘုန်းကြီး ပင့်၍လည်း မြေမမြှုပ်မီ တရားပွဲကျင်းပပေးသည်။ သေဆုံးသူဘဝကူးကောင်းစေရန် ဖြစ်သည်။ ရက်လည်ဆွမ်းများ ကပ်၍ အိမ်တွင်တရားနာကြရပေသည်။

ဤသည်မှာလည်း သေဆုံးသူဘဝကူးကောင်းစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ရှေးယခင်ကမူ သေဆုံးသူ၏ အခေါင်းထဲတွင် ထိုသူပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာ၊ ဓားလှံစသည်တို့ကို ထည့်သွင်းမြှုပ်နှံလေ့ရှိကြသည်ဟု သိရသည်။

## "အခန်း (၅)"
## ဘာသာရေးအရ လူမှုရေး ဖွဲ့စည်းပုံ

### (က) ယုံကြည်ကိုးကွယ်မှု အမျိုးမျိုး

ကတူးတိုင်းရင်းသားတို့၏ ရိုးရာကိုးကွယ်ယုံကြည်မှုတွင် ဘုရားနှင့် နတ်ကိုးကွယ်မှုသည် အဓိက ဖြစ်သည်။ ကတူးတိုင်းရင်းသားတို့၏ မြောက်မော်ကျေးရွာဒေသတွင် ဗုဒ္ဓသာသနာတော်သည် ပုဂံနော်ရထာ (အေဒီ၁၀၄၄–၁၀၇၇)တွင် လည်းကောင်း၊ ထို့ထက် စောသောအချိန်ကာလတွင်သော်လည်းကောင်း သာသနာတော် ပြန့်ပွားခဲ့သည်ဟု ယူဆရသည်။[၁] ဆားတော မော်တိပ်ကြီးကျေးရွာ (သို့) မော်တိပ်တံခွန်ကြီးရွာ (သို့) မြောက်မော် ရွာတွင် အနော်ရထာမင်းလက်ထက်က တည်ထားကိုးကွယ်ခဲ့သော မော်ဆယ်ရွာစေတီတော်ကြီး ရှိပေသည်။ ထိုစေတီ သည် မြောက်မော်ရွာ၏ အနောက်မြောက်ထောင့်ရှိ တောင်ကုန်းပေါ်တွင် တည်ထားသည်။ ထိုမော်ဆယ်ရွာစေတီ (သို့) မော်တိပ်တံခွန်ကြီး မြောက်မော်ရွာစေတီတော်သမိုင်းနှင့် ကတူးရာဇဝင်အတ္ထုပ္ပတ္တိတွင်–

"ရှင်အရဟံမထေရ်မြတ်သည် ကဒူးတို့နေရာဖြစ်သော မော်တိပ်နယ်ဒေသတွင် နေ့လရှည်စွာ ဆိတ်ငြိမ်ရာ၌ ဘာဝနာစီးဖြန်း၍ ကမ္မဋ္ဌာန်းနှလုံးသွင်းလျက် ကဒူးလူမျိုးတို့အား တရားဓမ္မညွှန်ပြဟောပြောရာ တစ်ရာ နှစ်ရာများစွာ သောင်းပြောင်း ကဒူးပေါင်းတို့သည် ကောင်းစွာနာယူလျက် စင်ဖြူသီလစာရိတ္တကို နေ့ည ဆုံးမလျက် သုံးလောကထွတ်ထား မြတ်ဘုရား၏ ကိုယ်စား ဓာတ်တော်မွေတော်မြတ်ကို ကိန်းဝပ် တည်အောင်းရာ အုတ်ကျောင်းစေတီတော် လျှောက်ပတ်သည့် ရှင်းမြေခပင်း၌ ချင်းကဒူးလူမျိုးတို့အား တည်ထားကိုးကွယ်ရန် တိုက်တွန်းသဖြင့် အဝန်းညီစွာ စုရုံးလာလျက် မဟာမေသရီမြတ်စေတီကို ညီညီညာညာ ဝမ်းမြောက်စွာဖြင့် မကြာတည်ကုန်သတည်း။" ဟူ၍ ဖော်ပြထားပေသည်။[၂]

ထိုသို့ ရှင်အရဟံသည် ဤဒေသသို့ သာသနာမပြုခင်အခါ ရှေးကချင်၊ ကတူး လူအပေါင်းတို့သည် စေတီဟူ၍ အမြွက်အားဖြင့် ကြားဖူးရုံမျှသာ ကျောက်ပုံစု၍ စေတီဟု ကိုးကွယ်ကြကြောင်း သိရှိရသည်။ ဤသို့ဖြင့်

---

၁။ ကျော်ရှင်း၊ မောင်၊ ကနန်းအလှ။ ၁၉၉၄။ စာ–၁၁၀။

၂။ သီရိ၊ ဦး၊ မော်ဆယ်ရွာစေတီတော်သမိုင်းနှင့် ကဒူးရာဇဝင်အတ္ထုပ္ပတ္တိ။ စာ–၅၂။

ဆားတောမော်တိပ်ကြီး (သို့) မော်တိပ်တံခွန်ကြီးရွာ (သို့) ယခုမြောက်မော်ရွာသို့ ဗုဒ္ဓသာသနာစတင်ရောက်ရှိလာခဲ့သည်ဟု ဆိုသည်။ ကတူးတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် နည်းတူဗုဒ္ဓသာသနာတော်ကို များစွာသက်ဝင်ယုံကြည်ကြသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်သဖြင့် ကံ–ကံ၏အကျိုးကို လက်ခံယုံကြည်ကြသည်။ ကောင်းမှုပြုလျှင် ကောင်းကျိုးပေး၍ မကောင်းမှုပြုလျှင် မကောင်းကျိုးကို ခံစားရမည်ဟု ယုံကြည်သည်။ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် နေအိမ်၌ ဘုရားစင်၊ ဘုရားပန်းအိုး၊ စေတီပုံ၊ ဘုရားကားချပ်များကို ထားရှိကိုးကွယ်သော်လည်း ဘုရားရုပ်ပွားဆင်းတုတော်ကိုမူ နေအိမ်များ၌ ထားရှိပြီး ပူဇော်ခြင်း မရှိပေ။ ကျေးရွာရှိ ဘုရားနှင့်ဘုန်းတော်ကြီးကျောင်းတွင်သာထား၍ ကိုးကွယ်ပူဇော်ကြသည်။

ထိုကဲ့သို့ ဘုရား၏ရုပ်ပွားဆင်းတုတော်ကို နေအိမ်၌ထား၍ မကိုးကွယ်ခြင်းမှာ မိမိတို့သည် ပုထုဇဉ်များဖြစ်သည့်အားလျော်စွာ ကောင်းသည့်အပြုအမူ အပြောအဆိုကိုဖြစ်စေ၊ မကောင်းသည့်အပြုအမူ အပြောအဆိုကိုဖြစ်စေ နေအိမ်တွင်း၌ ပြုမူမိတတ်ကြသည်။ ထိုအခါ အိမ်၌ဘုရားဆင်းတုထားမိပါက မြတ်စွာဘုရားရှေ့တွင် မအပ်စပ်သည့် အပြုအမူများ ပြုလုပ်မိလျှင် ပို၍အပြစ်ကြီးလေးသည်ဟု ခံယူသည်။ ထိုသို့ အပြစ်ခံရမည်ကို စိုးရွံ့၍ဖြစ်သည်ဟု ဆိုကြသည်။ ရွာသားတို့သည် ဘုရားရုပ်ပွားတော်အားလည်း သက်ရှိဘုရားတစ်ဆူ ကဲ့သို့ပင် ယုံစားကိုးကွယ်ကြသည်။ ဘုရားစင်ကိုမူ အိမ်တွင်း၌ ပြုလုပ်ထားတတ်ကြသည်။ ထိုဘုရား စင်ပေါ်တွင် ဘုရားပန်းအိုးများတင်၍ လှူဒါန်းထားတတ်ကြသည်။ အချို့မှာလည်း အိမ်၏ရှေ့ကပြင်တွင် သောက်ရေအိုးစင်ပြုလုပ်ပြီး သောက်ရေအိုးများ နှင့်အတူ ဘုရားပန်းအိုးများကို တင်ထားတတ်ကြသည်။ ဘုရားပန်းကို လည်း မည်သည့်အခါမှပင် ညှိုးမနေစေရ။ အမြဲတစေ လန်းဆန်းနေစေသည်။

ကတူးတိုင်းရင်းသားတို့သည် လှူဒါန်းပေးကမ်းရက်ရောသည်။ ဘုရားဒကာ၊ ကျောင်းဒကာ ဖြစ်ရသည်ကို အလွန်တန်ဖိုးထား၊ လိုလားသည်။ ရှေးဘုရင်များလက်ထက်က ဘုရားတည်၊ ကျောင်းဆောက်သော ဘုရားဒကာ၊ ကျောင်းဒကာတို့အား မင်းပြစ်မင်းဒဏ်မှပင် လွတ်ခွင့်ရခဲ့သည်ဟု ဆိုကြသည်။ ကတူးတိုင်းရင်းသားတို့သည် ဘာသာရေးကို ရှေးအစဉ်အဆက်ကတည်းက အလေးထားခဲ့ကြောင်းကို ဤဒေသအနီးတစ်ဝိုက်ရှိ ဘုရားဟောင်း စေတီဟောင်းများ တွေ့ရခြင်းက သက်သေခံနေပေသည်။

ကတူးတိုင်းရင်းသားတို့သည် မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို အိမ်၌ထား၍ ကိုးကွယ်လေ့မရှိသော်လည်း ဘုရားစင်ကို အိမ်ဦးခန်း၌ထားရှိပြီး ဘုရားဝတ်ပြုကြသည်ကို တွေ့ရသည်။ ရွာသူရွာသားတို့သည် ဘုရားကိုဖြစ်စေ၊ ရဟန်းသံဃာများကိုဖြစ်စေ၊ ရှိခိုးကန်တော့ကြရာတွင် အမြဲတစေ လက်ထဲတွင် ပန်းတစ်မျိုးမျိုးကို ဖြစ်စေ၊ သစ်ခက်တစ်မျိုးမျိုးကိုဖြစ်စေ၊ ကိုင်ပြီး ရှိခိုးလေ့ရှိကြသည်။ ထိုသို့ပြုခြင်းမှာ ဘုရားအား ပန်းဆက်ကပ်လှူဒါန်းသည့်သဘောပင် ဖြစ်သည်။ သူတို့သည် ဘုရားရှိခိုးရာတွင် အနန္တော အနန္တ ငါးပါးစလုံးကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဘုရားကို ရှိခိုးလိုက်ကြဦးစို့ခင်ဗျား၊ တရားကို ရှိခိုးလိုက်ကြဦးစို့ခင်ဗျား”စသည်ဖြင့် လူတစ်ဦးက တိုင်ပေးပြီး တစ်ညီတစ်ညာတည်း ရှိခိုးကန်တော့ကြသည်။

ကတူးတိုင်းရင်းသားတို့သည် ဘုရားကို လေးစားစွာ သက်ဝင်ယုံကြည်ကြသည့်နည်းတူ သံဃာတော်မြတ်များကိုလည်း အလွန်ကြည်ညိုကြသည်။ မည်မျှပင် အရေးကြီးသောကိစ္စနှင့်လာခဲ့စေကာမူ လမ်းခရီး၌ ဘုန်းကြီးရဟန်းနှင့် တွေ့ဆုံမိလျှင် လမ်းဘေး၌ ဝပ်တွား၍ လက်အုပ်ချီကာ ရှိခိုးနေတတ်သည်။ ဘုန်းကြီး ရဟန်းကျော်လွန်သွားမှသာလျှင် မိမိသွားလိုရာ ခရီးကို ဆက်သွားလေ့ရှိကြသည်။ ကတူးတိုင်းရင်းသားတို့သည် သံသရာလည်ပတ်သည်ကို လက်ခံပြီး တမလွန်ဘဝရှိကြောင်း လက်ခံယုံကြည်ကြ သည်။ တမလွန်ဘဝတွင် ကောင်းစေရန် မျက်မှောက်ဘဝတွင် ဒါန၊ သီလ၊ ဘာဝနာများ ကျင့်ကြံအားထုတ် ဆောက်တည်ကြရမည်ဟု ခံယူထားကြသည်။ ရွာဦးတွင် ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်၍ ဗုဒ္ဓဘာသာ ဘုန်းကြီးရဟန်းများကို ကိုးကွယ်ကြသည်။ ဘုန်းကြီးရဟန်းများကို ကြည်ညိုရာ၌ ဘုန်းကြီးရဟန်း၏ အရိပ်ကိုပင် နင်းမိလျှင် ငရဲကျတတ်သည်ဟု ယူဆကြသည်။ ကျေးရွာရှိ ဘုန်းတော်ကြီးသည် ရွာ၏သာမှု၊ နာမှုကိစ္စတိုင်း၌ပါဝင် ရသည်။ ရွာသူရွာသားတို့သည် ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလ ဆောက်တည်လေ့ရှိကြသည်။ ထိုကဲ့သို့ ဥပုသ်သီလ ဆောက်တည်ကြသည့်အခါတွင် သက်ကြီးရွယ်အိုများသည် အိမ်သို့မပြန်တော့ဘဲ ဘုန်းတော်ကြီးကျောင်းနှင့်ကျောင်း၌ရှိသော ဇရပ်များပေါ်တွင်

ညအိပ်လေ့ရှိကြသည်။ အများအားဖြင့် သက်ကြီးရွယ်အိုယောကျ်ားများသာ ဖြစ်ကြသည်။ ကျောင်းရှိဇရပ်များပေါ်သို့ အကြောင်းမဲ့အိပ်လေ့ရှိပေ။ ဘုန်းတော်ကြီးထံ ခွင့်တောင်းပြီးမှသာ တက်ရောက်လေ့ရှိသည်။

ထိုကဲ့သို့ ဥပုသ်သီလဆောက်တည်သည့်အခါတွင် အိမ်သို့ ပြန်မအိပ်ကြခြင်းမှာ လောကုတ္တရာရေးရာ ဆောင်ရွက်နေစဉ်တွင် လောကီရေးရာများနှင့် ကင်းရှင်းစေရန် ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် အိမ်ရှိ မိသားစုများသည် ဥပုသ်သီတင်းဆောက်တည်သူများအတွက် ဆွမ်း၊ ပန်း၊ ရေချမ်းမှအစ အိပ်ရာလိပ်များအထိ ကျောင်းသို့ ပို့ပေးကြရလေသည်။ ဥပုသ်စောင့်သူများသည် နောက်တစ်နေ့ ငါးပါးသီလခံယူပြီး မှ အိမ်ပြန်လေ့ရှိကြသည်။ ဘုန်းတော်ကြီးကျောင်းမှ အစားအစာများကို သိပ်စားလေ့စားထ မရှိပေ။ ထိုကဲ့သို့ စားမိသည့်အတွက် အပြစ် တစ်စုံတစ်ရာဖြစ်ပြီး ငရဲကြီးမည်ကို ကြောက်ရွံ့တတ်ကြသည်။ သက်ကြီးရွယ်အိုများသည် ညနေချိန်တိုင်း ဘုရားသို့သွား၍ ဝတ်ရွတ်လေ့ရှိကြသည်။ ဘုရားသို့သွားသည့်အခါတိုင်း ပုတီး၊ ဆန်၊ ပန်း၊ ပေါက်ပေါက်ထည့်ထားသော "ဟောက်ပေါင်းစော့ကလိုင်" ခေါ် နီးနှင့်ရက်လုပ်ထားသည့် ဖူးကလေးများကို ယူဆောင်သွားလေ့ရှိကြသည်။

တိုင်းရင်းသားတို့သည် ဘုရားကိုးကွယ်မှုနှင့်အတူ ရိုးရာနတ်ကိုးကွယ်မှုလည်း ရှိကြသည်။ ရိုးရာနတ်၏ တန်ခိုးကို ယုံကြည်လေးစားလေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့၏ နတ်ကိုးကွယ်မှုတွင် နတ်ဆိုးနှင့် နတ်ကောင်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားထားသည်။ အထူးသဖြင့် နတ်ဆိုးများကို ပိုမိုကြောက်ရွံ့ကြသည်။ ကတူးတို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်စသည်တို့ကိုလည်း ယုံကြည်ကိုးကွယ်ကြသည်။ မြောက်မော်ကျေးရွာရှိ ကတူး တိုင်းရင်းသားတို့သည် အရာရာတွင် နတ်များ စောင့်ကြပ်နေကြသည်ဟု ယုံကြည်သည်။ တောတောင်များ၊ မြစ်ချောင်းများရှိသော အရပ် ဖြစ်၍ မိမိတို့သွားလာရာတွင် တောကောင်များ မကိုက်စေရန် တွေ့ရကြုံရာ နတ်စင်များ၊ သစ်ပင်ကြီးများပေါ်၌ စားဦးစားဖျားကိုဖြစ်စေ၊ သစ်သီးဝလံများ၊ ပန်းများကို ဖြစ်စေ တင်သပူဇော်ကြသည်။ တောတောင်အတွင်းမှ ကျား၊ ကျားသစ်၊ တောဝက်စသည့် တောကောင်များသည် တောစောင့်နတ်၊ တောင်စောင့်နတ်တို့တိုက်၍လည်း ကိုက်တတ်၊ ရန်မူတတ်ကြသည်ဟု ယုံကြည်နေကြသည်။ ထို့ကြောင့် မိမိတို့အား ဘေးအန္တရာယ်မပေးရန် ကြက်ဖ၊ ကြက်မ၊ ဘဲဥ၊ ငါးချဉ်၊ ငါးခုံးမ (၇)ကောင် ပန်းစသည်တို့ဖြင့် ပူဇော်ပသလေ့ရှိသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့ ကိုးကွယ်သော နတ်သည် "ငွန်းစ"အရှင်ကြီးနတ်ဟု ခေါ်သည်။ "ငွန်း"ဟူသည်မှာကတူးဘာသာဖြင့် "ရွှေ"ဟု အဓိပ္ပာယ်ရသည်။ "ငွန်းစ"ဟူသည်မှာ ရွှေငွေ ပေါများကြွယ်ဝစေရန် ပြုလုပ်ပေးနိုင်စွမ်းရှိသောနတ်ဟု ယူဆသဖြင့် "ငွန်းစ" အရှင်ကြီးနတ်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ထိုငွန်းစအရှင်ကြီးနတ်စင်သည် မြောက်မော်ရွာ၏ အရှေ့ဘက် သုံးဖာလုံ အကွာ၊ မော်လင်ချောင်း၏ တောင်ဖက်တွင် နတ်စင်ဆောက်၍ ကိုးကွယ်ထားကြသည်။ ထိုနတ်စင်တွင် အမိုးအကာများ ပြုလုပ်မပေးကြရပေ။ မိမိတို့၏ ကျေးရွာရှိ ငွန်းစနတ်သည် တန်ခိုးအလွန်ထက်မြက်သော နတ်ဖြစ်သောကြောင့် အမိုးအကာမရှိဘဲ နေနိုင်သည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ မြောက်မော်ရွာ၏တောင်ဖက်ရှိ တောင်မော်ရွာမှ ကတူးများကိုးကွယ်သော နတ် ၂ပါးကိုလည်း နတ်စင်ဆောက်၍ ကိုးကွယ်ထားသည်ကို တွေ့ရသည်။ ထိုနတ် ၂ပါးသည် မိုးကောင်းအရှင်ကြီးနတ်ဟု ခေါ်သည်။ ၎င်းနတ်စင်ကိုမူ အမိုးအကာများ တစ်နှစ်တစ်ကြိမ် ပြုလုပ်ထားပေးရသည်။ တောင်မော်ရှိ မိုးကောင်းအရှင်ကြီး နတ်သည် သားမက်မျိုးမှ ဆင်းလာသော နတ်ဖြစ်ပြီး မြောက်မော်ရှိ ငွန်းစနတ်သည် ယောက္ခမအမျိုးဟု အဆိုရှိကြသည်။

မြောက်မော်ကျေးရွာရှိ ငွန်းစအရှင်ကြီးနတ်ကို ဝါဝင်ဝါကျွတ်များတွင်မှ ပူဇော်ပသကြရသည်။ ထိုကဲ့သို့ ပူဇော်ပသကြရာတွင် ကျေးရွာရှိ အိမ်တိုင်း တစ်အိမ်လျှင် ကြက်တစ်ကောင်စီ ယူခဲ့ကြရသည်။ ထိုကြက်များထဲမှ အကောင်းဆုံးကြက်ဖိုကြက်မကို အရှင်လတ်လတ် ပူဇော်ပသထားရသည်။ ထို့နောက် ထိုကြက်ဖို ကြက်မတို့၏အမွေးအတောင်များကို အရှင်လိုက်နှုတ်ပြီး နတ်စင်၌ တင်ရသည်။ ကြက်၏အသဲအမြစ်၊ အတောင်များ နှစ်ဖက်ကို နီးဖြင့်သီ၍ အစိမ်းလိုက်တင်ရသည်။ ထိုသို့အစိမ်းလိုက်တင်သည်မှာ အောက်နတ် (စုန်းကဝေ)ကို တင်ခြင်း ဖြစ်သည်ဟုဆိုသည်။ ထို့နောက်တွင်မှ ကျန်သော ကြက်အားလုံးကို ချက်ပြုတ်ပြီး ပူဇော်ရသည်။ ချက်ပြုတ်ရာတွင် နတ်စင်ရှေ့ရှိ မြေကွက်လပ်ပေါ်၌ပင် ချက်ပြုတ်ရသည်။ ထိုကဲ့သို့ ချက်ပြုတ်ရာတွင် ကြက်ဖို ကြက်မတို့၏ ခြေထောက်များကို သတ်မှတ်ပြီး ချက်ပြုတ်သည်။ ပြီးနောက် ထိုကြက်ခြေထောက်များနှင့်

ကြက်ရိုးထိုး ကြည့်လေ့ရှိသည်။ မိမိတို့ကျေးရွာတွင် လယ်ယာသီးနှံများ ကောင်း မကောင်း ရပ်ရွာတွင် ဘေးအန္တရာယ် ရှိ မရှိအစရှိသဖြင့် မိမိတို့သိလိုရာရာကို ကြက်ရိုးထိုးကြည့်သည်။ ထိုသို့ နတ်ကိုပူဇော်ပသရာတွင် အိမ်၌အိမ်သူအိမ်သား မည်မျှရှိကြောင်း၊ ခွေး၊ ကြောင်၊ ကြက်မှအစ ကျွဲ၊ နွား၊ တိရစ္ဆာန်ဦးရေမည်မျှ ရှိပါကြောင်း၊ ထိုလူနှင့်တိရစ္ဆာန်များ မပျောက်မပျက်စေရန် ကျန်းမာချမ်းသာရန်၊ မိုးလေဝသကောင်းရန်၊ သီးနှံအောင်မြင်ရန် အရှင် နတ်မင်းက စောင့်ရှောက်ပေးပါ။ အရှင်ကြီးကိုသာ အားကိုးပါသည် စသည်ဖြင့် တိုင်တည်၍ ဆုမွန်ကောင်းတောင်းကြရသည်။ ထိုသို့ နတ်ကြီး ပူဇော်ပသခြင်းကို နတ်ထိန်းများက ဦးဆောင် တင်သပေးကြရသည်။ နတ်တင်ထားသော အစားအစာများကို စားသောက်ခြင်းဖြင့် ရောဂါခပ်သိမ်း ကင်းဝေးသည်ဟု ယုံကြည်ကြသည်။ ဤ "ငွန်းစ" အရှင်ကြီးတင်သော နေရာသို့ မိန်းမများ မလာကြရပေ။ မိန်းမများသည် ချောင်း၏တစ်ဖက်ကမ်းတွင်သာ နေရစ်ခဲ့ကြရသည်။ ယောကျ်ားများသာလျှင် လာရောက် ဝိုင်းဝန်းပူဇော်ပြီး စားသောက်ကြရသည်။ ဤကဲ့သို့ ငွန်းစအရှင်ကြီး နတ်ပူဇော်ကြခြင်းမှာ မြောက်မော်ရွာသားတို့သည် မိမိတို့ ကျေးရွာ၌ အန္တရာယ်ကင်းရန်၊ တောလိုက်ရာတွင် ဘေးကင်းရန် ရွာသူရွာသားများ ရွှေငွေပေါပေါများများ ရှိစေရန် ရည်ရွယ်၍ ပူဇော်ပသခြင်း ဖြစ်သည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့ လုပ်ကိုင်လိုသည့်လုပ်ငန်းဆောင်တာများကို အများအားဖြင့် ကြက်ရိုးထိုးပြီးမှ ပြုလုပ်သည့်ဓလေ့ရှိသည်။ ကြက်ရိုးထိုးကြည့်၍ မကောင်းဟုယူဆပါက နောက်တစ်ကြိမ် ထပ်မံ ကြက်ရိုးထိုးကြည့်ပြန်သည်။ ဤတစ်ကြိမ်တွင်လည်း မကောင်းဟု ယူဆပါက မိမိတို့သည် အမှားတစ်စုံတစ်ရာ ကျူးလွန်မိသည်ဟု ယုံကြည်ပြီး သက်ဆိုင်ရာနတ်ကို ပူဇော်ပသတောင်းပန်မှု ပြုကြရလေသည်။

ကတူးတိုင်းရင်းသားတို့သည် ငွန်းစအရှင်ကြီး နတ်အပြင် "အို့ရှိမန်တုံး"ခေါ် ခေါင်တိုင်နတ်ကိုလည်း ကိုးကွယ်ကြသေးသည်။ ၎င်းခေါင်တိုင်နတ်ကို အိမ်တွင်းနတ်၊ ရိုးရာနတ်၊ ဘိုးဘွားနတ် အစရှိသဖြင့် ခေါ်ဝေါ်ကြသေးသည်။ ခေါင်တိုင်နတ်ကို အိမ်၏အတွင်းခန်းထဲရှိ ခေါင်တိုင်နေရာ၌ စင်ထိုး၍ အုန်းညွန့်၊ သပြေညွန့် စသည့် နတ်ပန်းများ၊ နှီးဖြင့် ရက်လုပ်ထားသည့် ယပ်တောင်ကလေးများဖြင့် ပူဇော်ပသတတ်ကြသည်။ ကတူးတို့၏အိမ်တွင် ခေါင်တိုင်သည်အထွတ်အမြတ်ပင် ဖြစ်သည်။ ဤခေါင်တိုင်နတ်သည် ယောကျ်ားဘက်မှ ဆင်းသက်လာသောနတ်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ခေါင်တိုင်နတ်ထားသော အခန်းတွင်းသို့ လူတိုင်းမဝင်ရပေ။ ခေါင်တိုင်နတ်သည် ချွေးမကိုသာ ဝင်ခွင့်ပြု၍ သားမက်ကို ဝင်ခွင့်မပြုပေ။ အကြောင်းမှာ ခေါင်တိုင်နတ်သည် ယောကျ်ားဘက်မှ ဆင်းသက်လာသော နတ်ဖြစ်သဖြင့် ယောကျ်ားလေးနှင့် ဆက်နွယ်လာသော ချွေးမကိုသာ ဝင်ခွင့်ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် ကတူးတိုင်းရင်းသားတို့သည် မင်္ဂလာဆောင်ရာ၌ ချွေးမတက်ကိုသာ ယူကြခြင်းဖြစ်သည်။ ယောကျ်ားတစ်ယောက်သည် မိန်းမသေ၍ အိမ်ထောင်ထပ်ပြုပါက ထိုမိန်းမတွင် သားယောကျ်ားပါလာခဲ့လျှင် ထိုသားကို မိမိ၏သားအဖြစ် အသိအမှတ်ပြုရန် ခေါင်တိုင်နတ်ကို ပူဇော်ပသပေးရသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို ခေါင်တိုင်နတ်ကို ရေသွန်းသည်ဟု ခေါ်သည်။ ဖခင်၏ အရိုက်အရာ (သို့) အမွေဆက်ခံပိုင်ခွင့်ကို တောင်းရသည်ဟုလည်း ခေါ်လေသည်။ ထို့အပြင် ထိုခေါင်တိုင်နတ်ကို နေမကောင်းဖြစ်သောအခါတွင်လည်း နေမကောင်းသူ၏ အဝတ်အစား၊ ကြက်သားဟင်း၊ ထမင်း၊ ရေစသည်တို့ဖြင့် အဘိုးအတွက် တစ်ပွဲ၊ အဘွားအတွက် တစ်ပွဲ ပြင်ဆင်ပြီး ကျွေးရသည်။ အိမ်ရှင်ကလည်း စားရသည်။ ထိုကဲ့သို့ စားနေစဉ် ဧည့်သည်ပါလာပါက မဖိတ်ခေါ်ရပေ။ ဧည့်သည်က မိမိသဘောနှင့် ဝင်စားပါက စားခွင့် ရှိပေသည်။ ထိုခေါင်တိုင်နတ်ကို ပူဇော်ပသရန် ကြက်ဖိုကြက်မကို ညတွင် အရှင်ထားပြီး နံနက်ရောက်သောအခါမှသာ ကိုယ်တိုင်သတ်၍ ချက်ရလေသည်။ ထိုရိုးရာခေါင်တိုင်နတ် ကိုးကွယ်မှုသည် မြောက်မော်ရွာအနီးအနား ကျေးရွာများမှ ကတူးတိုင်းရင်းသားတိုင်း အတူတူပင် ဖြစ်သည်။

ထို့အပြင် မြောက်မော်ကျေးရွာ အပါအဝင် ပင်လည်ဘူးနယ်အတွင်းရှိ ကတူးတိုင်းရင်းသားတိုင်း ကိုးကွယ်ကြသော နတ်သည် မိုင်းသုံအရှင်ကြီးနတ်ပင် ဖြစ်သည်။ မိုင်းသုံအရှင်ကြီးနတ်သည် နယ်ပိုင်ရှင်နတ်ဖြစ်သည်။ မိုင်းသုံအရှင်ကြီးနတ်ကိုလည်း ဝါဝင်ဝါထွက်တိုင်း ပူဇော်ပသလေ့ရှိသည်။

ကတူးတိုင်းရင်းသားတို့သည် အမဲလိုက်ရာတွင် မုဆိုးနတ်ခေါ် ဖိုးဟော်နတ်အပြင် လမိုင်းနတ်ကိုလည်း ပူဇော်ပသကြသည်။ မုဆိုးတို့သည် အမဲလိုက် မထွက်မီ နယ်ရှင်ပယ်ရှင်နတ်၊ တောတောင် စောင့်နတ်၊ ရွာသူခေါ်

(စုန်းမ)ကိုလည်းကောင်း ပူဇော်ပသကြရသည်။ ထိုကဲ့သို့ ပူဇော်ပသကြရသည်ကို မုဆိုးများ လမိုင်းတင်သည်ဟု ခေါ်သည်။ မုဆိုးများ လမိုင်းတင်သည့်အခါတွင် ရွာစာ၊ တောစာကို အရင်တင်ရသည်။ အမဲမရအောင် နှောင့်ယှက်မည့် ရွာထဲမှ အနှောင့်အယှက်၊ အဖျက်များကို လိုက်မလာနိုင်ရန်၊ သားကောင်ရစေရန် ရည်ရွယ်ပြီး လက်ဝဲလက်ယာ ထမင်းတစ်ဆုပ်စီကို အင်ဖက်နှင့် ထုပ်ပြီး တစ်နေရာတွင် ထားခဲ့ရသည်။ ထို့နောက် ထမင်း(သို့) ဆန်၊ ကြက်ဥ၊ ရေ၊ ဆေးခေါင်း (ဆေးရွက်ကြီး) စသည်တို့ဖြင့် လမိုင်းနတ်ကို ပသကြရလေသည်။ ထိုသို့ ပူဇော်ပသရာတွင် သက်ဆိုင်ရာ တောတောင်အတွင်း အမဲလိုက်ခွင့်ပြုရန်၊ ၉၉–ယောက်သော မုဆိုးများ စားမကုန်၊ သောက်မကုန်အောင် အမဲကောင်များ ပေးအပ်ပါရန်၊ အမဲလိုက်ရာတွင် ဘေးအန္တရာယ်နှင့် မကြုံမိစေရန်၊ ပစ်ခတ်မိသော သားကောင်များ ချက်ချင်းသေစေရန်စသည်ဖြင့် တိုင်တည်လေ့ရှိသည်။ ထိုသို့ပသပြီးနောက် ထမင်းဟင်းတို့ကို မုဆိုးတို့ လုယက်စားသောက်ကြသည်။ ထို့အပြင် မိမိတို့အလိုရှိရာ ဆုတောင်းပြီး တောသို့ မဝင်ခင်ကြက်ရိုး ထိုးကြည့်လေ့ရှိသည်။

ကျေးရွာအတွင်း မင်္ဂလာဆောင်ရှိပါက ထိုရွာအတွင်းရှိ မုဆိုးများ၏ လမိုင်းပျက်တတ်သည်ဟု အယူရှိသည်။ ထို့ကြောင့် သတို့သားတို့က မုဆိုးအား ကြက်ဖို ကြက်မတို့ကို လမိုင်းပြန်တင်ရန်အတွက် မုဆိုးကြေး ပေးရရိုး ထုံးစံရှိသည်။ မုဆိုးသည် အမဲများရလျှင် ထိုအမဲသားများဖြင့် သက်ဆိုင်ရာ နတ်များကို ပြန်လည် ပသကြရပြန်သည်။ လမ်းခရီးတွင် ကြုံလာသူများကိုလည်း အရိုးမပါဘဲ အသားချည်းသက်သက် ဟင်းစားပေးကြရသည်။ အကယ်၍ အရိုးပါသွားလျှင် အမဲသားရသွားသူက အမဲရိုးကို စဉ်းနီတုံး၌ ရိုက်ထားလိုက်လျှင် ထိုမုဆိုးမှာ နောက်ထပ်အမဲပစ်ခတ်၍မရဟု ယုံကြည်ကြသည်။ အမဲသားများကို မနမြောကြရပေ။ အမဲကို ရက်ရောစွာပေးကမ်းမှ အမဲကောင်များများ ရသည်ဟု ယုံကြည်ကြသည်။

ကတူးတို့သည် ရေလုပ်ငန်းဆောင်တာ လုပ်ကိုင်ရာတွင်လည်း ရေနတ်ကိုလည်း ပူဇော် ပသကြသည်။ မိခင်နှင့်ကလေး အတူအိပ်နေစဉ် ကလေးငိုသည့်အခါတွင် ထိုကလေးငိုစေရန် "မာတလာ"နတ်ခေါ် "သန္ဓေ"နတ်က ပြုစားထားခြင်းကြောင့် ဖြစ်သည်ဟု ယုံကြည်သည်။ ထိုသို့ ပြုစားခြင်း မပြုစေရန် ထမင်းနှင့်ပြာကို ရောနယ်၍ လုံးပြီး ဖက်နှင့်ထုပ်ထားရသည်။ ထို့နောက် ကြက်မွေး ၇–ချောင်းစိုက်ပြီး ကုတင်အောက်၌ ချိတ်ဆွဲထား ရပေသည်။ ထိုထမင်းထုပ်ကို နတ်က စားရသဖြင့် ကလေးအား မပြုစားတော့ပေ။ သို့မှသာ ကလေးအငိုတိတ်မည်ဟု ယုံကြည်ကြသည်။

ကတူးတိုင်းရင်းသားတို့သည် အထက်ဖော်ပြပါ နတ်အမျိုးမျိုးအပြင် လယ်မြေနှင့်တောင်ယာ စိုက်ပျိုးရာတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် မြေစောင့်နတ်၊ ရေစောင့်နတ်၊ မိုးစောင့်နတ်များကိုလည်း ပသကြသည်။ သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးနှံကိုစောင့်သော ပုန်းမကြည်နတ်သမီးကို ပူဇော်ကြသည်။ စပါး များ ရိတ်သိမ်းပြီး၍ စပါးကို လှေ့ပြီးစပါးကျီအတွင်းသို့ မသွင်းမီ စပါးလှေ့သည့်နေရာမှ စပါးကျီသို့ သွားရာ လမ်းတစ်လျှောက်တွင် စပါးဖျင်းများကို လမ်းတစ်လျှောက်တွင် ဖြူးသွားရသည်။ ဖြူးနေစဉ် လမ်း၌ မည်သူနှင့်မျှ စကားမပြောရပေ။ ထိုသို့ ပြုလုပ်နေခြင်းသည် စပါးလိပ်ပြာအား စပါးကျီအတွင်းသို့ ခေါ်သွင်းခြင်းဖြစ်သည်။ ထိုသို့ စပါးများကို ပုန်းမကြည်နတ်တင်သည့်အခါတွင် ထမင်း၊ စပါး အနည်းငယ်၊ ပေါင်းတင်း၊ ကြက်ဥ (သို့မဟုတ်) ကြက်ခေါင်း၊ အသဲအမြစ်၊ ခြေ၊ အတောင်၊ အားလုံးကိုပြုတ်၍ စပါးပုံပေါ်တွင် တင်ထားပြီး ပုန်းမကြည်နတ်ကို ပသပေးရသည်။ ယခုနှစ်ကဲ့သို့ နောင်နှစ်တွင်လည်း စပါးသီးနှံများ ကောင်းမွန်စေရန် မ,စ ပေးပါရန် အဆိုအပြောများဖြင့် ဆုတောင်းပြီး ပသကြသည်။ ထိုသို့ပသပြီးနောက်မှ ပူဇော်ထားသော ပစ္စည်း အနည်းငယ်နှင့် စပါးတစ်ခွဲခန့်ကို စပါးကျီထဲသို့ သွားထားပြီ : ၇–ရက်ပြည့်မှယူစား၍ရသည်။ ၇–ရက်မပြည့်မီ စပါးကျီထဲသို့ ထည့်ထားသော စပါးများကို ယူမစားရ။ ပုန်းမကြည်နတ်ကြာရှည်စွာ မနေဟု ယူဆလေ့ရှိသည်။ စပါးကျီထဲမှ စပါးများကို ထုတ်ယူသည့်အခါတွင် တောင်းမှလွဲ၍ အခြား ပြည်တောင်း၊ တင်းတောင်း၊ ဆန်ကောစသည်တို့နှင့် မကျုံးရပေ။ ပုန်းမကြည်နတ်တင်သောနေ့တွင် စပါးလှေ့ရန် ကူညီသူများအား ကောက်ဦးဆွမ်းကျွေးလေ့ရှိသည်။ ဤကဲ့သို့ ကတူးတို့သည် ရိုးရာနတ်များ၊ လုပ်ငန်းဆိုင်ရာနတ်များကို ယုံကြည်ကိုးကွယ်ကြသည့်အပြင် စုန်းကဝေစသော ယုံကြည်မှုမျိုးလည်း ရှိကြသေးသည်။

ကတူးတိုင်းရင်းသားတို့သည် စုန်းအတတ်၊ မှော်အတတ်များဖြင့် လူကိုပြုစားနိုင်သည်ဟုလည်း ခံယူကြသည်။ ကတူးတို့၏ စုန်းယုံကြည်မှုတွင် အထက်စုန်းနှင့်အောက်စုန်းဟူ၍ ရှိသည်ဟုဆိုသည်။ အိမ်ဂလိန်းစုံး၊ ၁၂–ကြိုးစုန်း၊ ဇော်ဂနီစုန်းအစရှိသဖြင့် စုန်းအမျိုးပေါင်းများစွာရှိသည်ဟုဆိုသည်။ အိမ်ဂလိန်းစုန်းအတတ်သည် ဓါးသီးကို လက်နှင့် မခူးဘဲ ပါးစပ်ဟလိုက်ရုံဖြင့် ကြွေကျလာနိုင်သည့်အစွမ်းရှိသည်။ မှော်အတတ်တွင်လည်း ပုဏ္ဏက မှော်၊ သူရဿတီမှော်၊ အာဋာဝကမှော်အစရှိသဖြင့် ၉၉–မှော်ပင် ရှိကြောင်း ပြောကြသည်။ စုန်းကဝေမှော်အတတ်ပညာတို့ကို ယောကျ်ားများသာမက မိန်းမများပင်တတ်နိုင်သည်ဟု ဆိုသည်။ စုန်းများသည် အစာထဲသို့ ဆေးခတ်ခြင်း၊ အပင်းသွင်း(ဗူးသွင်း)ခြင်း စသည်တို့ ပြုလုပ်တတ်ကြသည်ဟု ယုံကြည်သည်။ စုန်းအတတ်ဖြင့် ထိုင်နေလျှင် ထ၍ မရအောင်လည်းကောင်း၊ ဆံပင်များကို ရှုပ်ထွေးအောင်လည်းကောင်း၊ ရေတကောင်းထဲတွင် ရေထည့်ပြီး သွန်ချပါက ရေသံသာကြားရပြီး ရေများကျမလာအောင်လည်းကောင်း ပြုလုပ်နိုင်စွမ်း ရှိပေသည်။

လူတစ်ဦးတစ်ယောက်နေထိုင်မကောင်းဖြစ်လျှင်လည်းကောင်း ညအခါတွင် ကလေးများ ငိုလျှင်လည်းကောင်း၊ စုန်းများပြုစားသည်ဟု ယူဆလျှင် ဆေးဆရာ၊ နတ်ဆရာတို့အား ကုသခိုင်းလေ့ရှိသည်။ ပညာတတ်သူ တစ်ယောက်သည် လူတစ်ယောက်ကိုမြင်လျှင် ခြင်းကြားပေါက်ဟုသာ မြင်သည်။ အပေါက်တိုင်းမှ သွင်း၍ရသည်ဟုဆိုသည်။ ၎င်းတို့သည် ချစ်လျှင်ဖြစ်စေ၊ မုန်းလျှင်ဖြစ်စေ ပြုစားတတ်ကြသည်။ မုန်းသောအခါတွင် သေသည်အထိ ပြုစားနိုင်သည်။ သို့သော် မည်မျှပင် မုန်းစေကာမူ ထိုသူ၏ ကံဇာတာမြင့်နေလျှင် မပြုစားနိုင်ဟု ယူဆသည်။

စုန်းအတတ်၊ ကဝေအတတ်၊ မှော်အတတ်ဖြင့် ပြုစားခြင်း ခံရပါက ထိုသို့ ပြုစားထားသည်ကို ဆေးဆရာ၊ နတ်ဆရာတို့က ကုသနိုင်သည်ဟု ယုံကြည်သည်။ လူတစ်ယောက်သည် ဆေးခတ်၍ အပြုစားခံရပါက ပယောဂဆရာ၊ ဆေးဆရာတို့က ဂါထာမန္တန်များ ရွတ်ဖတ်ပြီး၊ ရေမန်း၊ ဆီမန်းတိုက်ခြင်း၊ မီးထွန်းခြင်း၊ ကန်တော့ပွဲပေးခြင်းစသည်ဖြင့် ကုသပေးလေ့ရှိသည်။ ထို့အပြင် ထိုလူနာအား စုန်းစာကျွေးပြီ း ကုသသည်လည်း ရှိသည်။ စုန်းစာကျွေးရာတွင် လူသူမရှိသောနေရာ၊ လူရှင်းသောနေရာ၌ ထမင်း၊ ဟင်း၊ မုန့်များကို စုန်းအတွက် ကျွေးရသည်။ လူနာအား ပြုစားထားသော ရောဂါဝေဒနာများကို ပြန်လည်ယူဆောင်သွားရန် စုန်းအား တိုင်တန်း ပြောဆိုပြီး ကျွေးခဲ့ရသည်။ ထိုသို့စုန်းစာကျွေးထားခဲ့သော အစားအစာများကို ခွေးများပင်မစားဟု ဆိုသည်။

ဆေးဆရာ၊ ပယောဂဆရာတို့သည် ဆေးကုရာတွင် မေတ္တာနှင့် ဦးစွာကုသရသည်။ မေတ္တာနှင့် ကုသသည်ဆိုသည်မှာ တစ်ဖက်မှအနှောင့်ပယောဂ ပြုလုပ်သူအား မေတ္တာပို့၍ ဂါထာမန္တာန်များနှင့် မန်းမှုတ်ကုသခြင်းဖြစ်သည်။ ထိုသို့ကုသ၍မရသောအခါမှ ဆေးနှင့်ကုသရသည်။ ထိုကဲ့သို့ ကုသရာတွင် ကုသပေးသည့် ဆရာက လည်း အကျင့်သီလနှင့် ပြည့်စုံသူဖြစ်ရမည်။ အကျင့်သီလနှင့်မပြည့်စုံပါက ကုသသူ ဆေးဆရာကိုယ်တိုင် တန်ပြန်ခံရသည်ဟု အဆိုရှိသည်။ ထို့ကြောင့် ဆေးဆရာ၊ ပယောဂဆရာလုပ်သူတို့သည် အကျင့်သီလနှင့်ပြည့်စုံအောင် ပြုမူနေထိုင်ကြရသည်။

အမှောင့်ပယောဂစွဲကပ်လျှင်ဖြစ်စေ၊ အစားအစာတွင် အပင်းထည့်ကျွေးခံရ၍ ရောဂါဝေဒနာခံစား နေရသော လူနာတစ်ယောက်ကို ပယောဂဆရာတို့က ကုသရာတွင် မြေချွတ်နည်းဟူ၍လည်း ရှိသည်။ ၎င်းမှာ မြေတွင်းတူး၍ တွင်းထဲတွင် ကျွေးလိုက်သောအစာ၊ (၇)နံပန်း၊ ခြေမန်းကွင်း၊ လူနာ၏ခြေသည်း၊ လက်သည်း၊ ဆံဖျား၊ အကျီ၊ လုံချည်စသည်တို့ကိုထည့်၍ မြှုပ်နှံရသည်။ မြေတွင်း၌ မမြှုပ်မီမြေဖုတ်ကိုခေါ်၍ အစာကျွေးရသည်။ ဆေးကုသနေချိန်တွင် လူနာအား ခြေမန်းကွင်းစွပ်ထားပေးရသည်။ ထို့နောက် အစားအစာကို (၇)ပုံပုံ၍ (၇)ခါ ကျွေးရသည်။ ပန်းကို ရေနှင့်ဆွတ်ပြီး လူနာကို ရိုက်ခါပေးရသည်။ လူနာတွင် ကပ်နေသော ရောဂါများ လွင့်စဉ်သွားစေရန်၊ နောက်ထပ် မကပ်ရောက်နိုင်စေရန် ဂါထာမန်းမှုတ်နှင်ထုတ်ရသည်။ ဆေးကုသပြီးချိန်၌ ခြေမန်းကွင်းကို ခြေထောက်မှ ချွတ်ထုတ်ရသည်။ ထို့နောက်မှ အားလုံးကို တွင်းထဲ၌ထည့်၍ မြှုပ်နှံရသည်။ အိမ်ခြံဝင်းထဲ၌ မြေချွတ်ပါက ခြေသည်းလက်သည်းထည့်ရန် မလိုဟုဆိုသည်။

ကတူးတိုင်းရင်းသားတို့သည် တောတောင်များထဲ၌ သွားရာတွင် အမှားတစ်စုံတစ်ရာ ကျူးလွန်မိပါက နတ်ဖမ်းစားခံရတတ်သည်ဟု ယုံကြည်သည်။ ထိုသို့နတ်ဖမ်းစားခံရပါက လူနာကို တောဖြေနည်းဖြင့် ကုသ

တတ်ကြသည်။ ထိုကဲ့သို့ တောဖြေနည်းဆိုသည်မှာ တောထဲမှရခဲ့သည့် အပတစ်ခုကို တောထဲ၌ပင်သွားပြီး ဖြေဖျောက်သည့်နည်းဖြစ်သည်။ ထိုကဲ့သို့ တောဖြေရာတွင် လူနာကို တောထဲသို့ခေါ်သွားပြီး ဖြေဖျောက်လေ့ရှိသည်။ ကတူးတို့သည် ဆံပင်၊ ခြေသည်း၊ လက်သည်း၊ အဝတ်အထည်တို့ကို မလိုမုန်းထားသူများရရှိလျှင် စုန်းပြုစားနိုင်သည်။ လူတစ်စုံတစ်ယောက်၏ခြေရာကိုကောက်၍ စုန်းပြုစားနိုင်သည် အစရှိသဖြင့် ယူဆကြသည်။ ထို့ကြောင့် မိမိတို့၏ပစ္စည်းများကို သတိထားလေ့ရှိကြသည်။

ကတူးတို့သည် နတ်ဖမ်းစားခြင်း၊ အပမှီ၊ စုန်းပူး၊ သရဲစီး၊ ဖုတ်ဝင်အစရှိသော အယူအဆများ ရှိကြသည်။ နတ်ဖမ်းစားလျှင် တောဖြေနည်းများ၊ အပမှီ၊ စုန်းပူး၊ သရဲစီ းလျှင် မြေဖုတ်တစ္ဆေကျွေးနည်းများ စသည့်နည်းမျိုးစုံဖြင့် ကုသကြသည်။ ဖုတ်ဝင်သည်ဆိုသည်မှာ သေခါနီးလူသည် မသေခင်စပ်ကြား အပဝင်ကပ်သဖြင့် မသေဘဲ ဆက်လက် အသက်ရှိသကဲ့သို့ ပြုမူနေခြင်းဖြစ်သည်။ ဖုတ်ဝင်သည်ဆိုပါက ထိုသူသည် သာမန်လူ၏ မျက်စိနှင့် မတူဘဲ ခပ်ဝိုင်းဝိုင်းဖြစ်ပြီ မျက်တောင်မခတ်ဘဲ နေသည်ဟုဆိုကြသည်။ ထိုသို့ဖုတ်ဝင်နေမှန်းသိကြလျှင် ထိုလူနာ၏အောက်၌ တခြားသူများ မမြင်အောင် ဩဇာရွက်ကိုအိပ်ရာအောက်၌ထားရသည်။ ထိုအခါမှ ပြင်ပပယောဂသည် ထွက်သွားပြီး လူနာလည်း အမှန်တကယ်သေသည်ဟု ဆိုသည်။

ထို့အပြင် ကတူးတိုင်းရင်းသားတို့သည် ချစ်ကြိုက်ရန် ပီယဆေး၊ မျက်နှာပွင့်ဆေး၊ စားခွက်နှိုက်ဆေး စသည်တို့ကို ဖော်စပ်ခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်ပေးခြင်းတို့ကိုလည်း ယုံကြည်ကြသည်။ ပီယဆေးဖော်စပ်ရာတွင် အပျိုစင် ပန်ပြီးထားသော ပန်း၊ ဘုရားဦးသျှောင်၌စွဲသော နဂါးအိမ်၊ သားဦးမွေးသော နို့ရည်၊ အပျိုစင်၏ ရင်ဘတ်မှ သွေး၊ နံ့သာမျိုးငါးပါး (ကန့်ဘလူ၊ နံ့သာဖြူ၊ နံ့သာနီ၊ စမ်းဖာ၊ အကျော် ကရမက်) စသည်တို့ဖြင့် ဖော်စပ်ရသည်။ ထိုသို့ဖော်စပ်ရာတွင်လည်း ဆေးပွဲကျင်းပချိန်၌သာလျှင် ဆေးဖော်ရသည်။ ဆေးပွဲကျင်းပချိန်မတိုင်မီ ထိုပစ္စည်းများကို ကြိုတင်စုဆောင်းထားရသည်။ ထိုကဲ့သို့ ဆေးဖော်စပ်နည်းများ၊ ဆေးပွဲများသည်လည်း ဆေးဖော်ကြသော ဂိုဏ်းအမျိုးမျိုးပေါ်တွင် မူတည်၍ ကွဲပြားသည်။ ပီယဆေးသည် အပျိုလူပျို ချစ်ကြိုက်ရန်သာမက ရန်သူပယောဂကင်းရန်၊ မင်းချစ်စိုးချစ်ဖြစ်ရန် ပြုလုပ်ပေးခြင်းဖြစ်သည်။ ပီယဆေးတောင့်ကို မိမိစကားပြောသောအခါတွင် စားပါက မိမိပြောလိုသော စကားအောင်မြင်သည်ဟု ယုံကြည်သည်။ ထိုပီယဆေးတောင့်ကို ဆောင်ထားသူသည် အဝတ်တန်းများအောက်၌ ဖြတ်မသွားရ။ ဆေးအာနိသင် ပျက်ပြယ်တတ်သည်ဟု ဆိုကြသည်။ စားခွက်နှိုက်ဆေးဆိုသည်မှာ သူတစ်ပါးပြုစားထားသည်ကို သိစေသော ဆေးဖြစ်သည်။ ထိုဆေးကို လက်ငါးချောင်း၏ထိပ်၊ မေး၊ လျှာဖျား စသည့် တစ်နေရာရာတွင် ၃–စက် ထိုးထားရသည်။ ထိုဆေးထိုးထားပါက အစားအစာတစ်ခုသည် တစ်စုံတစ်ဦး ပြုစားထား မထားကို ကြိုတင်သိနိုင်သည်ဟု ဆိုပေသည်။ မျက်နှာပွင့်ဆေးမှာလည်း နဖူး၊ ပါးစပ်၊ နှုတ်ခမ်း၊ မျက်ခုံး၊ နားထင် တစ်နေရာ ရာတွင် စီရင်ထားသော ဆေးကို ၃–စက်စီ ထိုးရသည်။

ထိုကဲ့သို့ ဆေးဆရာ၊ ပယောဂဆရာတို့ အသုံးပြုကြသော ဆေးများကို ဖော်ရာတွင် ဆေးပွဲကျင်းပချိန်မှ ဖော်စပ်လေ့ရှိကြသည်။ ဆေးပွဲကျင်းပပုံမှာ နှစ်ကျိပ်ရှစ်ဆူဘုရားပုံများပါရှိသော ပိတ်စကို ဆေးဖော်မည့်သူ၏ အပေါ်တွင် မိုးကာပေးထားရသည်။ အောက်တွင် မိုးကြိုးသွားကို မြေပြင်၌ စိုက်ထားရသည်။ အကြောင်းမှာ အပေါ်မှ မိုးကြိုးမလာအောင် စိုက်ထားရခြင်း ဖြစ်သည်။ ထိုသို့ ဆေးကြိတ်နေစဉ် ဆေးပွဲကို ဖျက်သည့်အနေနှင့် ကောင်းကင်မှ မိုးခြိမ်းသံများ ဖြစ်ပေါ်လာတတ်သည်။ ခြင်းကလေးထဲ၌ ဖော်မည့်ဆေးကို ထည့်ထားပြီးဖားပြုပ်ပေါ်၌ တင်ထားရသည်။ ထို့နောက် ပတ်မကြီး တစ်ချက်တီးလိုက်လျှင် ဖားပြုပ် တစ်ခါခုန်ပြီး၊ ၉–ချက်တီး၍ ၉–ခါခုန်ပြီးသောအခါ ဖားပြုပ်ကိုသတ်၍ ပြာချရသည်။ ထို့နောက် ဖားပြုပ်ပြာနှင့်ဆေးကိုရောပြီး ကြိတ်ရသည်။ ထို့နောက် တိုင်နှစ်တိုင် စိုက်ထူကာ ပုခက်သေးသေး ပြုလုပ်ပြီး တပ်ဆင်ထားရသည်။ ထိုပုခက်ကို ဆင်ချိုးထားသော ဝါးဖြင့်သာလျှင် ရက်ရသည်ဟုဆိုသည်။ ထို့နောက် ပုခက်ထဲတွင် ဆေးကိုထည့်ပြီး ဂါထာမန္တန် ရွတ်ဆို၍ လွဲရသည်။ ၎င်းကို ယေင်ကျူးသည်ဟု ခေါ်သည်။ ထိုသို့သုံးကြိမ် သုံးခါပြုလုပ်ပြီးလျှင် မိမိအလိုရှိသော ဆေးကို ရပေသည်။ ကတူးတိုင်းရင်းသားတို့သည် မိုးကြိုးသွားကို ဆေးဖော်ပွဲများတွင် သုံးလေ့ရှိသည်။ မိုးကြိုးပစ်သော အယူအဆကို ယုံကြည်လက်ခံကြပြီး မိုးကြိုးသွားကို အစွမ်းထက်သော ပစ္စည်းတစ်ခုအဖြစ် အသုံးပြုလေ့၊ တန်ဖိုး ထားလေ့ရှိသည်။ မကောင်းမှုပြုသူများ၊ မိဘကို ပစ်မှားစော်ကားသူများကို မိုးကြိုးပစ်တတ်သည်ဟု ယုံကြည်ပြောဆိုကြသည်။

ကတူးတို့သည် အနာဂတ်ကို ကြိုတင်သိရန် ဗေဒင်ပညာကိုလည်း ယုံကြည်ကြသည်။ အမဲလိုက်၊ တောင်ယာခုတ်၊ အိမ်ဆောက်၊ ခရီးသွား၊ ဥစ္စာပျောက်၊ မင်္ဂလာဆောင်၊ ကင်ပွန်းတပ်၊ ရှင်ပြုမှအစ လုပ်ငန်းကိစ္စ အဝဝဆောင်ရွက်ရန် ဗေဒင်ဆရာများထံတွင်လည်းကောင်း နတ်ဆရာများထံတွင်လည်းကောင်း မေးမြန်းကြသည်။ ထိုပြင် ဤရွာ၌ကြက်ရိုးထိုး၍ ကြည့်လေ့ရှိသော ကြက်ရိုးထိုးဗေဒင်လည်း ရှိသေးသည်။ မြောက်မော်ရွာရှိ ကတူးတိုင်းရင်းသားအများစုသည် လုပ်ငန်းဆောင်တာအတော်များများ၌ ကြက်ရိုးထိုးကြည့်သည့် ဓလေ့ထုံးစံရှိသည်။ ထိုကဲ့သို့ ယုံကြည်ကြသည့်နည်းတူ အင်းအိုင်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တ ရား၊ အဆောင်များကိုလည်း လက်ခံကြသည်။ ထိုအင်းအိုင်လက်ဖွဲ့များ ဆောင်ခြင်းဖြင့် ဘေးကင်း၍ စီးပွားတိုးတက်နိုင်သည်ဟု ယုံကြသည်။

တစ္ဆေ၊ သရဲ၊ ဖုတ်၊ စုန်း၊ ကဝေအစရှိသည်တို့သည် လူတို့အားကောင်းကျိုးမပေး၊ အန္တ ရာယ် ပြုနိုင်ကြောင်း လက်ခံယုံကြည်ကြသည်။ သို့သော် ပညာတတ်သူများကို ကြောက်လည်းကြောက်ရွံ့ကြသည်။ စုန်းဆို လျှင်လည်း မုန်းတီး တတ်ကြသည်။ စုန်းတတ်သူဆိုလျှင် ၎င်းတို့ကို လူ့အသိုင်းအဝိုင်းမှ ရှောင်ကြဉ်လေ့ရှိသည်။ ထိုလူမျိုးနှင့်ပြဿနာမဖြစ်အောင်၊ ကင်းအောင်ပြုမူနေထိုင်ကြသည်။ ကတူးတိုင်းရင်းသားတို့သည် မိမိတို့တွင် ကျရောက်လာသော ရောဂါများ၊ အမှောင့်ပယောဂများအစရှိသည်တို့ကို ဆေးဆရာ၊ နတ်ဆရာ၊ ပယောဂ ဆရာများကသာလျှင် ကုသနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြသဖြင့် ထိုလူတန်းစားမျိုးကို ယုံကြည်ကိုးစားကြသည်။ ထို ယုံကြည်မှုပေါ်အခြေခံ၍ ဤဆေးဆရာ၊ နတ်ဆရာ၊ ပယောဂဆရာတို့သည် ဤဒေသတွင် ဦးစီးခေါင်းဆောင်ပိုင်းမှ ပါဝင်နေကြပေသည်။ ၎င်းတို့သည် ကျေးရွာ၏ သာမှု၊ နာမှုတိုင်းတွင် ပါဝင်နေကြပြီး ရပ်ရွာ၏အကျိုးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေကြသူများဖြစ်သည်။

## (ခ) အတိတ်နိမိတ်များ၊ အဆောင်[၁] နှင့် အရှောင်[၂] များ

မြောက်မော်ကျေးရွာ ကတူးတိုင်းရင်းသားများသည် ဗေဒင်ပညာ၊ နတ်ပညာတို့ဖြင့် ဟောပြောယုံကြည် ကြသည်သာမက အတိတ်နိမိတ်ကောက်၍ ကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အတိတ်နိမိတ်ဟုလည်း ယုံကြည်စွဲလန်းတတ်ကြသည်။ သဘာဝတရားနှင့်ပတ်သက်၍ အတိတ်နိမိတ်ကောက်ကြရာတွင် လျှော်ငေလျှင်လှုပ်ခြင်းတို့သည် မကောင်းသော နိမိတ်ဖြစ်သည်။ ငလျင်လှုပ်လျှင် "ရန်ကိန်း ရန်ကိန်း"အိမ်သားတွေ ရှိတယ်ဟု ပြောရသည်။ ဥက္ကာပျံလွတ်လျှင် မကောင်း၊ ဥပါပျံလွတ်လျှင် ကောင်းသည်ဟု ယုံကြည်သည်။ သက်တန့် အရှေ့ဘက်(နံနက်ပိုင်း) ပေါက်လျှင် မိုးကောင်းမည်။ အနောက်ဘက်ပေါက်လျှင် မိုးခေါင်မည်ဟု အတိတ်ကောက်သည်။ လငပုပ်ဖမ်းလျှင် မကောင်းဟု ယူဆကြသည်။ လမ်းခရီးသွားခိုက် အသုဘကိုတွေ့လျှင် ကောင်းသည်။ ဘေးဥပါဒ် ကင်းရှင်းသည်ဟု ယုံကြည်သည်။ အသုဘကိုတွေ့ခြင်းသည် ယတြာချေသည့် သဘောပင်ဖြစ်သည်ဟု ယူဆသည်။ ခရီးသွားခိုက် မြွေသည် ညာမှ ဘယ်သို့ဖြတ်လျှင် ကောင်းပြီး ဘယ်မှညာသို့ ဖြတ်လျှင် မကောင်း၊ ရှေ့သို့ ခရီးဆက်မသွားသင့်ဟု ယုံကြည်သည်။ အမဲလိုက်ထွက်စဉ် မြွေကိုမြင်ပါက လာဘ်ကောင်းသည်။ သားကောင် ချည်နှောင်သယ်ပိုးရန် ကြိုး ရသည်ဟု အောက်မေ့သည်။ အမဲလိုက်ထွက်စဉ် လိပ်ကို မြင်ပါကလည်း စဉ်းတုံးရသည်ဟု ယူဆသည်။

နေအိမ်နှင့်ပတ်သက်သော အတိတ်နိမိတ်များမှာ ရွာထဲသို့ ချေ (ဂျီ)ဝင်ပါက ရွာပျက်တတ်သည်။ အသေအပျောက်ရှိမည်ဟု ယူ ဆသည်။ အိမ်တွင် လူ့ထက်မြင့်သော နေရာတွင် ပျားစွဲပါက မကောင်းသည့် နိမိတ် ဖြစ်သည်။ သို့သော် စပါးကျီကိုစွဲလျှင်မူ အများအားဖြင့် ကောင်းသောနိမိတ်ဟု ယူဆကြသည်။ အိမ်မြောင် စုတ်ထိုးလျှင်လည်း မကောင်းဟု ယူဆသည်။ လူနှင့်အတူနေ သတ္တဝါမဟုတ်သည့်အကောင်များ ရွာထဲဝင်လျှင်လည်း မကောင်းသော နိမိတ်ဟုယူဆသည်။ ရွာတွင် ဘေးအန္တ ရာယ်တစ်စုံတစ်ခုကြုံတတ်သည်။ ကျေးငှက်အော်သံကိုလည်း ကတူးတို့သည် အတိတ်နိမိတ်ကောက်ယူကြသည်။ ဥသြ၊ ဆက်ရက်အော်လျှင် ကောင်းသည်။ နေမကောင်းဖြစ်နေသော အခါတွင် ဇီးကွက်၊ ခင်ဘုတ်အော်လျှင် လုံးဝမကောင်း၊ လူသေတတ်သည်ဟု ယုံကြည်သည်။

---

၁။ Mana

၂။ Taboo

ကတူးတိုင်းရင်းသားတို့၏ အယူအဆတွင် ကတူးနှင့်ခင်ဘုတ်၊ ကနန်းနှင့်ကြက်၊ ရှမ်းနှင့်နွား၊ ကချင်နှင့်ကျီ : မတည့်ဟု အဆိုရှိသည်။ ထို့အပြင် ကြက်သည် ဥပျော့ကို ဥလျှင် မကောင်း၊ ကြက်ဥအခွံမာသော်လည်း အလွန်သေးသေးဥလျှင်လည်း မကောင်းပေ။ လူမသိအောင် ခေါင်းလျှော်ပစ်ရသည်။ ခရီးသွားလာရာတွင်လည်း နဂါးလှည့်မလွတ်လျှင် မသွားကောင်း၊ အန္တရာယ်နှင့်ကြုံရတတ်သည်ဟု ယူဆသည်။ အိပ်မက်နှင့်ပတ်သက်၍လည်း အတိတ်ကောက်ယူလေ့ရှိသည်။ တချို့ကမူ နေနှင့်လများကို မြင်မက်ပါက ဘုန်းတန်ခိုးတိုးတက်မည်ဟု ယူဆသည်။ လူသေသည်ကို မြင်မက်ပါက ကောင်းသည်ဟု ယူဆသည်။ အိပ်မက်ထဲတွင် ငါးရသည်ဟု မြင်မက်ပါက လာဘ်ရသည်ဟု ယုံကြည်ကြသည်။ ကတူးတိုင်းရင်းသားတို့သည် သဘာဝဖြစ်ပေါ်လာသော အဖြစ်အပျက် အတိတ်နိမိတ်များ ကျေးငှက်တိရစ္ဆာန်နှင့်ပတ်သက်သော အတိတ်နိမိတ်များ၊ အိပ်မက်နှင့် ပတ်သက်သော အတိတ်နိမိတ်များကို ကောက်ယူလေ့ရှိကြသည်။ ဖြစ်ပေါ်လာသော အတိတ်နိမိတ်များသည် ရိုးရာထုံးစံကို ဖောက်ဖျက်မိ၍ ဖြစ်ပေါ်လာသည်ဟူ၍လည်း ယုံကြည်ကြသည်။ ထို့ကြောင့် အတိတ်နိမိတ်တစ်ခုကို တွေ့မြင်လျှင် နတ်မေး၊ ကြက်ရိုးထိုးဗေဒင်မေးပြီး လိုအပ်သည်များကို အလျင်အမြန် ဆောင်ရွက်တတ်ကြသည်။

ကတူးတိုင်းရင်းသားတို့သည် အတိတ်နိမိတ်များ ကောက်ယူ၍ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ပတ်သက်သည့် ရှောင်သင့်သည်များကို ရှောင်၍ ဆောင်သင့်သည်များကိုလည်း ဆောင်သောအမူအကျင့် အယူအဆများ ရှိကြသည်။ ကတူးတို့သည် အိပ်ရာပေါ်၌လည်းကောင်း၊ ရပ်ရွာနှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာလုပ်ငန်း၊ အမဲလိုက်၊ ငါးဖမ်းစသည့် စီးပွားရေးလုပ်ငန်းများ၊ မင်္ဂလာဆောင်၊ ရှင်ပြုစသည့် လူမှုရေးကိစ္စများတွင် ရှောင်ကြဉ်အပ်သောအရာများ ရှိကြသည်။ ကတူးတိုင်းရင်းသားတို့သည် ရွာထဲ၌ လေမချွန်ရ။ ပုလွေ မမှုတ်ရ။ ပြုလုပ်မိပါက ရပ်ရွာတွင် လာဘ်မကောင်းဟု ယူဆသည်။ တစ်ခြားရွာမှ မင်္ဂလာဆောင်သွားလျှင်လည်း လမ်းရှိ ကျေးရွာများကို မဖြတ်ရ။ ဖြတ်ချင်လျှင် ရွာကိုခွင့်တောင်းပြီးမှ ဖြတ်ရသည်။ ရွာ၏ပြင်ပ၌ လူသေခဲ့သော် လူသေအလောင်းကို ရွာထဲသို့ မသွင်းရပေ။

အမဲလိုက်သွားမည်ဟု ရည်ရွယ်လျှင် အော်ပြီး လူမစုရ။ နီးစပ်ရာကို တိုးတိုးပြောပြီး လူစုရသည်။ တောထဲ၌ တောကောင်များ၏အမည်ကို မခေါ်ရ။ မြား၊ ကျည်မှန်လျှင်လည်း မှန်ပြီ၊ မှန်ပြီဟု မအော်ရ။ တောလိုက်မုဆိုးသည် တောင်ယာသီးနှံများကို ပိုင်ရှင်မသိအောင် မယူရ။ ယူမိလျှင် တောလိုက်ရာ၌ အန္တရာယ်ကြုံတတ်သည်။ သားကောင်မရဟု ယုံကြည်သည်။ တောလိုက်အဖွဲ့တွင် သီချင်းအော်မဆိုရ။ လေမချွန်ရ။ အဝတ်အစားသစ်မဝတ်ရ။ ရပ်ရွာ၌ မင်္ဂလာဆောင်ရှိလျှင် မုဆိုးအတွက် ကြက်၊ ကြက်ဥ၊ ဆန်အစရှိသဖြင့် ပေးရသည်။ မပေးပါက မုဆိုးကိုယ်တိုင် ခိုးယူရသည်။ မုဆိုး လမိုင်းပျက်တတ်သည်ဟု ယူဆ၍ ဖြစ်သည်။ ငါးဖမ်းရန် ဆေးခပ်သည့်အခါ စကားမပြောရ။ ငါးရှာသည့်အဖွဲ့တွင် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ယောက်ျားပါခဲ့လျှင် ထိုလူအား ဆေးမခပ်ခိုင်းရ။

ကတူးတိုင်းရင်းသားတို့သည် အိမ်ကိုနေကျော်လကျော် မဆောက်ရ။ ဆိုလိုသည်မှာ အိမ်၏ခေါင်ရိုးကို အရှေ့အနောက်တန်း၍သာ ဆောက်ရပြီး တောင်မြောက်တန်းအောင် မဆောက်လုပ်ရ။ အိမ်တိုင်ထူသောအခါတွင်လည်း တိုင်တစ်တိုင်ကိုထူပြီး :ပါက နောက်ထူမည့်တိုင်သည် အရင်တိုင်ကိုသွား၍ မထိရပေ။ ထိမိပါက တရော်ကင်ပွန်း(၇)နံ့ပန်းတို့နှင့် တိုင်နှစ်တိုင်စလုံးကို ဆေးပစ်ရသည်။ ထိုသို့ မလုပ်ပါက အိမ်သားများ ခိုက်တတ်သည်ဟုဆိုသည်။ အိမ်သစ်တက်သည့်အခါတွင် ကိုယ်အင်္ဂါချို့တဲ့သူများ အရင်မတက်ရ။ အိမ်တိုင်ထူရာတွင် အရင်းအဖျားမှားလျှင် မီးကျော်သစ်ကိုသုံးလျှင် မကောင်း။ အိမ်၌ ဥပါဒ်ကျရောက်တတ်သည်ဟု ယူဆသည်။

မင်္ဂလာဆောင်သို့ လာရာတွင် သတို့သားဘက်မှအဖွဲ့သည် မည်သည့်အခါမှ စုံဂဏန်းမဖြစ်စေရ။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သင်္ကန်းဇန်း မရွက်ရ။ ကိုယ်ဝန်ဆောင် အမျိုးသမီး လျှော်ပြီးသော ခေါင်းလျှော်ရည်ကို ဆက်မလျှော်ရ။ လျှော်လျှင် ဆံပင်ကျွတ်တတ်သည်ဟု ယူဆသည်။ ကိုယ်ဝန်ဆောင် မိန်းမများ လူနာရှိနေသော အိမ်သို့ လုံးဝမသွားရ။ သွားလျှင် လူနာ၌ ဒုက္ခဖြစ်တတ်သည်ဟု ယူဆသည်။ ကိုယ်ဝန်ဆောင်မိန်းမ ပန်းမခူးရ။ ခူးသောပန်းပင် သေတတ်သည်ဟုဆိုသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီး ငှက်ပျောသီးအမွှာမစားရဟု ဆိုသည်။ အသုဘသွားပို့လျှင် ဩဇာရွက်ကို ထည့်သွားရသည်။ အကြောင်းမှာ သချိုင်းမှ အမှောင့်ပယောဂများ ကပ်မပါလာစေရန် ဖြစ်သည်။ အသုဘအလောင်းကောင်ပေါ်၌ ကြောင်ဖြတ် မပြေးရ။ လူသေအလောင်းမှာ ထထိုင်နိုင်သည်ဟု ယူဆသည်။

ထိုကဲ့သို့ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံအရ ရှောင်ကြဉ်အပ်သည်များ၊ ဆောင်အပ်သည်များကို သက်ကြီးစကား သက်ငယ်ကြားဖြင့် လေးစားမှတ်သားထားကြသည်။ ရိုးရာ အဆောင်၊ အရှောင်များကို မလေးစားမလိုက်နာပါက ဘေးဖြစ်တတ်သည်ဟု စွဲလန်းယုံကြည်လေ့ရှိကြသည်။

## (ဂ) ရိုးရာဓလေ့ပွဲတော်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကို လေးစားလိုက်နာကြသကဲ့သို့ ကတူးတိုင်းရင်းသားတို့သည်လည်း မိမိတို့၏ ရိုးရာဓလေ့ ထုံးစံများကို အလေးအနက်ထားတတ်ကြပြီး ပွဲတော်များကိုလည်း ကျင်းပလေ့ရှိကြသည်။ စိုက်ပျိုးရေးနှင့် ပတ်သက်သော ပွဲတော်၊ ဘာသာရေးနှင့်ပတ်သက်သောပွဲတော်၊ လူမှုရေးနှင့်ပတ်သက်သောပွဲတော်များကို ရာသီ အလိုက်ကျင်းပကြသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန် တွင် နှစ်သစ်ကူးပွဲတော်များ ကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြမြဲဖြစ်သည်။ ယင်းနှစ်သစ်ကူးပွဲတော်သည် မြန်မာတို့အတွက် နှစ်သစ်ကူးပွဲတော် ဖြစ်သကဲ့သို့ ကတူးတိုင်းရင်းသားတို့၏ သင်္ကြန်ပွဲတော်လည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဘာသာရေးနှင့် ပတ်သက်သော ပွဲတော်တစ်ခု ဖြစ်သည်။

မြောက်မော်ကျေးရွာတွင် သင်္ကြန်အကြိုနေ့၌ သိကြားမင်းကို သင်္ကြန်အိုးများတွင် ပန်းများထည့်၍ ကြိုဆိုကြသည်။ ထိုနေ့၌ ဘုန်းတော်ကြီးကျောင်းရှိ ဘုရားများကို ရေအရင်သပ္ပာယ်လေ့ရှိကြသည်။ ထိုသင်္ကြန်ချိန်တွင်း ၌ ဘုန်းတော်ကြီးကျောင်းရှိ ဘုရားဆင်းတုတော်များကို ရေသွန်းကျောင်းတွင်ထားရှိပြီး ကျေးရွာသူရွာသားများ ရေသပ္ပာယ်ကြ၊ ပူဇော်ကြသည်။ သင်္ကြန်တွင်းကာလ တစ်လျှောက်လုံး၌ သီတင်းသီလ ဆောက်တည်ခြင်း၊ ကိုယ်စိတ်နှလုံး စင်ကြယ်အောင် စောင့်ထိန်းခြင်း၊ ယုံကြည်ကိုးကွယ်မှုအရ ကောင်းမှုကုသိုလ်ပြုခြင်းများ ရှိကြ၏။ ရွာထဲရှိကလေးများကလည်း အချင်းချင်းရေပက်ကစားခြင်းများရှိသည်။ အပျိုလူပျိုအဖွဲ့များက မိမိတို့ရွာ၌သာမက "ကျေးရွာအနီးပတ်ဝန်းကျင်များသို့ သွားရောက်ပြီး ဘုရားများကို ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အိုများအား ချိုးရေလှူခြင်း၊ ခေါင်းလျှော်ပေးခြင်းစသည့် အလှူဒါနများ ပြုလုပ်ရင်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာ ရေကစား လေ့ရှိကြသည်။ ဘုရားစေတီများသို့ သွားရောက်ပြီး ပန်းရေချမ်း၊ ဆီမီးကပ်လှူခြင်းများ ပြုလုပ်ကြသည်။

သင်္ကြန်အတွင်း၌ ကလေးလူကြီးမကျန် ဘုန်းတော်ကြီးကျောင်းသို့သွား၍ ဥပုသ်သီလ နာယူကြသည်။ ဘုန်းတော်ကြီးကျောင်း၌ လာရောက်ကြသူများအား မုန့်မျိုးစုံကျွေး၍ အလှူဒါနပြုကြသူများလည်း ရှိပေသည်။ နှစ်ဆန်းတစ်ရက်နေ့၌ ရပ်ရွာထဲရှိ လူကြီးသူမအိမ်များသို့ အိုးစည်ဗုံမောင်းများဖြင့်တီး၍ ဆပ်ပြာ၊ မီးခြစ်၊ ဖယောင်းတိုင်အစရှိသည့် လှူဖွယ်များကို တစ်အိမ်တက်ဆင်း လှူဒါန်း၍ ကန်တော့ကြသည်။ ထို့နောက် နှစ်ဆန်း ၁-ရက်၊ ၂-ရက်နေ့များတွင် ဘုန်းတော်ကြီးများက အနီးအနား ကျေးရွာများသို့ ရွာစဉ်အလိုက်လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပေးကြရသည်။ ကတူးတိုင်းရင်းသားတို့သည် နှစ်သစ်ကူးချိန်တွင် ပျော်ပျော်ပါးပါး အလှူဒါနပြုခြင်းဖြင့် တစ်နှစ်တာပတ်လုံး ဘေးအန္တရာယ်ကင်း၍ ပျော်ရွှင်ချမ်းမြေ့မည်။ ဆန်ရေ စပါး၊ ကောက်ပဲ သီးနှံများ ပေါများမည်။ စီးပွားတိုးတက်မည်ဟု ယုံကြည်ကြသည်။

ကတူးတို့သည် ရှေးယခင်ကစ၍ ယခုအချိန်အထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှုရာသီပွဲတော်တစ်ခုအနေဖြင့် ကျင်းပကြသသည်။ ကဆုန်လပြည့်နေ့ နံနက်စောစောတွင် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းပို့ကြသည်။ ဘုရားအတွက်လည်း ဆွမ်းတော်တင်ခြင်း၊ ဆွမ်းလောင်းခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် မြောက်မော်ကျေးရွာရှိ မော်ဆယ်ရွာဘုရား၏ အနောက်မြောက်ထောင့်ရှိ ညောင်ပင်ကို တစ်ရွာလုံး ဗျောစည်နှင့်အတူ ရေအိုးကိုယ်စီကိုင်ပြီး ရေသွန်းလောင်းကြသည်။ အဘိုးအို၊ အဘွားအိုမှအစ တစ်ရွာလုံး ကျောင်းသို့ပြန်လာပြီး တရားတော်များ နာယူကြသည်။ ထိုကဲ့သို့ ကဆုန်လညောင် ရေသွန်းပွဲကို ရိုးရာမပျက် ကျေးရွာတွင်း၌ ကျင်းပကြပြီး ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခြင်းမရှိပေ။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားများ၏ ကျေးရွာစီးပွားရေးအခြေအနေအရ ရာသီအလိုက် ပွဲတော်များမကျင်းပနိုင်ကြပေ။ မိမိတို့၏ဘာသာတရား ယုံကြည်ကိုးစားခြင်း၊ ရိုးရာဓလေ့များကို ထိန်းသိမ်းလိုခြင်း စသည့်အရင်းခံစိတ်ထားများဖြင့် တတ်အားသရွေ့ကျင်းပကြခြင်း ဖြစ်သည်။ မြောက်မော်ကျေးရွာတွင် နယုန်ဝါဆိုလ

များတွင် သီးသန့်ပွဲလမ်းသင်များ မရှိသော်လည်း စိုက်ပျိုးချိန်ကာလ ဖြစ်သဖြင့် မိမိတို့အိမ်ထောင်စု အလိုက်သာ စိုက်ပျိုးရန် လယ်နတ်တင်ခြင်း ရိုးရာနတ်ပူဇော်ပသခြင်းမျိုးသာ ရှိပေသည်။ ထိုဝါဝင်လများတွင် "ငွန်းစ"အရှင်ကြီးအား ပူဇော်ပသမှု ရှိကြသည်။

သီတင်းကျွတ်လအခါတွင် ဆီမီးထွန်းညှိပူဇော်ခြင်းသဘင်အစဉ်ထုံးစံရှိသည့်အတိုင်း မီးထွန်းပွဲတော် ကျင်းပကြသည်။ ယင်းကို "တာဝတိံသာပွဲ"ဟူ၍လည်း ခေါ်သည်။ ထို့ပြင် သက်ကြီးရွယ်အိုများအား ကန်တော့သည့် သက်ကြီးပူဇော်ပွဲလည်း ပြုလုပ်ကြသည်။ သီတင်းကျွတ်လဆန်း (၁၂)ရက်၊ (၁၃)ရက်နေ့များတွင် ဆယ်မော်ရွာ ဘုရားကြီး၌ ဆီမီးတစ်ထောင် ပူဇော်ခြင်းများ ပြုလုပ်သည်။ လဆန်း(၁၄)ရက်နေ့တွင် ဥပုသ်သီလခံယူရန်အတွက် စင်ကြယ်သန့်ရှင်းစေရန် ခေါင်းလျှော်ခြင်း၊ အဝတ်အစား လျှော်ခြင်းများကို ကြိုတင်ပြုလုပ်ကြရသည်။ ထိုသို့ ပြုလုပ်ကြရန်အတွက် သက်ကြီးရွယ်အိုအိမ်များသို့ လူပျို အပျိုဖွဲ့များက ရေအလှူဒါန ပြုကြသည်။ သီတင်းကျွတ် လပြည့်နေ့တွင် ရွာဦးဘုန်းတော်ကြီးကျောင်း၌ ယောက်ျား၊ မိန်းမ မရွေး ဥပုသ်သီလခံယူကြသည်။ လူငယ်ပိုင်းက ဥပုသ်ထွက်သောနေ့ (လပြည့်ကျော် တစ်ရက်နေ့)တွင် ကျွေးမွေးရန် ထမင်းဟင်းမှအစ ပြင်ဆင်ကြရသည်။ ထိုသို့ ကျွေးမွေးပြီးပါက ရွာဦးဘုန်းတော်ကြီးအား ကန်တော့ကြသည်။ ထို့နောက် ရပ်ရွာရှိ သက်ကြီးရွယ်အို အဘိုး အဘွား၊ မိဘ၊ ဆရာသမားတို့အား လူငယ်များက ကန်တော့ကြလေသည်။ ထိုလပြည့်နေ့ညတွင် ကျေးရွာရှိ အိမ်တိုင်းသည် မိမိတို့အိမ်၌ ဆီမီးထွန်းကြသည်။ ထိုသို့ ထွန်းရာတွင် အိမ်တံခါးပေါက်များ၊ အိမ်တွင်း၌ ခေါင်တိုင် နတ်များတွင်လည်းကောင်း၊ ဆန်အိုး၊ ဆီအိုး၊ သေတ္တာအစရှိသည်တို့တွင် လည်းကောင်း၊ ထွန်တုံး၊ ထယ်တုံးစသည့် လယ်လုပ်ကိရိယာများ တွင်လည်းကောင်း၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရှင်ရက္ခစိုးအစရှိသည်တို့ထံတွင် လည်းကောင်း၊ ဆီမီးများ ထွန်းညှိပူဇော်၍ မိမိတို့အား စောင့်ရှောက်ပါရန်၊ ဆန်ရေစပါး စီးပွားဥစ္စာ တိုးတက်စေရန် အစရှိသဖြင့် ဆုတောင်းလေ့ရှိကြသည်။ ထိုကဲ့သို့ ရိုးရာအစဉ်အလာမပျက် ဆီမီးထွန်းညှိပူဇော်ခြင်း၊ သက်ကြီးဝါကြီး များအား ပူဇော်ကန်တော့ခြင်းစသည့်အကျိုးရှိသော အစဉ်အလာကောင်းများကို ယနေ့တိုင် ကြိုးစားထိန်းသိမ်းနေကြဆဲ ဖြစ်ပေသည်။

ကတူးတိုင်းရင်းသားတို့သည် တန်ဆောင်မုန်းလ၌ ကထိန်ပွဲ၊ မသိုးသင်္ကန်း ရက်လှူပွဲကို ကျင်းပလေ့ရှိကြသည်။ သို့သော် နှစ်စဉ်နှစ်တိုင်း မသိုးသင်္ကန်းရက်လှူပွဲကျင်းပနိုင်ခြင်း မရှိပေ။ မသိုးသင်္ကန်းဆိုသည်မှာ ကထိန်ခင်းရန်အတွက် လှူဒါန်းသည့်သင်္ကန်းကို ညအိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့် နေ့အရုဏ်မတက်မီ သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် လုပ်ဆောင်ပြီး လှူဒါန်းသောသင်္ကန်းမျိုးကို ခေါ်သည်။ မသိုးသင်္ကန်းရက်လုပ်ပွဲကျင်းပပုံမှာ တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ နေဝင်သည်နှင့်တစ်ပြိုင်နက် ဘုန်းတော်ကြီး ကျောင်းဝင်းထဲ၌ ကျင်းပသည်။ အနီးအနားရှိ ရွာများမှလည်း လာရောက်ကြည့်ရှုအားပေးကြသည်။ ထို ၁၄ရက်နေ့ ညနေဝင်ချိန်တွင် ကျောင်းဝင်းထဲ၌ တောင်ယာကွက်ပုံစံမျိုးကို စည်းချ၍ တောင်ယာမီးရှို့ပုံ၊ ကျွန်းခွေပုံ၊ ဝါစေ့ကြဲပုံမှ အစ စတိသဘောမျိုးပြုလုပ်ကြရသည်။ ထို့နောက် ဝါပွင့်များကို ကောက်ယူ၍ ဝါဖန်ကြသည်။ ဝါကြိတ်၊ ဝါဖတ်လုပ်ရသည်။ ဝါဂွမ်းကို ဗိုင်းတောင့်၊ ဗိုင်းတောင့်မှချည်ခင်၊ ချည်ခင်မှ ယောက်လုံးဖြစ်အောင် ပြုလုပ်ကြသည်။ ထို့နောက် ချည်ခင်ကို ဆေးဆိုးသည်မှအစ အဆင့်ဆင့်ကို စေတနာရှင်များ တစ်ယောက်တစ်လက် ပါဝင်ကူညီကြသည်။ ထို့နောက် ရက်ကန်းစင်သို့တင်ကာ အရုဏ်မတက်မီသင်္ကန်းအဖြစ် ရောက်အောင် မိန်းမပျိုများက တပျော်တပါး စုပေါင်းအင်အားဖြင့် ရက်လုပ်ကြသည်။ ထိုသို့ အရုဏ်မတက်မီပြီးစီးသွားသော သင်္ကန်းကို မြတ်စွာဘုရားအား အိုးစည်ဗုံမောင်းများဖြင့် ရွာလုံးကျွတ်သွားရောက် ကပ်လှူပူဇော်ကြသည်။ လာရောက်ကြသော ဧည့်ပရိသတ်များကိုလည်း ထမင်းဟင်း မုန့်ပဲသရေစာများ ကျွေးမွေးဧည့်ခံကြသည်။ ထိုကဲ့သို့ ကတူးတို့၏ မသိုးသင်္ကန်းရက်လှူပွဲသည် ကျေးရွာလူထုအား စုပေါင်းလုပ်ဆောင်တတ်မှု၊ စည်းလုံးညီညွတ်မှုကို ရရှိစေသည့်အပြင် ရိုးရာ ရက်ကန်းအတတ်ပညာ တိုးတက်ရေး၊ လုပ်အားပြိုင်ဆိုင်ရေးကိုလည်း အားပေးသော ရိုးရာဘာသာရေးပွဲ တစ်ခုပင် ဖြစ်သည်။

ကတူးတိုင်းရင်းသားတို့သည် နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ကောက်ရိတ်သိမ်းပွဲ၊ စပါးရိတ်သိမ်းပြီး စပါးပုံသောအခါတွင် ကောက်သစ်စားပွဲ၊ ပုန်းမကြည်နတ်ပူဇော်ပွဲများ ကျင်းပကြသည်။ ထိုလရာသီ၌ အိမ်တိုင်း

အိမ်တိုင်းတွင် မုန့်လုပ်ပြီးလာသော ဧည့်သည်များကို ကျွေးမွေးကြသည်။ တပေါင်းလတွင် ထမင်းဝါလှူဒါန်းလေ့ရှိကြသည်။ ထိုသို့လှူဒါန်းရာတွင် ဟင်းလျာနှင့်အတူ မုန့်ပဲသရေစာများပါ လှူဒါန်းသည်။ ထမင်းဝါဆိုသည်မှာ ကောက်ညှင်းကို ကြောင်မြီးကူပွင့် ပြုတ်ထားသောအရည်နှင့်ချက်ထားသော ထမင်းဖြစ်သည်။ ၎င်းထမင်းဝါကို မြတ်စွာဘုရားနှင့် ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းသည်။ အိမ်နီးချင်းများကိုလည်း ပေးဝေလေ့ရှိသည်။ အဖိတ်နေ့ညတွင် လုပ်ရလေ့ရှိပြီး လပြည့်နေ့ရောက်သောအခါမှ လှူဒါန်းရခြင်းဖြစ်သည်။ ဤသည်မှာလည်း ကတူးတို့၏ ကျေးရွာဓလေ့အရ လှူဒါန်းကြခြင်း ဖြစ်သည်။

ကတူးတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများ ဖြစ်သည့်နည်းတူ ဗမာတို့ကဲ့သို့ပင် ရိုးရာပွဲတော်များကို ကျင်းပကြသည်ကို တွေ့ရှိရသည်။ ဤဒေသရှိ တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာကို လွန်စွာ သက်ဝင်ယုံကြည်ကြသော်လည်း ဘာသာရေးဆိုင်ရာ ပွဲတော်များကိုမူ မိမိတို့၏ စီးပွားရေးအခြေအနေအရ အမြဲတစေ ကြီးကျယ်ခမ်းနားစွာ မကျင်းပနိုင်ရှာကြပေ။ အလှူအတန်း ပြုလုပ်လိုကြသည့် သဒ္ဓါတရားကြောင့်သာ မိမိတို့ တတ်နိုင်သမျှ စုပေါင်း၍ လှူဒါန်းကြသည်။ ၁၂–လရာသီ ပွဲတော်များကိုလည်း လစဉ်အလိုက် မကျင်းပနိုင်ကြပေ။ မည်သို့ပင်ဆိုစေ ကတူးတိုင်းရင်းသားတို့သည် မိမိတို့ ပြုလုပ်သမျှ အလှူအတန်း၊ ကုသိုလ်ကောင်းမှုဟူသရွေ့ကို “ပုဗ္ဗ မုဥ္စ ပရ”ဟူသော စေတနာသုံးတန်ပြဋ္ဌာန်း၍ ရက်ရောစွာ ပေးကမ်းလှူဒါန်းကြသည်ချည်း ဖြစ်ပေသည်။ ဤကဲ့သို့ မိမိတို့အင်အားရှိသမျှဖြင့် ရိုးရာပွဲတော်များကို ကျင်းပပေးခြင်းဖြင့် နောင်လာနောက်သား ကတူးလူငယ်များအား ဘာသာတရားကို သက်ဝင်ယုံကြည်စိတ်၊ ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းလိုစိတ်များ ကိန်းအောင်းစေသည်။

## "အခန်း (၆)"
## ရိုးရာယဉ်ကျေးမှုအရ လူမှုရေးဖွဲ့စည်းပုံ

လူတို့၏ယဉ်ကျေးမှုများသည် အရပ်ဒေသကိုလိုက်၍လည်းကောင်း၊ အချိန်ကာလကိုလိုက်၍လည်းကောင်း၊ အမျိုးမျိုးပြောင်းလဲ၍ ကွဲပြားခြားနားတတ်ကြပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများတွင်လည်းကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိကြပေသည်။ ရိုးရာဓလေ့များသည် လူမျိုးတို့၏ ယဉ်ကျေးမှု အနှစ်သာရများ ဖြစ်ကြသည်။ လူမျိုးတို့သည်မိမိတို့၏ယဉ်ကျေးမှုကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းကြရသည်။ ထိုကဲ့သို့ လက်ဆင့်ကမ်းရာတွင်လည်း သင်ကြားပေးခြင်းနည်းအရသာ တတ်မြောက်စေနိုင်သည်။ ထိုသို့တတ်မြောက်ပြီးသောမျိုးဆက်တစ်ခုသည် နောက်ထပ်မျိုးဆက်တစ်ခုသို့ ထပ်မံလက်ဆင့်ကမ်းပေးကြခြင်းဖြင့် လူ့အဖွဲ့အစည်းကြီးတည်ရှိနေရသကဲ့သို့ လူ့ယဉ်ကျေးမှုအသီးသီးလည်း ဆက်လက်တည်ရှိနေနိုင်ခြင်းဖြစ်သည်။ အလားတူပင် ပြည်ထောင်စုဖွား ကတူးတိုင်းရင်းသားတိုတွင်လည်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများရှိကြပေသည်။

### (က) ထိုးကွင်းထိုးခြင်း

ကတူးတိုင်းရင်းသားတို့တွင် ထိုးကွင်းမင်ကြောင်ထိုးသည့် ဓလေ့ရှိခဲ့ဖူးလေသည်။ ထိုးကွင်းမင်ကြောင်ထိုးကြရာတွင် သူရသတ္တိ အမှတ်အသားအဖြစ်လည်းကောင်း၊ အလှအပအဖြစ် တင့်တယ်စေရန် လည်းကောင်း ၊ စွဲလမ်းမှုအခြေခံ၍ အဆောင်သဘောအဖြစ်ဖြင့်လည်းကောင်း၊ ထုံးတမ်းစဉ်လာအရလည်းကောင်း ထိုးနှံခြင်းမျိုးဖြစ်သည်။ ကတူးတိုင်းရင်းသားတို့သည် ထိုးကွင်းထိုးကြရာတွင် ခါးမှနေ၍ ဒူးဆစ်အထိ ထိုးခြင်း၊ လက်မောင်း၊ ရင်ဘတ်၊ ကျောပြင်၊ ပေါင်တံနှင့် တစ်ကိုယ်လုံးထိုးခြင်းတို့ ရှိသည်။ ရှေးအခါက ကတူးအမျိုးသမီး တို့သည်ပင်လည်ပင်း၌ ဆေးနီမင်ကြောင်ထိုးသောဓလေ့ရှိခဲ့ဖူးသည်ဟု ဆိုသည်။ ယခုတွင်မူ မတွေ့ရတော့ပေ။

ကတူးတိုင်းရင်းသားတို့၏ ထိုးကွင်းမင်ကြောင်ထိုးခြင်း ဓလေ့သည် သူရသတ္တိအမှတ်အသားအဖြစ် ထိုးခြင်းနှင့် ဘုရားဆေး၊ နတ်ဆေး၊ မှော်အဆောင်သဘောမျိုး အဖြစ်ဖြင့် ထိုးနှံကြခြင်း ဖြစ်ပေသည်။ မှော်အဆောင် အဖြစ် ဆေးမင်ကြောင် ထိုးနှံရာတွင် အများအားဖြင့် ခန္ဓာကိုယ်အထက်ပိုင်း၌ ထိုးနှံလေ့ရှိကြပါသည်။ နတ်ရုပ်များ၊ ဘီလူးရုပ်များနှင့် အခြားအရုပ်များကို မန္တာန်စာလုံးများ ခြံရံလျက် ဖြစ်စေ၊ အင်းကွက်များတွင် အင်းဆံများသွင်း၍ဖြစ်စေ၊ စာလုံးများချည်းဖြစ်စေ ထိုးနှံကြပေသည်။ ထိုသို့ ထိုးနှံရာ၌ အများအားဖြင့် ဆေးနီများဖြင့် အထိုးများပါသည်။ သို့သော်လည်း ရံဖန်ရံခါ အနက်ရောင်ဖြင့် ထိုးတတ်ကြသေးသည်။ လက်ယာဘက် လက်ဆစ်၊ လက်ဖမိုးနှင့် လက်ကောက်ဝတ်များတွင် ထိုးလေ့ရှိသော ဆေးမင်ကြောင် အနက်စက်၊ အနက်ပြောက်များနှင့် ခြေမျက်စိဝန်းကျင် တွင်တွေ့မြင်ရတတ်သော အနက်စက်များမှာလည်း အဆောင်သဘောပင်ဖြစ်ပေသည်။

ကတူးတိုင်းရင်းသားတို့သည် ရှေးအခါက ထိုးကွင်းမရှိသော ယောကျ်ားသည် ယောကျ်ားမပီသဟု ယူဆခဲ့ကြသည်။ ထိုးကွင်းထိုးပါမှ ယောကျ်ားပီသသူ၊ သတ္တိရှိသူဟု မှတ်ယူ၍ ပျိုမေတို့က ထိုးကွင်းပါမှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တတ်ကြသည်။ "မင်ကြောင်ထိုးရင် မောင်ခိုးရာလိုက်ပါ့မယ်"ဟူ၍ပင် ဆိုစမှတ်

ရှိခဲ့ဖူးသည်ဟု သိရှိရပါသည်။ ထိုးကွင်းမင်ကြောင်ထိုးရာတွင် အထက်ဆေးနှင့်အောက်ဆေးဟူ၍ ခွဲခြားထားကြောင်း လေ့လာသိရသည်။ အထက်ဆေးတွင်၊ ဘုရားဆေး၊ နတ်မှော်ဆေး၊ ဝိဇ္ဇာမှော်ဆေးဟူ၍ ခွဲထားသည်။ အောက်ဆေးနှစ်မျိုးတွင် ကာယသိဒ္ဓိကိုယ်ခံဆေးနှင့် ပီယသိဒ္ဓိသူချစ်ဆေးဟူ၍ ခွဲခြားထားသည်။ ထိုကွင်းဆေးမင်ကြောင် ထိုးရာတွင် ရွာရှိ ဆေးဆရာ၊ ဗိန္ဓောဆရာတို့က ထိုးပေးသည်။ ထိုဆေးများကို ဆေးဆရာ၊ ဗိန္ဓောဆရာတို့က ဖော်စပ်ကြသည်။ လူ၏ကိုယ်ခန္ဓာတွင် ထိုးနှံသောအခါ ဟင်္သပြဒါးဖြစ်စေ၊ မှိုင်းဖြစ်စေ ရောစပ်ပြီး ရှစ်ခွစုတ်၊ တစ်ဆယ့်နှစ်ခွစုတ်တို့ဖြင့် ထိုးနှံရသည်။ ဟင်္သပြဒါးသည် အနီရောင်ရ၍၊ မှိုင်းသည် အမည်းရောင်ရသည်။ ဆေးဖော်စပ်ရာတွင် ဟင်္သပြဒါးကို များစွာ ပြုလုပ်ရခြင်း မရှိပေ။ မှုရင်းအရောင်တွင် ရေအသင့်အတင့်ထည့်၍ ရောစပ်ရသည်။ သို့ရာတွင် လူ၏အသားပေါ်သို့ တိုက်ရိုက် မတင်နိုင်ပေ။ ဟင်္သပြဒါးကို တစ်ခါသုံးအတွက် ထုတ်ယူပြီး ကွမ်းရွက်ဖြင့် ထုပ်ယူရပါသည်။ ကွမ်းရွက်ဖြင့် ထုပ်ပြီး အပြန်အလှန်လှည့်၍ မီးကင်ရသည်။ ကွမ်းရွက်ဖတ်၊ ကွမ်းရွက်ပြာများ မပါစေဘဲ သီးခြားထည့်ကာ ရေထည့်၍ မွှေရသည်။ ဆေးရည်အပစ်အကျဲမှာ သာမန် မင်အနေအထားသည် အကောင်းဆုံးဖြစ်သည်။

မင်ဆေးအတွက်ကိုမူရေနံမင်နှင့်ဆီမင်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ရေနံမင်၊ ဆီမင်များ ခံယူပုံမှာ မီးခွက်တွင် ဆီထည့် မီးထွန်းပြီး မှိုင်းကို ဆေးအဖြစ် အသုံးပြုခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အောက်ပိုင်း ထိုးကွင်း ထိုးရာတွင် အသုံးပြုသော ရုပ်ပုံများမှာ ငုံး၊ ငါး၊ ကဒေါင်း၊ သစ်ခက်၊ တက်တူ၊ ရာဇမတ်ကွက်၊ စက်ဝိုင်းခြမ်းအစရှိသဖြင့် အမျိုးပေါင်း (၆၀)ကျော် ရှိသည်ဟု ဆိုပါသည်။

ထိုးကွင်းထိုးပြီးလျှင် ရောင်ရမ်းလာတတ်သည့်အတွက် ထိုးပြီးလျှင်ပြီ းချင်း ရေလောင်းရသည်။ အချို့မှာ ပဒိုင်းရွက်၊ ကြက်ဟင်းခါးရွက်၊ မဲဇလီရွက်များနှင့် ကြိတ်မိတ်ပြီး ပွတ်ပေးရသည်။ ထိုကဲ့သို့ ယင်း အရည်တို့ဖြင့် ကြိမ်ဖန်များစွာ ပွတ်သောပေါင်သည် စိမ်းမှောင်နေပေသည်။ ထို့အပြင် ထိုးကွင်းထိုးထားသော နေရာကို နေ့စဉ် ဖန်ရည်ဆေးပေးရသည်။ ဖန်ရည်မှာ ဗူးရွက်ပြုတ်ရည်၊ နဘူးရွက်ပြုတ်ရည်၊ မဲဇလီရွက်ပြုတ်ရည် အစရှိသဖြင့် အမျိုးမျိုးရှိသည်။

ယခုအခါတွင်မူ မြောက်မော်ကျေးရွာရှိ ယောကျ်ားများသည် ယခင်အချိန်များမှာကဲ့သို့ ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံး အပြည့်မထိုးကြတော့သော်လည်း "ထိုးကွင်းမင်ကြောင် မရှိလျှင် ယောကျ်ားမပီသ"ဟူသော အယူအဆကို လက်ခံကြဆဲဖြစ်သဖြင့် ခန္ဓာကိုယ်၏ နှစ်သက်ရာနေရာတွင် အဆောင်နှင့်အကာအကွယ်သဘောမျိုး အဖြစ် ထိုးကွင်းမင်ကြောင်ထိုးဆဲဖြစ်သည်။ ဤကဲ့သို့ ကတူးတိုင်းရင်းသားတို့သည် ခေတ်အဆက်ဆက် ပြောင်းလာ သော်လည်း မိမိတို့၏ မိရိုးဖလာယဉ်ကျေးမှုဓလေ့ထုံးစံများကို တတ်နိုင်သမျှ ထိန်းသိမ်းနေကြဆဲ ဖြစ်ပေသည်။

## (ခ) ဝတ်စားဆင်ယင်မှုများ

ကတူးတိုင်းရင်းသားတို့ ဝတ်စားဆင်ယင်ရာတွင် ယောကျ်ားရော မိန်းမများပါ မိမိတို့ လက်ဖြစ် အထည်များကိုသာ ဝတ်ဆင်လေ့ရှိကြသည်။ ယောကျ်ားများသည် ခေါင်းပေါင်းပေါင်းလေ့ရှိကြသည်။ သို့သော် အများအားဖြင့် သက်ကြီးရွယ်အို လူကြီးများနှင့် မိန်းမကြီးများသာ ခေါင်းပေါင်းကြတော့သည်။ လူငယ်လူရွယ်တို့ သည် ပေါင်းလေ့မရှိပေ။ ရှေးအခါကမူ ကတူးတိုင်းရင်းသားတို့သည် ခေါင်းပေါင်းအမဲရောင်များကို ပေါင်းကြသည်။ ထိုခေါင်းပေါင်းစများကို နှစ်ဖက်အမြိတ်ချ၍ ပေါင်းကြသည်။ ရှေးအခါက ကတူးအမျိုးသားတို့သည် တောင်ရှည် ပုဆိုးများကို ဝတ်ဆင်ကြသည်။ သက်ကြီးရွယ်အိုများမှာ ခေါင်းစွပ်အင်္ကျီလက်ရှည်၊ လက်စကတို့ကို ဝတ်ဆင်ကြသည်။ အမျိုးသမီးများသည်လည်း လေးတောင်နံကွဲထမီများကို ဝတ်ဆင်၍ အနက်ရောင်ရင်ဖုံးအင်္ကျီများ ကို ဝတ်ဆင်ကြသည်ဟု ဆိုကြပေသည်။ ယခုအခါတွင် ရာထူးအလိုက် ဝတ်စုံများ၊ ပွဲလမ်းသဘင်ဝတ်စုံများဟူ၍ မရှိတော့ပေ။ ထို့အပြင် အချိန်အခါအလျောက် မဝတ်ရဟုတားမြစ်ထားသော အဝတ်အစားမျိုးဟူ၍ ယခုအခါတွင် မရှိတော့ပေ။

အဝတ်အစားနှင့်ပတ်သက်၍ ယခုအခါ ယောကျ်ားများသည် ချည်ကြမ်းပုဆိုးအင်္ကျီများကိုသာ ဝတ်ဆင်သည်။ ပွဲလမ်းသဘင်များရှိသောအခါတွင်မူ မြို့သို့တက်၍ ဝယ်ယူထားသောအထည်များကို ဝတ်ဆင်ကြ သည်။ အမျိုးသမီးများသည်လည်း ပွဲလမ်းသဘင်များရှိသည့်အခါတွင် အများအားဖြင့် ခေတ်ပေါ်အဝတ်အစားများကို ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။ ကလေးသူငယ်များကိုမူ ဘောင်းဘီများ၊ အချို့မှာလည်း ပုဆိုး၊ ထဘီများကို

ဆင်မြန်းပေးကြသည်။ အများအားဖြင့် အသက်(၅)နှစ် (၆)နှစ်အရွယ်မှစ၍ ပုဆိုး၊ ထဘီများ ဝတ်ဆင်ကြသည်ကိုသာ တွေ့ရပေသည်။

ရှေးက ယောကျ်ားများရော မိန်းမများပါ နားဖောက်သောဓလေ့ရှိပေသည်။ နားတွင် ရွှေငွေတို့ကို အပြားပြုလုပ်၍လိပ်ပြီး နားတောင်းအဖြစ် ပန်ဆင်ကြလေ့ရှိသည်။ ရွှေမရှိပါက ငွေကို ပန်ဆင်ကြသည်။ တွဲလောင်းချသည့် အင်ကြင်းဖူးပုံ နားတောင်းများ၊ ဖက်လိပ်နားတောင်းများသည် တစ်ဖက်လျှင် အနည်းဆုံး ငါးမူးသား၊ တစ်ကျပ်သားခန့် ရှိပေသည်။ ရွှေခြေကျင်း၊ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်စသည့် အဆင်တန်ဆာများကိုလည်း ဝတ်ခဲ့ကြသည်။ လက်စွပ်တွင် မောင်းကွင်းများ၊ သံကြိုးများ၊ နဂါးခေါင်းကြီးများနှင့် နဂါးနှစ်ကောင်ပုံ ခြေကျင်းများကိုလည်း ဝတ်ဆင်ခဲ့ကြသည်။ ယခုခေတ်တွင်လည်း ၎င်းတို့ကို ဝတ်ဆင်ကြသော်လည်း ဝတ်နိုင်သူ အလွန်နည်းပါးလေသည်။

ကလေးသူငယ်များတွင် ခြေထောက်၌ ချူကလေးများ၊ လည်ပင်း၌ ကျောက်ပြား၊ ငွေပြားကဲ့သို့ ဆွဲပြားလေးများကို ဆင်မြန်းပေးတတ်ကြသည်။ ချူလုံးကလေးများ တပ်ထားရခြင်းသည် ကလေးငယ်မှာ လျှောက်၍ သွားတတ်သဖြင့် ချူသံကြားပါက ကလေးရှိရာအရပ်ကို သိနိုင်ရန်ဖြစ်သည်။ ဆွဲပြားမှာမူ ကလေးငယ်၏ စိတ်ကျေနပ်ပျော်ရွှင်ပြီး စိတ်အေးချမ်းစေရန် ရည်ရွယ်သည်။ မိန်းကလေးများတွင် ငယ်စဉ်မှစ၍ ဆံပင်ကို ဆံရစ်ဝိုင်းပုံ ထားပေးတတ်ကြသည်။ အရွယ်ရောက်သောအခါ မိန်းကလေးများသည် ဆံပင်ကို အုပ်လုံးသိမ်းပြီး ကြိုးဖြင့် ချည်နှောင်၍ ဖြစ်စေ၊ ဆံကျစ်၍ဖြစ်စေ ဆင်ယင်ထုံးဖွဲ့တတ်ကြသည်။ မိန်းမကြီးများမှာ ဆံပင်ကို ဘီးဖြင့်ပတ်၍ ထားကြသည်။ အသက်အရွယ်ကြီးသော ယောကျ်ားကြီးများမှာ သျှောင်ထုံးထားသူများရှိသကဲ့သို့ ကတုံးတုံးထားသူများလည်း ရှိပေသည်။ သက်လတ်ပိုင်း ယောကျ်ားများကား ဘိုကေထားကြပေသည်။ ရှေးက ကတူးယောကျ်ားတိုင်းသည် သျှောင်ထုံးထားကြသည်။ ဤရွာရှိ ကတူးတို့၏ အဆိုအရ ကတုံးအမျိုးအစား သုံးမျိုး ရှိသည်။ "အေးကတုံး၊ ဘေးကတုံး၊ ချေးကတုံး"ဟူ၍ ဖြစ်သည်။ အေးကတုံးဆိုသည်မှာ စိတ်အေးချမ်းသာရာ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်အခါ တုံးရသည့် ကတုံးကို ဆိုလိုသည်။ ဘေးကတုံးဟူသည် ရောဂါဘယဘေး အန္တရာယ်ကြုံ၍ တုံးရသည်ကို ခေါ်သည်။ ထို့ကြောင့် အေးကတုံး၊ ဘေးကတုံးမှလွဲ၍ "ချေးကတုံး မဖြစ်စေနဲ့"ဟု ပြောဆိုတတ်ကြကြောင်း သိရသည်။ မည်သူမျှ အကြောင်းမဲ့ ကတုံး မတုံးကြပေ။ လူတိုင်း သျှောင်ထုံးထားတတ်ကြသည်ဟု ဆိုသည်။ "ဆံတိုတစ်ထွာ အပျိုချွာ"၊ "ဆံတိုတစ်တောင် အပျိုပေါင်း"ဟူ၍ပင် ပြောဆိုတတ်ကြကြောင်း သိရပါသည်။ ယခုအခါတွင် ယောင်တုံးထားသူများ နည်းပါးသွားပြီဖြစ်သည်။

ရှေးက အပျိုအအိုများကို ခါးစည်းကြိုးဖြင့် ခွဲခြားထားခဲ့သည်ဟု ဆိုပေသည်။ အပျိုများ၏ ခါးတွင် လှပသော ခါးစည်းကြိုးကို စည်း၍ အစနှစ်စရွယ်စုံချထားသည်။ တစ်ခုလပ်တွင် အစတစ်စသာ ချထားသည်။ အအိုအိမ်ထောင်ရှိ မိန်းမများမှာမူအစချထားခြင်း မရှိဟု ဆိုသည်။ ကတူးတို့သည် တကောင်းမင်းမျိုး မင်းနွယ်မှ ဆင်းသက်လာသူများဖြစ်သည်ဟု ဆိုကြသည်။ သာကီဝင်မင်းသမီးတို့သည် ပြန့်ထမီ များ ဝတ်ဆင်ကြသဖြင့် ခါးတွင် ရွှေကြိုးငွေကြိုးများ စည်းကြသည်။ ထိုမှတစ်ဆင့် ခါးစည်းသည့်ဓလေ့ရှိလာသည်ဟု ဆိုသည်။ ယခုအခါ ကတူးအမျိုးသမီးတို့သည် ခါးစည်းကြိုးစည်းလေ့ရှိကြသေးသော်လည်း အပျို၊ အအိုကို ခါးစည်းကြိုးဖြင့် သီးသန့် ခွဲထားခြင်း မရှိတော့ပေ။ စပါးထောင်း၊ တောင်ယာသွား အလုပ်ကြမ်းလုပ်သည့်အခါများတွင်လည်း ခါးစည်းကြိုး စည်းထားတတ်သည် အထူးသဖြင့် ကလေးမိခင်များသည် ခါးစည်းကြိုးအမြဲစည်းထားသည်။ အမှန်တွင် ခါးစည်း ထားခြင်းသည် လုံချည်ထမီကို မြဲမြဲစေရန် ဖြစ်သည်။ မည်မျှပင် ပင်ပင်ပန်းပန်း လုပ်စေကာမူ အဝတ်ကျွတ်ကျခြင်း၊ မအားလပ်၍ ပြန့်ဝတ်နေရခြင်း မရှိတော့ပေ။ မိခင်တို့သည် ကလေးကို ကျောတွင်ပိုး၍ အလုပ်လုပ်ကြသဖြင့် လုံကွင်း ခဏခဏ မကျွတ်စေရန် စည်းထားခြင်း ဖြစ်သည်။

ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကို ခေတ်စနစ်နှင့်အညီ အတတ်နိုင်ဆုံး ထိန်းသိမ်းထားနိုင်ကြသည်ကို သိရှိခဲ့ရသည်။ မိမိတို့၏ ရိုးရာဓလေ့များကို ဆက်လက်ထိန်းသိမ်းနိုင်ကြခြင်းကို ပင်လျှင် တန်ဖိုးထားဂုဏ်ယူနေတတ်ကြပေသည်။

## (ဂ) ကစားခုန်စားနည်းများ

ကစားခုန်စားခြင်းဖြင့် ပျော်ရွှင်မှုအဖုံဖုံတွင် သက်ကြီး၊ သက်လတ်၊ သက်ငယ်အလိုက် ကစားနည်းအမျိုးမျိုးရှိကြပေသည်။ ပစ္စည်းကိရိယာများဖြင့် ကစားခြင်း၊ ရုပ်ဝတ္ထုသာလှုပ်ရှား ကစားခြင်း၊ စိတ်သာ လှုပ်ရှား ကစားခြင်း အစရှိသဖြင့်လည်း ခွဲခြားနိုင်ပေသည်။ ကစားပျော်ရွှင်မှုတွင် အဖွဲ့အစည်း၏သဘောပါရှိသော အစုအဝေး ကစားနည်းရှိသကဲ့သို့ နှစ်ဦးတည်းသာ ကစားနိုင်သော ကစားနည်းမျိုးလည်း ရှိပေသည်။ အသံပြု၍ ကစားခြင်း၊ အသံတိတ်ကစားခြင်း စသည်ဖြင့် အမျိုးမျိုးရှိသည်။ ကလေးနှင့်ကစားခြင်းသည် ခွဲခြား၍မရပေ။ ကလေးတိုင်း ကစားပျော်ရွှင်မှုအပေါ်တွင် အခြေခံ၍ စိတ်နှင့်ရုပ်နှစ်ပါး တိုးတက်ဖြစ်ထွန်းလာရပေသည်။ မြောက်မော် ကျေးရွာရှိ ကလေးသူငယ်များ၊ သက်လတ်ပိုင်းလူငယ်များ၏ ကစားနည်းများ ရှိပေသည်။ ၎င်းတို့မှာ ထုပ်ဆီးခြင်း၊ ကျေးသားရိုက်ခြင်း၊ ဖယ်တောက် ဖယ်ခုပ်ခြင်း၊ သစ်ပင်တက်၊ ရေကူးပြိုင်ခြင်း၊ အပြေးပြိုင်ခြင်း၊ ခြင်းခတ်ကစားခြင်း စသည့် ကစားနည်းများဖြင့် ကစားကြပေသည်။ မြောက်မော်ကျေးရွာရှိ ကလေးသူငယ်များတွင် ခေတ်မီကစားစရာ အရုပ်ဟူ၍ မရှိပေ။ မိမိတို့၏ ကျေးရွာအတွင်းမှပင် ရနိုင်သည့် ကစားစရာ သစ်သား၊ ရွှံ့ဖြင့် ပြုလုပ်ထားသော ကျွဲရုပ်၊ နွားရုပ်၊ ငှက်ရုပ်၊ လှည်း၊ လှေစသည့် ကစားစရာကလေးများဖြင့်သာ ဆော့ကစားကြရပေ သည်။ မိန်းကလေးမှာလည်း ရွှံ့စေးဖြင့် ပန်းကန် အိုးခွက်ကလေးများ၊ လူရုပ်ငယ်ကလေးများ ပြုလုပ်၍သာ ကစားနိုင်ရှာကြသည်။ ဤရွာရှိ ကလေးငယ်တို့သည် မိဘ၊ အစ်ကို၊ ဦးလေးစသည်တို့ ပြုလုပ်ပေးသော လှည်း၊ လှေ၊ နွားအရုပ်ကလေးများဖြင့် ပြေးလွှားဆော့ကစားတတ်ကြသည်။ နွားရုပ်၊ လှည်းရုပ်ကလေးများဖြင့် လှည်းမောင်းတမ်း စသည်ဖြင့် ကစားကြသည်။ ဤကဲ့သို့ ကစားနည်းကို ကလေးတို့သည် သရုပ်ပါပါ ကစားနိုင်ကြသည်။ ဤသည်မှာ ကလေးတို့၏ နေထိုင်ရာ ပတ်ဝန်းကျင်သည် လယ်ယာစိုက်ပျိုးကြသော တောသူတောင်သားများသာ ဖြစ်သောကြောင့် နေထိုင်ရာ ပတ်ဝန်းကျင်၏ ထင်ဟပ်မှုပင် ဖြစ်သည်။ မိန်းကလေးတို့သည်လည်း ရွှံ့အိုးရွှံ့ခွက် ပန်းကန်များဖြင့် ထမင်းချက်၊ ဟင်းချက်တမ်း ကစားကြခြင်းဖြင့် ချက်ရေး၊ ပြုတ်ရေး၊ ကစားနည်း၊ အိမ်ထောင်ထိန်းသိမ်းကစားနည်းတို့ကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်လာခဲ့ပေသည်။ ငယ်စဉ်က ကလေးတို့၏ အလုပ်သည် ကစားခြင်းဖြစ်၍ ကြီးပြင်းလာသောအခါ ထိုကစားခြင်းသည်ပင် “အလုပ်”ပုံသဏ္ဍာန်ဆောင်၍ လာနိုင်ပေသည်။

အရွယ်မရောက်သေးသော ကလေးသူငယ်များသာလျှင် အများစု ကစားလေ့ရှိကြပြီး အရွယ်ရောက်လာသော မိန်းကလေး၊ ယောကျ်ားလေးများမှာမူ ကစားခြင်း သိပ်မရှိတော့ပေ။ ကစားနည်းများတွင်လည်း ကလေးသူငယ်ကစားနည်း၊ ယောကျ်ားလေးကစားနည်း မိန်းကလေး ကစားနည်း၊ အရွယ်ရောက်ပြီးသူများ ကစားနည်း စသည်ဖြင့်လည်း ကွဲပြားပေသည်။ ထုပ်ဆီးတိုးကစားနည်းသည် အစုအဖွဲ့ဖြင့် နှစ်ဖွဲ့ခွဲ၍ ကစားကြရသည့်နည်း ဖြစ်သည်။ ဤကစားနည်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားကလေးငယ်တိုင်း ကစားဖူးကြသည်သာ ဖြစ်သည်။ ဤကစားနည်းသည် ကိုယ်ပိုင်စည်းမျဉ်းများရှိ၍ ကစားသူတိုင်း အဖွဲ့၏ စည်းကမ်းကို လိုက်နာကြရခြင်း ဖြစ်သည်။ အဖွဲ့အစည်းအလိုက် စိတ်အားတက်ကြွစွာ ကစားရသောနည်းတစ်ရပ်ဖြစ်ပေသည်။ ဤကစားနည်းသည် တစ်ဦးချင်း စီ၌ တာဝန်ရှိသကဲ့သို့ တဖွဲ့လုံးကလည်း ကိုယ့်အသိစိတ်ဓာတ်ဖြင့် အတိုင်အဖောက်ညီညီ တာဝန်သိသိ ကစားမှသာ အောင်မြင်နိုင်ပေသည်။ ဤကစားနည်းသည် ယောကျ်ားကလေးရော မိန်းကလေးများပါ ကစားနိုင်ပေသည်။ ဤကစားနည်းမှ အခြေခံ၍ တစ်ဦးချင်း အသိစိတ်ဓာတ်ဖြင့် မိသားစုအကျိုး၊ ရပ်ရွာနိုင်ငံအကျိုးကို စည်းစည်းလုံးလုံး တက်ညီလက်ညီလုပ်ဆောင်တတ်သည့် စိတ်ဓာတ်မျိုး ကိန်းအောင်းနိုင်ပေသည်။

ကျေးသားရိုက်ကစားနည်းသည် ယောကျ်ားကလေးများသာ ကစားလေ့ရှိသည်။ ယောကျ်ားကလေးများသည် တောထဲ၌ ကျွဲနွားများကို ကျောင်းရင်း ကစားတတ်ကြသည်။ ကျေးသားရိုက် ကစားခြင်းတွင်လည်း နှစ်ဖွဲ့ခွဲ၍ ကစားတတ်ကြသည်။ ဤကစားနည်းသည် ကလေးသူငယ်တို့အား အတိုင်းအထွာပညာရပ်များကို သင်ကြားပေး၏။ ကြိမ်ဖန်များစွာ ကစားခြင်းဖြင့် အကျယ်အဝန်းကို ချက်ချင်း မည်ရွေ့မည်မျှ ရှိမည်ကို ခန့်မှန်းလာနိုင်ပေသည်။ ကြိုးခုန်ကစားခြင်းမှာလည်း ခုန်သည့်ဘက်မှ တစ်ဖွဲ့ကြိုးကိုင်ပေးမည့် လူနှစ်ဦးက တစ်ဖက် ကစားရသည်။ ကြိုးကိုင်မည့် လူနှစ်ဦးသည် ကြိုးကို မှန်မှန်လှည့်ပေးရပြီး ကျန်သူများက တစ်ဦးပြီးတစ်ဦး ဝင်၍ ခုန်ကြရသည်။ ပထမဝင်၍ ခုန်သူသည် နောက်လူအား နေရာပေးရလေသည်။ ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး

မမောနိုင်၊ မပမ်းနိုင် အနိုင်မခံ၊ အရှုံးမပေး ကစားကြသည်။ ကြိုးဖြင့် ထိမိသူသည် အရှုံးရပြီး ကြိုးကိုကိုင်ပေးရသည်။ ကစားရသည့် ကြိုးကို တောထဲမှ ရသည့်နွယ်ကြိုးများ၊ အုန်းဆံကြိုးများကို အသုံးပြုကြသည်။ ဤကစားနည်းသည် ကိုယ်လက်ကြံ့ခိုင်စေသည်။

မြောက်မော်ကျေးရွာရှိ မိန်းကလေးများသည် နေ့လယ်နေ့ခင်းကာလများ၌ သစ်ပင်ရိပ်၊ အိမ်ရိပ်၊ ကျောင်း၊ ဇရပ်ရိပ်တို့တွင် ခိုလှုံရင်း ဖယ်ခုပ်၊ ဖယ်တောက်တမ်း ကစားတတ်ကြသည်။ ကျန်ကစားနည်းများသည်လည်း နှစ်ယောက်မှအထက် သို့မဟုတ် သုံးယောက်စီ စသည်ဖြင့် နှစ်သင်းကစားလိုက ကစားနိုင်ပေသည်။ စတင် ကစားရသည့် မိန်းကလေးသည် မြေပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ဖယ်ဒိုးကလေး ၅လုံးကို တစ်တောင်ခန့် အမြင့်သို့ ပစ်မြှောက်ပြီး ထိုဖယ်ဒိုးကို မြေမကျအောင် ဖမ်းယူရသည်။ ထိုဖယ်ဒိုးကလေးများကို အဆင့်ဆင့်ကစား၍ မြေပေါ်သို့ မကျလျှင် တစ်ပွဲရပြီး ကျသွားလျှင် ရှုံးပေသည်။ ဤကစားနည်းသည်လည်း စိတ်ငြိမ်သက်၍ လျင်မြန်ဖျတ်လတ်ရသည်။ အလွန် ဂရုစိုက်ရသော ကစားနည်းလမ်း ဖြစ်သည်။ သစ်ပင်တက်ခြင်း၊ ရေကူးပြိုင်ခြင်း၊ အပြေးပြိုင်ခြင်းတို့သည်လည်း လျင်မြန်ဖျတ်လတ်မှုရှိရသည်။ အများအားဖြင့် ယောက်ျားလေးများ ကစားကြသည်။

ထို့အပြင် ဤမြောက်မော်ကျေးရွာရှိ ကတူးကလေးတို့သည် တစ်ဦးအား မျက်လုံးကိုပိတ်ထားပြီး အဝတ်ထုပ်ဖြင့် ကျန်သူများကို လိုက်၍ရိုက်ရသော ကစားနည်းမျိုးကိုလည်း ကစားကြပေသည်။ ယင်းမှာ-

"ဘုတ်တုတ်တတူး-နန်ဆာ-မာနက်ခူးငါးလား
ဆမ်ဆီဆုမ်ခူး- ငါးမား
ငနဲပာဝါ အီရုတ်
အီယာနား
ငေါဘမ်းကော-ငဒေ့အရန်တက်ဆာ့"

အဓိပ္ပာယ်မှာ- " ဖြူကောင်-မင်သား ဘယ်နှစ်ယောက်ရှိလဲ
(၃၃)ယောက်ရှိတယ်
ငါ့ကို တစ်ယောက်ပေး
မပေးနိုင်ဘူး
မပေးနိုင်ရင် ငါ့ကို အရင်မပစ်နဲ့"ဟူ၍ ဖြစ်၏။

ထိုစကားစုကို မျက်လုံးအပိတ်ခံထားရသူအား အခြားတစ်ယောက်က အဝတ်ကိုလုံးပြီး နဖူးကို တို့လိုက်ရသည်။ ထို့နောက် ထိုအဝတ်ဖြင့် လိုက်ရိုက်ရသည်။ အဝတ်ထုပ်ဖြင့် ရိုက်မိသူက ရှုံးပြီး တဖန်မျက်စိမှိတ်ရပေသည်။

ပြေးတမ်းလိုက်တမ်း ကစားနည်းကိုလည်း ရေချိုးရင်း ကလေးများ ကစားလေ့ရှိကြသည်။ ထိုကဲ့သို့ ကစားရန် လိုက်သောသူ(ခွေးရူး)ကို မဲချရန်အတွက် အဆိုလေးဖြင့် ရွေးချယ်တတ်ကြ၏။ ၎င်းမှာ-

"တောက်တီးတောက်တာ ပဲအမ်ကာ၊ အမ်ကပတူး လောဟာတူး၊ လောဟာရွှေတောင်၊ မန်းရွှေတောင်၊ ရွှေတောင်ကပဲ၊ ဝဲကဖဲ စလုံးစလမ်ပွတ်"ဟူ၍ ဆိုရသည်။ နောက်ဆုံးကျသောသူသည် ခွေးရူးလုပ်ရပြီး ကျန်သူများအား လိုက်ဖမ်းရပေသည်။ ဤကဲ့သို့ ပြေလွှားဆော့ကစားရသော ကစားနည်းများအပြင် ကျေးရွာရှိ ကလေးတို့သည် ညချမ်းအချိန်တွင် ပုံပြင်ပြောခြင်း၊ စကားထာဖွက်ခြင်း၊ တေးသီချင်းများ သီဆိုကခုန်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် အပန်းဖြေကြပေသည်။

ခြင်းခတ်ကစားခြင်းမှာမူ အရွယ်ရောက်ပြီးသော လူငယ်များ ကစားကြခြင်းဖြစ်သည်။ တောင်ယာအားလပ်သည့်အချိန်များတွင် ညနေခင်းအခါများ၌ ကျေးရွာရှိ လူငယ်လူလတ်ပိုင်းတို့သည် ဝိုင်းဖွဲ့၍ ကစားကြခြင်းဖြစ်သည်။ ဤခြင်းခတ်ကစားခြင်းသည် အပေးအယူညီမျှမှု ရှိရပါသည်။ အပျင်းပြေ၊ အညောင်းပြေ ကစားနိုင်သည့် ရိုးရာကစားနည်း ဖြစ်သည်။ ဤကဲ့သို့ ခြင်းခတ်ကစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဖြစ်စေသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အပေးအယူမျှ၍ စည်းလုံးညီညွတ်မှု ဖြစ်စေသည်။

ဤကဲ့သို့ ထုပ်ဆီးတိုးခြင်း၊ အပြေးပြိုင်ခြင်း၊ ရေကူးပြိုင်ခြင်းစသည့် ကစားခုန်စားခြင်းများသည် ကောင်းသော ပြိုင်ဆိုင်ကစားနည်းမျိုးဖြစ်၍ လူ့ဘောင်ကို အထောက်အပံ့ ဖြစ်စေနိုင်လေသည်။ အစုအသင်းနှင့် ကစားခြင်းသည် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းစေရုံမျှမက သူငယ်ဖော် အချင်းချင်း ချစ်ခင်လာစေနိုင်သည်။ အဖွဲ့အစည်း၏ သဘောတရားကို လက်တွေ့နားလည် သိရှိရသည်။ တစ်ဦးနှင့်တစ်ဦး မှန်ကန်စွာ ဆက်ဆံရေးကိုလည်း ရိပ်စားမိလာသည်။ အရှုံးပေးခြင်း၊ အနိုင်ယူခြင်း၊ မိမိတို့ ပြုလုပ်သော စည်းကမ်းကို မိမိတို့ ကိုယ်တိုင် ရိုသေလိုက်နာခြင်း၊ ဆုံးဖြတ်တတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ညှာတာခြင်း၊ စာနာခြင်း၊ ပါးနပ်လိမ္မာခြင်းစသည့် ဆက်ဆံရေးသဘောများကို တဖြည်းဖြည်းရရှိလာတတ်သည်။ ကစားခြင်းမှ ရရှိအပ်သော ပညာတို့သည် လူ့ဘဝ၏ အခြေခံသဘောတရားများ ဖြစ်လာပြီး မိမိတို့၏ လူ့ဘောင်အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျ ရှိစေရန် စီစဉ်ပေးရာ ရောက်ပေသည်။

## (ဃ) ဂီတနှင့်အကအခုန်

ကတူးတိုင်းရင်းသားတို့သည် တေးဂီတကို နှစ်သက်ကြသည်။ သူတို့တွင် အသုံးပြုသော တူရိယာများမှာ–(၁)မောင်းဆိုင်း၊ (၂)မောင်း၊ (၃)စည်တို၊ (၄)စခွံ့၊ (၅)နှဲ၊ (၆)ပလွေ၊ (၇)ဝါးလက်ခုပ်၊ (၈) စည်းတို့ ဖြစ်သည်။ မြောက်မော်ကျေးရွာတွင် အလှူမင်္ဂလာပွဲများ၊ ဘုရားပွဲများ၌ ကျေးရွာတွင်း ဗျောအဖွဲ့ ရှိလေသည်။ ထိုဗျောအဖွဲ့တွင် ဗျောတစ်လုံး၊ နှဲ၊ လင်းကွင်း၊ မောင်းကိုးလုံးပါ မောင်းဆိုင်းတို့ကို သုံးသည်။ ထိုဗျောအဖွဲ့သည် အလှူလှည့်ရာတွင်လည်းကောင်း၊ ဘုရားပွဲများ၊ ဆွမ်းလောင်းရန် လှည့်လည်ရာတွင်လည်းကောင်း၊ ရှေ့ဆုံးမှနေ၍ တီးမှုတ်လေ့ရှိသည်။ ထိုသို့ ဗျောတီးနေစဉ်တွင် ရွာရှိ မိန်းမပျိုများကဖြစ်စေ၊ အသက်ကြီးမိန်းမများက ဖြစ်စေ ပျော်ရွှင်သည့် အထိမ်းအမှတ်ဖြင့်ဝင်၍ ကကြလေသည်။ လေးငါးဆယ်ဦး ဝင်ရောက်၍ ကကြလေသည်။ ယောကျ်ားများ ဝင်ရောက်ကသောအခါတွင်မူ ပရိသတ် ပျော်ရွှင်စေရန် ထုံးသုတ်၍လည်းကောင်း၊ အိုးမဲသုတ်၍ လည်းကောင်း ကပြတတ်ကြသည်။

ကတူးတို့၏ ရိုးရာအကနှင့်တေးဂီတများမှာ ရှေးယခင်က ရှိခဲ့ဖူးသည်ဟု ဆိုကြသည်။ ဗမာဘုရင်များ လက်ထက်တွင် ကတူးရွှေမှူး၊ ရွှေသူကြီးတို့သည် ဘုရင့်နန်းတော်နှင့်အဖန်ဖန် အခါခါ ဆက်သွယ်ခဲ့ကြရသဖြင့် ဗမာတို့၏ ယဉ်ကျေးမှု အတီးအမှုတ် အကအခုန်တို့ကို လက်ခံကျင့်သုံးခဲ့ကြရာမှ ကတူးတို့၏ ရိုးရာတီးကွက်များနှင့် တူရိယာများ ပျောက်ကွယ်ခဲ့ရသည်ဟု ဆိုပါသည်။ ထို့ကြောင့် ယခုအခါတွင် ကတူးတိုင်းရင်းသားတို့၏ တေးဂီတ တီးကွက်များနှင့် ပင်ကိုအကတို့မှာ ဗမာတို့ကဲ့သို့ပင် ဖြစ်နေပေသည်။ ဗမာတို့ အသုံးပြုသော တူရိယာ ပစ္စည်းများကိုပင် အသုံးပြုနေကြသည်။ ထို့ကြောင့် ဗမာဆန်သော အတီး နှင့် ဗမာဆန်သောအကများကိုသာ တွေ့ရပေသည်။

ကတူးတိုင်းရင်းသားတို့သည် ဇာတ်ပွဲ၊ အငြိမ့်ပွဲများကို အလွန်ကြိုက်နှစ်သက်ကြလေသည်။ အလှူပွဲများ၊ ဘုရားပွဲများတွင် ဇာတ်ပွဲများ၊ အငြိမ့်ပွဲများငှားရမ်းသည့်အခါတွင် ကျေးရွာခံ တိုင်းရင်းသားတို့သာမက ကျေးရွာ ပတ်ဝန်းကျင် အနီးအနားရွာများမှ တိုင်းရင်းသားတို့သည် စားအိုးစားခွက်များနှင့် အတူလာရောက်ကြည့်ရှု ကြသည်။ ယခုအခါတွင် ဗီဒီယိုပြစက်များကို ပင်လည်ဘူးမြို့မှ ငှားရမ်းပြသနေကြပေသည်။ ကတူးတိုင်းရင်းသား တို့သည် ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဗီဒီယိုတို့တွင် နှိပ်စက်ရသော၊ ရက်စက်ရသော ဇာတ်ကောင် လုပ်ရသူကို မနှစ်သက်ကြပေ။ ဇာတ်ထဲတွင် နှိပ်စက်ခန်းမှ ပါဝင်ရသူ ဇာတ်ကောင်ကို နောက်တစ်နေ့ နံနက်တွင် ထမင်း မကျွေးတော့ဟုဆိုသည်။ ဇာတ်ထဲ၌ နှိပ်စက်ခန်းများတွင် မနှိပ်စက်ရန် ထအော်ကြသည်အထိ ဖြစ်သည်။ ပျော်ရွှင်ဖွယ်အခန်းများတွင်လည်း မျက်ရည်ထွက်မတတ် ရယ်မောတတ်ကြသည်။ ကတူးတိုင်းရင်းသားတို့သည် ဇာတ်ပွဲ၏ ကကွက် ကဟန် ဂီတအရသာကို သိရှိခံစားတတ်ကြသည်။ ဤသည်မှာ ကတူးတိုင်းရင်းသားတို့၏ ပင်ကိုစိတ်ဓာတ်သည် နူးညံ့သိမ်မွေ့၍ ချစ်ခင်ကြင်နာတတ်သည့် စိတ်ဓာတ်ကို ဖော်ပြနေပေသည်။

မြောက်မော်ကျေးရွာတွင် ပွဲလမ်းသဘင်ဇာတ်ပွဲများ၌ ပွဲကြည့်သောအခါတွင် အပျိုများက ကြိုးဝိုင်း အတွင်းမှ ကြည့်ကြရသည်။ အပျိုဝိုင်းထဲသို့ လူပျို မဝင်ရပေ။ လူပျိုတို့ကလည်း တစ်ဝိုင်းဝိုင်း၍ ကြည့်ကြရသည်။

ရှင်ပြုပွဲ၊ ဘုရားပွဲများတွင် ဇာတ်ငှားပါက နေ့ရောညပါ ကပြကြရသည်။ ပရိသတ်ကလည်း ပွဲမပြီးမချင်း အားပေးကြသည်။ ဤဒေသများတွင် ဤကဲ့သို့ ဇာတ်ပွဲများကို တစ်နှစ်လျှင်တစ်ကြိမ်ကိုမျှ မှန်မှန် မငှားရမ်းနိုင်ရှာကြသဖြင့် ကြည့်ရှုရသည့်အချိန်လေးတွင် အားပါးတရ အားပေးကြခြင်းဖြစ်သည်။ မြောက်မော်ကျေးရွာရှိ အပျို လူပျိုအဖွဲ့များသည် ရပ်ရွာအရေးကိစ္စများတွင် လုပ်ကိုင်ကြသည့်အခါ လူပျိုခေါင်းက ဦးဆောင်၍ လုပ်ကိုင်ကြသည်။ အလှူပွဲများအတွက် ရေခပ်ရာတွင်လည်းကောင်း၊ ထင်းခွေရာတွင်လည်း အကျွေးအမွေး တာဝန်ယူရာတွင်လည်းကောင်း လူပျိုခေါင်း၏ နောက်မှနေ၍ စနစ်တကျ တန်းစီပြီး ပြုလုပ်ကြသည်ကို တွေ့ခဲ့ရပါသည်။ ထိုကဲ့သို့ ရေခပ်ဆင်းရာတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရင်းဖြင့်လည်းကောင်း ပျော်ရွှင်စွာ သီချင်းဆိုလေ့ရှိကြသည်။ ထို့အပြင် ကတူး မိန်းမပျိုတို့သည် ဆန်ဖွပ်ရာတွင်လည်းကောင်း၊ တောထဲ၌ ဟင်းရွက်၊ ငါးရှာရာတွင်လည်းကောင်း တေးသီချင်းများ သီဆိုတတ်ကြသည်။ ယောက်ျားကလေးများသည်လည်း မိမိတို့၏ လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရင်း တေးသီချင်း ညည်းဆိုကြသည်။ ယခုအခါတွင်မူ ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ ဗီဒီယိုရုပ်ရှင်များသည် မြို့များမှ ငှားရမ်းပြသရသည်ဖြစ်၍ မြို့ပြယဉ်ကျေးမှု လွှမ်းမိုးလာသဖြင့် ကတူးတိုင်းရင်းသားတို့သည် တေးသီဆိုကြရာတွင် မိမိတို့ ကတူးဘာသာသီချင်းများ ထက် ထိုဇာတ်၊ အငြိမ့်ပွဲများမှ ဇာတ်ဆောင်များ သီဆိုသွားသော တေးသီချင်းများကိုပင် လိုက်လံသီဆိုနေကြသည်ကို တွေ့ရပေသည်။ မိမိတို့၏ ရိုးရာကတူးဘာသာဖြင့် တေးသီချင်းသီဆိုကြမှုမှာ နည်းပါးသွားပေသည်။ သို့သော်လည်း တစ်ခါတစ်ရံ ကတူးစကားဖြင့် သီဆိုကြသေးသည်လည်း ရှိပေသည်။ တေးသီဆိုနေရာမှ သီချင်းမေ့သွားလျှင် ကတူးဘာသာစကားဖြင့် သီချင်းကို ဆက်ဆိုတတ်သည်။ ကတူးစကားဖြင့် သီဆိုနေရာမှ ဗမာစကားဖြင့် ထည့်သွင်းသီဆိုသည်လည်း ရှိပေသည်။ ထို့ကြောင့် ယင်းတို့၏ ရိုးရာသီချင်းများမှာ ဗမာတစ်ပိုင်း ကတူးတစ်ပိုင်း ဖြစ်နေတတ်သည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ အလှူပွဲများ လှည့်လည်ရာတွင် တစ်ခါတစ်ရံ သျှိုးလိုက်ရတုများကို ဆိုလေ့ရှိကြောင်း သိရသည်။ ထိုသို့ဆိုတတ်သည့် သျှိုးလိုက်ရတု၏ မြန်မာအဓိပ္ပာယ်မှာ "ပိန်းခင်းထဲ၌ ရေကြက်ထောင်ပါသည်။ ရေကြက်မရဘဲ မျောက်မွဲကြီးသာရပါသည်။ ထိုမျောက်မွဲကြီးအား မီးဖုတ်ရန် မီးစယူပါ မျောက်ကြီးမှာ မည်းမည်းသဲသဲ ဖြစ်နေပါသည်။ မိမိသည် ဤမိန်းမပျိုအား ချစ်ခင်နှစ်သက်ပါသည်။ သူမမှာ အိမ်ထောင်ပျက် ဖြစ်နေပါသည်။ မိမိမှာ လူပျိုဖြစ်ပါသည်။ သိပါရဲ့လား။ မသိလျှင် မောင်ရင်လောင်းကို မေးလိုက်ကြပါ"ဟူ၍ ဖြစ်သည်။ ကတူးဘာသာစကားဖြင့်မူ–

"ကန်ဒပ်တာ၊ နောက်ဝပ်ဟန်
နောက်အွအလျှု ကွဲတန်းလူ
ဖွန်းတနွတ်တုံး၊ ဝမ်းတူအိုး (ဝမ်စူးစမ်း)
ထွန်းတနိတ်နိတ်– နည်မှန်မှာ
ဗမာပြန်လား ကတူးချပ်
ဟလားဖတ်မာ–ငေါ်တမာ–မန်ဆာတသန်းလပျိုပါ
မိဆာဟာပန်းလား

သိပလားလို့ဆိုပြန်တာ မသိလျှင် မောင်ရင်လောင်းကို မေးလိုက်ကြ။ အားလုံးအားလုံး" ဟူ၍ ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းခွင်နှင့်ပတ်သက်၍လည်း သီဆိုသော သီချင်းများရှိခဲ့သည်။ မြောက်မော်ကျေးရွာ၏ တောင်ဖက်ရှိ မောင်လင်ချောင်းသို့သွား၍ ငါးဖမ်းကြသောအကြောင်းအရာကို သီဆိုထားခြင်းဖြစ်သည်ဟု ဆိုပါသည်။ သို့သော် သီချင်းစာသားကို အပြည့်အစုံမရရှိကြတော့ပေ။

"ဆောင်းဖားတူ တမ်တူဆမ်းပါလို့
ဗလွှမ်ချောင်းမှာတဲ့ တန်းငါးတန်
သွားကြလေဟန် လန်ကြီမာ့လေ့"ဟူ၍ တစ်ပိုင်းတစ်စသာ ဆိုနိုင်ကြတော့သည်။

မြောက်မော်ကျေးရွာဒေသသည် တစ်ချိန်က ကွန်မြူနစ်တို့ ကြီးစိုးသောဒေသဖြစ်ခဲ့သည်။ ထို့ကြောင့် ကွန်မြူနစ်တို့၏ ခါးသီးသော ဒုက္ခများကို ရွာသူရွာသားများ သိရှိခံစားခဲ့ကြရသဖြင့် ကွန်မြူနစ်တို့အား ပြန်လည်

တွန်းလှန်လိုသော ဆန္ဒ ရှိခဲ့သည်။ ၎င်းကို သွယ်ဝိုက်၍ သီချင်း စပ်ဆိုထားခဲ့သည့် သီချင်းမှာ–

"ကယားပိုင်း ကမ်းစွန်ရှိ
တန်းကာပန်း ကပ်ဆနီ
ဆရာဆာတီတန်း င–အား
ပါလာတုန်းဒီတန်း ကအား
အဆပ်တူတူ မှ တန်း ဂ–ကမှာ
တန်းပေါ်တော့– တန်းပေါ်တော့" ဟု ဖြစ်သည်။

သီချင်း၏ အဓိပ္ပာယ်မှာ–

"တောင်ထိပ်က တိုင်ကောက်ရယ်
ရိုက်ချင်ရင် ဆင်းခဲ့ကွယ်
ကလေးကိုလည်း မရိုက်ချင်ဘူး
လူကြီးကိုလည်း မရိုက်ချင်ဘူး
ရှယ်တူချင်းကိုမှ ရိုက်ချင်တယ်
ရိုက်မယ်ကွယ် ရိုက်မယ်ကွယ်"

ယင်းသီချင်းများကို ကြည့်ခြင်းဖြင့် ကတူးတိုင်းရင်းသားတို့သည် နိုင်လိုမင်းထက် ပြုမှုမျိုးကို ငံ့မခံလိုသော မဟုတ်မခံစိတ်ဓာတ်ရှိသူများ ဖြစ်ကြောင်း သိနိုင်ပေသည်။

မြောက်မော်ရွာရှိ ကတူးတို့၏ ရိုးရာသီချင်းများသည် မြန်မာတို့၏ ရိုးရာ သီချင်းချင်းများနှင့် ပုံစံထပ်တူနီးပါး တူညီနေသည်ကို တွေ့ရပါသည်။

| | ဗမာ | ကတူး |
|---|---|---|
| ၁။ | ရေဘာကြောင့် နောက်ရတယ်၊ | ဝဲမူကွန်ဘွန်းလား။ |
| ၂။ | ငါးရံ့ပြေးလို့ နောက်ရတယ်၊ | ရန်ဘူကပ်(ပ)နားဘွန်းနား။ |
| ၃။ | ငါးရံ့ဘာကြောင့် ပြေးရတယ် | ရန်ဘူမူကပ်လား။ |
| ၄။ | မြေပြိုလို့ ပြေးရတယ် | ကာပြိုလမ ကပ်နာ့ (ပ)။ |
| ၅။ | မြေဘာ့ကြောင့် ပြိုရတယ် | ကာမ်ဘားမူကူပန်းသလား။ |
| ၆။ | တောဝက်ထိုးလို့ ပြိုရတယ် | ဘွတ်ခါးဝါထူးနာပန်းလမာ့။ |
| ၇။ | တောဝက်ဘာ့ကြောင့် ထိုးရတယ် | ဘွတ်ခါးဝါမူကူ ထူးလား။ |
| ၈။ | ငွေးသီး ကြွေလို့ ထိုးရတယ် | ချင်းရှီကျင်းနာ့(ပ)ထူးနာ |
| ၉။ | ငွေးသီးဘာ့ကြောင့် ကြွေရတယ် | ချင်းရှီမူကူကျင်းလား။ |
| ၁၀။ | မျောက်ခါလို့ ကြွေရတယ် | ကွဲဆန်တမကျင်းနား။ |
| ၁၁။ | မျောက်ဘာကြောင့် ခါရတယ် | ကွဲမူကူဆန်တလား။ |
| ၁၂။ | ခါချဉ်ကိုက်လို့ ခါရတယ် | သဟာစိတ်မှာ – ဆန်တမ။ |
| ၁၃။ | ခါချဉ်ဘာကြောင့် ကိုက်ရတယ် | သဟာမူကူစိတ်လား။ |
| ၁၄။ | နေပူလို့ ကိုက်ရတယ် | ဟလမ်းကားမာစိတ် – မ။ |
| ၁၅။ | နေဘာ့ကြောင့် ပူရတယ် | ဟလမ်းမူကူကားလား။ |
| ၁၆။ | စပ်–ဖာ*လှန်းဖို့ ပူရတယ်။ | တဘူလှမ်းကူဟလမ်းကားမာ။ |

* စပ်–ဖာ = ချည်ထည်များ စပ်၍ ချုပ်ထားသောစောင်။

ထို့အပြင် အောက်ဖော်ပြပါသီချင်းသည် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့ ပျော်တီးရာတွင် သီဆိုလေ့ရှိသောသီချင်းဖြစ်သည်။ ပျော်ပွဲရွှင်ပွဲများတွင် မြူးမြူးကြွကြွသီဆိုရသဖြင့်ဗျောဆရာတို့၏ နှုတ်ဖျားတွင် ရေပန်းစားသော သီချင်းတစ်ပုဒ်ဖြစ်ပေသည်။ ရယ်ပွဲဖွဲ့လိုသည့်အခါ ပျော်ရွှင်ဖွယ်စပ်ဆိုထားခြင်း ဖြစ်တန်ရာသည်။ သီချင်းမှာ–

ကဆေးပေါင်–ဆမ်ဆုမ်ပေါင်–အပေါက်ကန်တမ်ထမ်မာ–

ဟာလမ်းဟာလေ–ကျန်းတမာ–ကနားရှိမွတ်ထမ်းမာ

အိုလေးလေ့–မူးတမာ့လေ

သီချင်း၏အဓိပ္ပါယ်မှာ–

ပုဆိုးပေါင် အင်္ကျီပေါင် ဖဲရိုက်ရအောင်–ပဝါတစ်ပိုင်းကျန်ပါသေးတယ်–ခပ်ပုံရှုံးရအောင်

အိုလေလေ့ မူးတယ်။

ယခုအခါတွင် ကတူးတိုင်းရင်းသားတို၏ ရိုးရာတေးသီချင်းများကို အနည်းငယ်သာ တွေ့ရှိရ၍ ဂီတကိရိယာများကိုမူ မတွေ့ရတော့ပေ။ တေးသီချင်းများတွင်လည်းရိုးရာတစ်ပိုင်း၊ ဗမာတစ်ပိုင်းစပ်ဆိုထားသော သီချင်းများသာ ဖြစ်ပေသည်။

ခေတ်ကာလကြာမြင့်လာသည့်နှင့်အမျှ ပတ်ဝန်းကျင်ယဉ်ကျေးမှု များပျံ့နှံ့ ရောနှောလာသောကြောင့် ကတူးတိုင်းရင်းသားတို့၏ ရိုးရာဂီတအနုပညာများကို သီးသန့်မတွေ့နိုင်တော့သော်လည်း မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့လူမျိုး၏ဓလေ့ထုံးစံများကို နောင်လာနောင်သား ကတူးမျိုးဆက်သစ်များ လက်ဆင့်ကမ်း လိုက်နာထိမ်းသိမ်းတတ်စေရန် သွန်သင်ဆုံးမတတ်ကြလေသည်။

# " ကျမ်း၏နိဂုံး "

## သုံးသပ်ချက်

"စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် မိစိလေး ၁၆အုပ်စု မြောက်မော်ကျေးရွာနေ ကတူးတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း" ခေါင်းစဉ်ပါကျမ်းတွင် ကတူးတိုင်းရင်းသားတို့၏ နေထိုင်ရာအရပ်ဒေသမှအစ လူမျိုးစုသမိုင်းကြောင်း၊ ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယုံကြည်ကိုးကွယ်မှုများကို အခန်း (၆)ခန်းခွဲပြီး လေ့လာတင်ပြထားပါသည်။

လူနှင့် ဒေသပတ်ဝန်းကျင် (ဝါ) နေထိုင်ရာ ပကတိ တောတောင်ရေမြေတို့သည် အနီးကပ်ဆုံးဆက်သွယ်မှု ရှိပေသည်။ တနည်းဆိုရသော် ပထဝီအနေအထားနှင့် လူ့ယဉ်ကျေးမှုသည် များစွာဆက်စပ်လျက်ရှိသည်။ မြောက်မော်ကျေးရွာဒေသသည် ပင်လည်ဘူးမြို့နယ်အတွင်း တောတောင်ထူထပ်ရာဒေသတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသတစ်ခုဖြစ်သည်။ မြောက်မော် ကျေးရွာတွင် ကတူးတိုင်းရင်းသားများသာ စုဝေးနေထိုင်ကြပြီး အနီးပတ်ဝန်းကျင်ရှိ မော်လင်၊ ပါအော့၊ တောင်မော်၊ မော်ကြီး၊ ခဲတွင်း စသည့်ကျေးရွာများတွင်လည်း ကတူးလူမျိုးများသာ သီးသန့်နေထိုင်ကြသည်။ သို့ဖြစ်၍ ကတူးတိုင်းရင်းသားတို့သည် နီးစပ်ရာအုပ်စုချင်းသော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦးသော်လည်းကောင်း၊ ခြေလျင် ခရီးဖြင့် သာ ကူးလူးဆက်ဆံကြရသည်။ တို့ကြောင့် ယင်းတို့သည် မိမိတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်ရှိ ကတူးတိုင်းရင်းသားအချင်းချင်းသာ ဆက်ဆံကြသည်။ ကူးသန်းသွားလာမှုလွယ်ကူ အဆင်ပြေသည့်နေရာဒေသများတွင် လူတို့သည် အချင်းချင်း ကူးလူး ဆက်ဆံမှုများသဖြင့် ယဉ်ကျေးမှုချင်းလည်း သိသာထင်ရှားစွာ ရောနှောသွားတတ်ကြသည်။ သို့သော် မြောက်မော်ကျေးရွာဒေသရှိ ကတူးတိုင်းရင်းသားတို့မှာ မှ တစ်နေရာမှ တစ်နေရာ သွားလာရန်ခက်ခဲခြင်း အနီးအနားတွင်လည်း ကတူးတိုင်း ရင်းသားများသာ ဖြစ်နေခြင်းတို့ကြောင့် ဤကျေးရွာရှိ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် ကတူးတို့၏ ပင်ကိုယ်ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုသာ အများဆုံးတွေ့ရှိရပြီး ရိုးသားသော အဆင့်မှာပင်ရှိနေကြ သေးသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးကာ ကူးလူးဆက်ဆံမှု နည်းသဖြင့် မြို့ပြယဉ်ကျေးမှုလက္ခဏာများ လွှမ်းမိုးမှုနည်းပါးသေးသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် ဘာသာ သာသနာကို ချစ်ခင်စိတ် မိမိတို့လူမျိုး၊ မိမိတို့ဘာသာစကား ပျောက်သွားမည်ကို စိုးရိမ်သည့် စိတ်များရှိကြသည်။ ဥပမာ နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေး သော အစိုးရကျောင်းများရှိလာသဖြင့် မိမိတို့ရင်သွေးငယ်များ စာပေပညာတတ်မြောက်လာမည် ပညာတတ်များ ဖြစ်လာမည်ကို ဂုဏ်ယူဝမ်းမြောက်သော်လည်း တစ်ဘက်တွင် မိမိတို့ ကတူးဘာသာစကား ကွယ်ပျောက်သွားမည်ကတူးလူမျိုးစစ်စစ်ဟူ၍ မရှိတော့မည်အဖြစ်ကို လွန်စွာ စိုးရိမ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရကျောင်းများတွင် စာသင်ကြားသောအခါ ဗမာစကားဖြင့်သာ ပြောဆိုရေးသားကြရပြီး ကတူးဘာသာစကားပြောဆိုသုံးစွဲမှု နည်းပါးလာသဖြင့် အချိန်ကြာလာသည့်အခါတွင် မိမိတို့၏ဘာသာစကား ကွယ်ပျောက်သွားမည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။ ဤကဲ့သို့ မိမိတို့ဘာသာစကား စာပေ ယဉ်ကျေးမှု ဓလေ့ထုံးစံများ ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် လူမျိုးပါကွယ်ပျောက်သွားမည်ကို စိုးရိမ်ကြောင့်ကြ

ရခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားများသည် မိမိတို့၏ ရင်သွေးငယ်များအား ကျောင်းတွင် ပညာသင်ကြားနေသည့် အချိန်မှလွဲ၍ ကျန်သည့်အချိန်တိုင်းတွင် ကတူးဘာသာစကားဖြင့်သာ ပြောဆိုသုံးစွဲစေသည်။ မိမိတို့၏ရိုးရာ ဓလေ့ထုံးစံများကိုလည်း တတ်နိုင်သမျှ ထိန်းသိမ်းနိုင်ကြစေရန် ဆုံးမလေ့ရှိကြသည်။ ဤသို့ လူမျိုးကို ချစ်သည့်စိတ်၊ မိမိ၏ဘာသာစကား ဓလေ့ထုံးတမ်း များကို မြတ်နိုး တတ်သည့် စိတ်ဓါတ်ကောင်းများ သည်အခြားပြည် ထောင်စုဖွားတိုင်းရင်း သားတို့ အတုယူဖွယ်ကောင်းလှပေသည်။

လူမှုရေးအဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်သည် အရေးပါ အရာရောက်စွာပင် ဆက်သွယ်မှုရှိနေသည် ။ ပတ်ဝန်းကျင်အခြေအနေနှင့်ဆက်စပ်မှုရှိသော ယဉ်ကျေးမှုအစိတ်အပိုင်းတစ်ခုမှာ စီးပွားရေးပိုင်းပင်ဖြစ်သည် ။ လူတို့သည် ပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီမည့် အသီးအနှံများကိုသာစိုက်ပျိုးကြရသည်။ပတ်ဝန်း ကျင် အခြေအနေနှင့် ကိုက်ညီမည့် တိရိစ္ဆာန်များကိုသာ မွေးမြူကြသည် ။ မနုဿ ဗေဒ ပညာရပ်တွင် လုပ်ငန်းမှု တည် လေ့လာနည်း၏ လုပ်ငန်းတစ်ရပ်မှာ ယဉ်ကျေးမှုအစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်တာတစ်ခုနှင့် တစ်ခု မည်ကဲ့သို့ ဆက်သွယ်နေကြသည် မည်သို့ အပြန်အလှန် အကျိုးပြုကြ သည် ကို အဓိက ထား လေ့လာ ခြင်းဖြစ်သည့် အားလျော်စွာ မြောက်မော်ကျေးရွာဒေသသည်လည်း တောတောင်များပေါ များ ခြင်း ၊ မြစ်ချောင်းအင်းအိုင်များရှိခြင်းတို့ကြောင့် ဤရွာရှိ ကတူးတိုင်းရင်း သား တို့သည် အမဲလိုက်ခြင်း ငါးဖမ်း ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည် ။ ထို့အပြင် စိုက်ပျိုးရန် မြေပြန့်နည်းပါးပြီး တောင်ကုန်း တောင်တန်းများသာ ဝိုင်းရံနေသောကြောင့် စိုက်ပျိုးရေးကိုလည်း မိမိတို့၏ ဝမ်းစာဖူ လုံရုံအတွက်သာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြသည်။သွားလာရန်လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း ကြောင့်တစ်ကြောင်း ထိုသို့ ခက်ခဲသည့်အတွက် ရောင်းဝယ်လုပ်ကိုင်ရန် ဈေးကွက်မရှိခြင်းကြောင့် တစ်ကြောင်း၊ စိုက်ပျိုးရေးတွင်လည်းကောင်း၊ မွေးမြူရေးတွင်လည်းကောင်း၊ အမဲလိုက်ခြင်း လုပ်ငန်းများ တွင်လည်းကောင်း ၊စီးပွားဖြစ်ပိုလျှံအောင် မလုပ်ကိုင်နိုင်ဘဲ မိမိတို့ ဝမ်းစာအတွက်သာလျှင် လုပ်ကိုင်ကြ ရသည်။ ထို့ကြောင့် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ စီးပွားရေး အခြေအနေမှာ များစွာ ဖွံ့ဖြိုးမှု မရှိလှပေ။ စီးပွားရေးမဖွံ့ဖြိုးမှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင်လည်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေရခြင်း ဖြစ်ပေသည်။ ဥပမာ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏သားသမီးများအား ပညာတတ်ဖြစ်ကာ အသိအမြင်ကျယ်ပြန့်စေချင်သော်လည်း မိမိတို့၏ စီးပွားရေး အခြေအနေနှင့် အခြားအခက်အခဲမျိုးစုံကြောင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြား မပေးနိုင်ကြပေ။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် အမဲလိုက်၊ တောင်ယာခုတ်၊ ငါးဖမ်းခြင်းမှအစ လုပ်ငန်းဆောင်တာအများစုတွင် ဝိုင်းဝန်းစုပေါင်းလုပ်ဆောင်လေ့ရှိကြသည်။ အထူးသဖြင့် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့တွင် စုပေါင်းလုပ်ဆောင်၍ စုပေါင်းခွဲဝေစားသောက်ကြသည်။ မည်သည့်လုပ်ငန်းတွင်မဆို အများ၏ လုပ်အားကို လိုအပ်ပါက မိမိတို့၏အသိစိတ်ဓာတ်ဖြင့်ပင် လာရောက်ကူညီ လုပ်ကိုင် ပေးတတ်ကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကာအငြင်းပွားခြင်း ခိုက်ရန်ဒေါသ ဖြစ်ခြင်းမျိုးမရှိကြပေ။ ယောကျ်ားများသားမက မိန်းမများသည်လည်း တစ်ဦးတစ်ဦး ကူညီရိုင်းပင်းကာ ရင်းနှီးချစ်ခင်ကြသည်။မိမိတို့တွင်ရရှိလာသောပစ္စည်းဥစ္စာငွေကြေးဖြင့်အဆင်ပြေအောင် ကြိုးစားနေထိုင်ကြပြီး

ရောင့်ရဲတင်းတိမ်နိုင်သည့် စိတ်ထားရှိသဖြင့် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်း တို့၏ ဘဝအခြေအနေ သည် အေးချမ်းသာယာကာ စုစည်းညီညွတ်သော လူ့အဖွဲ့အစည်း တစ်ခုဖြစ်ပေသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံတွင် အခြေခံမိသားစုမှ တိုးချဲ့မိသားစုများအထိ အိမ်ထောင်ဦးစီးဖခင်၏ စကားကို လေးစားလိုက်နာတတ်ကြသည်။ တို့အတူ ကျေးရွာသူ ရွာသားအားလုံးသည်လည်း ရွာအကြီးအကဲ ခေါင်းဆောင်၏ စကားကို အလေးထားနာ ခံတတ်ကြသည်။ ဤကဲ့သို့ အကြီးအကဲများ၏ စကားကို လေးစားလိုက်နာဆောင်ရွက်တတ်သော စိတ်ဓာတ် မျိုးရှိခြင်းကြောင့်လည်း ကျေးရွာ၏ ကိစ္စအဝဝတွင် အေးချမ်းစွာ ဖြေရှင်းနိုင်သည်။ လူပျိုခေါင်းဦးဆောင်သော အပျိုလူပျိုအဖွဲ့ထားရှိ၍ ကျေးရွာ၏သာရေးနာရေး လုပ်ငန်းဆောင်တာများကို ဝိုင်းဝန်းလုပ်ဆောင်တတ်ကြ သဖြင့် လုပ်ငန်းအဝဝအဆင်ပြေပြီးမြောက်စေသည်။ ဤကဲ့သို့စုစည်းညီညွတ်သော အပျိုလူပျိုအဖွဲ့ကို ဖွဲ့စည်းထားခြင်း အတွက် မြောက်မော်ကျေးရွာတွင် နေထိုင်သူတို့၏ လူမှုရေးဖွဲ့စည်းမှု တိုးတက်ဖွံ့ဖြိုးရေးကို ထိရောက်စွာဆောင်ရွက်နိုင်ပေသည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ သားသမီးများအား လွတ်လပ်စွာ အိမ်ထောင်ဖက်ရွေးချယ်ခွင့် ပြုထားပေသည်။ အပျိုလူပျိုတို့အား လွတ်လပ်စွာ လူပျိုလှည့်ခွင့် ကိုလည်း ပေး ထားသည်။ သို့သော် အပျိုလူပျိုတို့သည် မည်သည့်အခါမျှ စည်းကမ်းမဲ့ ကျူးလွန်ခြင်းမျိုးမရှိခဲ့ပေ။ ထိုကဲ့ သို့မဖြစ်စေရန်လည်း လူပျိုခေါင်းသည် တာဝန်ယူထိန်းသိမ်းလေ့ရှိသည်။ ကတူးတိုင်းရင်းသားတို့သည် စည်းမဲ့ ကမ်းမဲ့ အိမ်ထောင်ပြုခြင်းမျိုးကို ပြင်းထန်စွာ တားမြစ်လေ့ရှိသည်။ ရပ်ရွာလူကြီး မိဘများမသိဘဲ ပေါင်း သင်း နေထိုင်ပါက တနည်းဆိုသော် မင်္ဂလာလက်ထပ်ထိမ်းမြားခြင်းမပြုဘဲ ပေါင်းသင်းပါက မွေးဖွား လာသော သားများအားရှင်ပြုခွင့် မပေးပေ။ သမီးဖြစ်ပါကလည်း မင်္ဂလာ ပြုခွင့် မပေး ပေ။ ထို့ကဲ့သို့ပြု လုပ်ခြင်းသည် စည်းမဲ့ ကမ်းမဲ့အပြုအမူမျိုး နောက်နောင် မပြုလုပ်နိုင်ကြစေရန် ရည်ရွယ် သည်။ ဤသည်မှာ လည်း လေးစား အတုယူသင့်သော ကတူးတိုင်းရင်းသားတို့၏ ကောင်းမြတ်သော ဓလေ့ တစ်ခု ပင်ဖြစ် ပေ သည်။

မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့် အားလျော်စွာ ဘာသာ ရေးကို များစွာ သက်ဝင် ယုံကြည်ကြသည် ။ သို့သော် ထူးခြားချက်မှာ ဗုဒ္ဓရုပ်ပွားဆင်းထုများကို နေအိမ်တွင်ထား၍ မကိုးကွယ်ကြပေ။ ဤရွာရှိ တိုင်းရင်းသားတို့၏ ခံယူချက်မှာ မိမိတို့သည် ဗုဒ္ဓရုပ်ပွားတော်အားလည်း သက်ရှိဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်မှတ်ယူသည်။ ထို့ကြောင့် ဘုရားရှင်၏ ရှေ့တော်မှောက်တွင် မအပ်စပ်သော အပြုအမူအပြောအဆိုမျိုး ပြုခဲ့မိသော် မိမိတို့၌ ကြီးစွာသော အပြစ် ဖြစ်မည်ကို စိုးရိမ်သောကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ရွာဦးစေတီ၌သာ ရုပ်ပွားဆင်းထုများ ထားရှိ ကိုးကွယ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ဤကဲ့သို့ ဘာသာတရားကို လေးလေးနက်နက် သက်ဝင် ယုံကြည်သော်လည်း ကဆုန်လတွင် ကျင်းပလေ့ ရှိသောညောင် ရေသွန်းပွဲတော် ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ သီတင်းကျွတ်မီးထွန်းပွဲ ကထိန်သင်္ကန်းကပ်လှူပွဲ စသောဘာသာရေးပွဲတော်များကို ကျေးရွာသူရွာသားတို့၏ စီးပွားရေးအခြေအနေအရ ကြီးကျယ် ခမ်းနားစွာ နှစ်စဉ်ကျင်းပနိုင်ခြင်းမရှိပေ။ သို့သော် မိမိတို့၏ရိုးရာဓလေ့ ထုံးစံများကို နောင်လာနောက်သားများပါ ဆက်လက်လိုက်နာကျင့်သုံးနိုင်ကြစေရန်စေရန် ရည်ရွယ်ပြီး

တတ်အားသရွေ့ကျင်းပပေးကြသည် ။ ရွာရှိ သက်ကြီးရွယ်အိုများကလည်း၊ ဘာသာတရားကို သက်ဝင်ယုံကြည်တတ်စေရန်နှင့် တန်ဘိုးထားတတ်စေရန် သွန်သင်ဆုံးမခြင်း၊ လူငယ် လူရွယ် များကလည်း သက်ကြီးရွယ်အို အဘိုးအဘွားတို့ကို ဘဝ၏ နောက်ပိုင်းအချိန်များတွင်အေးချမ်းစွာ တရားရှာမှီးနိုင်ရန်နှင့် စိတ်ဓါတ်ကျဆင်းမှုမရှိစေရန် လေးစားစွာတန်ဖိုးထားပြုစုခြင်း ၊ ဥပုသ်သီတင်း အေးချမ်းစွာ ဆောက် တည်နိုင်ရန် ဆွမ်းပို့ပေးခြင်း ၊ လိုအပ်သည့် ဝေယျာဝစ္စများ ဆောင်ရွက်ပေးခြင်းများသည် မိမိတို့ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓသာသနာကို ပိုမိုစည်ပင်ပြန့်ပွားအောင် လုပ်ဆောင်ရာရောက်ပေသည် ။

အချုပ်အားဖြင့် ဆိုရသော် ၊ မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်ကြသည် ။ ထိုသို့ ပျောက်ကွယ်မသွားစေရန်လည်း အစဉ်အဆက် လေးစားလိုက်နာခဲ့ကြသည်။ နောင်လာနောက်သားများလည်း လေးစား လိုက်နာကြစေရန် အထူးကြိုးစားသွန်သင် လေ့ရှိသည် ။ ကတူးတိုင်းရင်းသားတို့တွင် ကိုယ်ပိုင်စာပေမရှိသော်လည်း ကိုယ်ပိုင်ဘာသာစကားရှိပေသည်။ မိမိတို့၏ဘာသာစကားကို ကွယ်ပျောက်မသွားစေရန် ကလေးသူငယ်များမှအစ ကတူးစကားကိုသာပြောဆိုသုံးစွဲစေသည်။ ရပ်ရွာ၏သာရေး နာရေး ဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသော အပျိုလူပျိုအဖွဲ့ ၊ ရပ်ရွာ၏ဘာသာရေးကိစ္စများကို လုပ်ဆောင်ရန် သက်ကြီးရွယ်အို အဖွဲ့များကိုလည်းတွေ့ရှိရသည် ။ ကတူးတိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးစံများ လူမှုရေး တန်ဖိုးထားမှုများ၊ ဆောင်ဓလေ့ ရှောင်ဓလေ့များသည် မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်း သား တို့၏ လူမှုရေးဖွဲ့စည်းပုံကို ပိုမို ကောင်းမွန်အောင် ပံ့ပိုးပေးနေပေသည်။

ထို့ကြောင့် မြောက်မော်ကျေးရွာနေကတူးတိုင်းရင်းသားတို့၏ မိမိတို့ အမျိုးဘာသာ သာသနာကို ချစ်ခင်မြတ်နိုးတတ်သောစိတ်ဓါတ် ၊ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ ထုံးစံများကို လေးစားလိုက်နာ စောင့်ထိမ်းတတ်သောစိတ်ဓါတ် ၊ ရပ်ရွာ၏ အရေးကိစ္စမှန်သမျှကို စုပေါင်းလုပ်ဆောင်တတ်သည့် အဖွဲ့ အစည်းစိတ်ဓါတ်စသည့် ယဉ်ကျေးမှု ဓလေ့ ထုံးစံကောင်းများကို ပြည်ထောင်စုဖွား အခြားတိုင်းရင်းသားများ တုယူနိုင်ကြစေရန် ဤကျမ်းကို ရေးသားတင်သွင်းပါသည်။ ထိုကဲ့သို့ ကတူးတိုင်းရင်းသားများ၏ ဓလေ့ထုံးစံကောင်းများကို အတုယူ၍ မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံများ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ပြီး ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲ စေရန် စုပေါင်း ကြိုးစားကြရမည်ဖြစ် ပေသည်။

*******

# တွေ့ဆုံမေးမြန်းသူများစာရင်း

| စဉ် | အမည် | အလုပ်အကိုင် | အသက် | နေရပ် |
|---|---|---|---|---|
| ၁။ | ဆရာတော် ဦးနာယက | ကျောင်းထိုင်ဆရာတော် (ကတူးတိုင်းရင်းသား) | ၆၈ | ဗန်းမောက်မြို့နယ် ဝက်ခေါက်ကျေးရွာ |
| ၂။ | ဆရာတော် ဦးဝဏ္ဏိတ | ကျောင်းထိုင်ဆရာတော် (ကတူးတိုင်းရင်းသား) | ၆၃ | ဗန်းမောက်မြို့နယ် ယာယုရွာ |
| ၃။ | ဆရာတော် ဦးဝိနယ | ကျောင်းထိုင်ဆရာတော် | ၆၅ | ဖြထပ်ကြီး ဖောင်တော်ဦးကျောင်း၊ ရန်ကုန် |
| ၄။ | ဆရာတော် ဦးဝိမလဓမ္မ | | ၄၉ | ။ |
| ၅။ | ဆရာတော် ဦးဝိဇယ | ကျောင်းထိုင်ဆရာတော် (ကတူးတိုင်းရင်းသား) | ၅၇ | တောင်မော်ရွာ |
| ၆။ | ဆရာတော် ဦးထေရဝံသ | ကျောင်းထိုင်ဆရာတော် (ကတူးတိုင်းရင်းသား) | | မြောက်မော်ရွာ |
| ၇။ | ဦးဖွား | လယ်သမား (ကတူးတိုင်းရင်းသား) | ၉၀ | တောင်မော်ရွာ |
| ၈။ | ဦးသံချောင်း | လယ်သမား (ကတူးတိုင်းရင်းသား) | ၆၅ | မြောက်မော်ရွာ |
| ၉။ | ဦးဘရင် | လယ်သမား (ကတူးတိုင်းရင်းသား) | ၅၉ | မြောက်မော်ရွာ |
| ၁၀။ | ဦးကြာလှိုင် | (ဗိန္ဓောဆေးဆရာ)(ကတူးတိုင်းရင်းသား) | ၆၂ | မြောက်မော်ရွာ |
| ၁၁။ | ဦးအောင်မြ | (ဗေဒင်–ဆေးဆရာ)(ကတူး " ) | ၅၇ | မြောက်မော်ရွာ |
| ၁၂။ | ဦးအောင်ဒင် | (လယ်သမား) (ကတူးတိုင်းရင်းသား) | ၆၅ | မြောက်မော်ရွာ |
| ၁၃။ | ဦးဘပို | (လယ်သမား) (ကတူးတိုင်းရင်းသား) | ၅၇ | မြောက်မော်ရွာ |
| ၁၄။ | ဦးမောင်အုန်း | လက်သမား (ကတူးတိုင်းရင်းသား) | | မြောက်မော်ရွာ |
| ၁၅။ | ဦးချစ်တင် | ရ–ဝ–တ ဥက္ကဋ္ဌ (ကတူးတိုင်းရင်းသား) | | မြောက်မော်ရွာ |
| ၁၆။ | ဦးချမ်းအောင် | (ကျေးရွာပြည်သူ့စစ်ခေါင်းဆောင်) | ၃၀ | မြောက်မော်ရွာ |
| ၁၇။ | ဦးကျော်မြင့် | ရ–ဝ–တ စာရေး (ကတူးတိုင်းရင်းသား) | ၂၈ | မြောက်မော်ရွာ |
| ၁၈။ | ဦးအောင်လှိုင် | လယ်သမား (ကတူးတိုင်းရင်းသား) | | တောင်မော်ရွာ |
| ၁၉။ | ဦးဘယုံ | လယ်သမား (ကတူးတိုင်းရင်းသား) | | တောင်မော်ရွာ |
| ၂၀။ | ဦးကြောင် | လယ်သမား (ကတူးတိုင်းရင်းသား) | ၇၂ | တောင်မော်ရွာ |
| ၂၁။ | ဦးစက်မောင် | လယ်သမား (ကတူးတိုင်းရင်းသား) | ၅၄ | တောင်မော်ရွာ |
| ၂၂။ | ဦးကြာဖေ | လယ်သမား (ကတူးတိုင်းရင်းသား) | ၄၆ | တောင်မော်ရွာ |
| ၂၃။ | ဦးဘအုန်း | လယ်သမား (ကတူးတိုင်းရင်းသား) | ၆၇ | တောင်မော်ရွာ |
| ၂၄။ | ဦးဘသီး | လယ်သမား (ကတူးတိုင်းရင်းသား) | | မံစီလေးရွာ |
| ၂၅။ | ဦးအောင်မြိုင် | လယ်သမား (ကတူးတိုင်းရင်းသား) | | မံစီလေးရွာ |
| ၂၆။ | ဦးချစ်ဖေ | လယ်သမား (ကတူးတိုင်းရင်းသား) | ၅၀ | မော်လင်ကျေးရွာ |
| ၂၇။ | ဦးအောင်ထွား | လယ်သမား (ကတူးတိုင်းရင်းသား) | ၄၆ | မော်လင်ကျေးရွာ |

| | | | | |
|---|---|---|---|---|
| ၂၈။ | ဦးအောင်သိန်း | (ရ-ဝ-တ အဖွဲ့ဝင်)(ကတူးတိုင်းရင်းသား) | ၂၆ | မော်လင်ကျေးရွာ |
| ၂၉။ | ဦးအောင်ရှိန် | (ရ-ဝ-တ ဥက္ကဋ္ဌ)(ကတူးတိုင်းရင်းသား) | ၄၃ | မော်လင်ကျေးရွာ |
| ၃၀။ | ဦးမြင့်ရွှေ | လယ်သမား (ကတူးတိုင်းရင်းသား) | | မော်လင်ကျေးရွာ |
| ၃၁။ | ဦးတက်ထွန်း | လယ်သမား (ကတူးတိုင်းရင်းသား) | | မော်လင်ကျေးရွာ |
| ၃၂။ | ဦးအုန်းရွှေ | လယ်သမား (ကတူးတိုင်းရင်းသား) | | မော်လင်ကျေးရွာ |
| ၃၃။ | ဦးထွန်းမောင် | လယ်သမား (ကတူးတိုင်းရင်းသား) | | မော်လင်ကျေးရွာ |
| ၃၄။ | ဦးတင်ပေါ | လယ်သမား (ကတူးတိုင်းရင်းသား) | | မော်လင်ကျေးရွာ |
| ၃၅။ | ဦးဖိုးခွေး | လယ်သမား (ကတူးတိုင်းရင်းသား) | ၇၁ | သာယာကုန်းရွာ ဗန်းမောက်မြို့နယ် |
| ၃၆။ | ဦးချစ်ရွှေ | လယ်သမား (ကတူးတိုင်းရင်းသား) | ၄၈ | အောင်ချမ်းသာရွာ |
| ၃၇။ | ဒေါ်ဖွားစိန် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၃၈။ | ဒေါ်စိန်တင် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၃၉။ | ဒေါ်မြသန်း | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၀။ | ဒေါ်လှခင် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၁။ | ဒေါ်ငြိမ်း | (ကတူးအမျိုးသမီး) | ၇၃ | တောင်မော်ရွာ |
| ၄၂။ | ဒေါ်သိန်းအောင် | (ကတူးအမျိုးသမီး) | | ရန်ကုန် |
| ၄၃။ | မခင်လှ | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၄။ | မခင်မြင့် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၅။ | မတင်လှ | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၆။ | မညွန့်စိန် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၇။ | မဝင်းတင် | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၈။ | မဖွားဦး | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၄၉။ | မခင်ရွှေ | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၅၀။ | မမြအေး | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၅၁။ | မလှပို | (ကတူးအမျိုးသမီး) | | မြောက်မော်ရွာ |
| ၅၂။ | ဒေါ်အေးအေးဝင်း | (ကျောင်းဆရာမ) | ၂၇ | (မံစီလေးကျေးရွာ) |
| ၅၃။ | ဦးမြင့်သန်း | (ကျောင်းဆရာ) | ၂၇ | (မံစီလေးကျေးရွာ) |
| ၅၄။ | ဦးပေါက်စ | (ကျောင်းဆရာ) | ၃၀ | (တောင်မော်ရွာ) |
| ၅၅။ | ဦးသန်းအောင် | | ၃၀ | (တောင်မော်ရွာ) |
| ၅၆။ | ဦးလပြည့် | | ၂၇ | (တောင်မော်ရွာ) |
| ၅၇။ | ဦးမောင်ခိုင် | (လက်သမား) | ၃၁ | (မြောက်မော်) |
| ၅၈။ | ဦးကျော်ရှင်း | အငြိမ်းစား အလယ်တန်းကျောင်းအုပ် | | (ရေဦးမြို့) |
| ၅၉။ | ဝန်သိုအောင်ခင် | | | (ပင်လည်ဘူးမြို့) |

# ကျမ်းကိုးစာရင်း


| | | |
|---|---|---|
| ၁။ | သန်းထွန်း၊ ဒေါက်တာ | ခေတ်ဟောင်းမြန်မာရာဇဝင်၊ မဟာဒဂုံပုံနှိပ်တိုက်၊ အမှတ် ၇၂၊ ရေတာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့၊ ၁၉၆၉ ခုနှစ် |
| ၂။ | သန်းထွန်း၊ ဒေါက်တာ | အသစ်မြင် ဗမာ့သမိုင်း၊ မြကန်သာစာပေ၊ အမှတ် ၁၈၈၊ ၃၃ လမ်း၊ ကဥ္စနမဟီ၊ မန္တလေး |
| ၃။ | Brown, G.E.R. | Burma Gazetteer Upper chindwin district, Vol. A superintendent, Government Printing and Stationery Union of Burma, Rangoon 1960 |
| ၄။ | Taylor, L.F | "The Kadus" by Journal Burma Research Society" Vol 12, Part 1, 1922. |
| ၅။ | အကိုစော | လှေလာမိသမျှ ကတူးကနန်းဒေသ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၅ |
| ၆။ | ကျော်ရှင်း၊ မောင် | ကနန်းအလှ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ၁၉၉၄ |
| ၇။ | ထွန်းရွှေခိုင်(စစ်တွေကောလိပ်) | ရခိုင်မြောက်ဖျားဒေသမှ သက်တိုင်းရင်းသားများ၊ စစ်သည်တော်စာပေတိုက်၊ အမှတ် ၅၅၅ လိပ်ပြာကန်၊ ဗဟန်း၊ ရန်ကုန်မြို့၊ ၁၉၈၈ |
| ၈။ | သီရိ၊ ဦး | မော်ဆယ်ရှာစေတီတော်သမိုင်းနှင့် ကဒူးရာဇဝင်အတ္ထုပ္ပတ္တိ ဇင်ယော်ပုံနှိပ်စက်၊ မန္တလေး၊ ၁၉၆၁ |
| ၉။ | | တိုင်းရင်းသားတို့၏တူညီသောရိုးရာဓလေ့ထုံးစံများ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမူပိုင်၊ ၁၉၇၅ မေလ |
| ၁၀။ | | တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့် ခံယူချက်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၄၊ ဒီဇင်ဘာ |
| ၁၁။ | နွဲ့နွဲ့၊ ဒေါ်<br>ကြင်ကြင်၊ ဒေါ်<br>ခင်ခင်စု၊ ဒေါ် | မနုဿဗေဒနိဒါန်း<br>တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၇၀၊ မေလ |
| ၁၂။ | ခင်ခင်စု၊ ဒေါ် | လူမှုရေးဖွဲ့စည်းပုံပို့ချချက်များ(တတိယနှစ်) |
| ၁၃။ | ပညာ၊ ဦး | ကတူးကနန်းနယ်မှမှတ်တမ်းများ(လက်နှိပ်စက်စာမူ) အင်းတော်မြို့နယ်၊ တာပေါ်ရွာ၊ ၁၉၀၂<br>(စာမူကို ၁၉၆၉တွင် မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခဒေါက်တာ သန်းထွန်းက လက်နှိပ်စက်ရိုက်၍ မူပွားခဲ့ပါသည်)။ |
| ၁၄။ | | မော်ဆယ်ရှာစေတီတော်ကြီး ရာဇဝင်သမိုင်းနှင့် ပြုပြင်ရန် နိုးဆော်ကြော်ငြာစာ၊ ၁၃၁၇၊ ကဆုန်လ၊ |

| | | |
|---|---|---|
| ၁၅။ | နုနု | ကတူးကနန်းသမိုင်း (၁၇၅၂–၁၈၈၅)<br>မဟာဝိဇ္ဇာဘွဲ့ကျမ်း(သမိုင်း)<br>မန္တလေးတက္ကသိုလ်၊ ၁၉၉၁ |
| ၁၆။ | မြို့နယ်စာပေလုပ်သားအဖွဲ့ | ရွှေဘိုနိဒါန်း၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ်–၅၊ လမ်း ၁၀၀၊<br>ကန်တော်ကလေး၊ ရန်ကုန်မြို့၊ ၁၉၈၃ |
| ၁၇။ | | ပင်လည်ဘူးမြို့၊ ကဇက်တီးယား၊ ၁၉၉၃ |
| ၁၈။ | | စစ်ကိုင်းတိုင်းဒေသပါတီ၊ လူမှုရေးကော်မီတီဌာနချုပ်အစီရင်ခံစာ<br>ပင်လည်ဘူးမြို့ |
| ၁၉။ | သံတိုင်ဗိုလ် | ကတူးကနန်းတို့၏မြို့တော် ဇန်းမောက်<br>အိုးဝေဂျာနယ်၊ ၁၉၇၁၊ အောက်တိုဘာ |
| ၂၀။ | သန်းထွန်း၊ ဒေါက်တာ | သက်၊ ကဒူး၊ ကနန်း၊ ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၄ |
| ၂၁။ | သန်းထွန်း၊ ဒေါက်တာ | ချီအန်၊ ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ မတ်လ၊ ၁၉၉၄ |
| ၂၂။ | | မြန်မာနိုင်ငံတိုင်းရင်းသားများ၊ သက်အစုငယ်<br>မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၀။ မြတ်–ယူး၊ ၁၉၆၈ |
| ၂၃။ | | မြန်မာ့စွယ်စုံကျမ်း အတွဲ၁။ က–ကုံ |
| ၂၄။ | | မြန်မာအဘိဓာန်အကျဉ်းချုပ် က–စ<br>အတွဲ–၁၊ မြန်မာစာအဖွဲ့၊ ရန်ကုန်၊ ၁၉၇၈ |




မြောက်မော်ကျေးရွာအနီးဝန်းကျင်ရှိမြစ်ချောင်းများပြမြေပုံ

မြေပုံ (၃)



မြောက်မော်ကျေးရွာရှိ မော်ဆယ်ရွာ ဘုရားကြီး



မြောက်မော်ကျေးရွာရှိ ကတူးတိုင်းရင်းသား
တို့သည် ဘုရားတည်တိုင်း ဤသို့
တံခွန်တိုင်စိုက်ထူလေ့ ရှိကြသည်။

မြောက်မော်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း





မြောက်မော်ရွာမှ ကလေးသူငယ်များ သွားရောက်စာသင်ကြားရသော
တောင်မော်ကျေးရွာရှိ အစိုးရမူလတန်းကျောင်း



မြောက်မော်ကျေးရွာ၌ နှစ်ပေါင်းများစွာကတည်းက
တည်ရှိနေခဲ့သော မော်တိပ်တံခွန်တိုင်ကြီး



မြောက်မော်ရွာသူရွာသားတို့ ကိုးကွယ်သော “ငွန်းစ”အရှင်ကြီးနတ်စင်





တောင်မော်ရွာသူရွာသားတို့ ကိုးကွယ်သောနတ်စင်



ကတူးအဘိုးအို



ကတူးအမျိုးသားနှင့်အမျိုးသမီး



ကတူးရှင်လောင်း၏
ဝတ်စားဆင်ယင်ပုံ

ကတူးမိန်းမပျို





"ပါ့ကယော(ခေါ်)သားပိုးခမောက်နှင့်
သားသည်မိခင်



အုပ်စုလိုက် ငါးဖမ်းထွက်ကြပုံ

ကတူးတိုင်းရင်းသားတို့သည် ဤကဲ့သို့ ဒေါင်းလန်းများဖြင့် ထည့်၍ ညှိခံလေ့ရှိသည်။





လှေကားဦးတိုက်ထောင်၍ ဆောက်ထားသောအိမ်

မြောက်မော်ကျေးရွာ၏ မြင်ကွင်း





မြောက်မော်ရွာနှင့်တောင်မော်ရွာသူရွာသားများ စုပေါင်းတည်ဆောက်ထားသောဆည်။



မြောက်မော်ရွာ ကတူးတိုင်းရင်းသားတို့
သုံးစွဲသော ချိန်ခွင်



ရွာသူရွာသားတို့ သုံးစွဲသောပစ္စည်းများ